သာသနာ့သမိုင်းဝင်

ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးဟု ကြည်ညိုမှုကိုခံရသော

ဘုန်းတော်ကြီး ဦးသီလ အကြောင်းအရာ

နှင့်

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း

ကျွားကူးဆရာတော်

အသျှင်စက္ကိန္ဒာစရိယမထေရ်မြတ်

ဟောကြားအပ်သော

# ဉာဏဒဿနပကာသနီ

ခေါ်

# ရိယဒါနကျောင်းတရားတော်

ပစ္စည်းကုန်ရကျိုးနှင့် လူပင်ပန်းရကျိုးနပ်အောင်

လူတိုင်းအတွက် ဒါနလုပ်ငန်း ဒါနပြုနည်း ဒါနပညာ

တတ်ကျွမ်းရမည်။

---

မော်လမြိုင်မြို့

ဓမ္မယောဂီ-ဒေါ်စိန်မြ၊ မိသားစု

အမတဒါန- အမွန်မြတ်ဆုံး ဓမ္မလက်ဆောင်

သာသနာ-၂၅၂၁၊ ကောဇာ-၁၃၃၉၊ ၁၉၇၇၊

၀၃၈၇၂
၂၉၄.၃ စကာ၃

သာသနိဗ္ဗသမိုင်းဝင်

ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးဟု ကြည်ညိုမှုကိုခံရသော

ဘုန်းတော်ကြီး ဦးသီလ အကြောင်းအရာ

နှင့်

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း

ကျွဲကူးဆရာတော်

# အသျှင်စက္ကိန္ဒာစရိယ မထေရ်မြတ်

ဟောကြားအပ်သော

# ဥဂ္ဂါဒသဿနပကာသနီ

ခေါ်

# ဒာစရိယဒါနကျောင်းတရားတော်

ပစ္စည်းကုန်ရကျိုးနှင့် လူပင်ပန်းရကျိုးနပ်အောင်
လူတိုင်းအတွက် ဒါနလုပ်ငန်း ဒါနပြုနည်း ဒါနပညာ
တတ်ကျွမ်းရမည်။

—— ——

မော်လမြိုင်မြို့
မြွေယောဂီ–ဒေါ်စိန်မြ၊ မိသားစု
အမတဒါန– အမွန်မြတ်ဆုံး မေလက်ဆောင်

သာသနာ ၂၅၂၀၊ ကောဇာ ၁၃၃၉၊ ၁၉၇၇၊


ပုံနှိပ်ခြင်း။

၁၉၇၈-ခု၊ ဇန္နဝါရီလ

အုပ်ရေ-၂၀၀၀၊ ပထမအကြိမ်

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်
အမှတ် (၁၀၅၆၂)

ပုံနှိပ်ထုတ်ဝေသူ။ ။ အရှင်ဓမ္မရက္ခိတ ကင်းလွတ်ခွင့် အမှတ် ( ၀၄၃၃၁ ) ကျားကူး ဓမ္မဗိမာန်တော်ကြီး ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ။ ။ ဒေါ်လှမြင့် (မြ-၀၂၀၉၀)ကာယသုခပုံနှိပ်တိုက် အမှတ် ၁၂၉-၃၁-လမ်း ရန်ကုန်မြို့က ပုံနှိပ်သည်။ ။ ဓမ္မဒါန။



၁၃၃၉-ခု၊ ကျောက်တလုံးတောရကြီး၌ ဝါကပ်စဉ်
ကျွားကူးဆရာတော် အရှင်စက္ကိန္ဒာစရိယ။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | .... | ၁ |
| ဘာကျောင်းတိုက်မျိုးလဲ | .... | ၁ |
| ကျောက်တလုံးတောရကြီးကျောင်း | .... | ၂ |
| တောရအင်္ဂါ | .... | ၃ |
| သာသနာပြု အာဇာနည် | .... | ၄ |
| ဘုန်းတော်ကြီးဘာကြောင့် ဤကျေးရွာတို့၌ ကြာရှည်စွာ နေသနည်း | .... | ၆ |
| ဂါရဝတရားရှိ၍ သာသနာတည်ရာအရပ် | .... | ၆ |
| ဘုန်းတော်ကြီးဦးသီလ ကျားမကိုက် | .... | ၁၂ |
| ဘုန်းတော်ကြီး၏ လုပ်ငန်းကိစ္စ | .... | ၁၃ |
| ဆင်ရိုင်းမနင်း | .... | ၁၇ |
| မြန်မာနိုင်ငံ၌ ပုဂ္ဂိုလ်ထူးနှစ်ပါး | .... | ၁၉ |
| ဉစ္စာစောင့်များကို သီလပေးပုံ | .... | ၂၁ |
| နတ်များလှူသောဆွမ်း ဘုဉ်းပေးသောအဘယထေရ် | | ၂၆ |
| ကံကြောင့် ရဟန္တာဟု ထင်မှတ်ခြင်း | .... | ၂၇ |
| ဘုန်းတော်ကြီးကို ကြည်ညိုသူများပုံ | .... | ၃၃ |
| သီတဂူကျောင်းသမိုင်း | .... | ၃၉ |
| ပဏာမ | .... | ၄၀ |
| တရားတော်ဂုဏ်ဘွင့် | .... | ၄၂ |
| ဉာဏ်မြင်တရားနာယူပုံ | .... | ၄၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တရားတော်ကို မှတ်သားဖွယ်အနေ နာပုံ | .... | ၅၂ |
| တရားနာကျိုး ငါးပါး | .... | ၅၃ |
| တရားနာယူပုံ ဘုရားရှင် သိစေတော်မူပုံ | .... | ၅၃ |
| ဒါနမပြုသူထက် ဒါနပြုသူအကျိုးငါးပါး သာလွန်ပုံ | | ၅၆ |
| ဉာဏ်ရှိသူသာ ဒါနကိုပြုသည် | .... | ၆၁ |
| စေတနာကောင်းစိတ်ကောင်းရှိလျှင်ဒါနပြုရန်လွယ်သည် | | ၆၄ |
| ဒါနပြုစဉ် ရုပ်ကိုမြင် | .... | ၆၅ |
| ဒါနပြုစဉ် နာမ်ကိုမြင် | .... | ၆၆ |
| ဒါနပြုတတ်က မဂ်ဖိုလ်ရပုံ | .... | ၆၉ |
| မဂ်ပေါက် ဖိုလ်ပေါက် ဒါန | .... | ၇၄ |
| မကောင်းသောအလှူဒါယကာ သုံးဦး | .... | ၇၆ |
| သောတာပန်နှင့်တူပုံ ဒါနမျိုးစုံ | .... | ၇၇ |
| ကျောင်းဆောက်လှူဒါ အနုဂါမိက ဥစ္စာ | .... | ၈၀ |
| ဆွမ်းကိုလှူလျှင် အားအင်ပြည့်ဖြိုးခွန်အားတိုး | .... | ၈၂ |
| တရားအားထုတ်နိုင်ကြောင်း အင်္ဂါရပ်ငါးမျိုး | .... | ၈၆ |
| လှုပချင်က အဝတ်သင်္ကန်းလှူကြ | .... | ၈၉ |
| ချမ်းသာလိုက ထီး ဘိနပ်လှူကြ | .... | ၉၁ |
| အမြင်ဓာတ်လိုပါက မျက်မှန်လှူကြ | .... | ၉၇ |
| ကောင်းကျိုးစုံလိုပါက ကျောင်းဆောက်ကြ | .... | ၉၈ |
| ရဟန်းတော်များ၌ ကျောင်းမျိုးစုံ အပုံပုံ | .... | ၉၉ |
| လယ်တီဆရာတော်ဘုရား ကျောင်းလက်ခံပုံ | .... | ၁၀၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကျောင်းစ၍ ပေါ်လာပုံ | .... | ၁၀၆ |
| လေဏခေါ်သော ကျောင်းငါးမျိုး | ... | ၁၁၀ |
| ဗုဒ္ဓ၏ကျောင်းအနုမောဒနာ တရား | .... | ၁၁၄ |
| ကျောင်းလှူဒါန်းကြကျိုးများစွာ | .... | ၁၁၅ |
| ကျောင်းကျိုးပြု ဆောင်ပုဒ်လင်္ကာများ | .... | ၁၁၇ |
| ကျောင်းကျိုးပြု ဆောင်ပုဒ် | .... | ၁၂၁ |
| ကျောင်းဆောက်ကိုးကွယ်ထိုက်သူ၏အရည်အချင်း.... | | ၁၂၁ |
| အနည်းငယ် ခွဲထွင်ပြရသော် | .... | ၁၂၄ |
| ဘုရားကျွိုက် သံဃိကလှူခြင်း၊ သံဃိက သုံးဆောင်ခြင်း | | ၁၂၆ |
| ကျောင်းဒါယကာ ဒါယိကာမတို့၏ တာဝန်ပိုင်း | .... | ၁၃၁ |
| ကျောင်းနေရဟန်း၏ တာဝန်ကို ညွှန်ပြခန်း | .... | ၁၃၄ |
| ရှေးဆရာတော်ကြီးများ၏ ဆုံးမမှု | .... | ၁၃၇ |
| နာယက ဂုဏ်အင်္ဂါ ၆-ပါး | .... | ၁၃၉ |
| ဘုန်းကြီးများကို ဆရာတော်ခေါ်ကြပုံ | .... | ၁၄၂ |
| သာသနာဝင်ကျောင်းတိုက် | .... | ၁၄၅ |
| ဝိသာခါကျောင်းအမကြီး သာသနာပြုပုံ | .... | ၁၄၇ |
| ဝိသာခါကျောင်းအမကြီး၏ အလှူမျိုးစုံ | .... | ၁၄၉ |
| ကျောင်းဆောက်၍ သာသနာချီးမြှောက်ပုံ | .... | ၁၅၃ |
| ပုဗ္ဗာရုံကျောင်း ဆောက်ခြင်း | .... | ၁၅၅ |
| အလှူမျိုးစုံပေါင်းချုပ် လင်္ကာ | .... | ၁၆၀ |
| နိဂုံး | .... | ၁၆၁ |

# နောက်ဆက်တွဲ

## ဒါနသင်္ခန်းစာ


| | | |
|---|---|---|
| အလှူခံဓမ္မဒါန စာတမ်း | .... | ၁၆၃ |
| ပုဂ္ဂလ အလှူခံများ | .... | ၁၆၃ |
| ကုသိုလ်အနဲနှင့်အများ ရနိုင်ပုံ | .... | ၁၆၄ |
| လှူတတ်ဘို့ အရေးကြီးသည် | .... | ၁၆၄ |
| အယုတ်စားအလှူခံအား လှူပုံနမူနာပုံစံ | .... | ၁၆၇ |
| လူယုတ်မာမုဒိမ်းသမား အလှူခံအားလှူပုံ | .... | ၁၆၉ |
| မပျက်ဘဲတည်နေသော ဓမ္မနှစ်မျိုး | .... | ၁၇၀ |
| ပုံစံထုတ်ပြပုံ | .... | ၁၇၁ |
| လှူပုံလှူနည်း | .... | ၁၇၃ |
| ဒုဿီလရှင်ပျက်နှင့် ရဟန်းပျက်အလှူခံ | .... | ၁၇၄ |
| ကိုယ့်ဘက်က ပို၍အရေးကြီးပုံ | .... | ၁၇၅ |
| ဒုဿီလအားလှူပုံ | .... | ၁၇၅ |
| ပရမတ္ထသဘော | .... | ၁၇၇ |
| ရှင်ပျက်နှင့် နိရောဓသမာပတ်ထစ | .... | ၁၇၈ |
| သံဃိကဓမ္မဒါနအဖြစ် လှူပုံ | .... | ၁၇၈ |
| မိမိ၏စိတ်မပြောင်းနိုင်က မလှူဘဲနေဒါကောင်း၏ | | ၁၈၀ |
| ဒုဿီလရဟန်းပျက်အလှူခံ | .... | ၁၈၀ |
| ဒုဿီလလူယုတ်မာယောကျ်ားအလှူခံ | .... | ၁၈၁ |
| ဒုဿီလမိန်းမယုတ်အလှူခံ | .... | ၁၈၁ |
| အလတ်စားနှင့် အမြတ်စားအလှူခံများ | .... | ၁၈၁ |
| လှူနည်းအတိုချုပ်ပစ္စုပ္ပန်အတိတ်အနာဂတ်အာရုံ | .... | ၁၈၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဆုတောင်းတတ်ဖို့လိုပြန်သည် | .... | ၁၈၃ |
| အလောင်းတော်တွေ ဆုတောင်းကြပုံအဖုံဖုံ | .... | ၁၈၃ |
| ပစ္စေကဗုဒ္ဓါလောင်းဆုတောင်း | .... | ၁၈၄ |
| အဂ္ဂသာဝကဆုတောင်း | .... | ၁၈၅ |
| အတုယူဘွယ်ကောင်းသောဆုတောင်းများ | .... | ၁၈၆ |
| အခြားတောင်းသင့်သောဆုများ | .... | ၁၈၇ |
| မတောင်းသင့်သောဆုမျိုးများ | .... | ၁၈၉ |
| တောင်းသင့်သောဆုမျိုးကား | .... | ၁၉၀ |
| သပ္ပုရိသဒါနသုတ် | .... | ၁၉၂ |
| ပေးလှူခြင်းကိစ္စ | .... | ၁၉၃ |
| အလှူခံပုဂ္ဂိုလ်ကိစ္စ | .... | ၁၉၄ |
| ပုဂ္ဂလိကအလှူခံ ၁၄-မျိုး | .... | ၁၉၄ |
| ကောင်းကျိုးရနိုင်ပုံ | .... | ၁၉၅ |
| သံဃိကအလှူခံ ၇-မျိုး | .... | ၁၉၆ |
| သံဃာကိုရည်ညွှန်းလှူတတ်လျှင် ဒုဿီလပင် အကျိုးရနိုင်ပုံ | .... | ၁၉၇ |
| နားလည်ထားရန်လက်တွေ့လုပ်နိုင်ရန် ဥဘတောသုဒ္ဓိဒါနပိုမြတ်ပုံ | .... | ၁၉၈ |
| ကိုယ့်ဘက်ကစင်ကြယ်ဘို့အရေးကြီးသည် | .... | ၁၉၉ |
| အသေးအဖွဲ့က ဒါနကောင်းဖြစ်ပုံများ | ... | ၂၀၀ |
| သိသာရုံရှင်းပြပုံ | .... | ၂၀၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သစ်သီးတလုံးကိုဒါနပြုပုံ | .... | ၂၀၁ |
| ဆေးလိပ်မီးညှိခွင့်ပေးချက်ကိုဒါနဝတ္ထုပြုပုံ | .... | ၂၀၂ |
| သတင်းစာခေတ္တငှါးဖတ်ခွင့်ပေးချက်ကို ဒါနဝတ္ထုပြုပုံ | | ၂၀၃ |
| ညှော်သည်အားဖျာပေါ်မှာယာယီထိုင်ခွင့် ပေးချက်ကို ဒါနဝတ္ထုပြုပုံ | .... | ၂၀၄ |
| ဉာဏ်အမြင်ကျယ်ပါ | .... | ၂၀၆ |
| ကျဉ်းမြောင်းသောဆုတောင်းများ | .... | ၂၀၆ |
| အလတ်စားဆုတောင်းများ | .... | ၂၀၆ |
| အကြီးစားဆုတောင်းများ | .... | ၂၀၇ |
| အမြတ်စားဆုတောင်းများ | .... | ၂၀၈ |
| ကုသိုလ်နှင့်ဆုတောင်း | .... | ၂၀၉ |
| အကျဉ်းချုပ် ဒါနငါးပါး | .... | ၂၀၉ |
| လိုရာရနိုင်သည့် နံပါတ် ၃-ချက် | .... | ၂၁၁ |
| မှတ်ဘွယ်များ | .... | ၂၁၂ |
| ဒါနသတ္တိများ | .... | ၂၁၄ |
| ဒါန၏စွမ်းရည်ဆောင်ပုဒ် | .... | ၂၁၄ |
| နိဂုံး | .... | ၂၁၅ |
| ဆုတောင်း | .... | ၂၁၅ |
| ဒါနဆိုင်ရာကျမ်းညွှန်း | .... | ၂၁၆ |


မာတိကာ ပြီးပြီ။



မော်လမြိုင် ကျိုက်သန်လန်ဘုရားလမ်းနေ
ကျောင်းအမကြီးများဖြစ်ကြသော ဒေါ်ထွေး
ဒေါ်စိန်မြ၊ မခင်ခင်အုန်း၊

# စာအုပ်ဖြစ်ပေါ်လာကြောင်း
# သိမှတ်စရာ နိဒါန်း

သာသနာတော် အရှည် တည်တံ့ရန်အတွက် သာသန တာဝန်ကို ထမ်းဆောင်ကြကုန်သော ရဟန်းရှင်လူ သူတော် စင်တို့တွင် ထူးခြွန်စွာ စာပေသင်ကြား ပို့ချရေးသားခြင်း ဟူသော ပရိယတ္တိသာသနဝန်ဆောင် ပုဂ္ဂိုလ်ကတမျိုး။

ကျင့်ကြံအားထုတ် ပွားများ ရှုဆင်ခြင်နေသော ပဋိပတ္တိ သာသနဝန်ဆောင် ပုဂ္ဂိုလ်ကတမျိုးဟု နှစ်မျိုးနှစ်စား ရှိနေ ပေကုန်သည်။ ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်တို့၏ ပရိယတ္တိလုပ် ငန်းလုပ်ဆောင်၍ နေရာကျောင်း တိုက်တာကို ပရိယတ္တိ ကျောင်းတိုက်ဟု ခေါ်သည်။

ပဋိပတ္တိဝန်ဆောင် ပုဂ္ဂိုလ်တို့၏ တရားအားထုတ်မှုလုပ် ငန်းဖြင့် ဆောင်ရွက်နေထိုင်ရာ ကျောင်းတိုက်ကို ပဋိပတ္တိ ကျောင်းတိုက်ဟု အလုပ်ကိစ္စအစွဲပြု၍ အသီးသီး ခေါ်ဝေါ် အပ်ကုန်သော နာမည်ရှိကြကုန်သည်။

### ဘာကျောင်းတိုက်မျိုးလဲ

ဘုန်းတော်ကြီးဦးသီလ တည်ထောင်သောကျောင်းတိုက် အခြားသည့် ဘာအမျိုးအစားကျောင်းတိုက်များလဲဟု မေး မြန်းစရာရှိပေကုန်သည်။ အကျဉ်းချုပ်အားဖြင့် ဘုန်းတော်

ကြီးသည် သာသနာစိတ် အပြည့်အဝရှိ၍ စိတ်ဆန္ဒရှိသည့် အတိုင်း ဆောင်စွမ်းနိုင်သော ကံအား ဉာဏ်အား ဝီရိယ အား အကျင့်သိက္ခာအားတို့ဖြင့် ပြည့်ပြည့်စုံစုံရှိမှုကြောင့် သာသနာတော်အား ကျေးဇူးပြုနေသော ညောင်တုန်း ရွှေဟင်္သာ တောရ စာသင်တိုက်ကြီး၊ ပဲခူးကြခတ်ဝိုင်း စာသင်တိုက်ကြီး၊ မော်လမြိုင် ပုဂံတောင် စသော အောက်မြန်မာပြည်ရှိ စာသင်တိုက်ကြီးများကို ပြောင်မြောက်စွာ တည်ထောင်သွားသည့်အပြင် ပဋိပတ္တိကိုယ်ကျင့်တရား ပွားများအားထုတ်နိုင်ကြရန် တရားတိုက်ကြီးများကိုလည်း နှစ်တရာ နည်းပါးခန့် အချိန်ကစ၍ တည်ထောင်ထားခဲ့မှုကြောင့် ပရိယတ္တိကျောင်းတိုက်ကိုလည်း တည်ထောင်ခဲ့သည်၊ ပဋိပတ္တိကျောင်းတိုက်ကိုလည်း တည်ထောင်ခဲ့သည်ဟု ဆိုရပေမည်။ အကျယ်ကို ဦးသီလထေရုပ္ပတ္တိကြည့်ရှုပါ။

## ကျောက်တလုံး တောရကြီးကျောင်း

မော်လမြိုင်တိုင်း မုဒုံမြို့နယ် ကျောက်တလုံးကျေးရွာ နန်းပိုင်ကျေးရွာ ကွေ့ဝမ်းကျေးရွာ ကော့လှကျေးရွာ မိန်းက-နိမ်း ကော့စိုက် စသော ကျေးရွာတို့၌ ဂေါစရဂါမ် ရှိသော ကျောက်တလုံး တောရကြီးကျောင်းတိုက်သည် မွန်ပြည်နယ်၏ ကျက်သရေဆောင် အနေအားဖြင့် စိမ်းလမ်းစိုပြေ ဝေဝေဆာဆာ အုံမှိုင်းသာယာစွာသော တောင်ညိုတောင်တန်းဝယ်

သစ်ပင်ကြီးငယ်အသွယ်သွယ်တို့ဖြင့် ဝိုင်းအုံကာရံနေမှုကြောင့် အလွန်တင့်တယ်သာယာမှုရှိ၍ သူတော်ကောင်း ပညာရှိတို့၏ စိတ်နှလုံးကို ယူကြုံးဆွဲယူနိုင်ပေသကဲ့သို့ဖြစ်၍ ပန်းဝတ်လုံ အစိမ်းရောင် အင်္ကျီဖြင့် ခြုံလွှမ်းကာ တန်ဆာဆင်ထားဘိသို့ စိတ်နှလုံး သာယာအေးမြ ကြည်လင်ဘွယ်ရာ တောရိပ်သာ၏ အကြားအကြားမှ တသွင်သွင် စီးဆင်းသွားနေသော စမ်းရေ တသွင်သွင်တို့ဖြင့်လည်း တမျိုးတင့်တယ် တောအုပ်မှိုင် အလယ် ဖြစ်သော တောင်ကုန်းငယ် ထိပ်ပြင်၌ ကျောင်းတိုက် အရှေ့ဘက်မှ ကြိုးဝိုင်း တောင်ဘက် မြောက်ဘက် အနောက် ဘက် ဟူသော ပတ်ဝန်းကျင်၌ စမ်းချောင်းတို့ဖြင့် သတ်မှတ် ပိုင်းခြားထားသော အနှစ်တရာနီးပါး အချိန်မှစ၍ ဆင်းရဲ လွတ်မြောက်ရေးတရားကို ရှာမှီးလိုကုန်သော ရဟန်း ရှင် လူ သူတော်စင်တို့၏ စိတ်နှလုံးမွေ့ရာ တောရကြီးဟူသော အမည် ဖြင့် သမိုင်းဝင်ကျောင်းတိုက်တာကြီးတခုထင်ရှားရှိပေသည်။

## တောရအင်္ဂါ

တောရကျောင်း ဆိုသည်မှာ တောရအင်္ဂါနှင့် ပြည့်စုံရ ပေမည်၊တောရအင်္ဂါရှိသော နေရာဌာန သွားရောက် သိတင်း သုံးပါမှ အရညကင် ဓုတင်ဆောက်တည်လို့ ရပေသည်၊ တော ရ ကျောင်း အင်္ဂါ ရွေးချယ်ပုံမှာ လေးတောင်ထွာ ရှိသော လောက်လေးကိုင်းဖြင့် ရွာအစွန် မြို့အစွန် ရွာဥပစာ မြို့ဥပစာ

အရပ်မှတိုင်းတာပါလျှင် အပြန်ငါးရာဝေးကွာသောအရပ်ဆို ပါက တောထဲဖြစ်သွားပြီ တောထဲရောက်သွားပြီဖြစ်၍ တော ရကျောင်း အင်္ဂါနှင့်ပြည့်စုံမှုကြောင့် အာရညကင် ဓုတင်ရ၏ ဟုမှတ်။ ယခုခေတ် အခေါ်နှင့်ဆိုလျှင် သုံးမိုင်လောက် ဝေး ၏၊ အဆိုပါတောရကျောင်းမျိုးသည် အများနှင့် သက်ဆိုင် သည်။ ဘာရွာ ဘာကျောင်း ဘယ်မြို့ကကျောင်းဟု မခေါ် ဝေါ်ရ တောထဲကျောင်းသာဖြစ်သည်။

အဆိုပါ တောရအင်္ဂါနှင့် ပြည့်စုံသော တောရကြီး ကျောင်း တိုက်တာကြီးကို သာသနမာမကအရညဝါသီထေရ် အသျှင် အဆက်ဆက်တို့နှင့် နန်းပြိုင်ကျေးရွာ ကွေ့ဝမ်းကျေး ရွာ ကျောက်တလုံးကျေးရွာ စသော ရွာသားတို့၏ ယုံကြည် မှု သဒ္ဓါ အခြေခံဖြင့် ထက်သန်သော ဇွဲလုံ့လဖြင့် ကြည့်ရှု စောင့်မလာသောကြောင့် ရဟန်းကောင်း ဘုန်းကြီးကောင်း များ သီတင်းသုံးကာ နေထိုင်ကြပေသည်။

## ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံ
## သာသနာပြုအာဇာနည်

မကောင်းသော ဘုန်းကြီးများဆိုက သမာဒေဝ နတ် များက ဖယ်ရှားသည့်အလား ကြောက်မက်ဖွယ်ရာ မြွေကြီး များဖြင့် စိတ်နှလုံး ချောက်ချားစေကာ အိပ်လို့ပင် မရနိုင် သော အပြုအမူအရာတို့ကြောင့် ဘုန်းကြီးဆိုးများသည် လျှင် မြန်ခဏ ကျောင်းပြင်ပသို့ ပြောင်းရွှေ့သွားကြရကုန်၏။

အဆိုပါ သာသနာ့ကိစ္စ အမျိုးမျိုးကို ဆောင်ရွက်နိုင်ရန် အစဦးစွာ တည်ထောင်သွားသော ပုဂ္ဂိုလ်ဆိုသည်မှာ အချိန်အခါအားဖြင့် နှစ်ပေါင်း တရာနည်းပါးခန့် ဖြစ်၍ မြန်မာနိုင်ငံ သာသနာသမိုင်း၌ တချိန်ကထင်ရှား ယခုလည်းထင်ရှားနေသော သီလဝန္တ သိက္ခာကာမ သဒ္ဓမ္မ မာမက ပညာဝန္တဝိသေသဖြစ်မှုကြောင့် ဟောပြောပြသမှု မပါဘဲဘုဦးကံပါရမီအကျင့် သိက္ခာ ဂုဏ်အရှိန်အဝါတို့ဖြင့် ထိုထိုမြို့ရွာတို့၌ ပရိယတ္တိ စာသင်တိုက်ပေါင်း များစွာနှင့် တောင်ကလေးတောရ ကျောက်တလုံး တောရ သက်ငယ်တောင် တောရ ကျိုက်ဒိုး တောရ စသော တောရကျောင်းတိုက်ပေါင်းများစွာတို့ သာသနာအတွက်တည်ထောင်သွားလျက် ယနေ့တိုင်အောင် ကြီးပွါး တိုးတက်ပုံရှိ၍ သာသနာပြု အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးဟု ခေါ်ထိုက်သော ဘုန်းတော်ကြီး ဦးသီလ ဖြစ်ပေသည်။

မြန်မာနိုင်ငံ၌ သာသနာ မကွယ်ပျောက်သေးသမျှ ဘုန်းတော်ကြီး ဂုဏ်ရောင်သည်လည်း ထွန်းပြောင်လျက်ပင် ရှိပေလိမ့်မည်၊ဘုန်းတော်ကြီးဦးသီလထေရုပ္ပတ္တိဟူသော သမိုင်းဝင်စာပေ အနေဖြင့်လည်း ကြည်ညိုဘွယ် အတုယူဘွယ် အားဖြင့်ကျင့်ကြံမှု ပဋိပတ္တိ နားမျက်စိ တို့ကို ဘုန်းတော်ကြီးက အားပါးတရ နှစ်သက် ရွှင်လန်းစွာ အမြဲတန်း ပွင့်လင်း နေစေပေလိမ့်မည်။

ဤသို့အားဖြင့် လူများစု၏ ထိုက်ထိုက်တန်တန် အလေးပြုခံထိုက်သော ဘုန်းတော်ကြီး ဦးသီလ၏ အနှစ်နှစ်ဆယ်ကျော် အချိန်ကြာညောင်းအောင် သီတင်းသုံး နေထိုင်ရာ ကျောက်တလုံး တောရကျောင်းတိုက်ကြီး အတွင်း ကျောင်းကန်များ မဖြစ်ပေါ်မီ၊ အစအဦး နေထိုင်ရာ ပင်ကိုယ်သဘာဝ အားဖြင့် တည်ရှိနေပေသော တောင်စောင်း၌ မြေလိုဏ်ဂူတခု ရှိပေသည်။

## ဘုန်းတော်ကြီး ဘာ့ကြောင့် ဤကျေးရွာတို့၌ ကြာရှည်စွာ နေသနည်း

ဘုန်းတော်ကြီး ဦးသီလသည် အောက် မြန်မာနိုင်ငံ၌ အနည်းနှင့် အများ တောရ မဆောက်တည်ဘူးသော အရပ်ဒေသဟူ၍ မရှိသလောက် ဖြစ်ပေသည်၊ ကြာရှည် နေထိုင်သော အရပ်နှင့် ကြာရှည် မနေထိုင်သော အရပ်သာ ကွဲပြားပေသည်။ တောတောင်ကောင်း ရှိခြင်း၊ ဂါရဝတရား ရှိခြင်း ဤ အင်္ဂါနှစ်ပါး ရှိသော အရပ်ဒေသမျိုး ဆိုက သူတော်ကောင်း ပညာရှိကြီးများ ပျော်မွေ့ကြပေသည်။

## ဂါရဝတရားရှိ၍ သာသနာတည်ရာအရပ်

မော်လမြိုင်တဝိုက် အရပ်ဒေသ များသည်၊ အထက်ပါ အင်္ဂါနှင့် ပြည့်စုံသည်က များပေသည်၊ အထူးအားဖြင့် ဂါရဝတရား တည်ရှိသောသူများ နေထိုင်ရာ အရပ်ဖြစ်၍

သူတော်ကောင်း တရားများလည်း တည်ရှိသော အရပ်ဒေသ ဖြစ်ကြောင်း သိသာထင်ရှား ပေသည်။ သူတော်ကောင်း တရား ရှိ၍ သာသနာတည်သော အရပ်ဒေသဆိုလျှင် ဘေး ရန် ကင်းရှင်း၍ မိုးလေဝသ မှန်ပြီးလျှင် သမ္မာဒေဝနတ်များ ကြည့်ရှု စောင့်ရှောက်သည်ဟုလည်း ယူဆရပေမည်။

အထက်ပါ အကြောင်းအင်္ဂါတွေ တည်ရှိမှုကြောင့် ဘုန်း တော်ကြီး ဦးသီလသည် မော်လမြိုင် ကျေးရွာများ ဖြစ်သော မိုန်းကနိမ် နိုင်းပြိုင် ကွေ့ဝမ်း အရပ်ဒေသတို့၌မိမိ၏အမြဲနေရာ ကဲ့သို့ သတ်မှတ်ခါ အနှစ် နှစ်ဆယ်ကျော် နေထိုင်ခြင်း ဖြစ် သည်ဟု အောက်မေ့ရပေမည်၊ ဘုန်းတော်ကြီးသည် အခြား မြို့ရွာတို့၌ ဤမျှလောက် ကြာအောင် နေထိုင်သည် မရှိ။

ဂါရဝတရား ပြည့်စုံသောသူသည်၊ သာသနာတည်သည် ဖြစ်၍ သူတော်ကောင်းတရား မကွယ်ပျောက်ကြောင်းကို နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌—

ဘုရား၌လေးစားခြင်း။
တရား၌လေးစားခြင်း။
သံဃာ၌လေးစားခြင်း။
ကိုယ်ကျင့်သိက္ခာ သီလ၌လေးစားခြင်း။
သမာဓိတရား၌လေးစားခြင်း။

ဤသို့သော လေးစားခြင်းမျိုးနှင့် ပြည့်စုံနေသူသည် သာ သနာ မကွယ်ပျောက်စေနိုင်၊ အထက်ပါ လေးစားစရာ တရား

များကို လေးစားမှု မရှိပါက ကေန်ပင် သာသနာကွယ်ပ ပျောက်ပျက် စေနိုင်ကြောင်းကို ရှင်မဟာကဿပ ကိုယ်တော် မြတ်ကြီးအား ဘုရားသဗ္ဗညု ဟောကြားတော်မူ၏။ သာသနာ တည်တံ့ကြောင်းဖြစ်သော လေးစားမှု တရားများနှင့် ပြည့်စုံသော ကျေးရွာများဖြစ်၍ ဘုန်းတော်ကြီး ဦးသီလက နိုင်းပြိုင်ကျေးရွာ ကွေ့ဝမ်းကျေးရွာ စသော ကျေးရွာတို့၌ အနှစ်နှစ်ဆယ်ကျော် အချိန်ကြာစွာ သာသနာပြု ဇာဟို့ဌာန ထား၍ နေထိုင်သွားခြင်း ဖြစ်ပေသည်။

ဤအရပ်ဒေသတို့၌ နေထိုင်ကြသူများသည် မြို့ကြီးများ၌ နေထိုင်ကြကုန်သူများကဲ့သို့ ဘုန်းတော်ကြီးများနှင့် ပတ်သက်၍ တဏှာကျွန် မာနကျွန် ဒိဋ္ဌိကျွန် အဖြစ်မခံကြဘဲ ရဟန်းသံဃာဟူသော အမှတ်ဖြင့် ကိုးကွယ်ဆည်းကပ်မှု ရှိ၍၊ ဘုန်းကြီးများနှင့် ပတ်သက်၍ ရန်ရှာခြင်း၊ မတဲ့ခြင်းဆိုတာ မရှိ၊ ဘာသိဘာသာနေ၍ မကိုးကွယ်ထိုက်ဘူးထင်က၊ မကိုး ကွယ်ဘဲနေရုံသာ နေ၍ ကိုးကွယ်ထိုက်က သံဃာ အမှတ်ဖြင့် ရဟန်းသံဃာမြင်လျှင် အဝေးက လက်အုပ်ချီခြင်း၊ အိမ်ပေါ် နေထိုင်ပါက၊ အိမ်အောက်ဆင်းပေး၍ ဂါရဝပြုခြင်း၊ လမ်း ဘေးတွေ့က ထိုင်ပေး၍ ဂါရဝပြုခြင်း၊ လှည်းမောင်းလာက လှည်းရပ်ပေးခြင်းစသော မထေမဲ့မြင်ပြုခြင်း အမူအရာလုံးဝ မရှိသော အရပ်ဒေသများဖြစ်၍ သူတော်ကောင်း ပညာရှိ များ၏ ချစ်ခင်လေးစားမှုကို ခံယူထိုက်သော အရပ်ဒေသ များ ဖြစ်ပေသည်။

အထက်ပါ ဘုန်းတော်ကြီး နေသော ကျောင်းတိုက်၏ တောတောင်တွင်း ကျောင်းဒေါင့်တနေရာ၌ ဘုန်းတော်ကြီး ရှေးအခါက သီတင်းသုံး နေထိုင်သွားသော မြေလိုဏ်ဂူနှင့် လက်ယက်ရေတွင်းဟောင်းများဖြစ်ပုံကို မြင်ဘူးကြကုန်သော ရှေးလူကြီးများ၏ တဆင့်စကား ပြောကြားချက် အရနှင့် ဘုန်းတော်ကြီး၏ လှုပ်ရှားသွားလာ သာသနာပြုပုံ၊ ကျင့်ကြံနေထိုင်ပုံတို့ကိုလည်း အောက်ပါအတိုင်း သိရပြန်၍ သဒ္ဓါ တရားတိုးပွားရန် ဆက်လက်ဖေါ်ပြရပေဦးမည်။

အခါတပါး ဘုန်းတော်ကြီးသည် ကျား၊ သမင်၊ ဒရယ် ဂျီ၊ မြွေစသော တိရစ္ဆာန်ရိုင်းကြီးများ၏ ကျက်စားနေထိုင်ရာ ဖြစ်၍တောရိုင်းကြီးဟု ဆိုအပ်သောတောတောင်နယ်အတွင်း မြေလိုဏ်ဂူ၌ တရားဓမ္မရှာမှီးလို၍ ဝင်ထွက်သွားလာ နေထိုင် သည်တို့ကို ကျေးရွာသူရွာသားတို့၏ တောတွင်း လာသော အခါ မြင်တွေ့ရသောကြောင့် မျိုးရိုးမလေ့ကာပင် သာယာ ယဉ်ကျေးမှုရှိကြပြီးသား ဖြစ်သည့်အတိုင်း သူတော်ကောင်း များ တွေ့မြင်က သဒ္ဓါကြည်ညိုအရင်းခံဖြင့် ကြီးမားသော ရှိသေမှုအရာ သူတကာအတူယူဘွယ်ရာ ဖြစ်သော ကျေးရွာ သား ကျေးရွာသူတို့၏ ဖူးမွေးသောစေတနာဖြင့် ဘုန်းတော် ကြီးအပေါ် ကြည်ညိုဖူးမြော်လို အားမရနိုင်ဖြစ်ကြကုန်သော ကျေးရွာသူကျေးရွာသား အမြောက်အများတို့က လှထောင် ဦးကျော်လှ ခေါင်းဆောင်ထား၍ ရွာသူရွာသား အများစု

ပေါင်းကာ ချမ်းချမ်းသာသာ တရားအားထုတ်နိုင်ရန် အခြား သစ်ရိုင်းများ မပါစေရဘဲ ကျွန်းသားသက်သက်ဖြင့် ဘုံငါး ဆင့်ရှိသော သစ်သား ပြာသာဒ်ဆောင် ကျောင်းကြီးကို ခိုင်ခိုင်မာမာ ထုထယ် ကောင်းမွန်စွာဖြင့် ဆောက်လုပ်ကြပြီး လျှင် ဘုန်းတော်ကြီးကို မြေဂူနေရာမှ ပင့်ဆောင်ကိုးကွယ် ဆည်းကပ်ကြပေကုန်သည်။

ကျောင်းထိုင် ဘုန်းကြီး အင်္ဂါအပြည့် အဝရှိသော ဘုန်း တော်ကြီးကို ဆရာတဆူအနေအားဖြင့် မှီခိုအားထားဆည်း ကပ်ကိုးကွယ် လိုက်ရခြင်းသည်လည်း ဤရွာသူ ရွာသားတို့၏ ယခုဘဝ နောင်ဘဝအတွက်လည်း ကုသိုလ်ကံကောင်း၍ ရှေး ဘဝများကလည်း ပုဗ္ဗေစကတပုညတာ မင်္ဂလာနှင့် သပ္ပုရိသူ ပနိဿယမင်္ဂလာ ဆုလာဘ်ကြီးများကို ရရှိခဲ့မှုကြောင့် သိန်းထီ ကြီးပေါက်သလို ဝမ်းမြောက်စရာကြီးဖြစ်၍ နေပေကုန်လိမ့် မည်၊ ကျောင်း တိုက်တာအင်္ဂါ၄လးပါး ပြည့်စုံစေရန် အခြား ကုန်သော သိမ်၊ ဘုရား၊ စေတီ၊ ဗောဓိပင် များတို့ကိုလည်း လိုလေသေးမရှိ သာသနာ့အဆောက်အအုံ ပြည့်စုံရန် တည် ထောင်ထားကုန်၏။

ဤအချိန်အခါ၌ တောရကျောင်းကြီး ပတ်ဝန်းကျင်မှာ သစ်ကြီးဝါးကြီးထူထပ်၍ တောင့်ကြက် တောဝက် ကျား သမင် ဂျီ စသော တိရစ္ဆာန် ဆိုးကြီးများသည် ကြီးနိုင် ငယ်ညှဉ်း တိရစ္ဆာန် ဝါဒအတိုင်း တောတွင်းတိရစ္ဆာန် ရိုင်းကြီးများ

မင်းမှုသောအခါဖြစ်၍ ဘုန်းတော်ကြီးသည် အဆိုပါ တိရစ္ဆာန်ရိုင်းကြီးများနှင့် အတူနေထိုင်ရသလို ဖြစ်ပေသည်။ ဘုန်းတော်ကြီး၏ ယူးခြားချက်မှာ ရိုင်းစိုင်းသော လူ တိရစ္ဆာန်တို့သည် ဘုန်းတော်ကြီးကို သေဘို့ရန်ပြုလုပ်ရေးကို မဆိုထားနှင့် နှိပ်စက်ညှဉ်းပန်းနိုင်သည်ကိုပင် မတွေ့ရဘူးချေ၊ ဘုန်းတော်ကြီးသည် မည်သည့် လူရိုင်း တိရစ္ဆာန်ရိုင်းမဆို ဆိုးရွားသော အပြုအမူတွေမြင်က အရပ်တပါးရောက်သွားအောင် မောင်းထုတ်နိုင်စွမ်း ရှိပေသည်ဟု မျက်မြင်ကိုယ်တွေ့ သမားများက ယုံကြည်ကြသည်။

ဘုန်းတော်ကြီးသည်တောထဲ၌ တပါးတည်းနေထိုင်သော်လည်း သူခိုး ဓားပြစသော အန္တရာယ် လုံးဝမရှိ။

## ပုံစံတခု ထုတ်ပြရသော်

သစ်ပင်ခြုံနွယ်ကြီးတို့ဖြင့် ဖုံးအုပ်ကာကွယ်နေသော တောရ ကျောင်းကြီးဖြစ်၍ တိရစ္ဆာန်မျိုးစုံတို့ကို မြင်ရကြားရခြင်းသည် လောကဓမ္မတာ ဖြစ်ပေသည်။ ဘုန်းကြီးကျောင်း ဆိုတော့ ကျောင်းသား ကိုရင်များလည်း ရှိ၍နေပေသည်။ ကျေးရွာမှ နွားများသည်လည်း ဘုန်းတော်ကြီးကို မှီခိုရာအနေဖြင့် နွားကောင်ရေ နှစ်ရာသုံးရာတို့သည် ကျောင်းအောက်မှာဝင်၍ နေ့စဉ်နေ့တိုင်း လာရောက်အိပ်ကြ ပေကုန်သည်၊ နွားအနံ့ရတော့ ထုံးစံအတိုင်း ကျားရိုင်းများသည်

လည်း နွားများကို အစာအဖြစ် အသုံးပြုရန် ဤကျောင်း တိုက်ကြီး အတွင်းသို့ လာရောက်ခါ နွားကို ကျားချီသွား၍ ပထမနေ့၌ နွားတကောင် ကျားစာဖြစ်ရလေပြီ။

## ဘုန်းတော်ကြီးကို ကျားမကိုက်

နွားသားစားနေကျ ခုနစ်တောင် ကျားတကောင်သည် တလခန့်အကြာ ဒုတိယအကြိမ် လာရောက်ပြန်က ကျားလာသည် ဆိုလျှင် နွားတွေ လှုပ်လှုပ်ရှားရှားဖြစ်၍ မျက်လုံး မျက်ဆံ ပြူးကာ ကျားကောင်ကိုကြည့်ရှုနေကြခိုက် ဘုန်းတော်ကြီး ကျောင်းပေါ်မှ ဆင်းကာ တောရကျောင်း ဘုန်းတော်ကြီး ပီပီ လက်ဆွဲသံပုန်း မီးအိမ်နှင့် တောင်ဝှေး ဆွဲယူခါ လှေခါး မှ တတောက်တောက်ဆင်း၍ လာပြီးနောက် မလှမ်းမကမ်း ကြောက်ဖွယ်ကောင်းသော ကျားမျက်လုံးကြီးဖြင့်ဘုန်းတော် ကြီးကို စူးစိုက်ကြည့်နေခါ ဘုန်းတော်ကြီးပြန်ကြည့်၍ ဟဲ့ ကောင်ကြီး သူများဒုက္ခမပေးနဲ့ သွား ဟူ၍ ပြောကြားအမိန့် ပေးလိုက်သည်ဆိုလျှင် ကျားကြီးသည် ဘုန်းတော်ကြီး၏ အမိန့်သြဇာအာဏာကို မလွန်ဆန်နိုင်ဘဲ ကျောင်းပြင်ဘက်သို့ မထွက်ချင်ထွက်ချင် ဘရွှေ့ရွှေ့ သွားနေရလေပြီ။ ဘုန်းတော် ကြီးသည် ကျားကျောင်းသားသဖွယ် ကျားကြီးနောက်က လိုက်သွားကာနောက်တခါမလာအောင်ခပ်ဝေးဝေးဖြစ်သော တောင်ကြီး၏တဖက် တောနက်ထဲအရောက် ပို့ပြီးမှ ကျောင်း ပြန်လာခဲ့လေ၏။ ဘုန်းတော်ကြီး ဤအရပ်ဤဒေသမရောက်

ခင်ကဆိုလျှင် တောတောင်တွင်းမှာ အစာရေစာ ရှာမှီးရန် လာကြကုန်သော နွားများသည် ကျားစာဖြစ်ကြရသည်က များပေကုန်သည်။

## ဘုန်းတော်ကြီး၏ လုပ်ငန်းကိစ္စ

ဘုန်းတော်ကြီးသည် ဗုဒ္ဓဘုရား၏ သားကောင်းတဦး အဘိုးတန် ဖြစ်သည့် အားလျော်စွာ ပရိယတ် ပဋိပတ်တာဝန် နှစ်မျိုးစုံကိုပင် ကျေပြွန်စွာ ထမ်းဆောင်ပေကုန်သည်။ သာသနာ အရှည် တည်တံ့အောင် မိမိ၏တကိုယ်ကောင်း တရား အလုပ်ကိစ္စ တခုသာ မဆောင်ရွက်ဘဲ အများအကျိုး တိုင်းပြည်အကျိုး ရပ်သူရွာသားအကျိုး သာသနာအကျိုး ဖြစ်သော ကိုရင် ကျောင်းသား သာသနာ့ အမြုတေ များကို ကျောင်းမှာ လက်ခံ၍ နေ့အခါ၌ စာပေသင်ကြား ပြသ နေပေသည်၊ ညအခါရောက်လျှင် ကိုရင်ကျောင်းသားများ စာအံပြီး၍ အိပ်ကြပြီဆိုလျှင် မိမိကိုယ်ကျိုးအတွက် ဖြစ်သော ရဟန်းတရားတော်များကို အားထုတ်ပေကုန်သည်။

အာရညကင်ဓုတင် သုတ်သင်ဓုတင် ပိဏ္ဍပါတ်ဓုတင် ပတ္တပိဏ်ဓုတင် ကောသနိက်ဓုတင် တိစီဝရိတ်ဓုတင် တို့ကိုလည်း ဆောက်တည်ပေကုန်သည်၊ သုတ်သင်ဓုတင် ဆောက်တည်ရန် အတွက် သုံးမိုင်ခန့် ဝေးကွာသော ဘင်လှိုင်ရွာ သုသာန်သို့ နေ့စဉ်ညတိုင်း ကြွသွားပေသည်၊ ကြည်ညိုသော ကျောင်း

ဒါယကာ များက ဘုန်းတော်ကြီး ဆွမ်းခံသွားရဒါနှင့် ည တိုင်း သုသာန်ကြွရဒါ ပင်ပန်းလှသည် ယူဆကာ ကျောင်း တွင်း တနေရာမှာ ဘုန်းတော်ကြီး၏ သဘောတူညီချက်ဖြင့် သုသာန်ငယ်တခု ပြုလုပ် ထားသည်မှာ ယခုတိုင် ထင်ရှား ရှိပေသည်။

ရှေးခေတ်က ဆရာတော်ကြီး တို့သည် ကျောင်းတွင်း အသုဘကိစ္စရှိက ကျောင်းတိုက်တာ မကြီးပွား ဆိုပြီးတော့ လူရိုးကိုတောင် မယူဆောင်စေကြရကုန်။ ယခုဘုန်းတော်ကြီး ဦးသီလ၏ ကျောင်းတိုက်များ စည်ကားနေခြင်း သည်လည်း အံ့သြဘွယ်တပါး ဖြစ်ပါပေ၏။ ဘုန်းတော်ကြီးသည် အသေ ရုပ် အရှင်ရုပ်တို့ကို အတူထား၍ နေဟန်ပင် ဘင်လှိုင်ရွာ သုံသာန်သို့ ညအခါနေ့စဉ် ကြွနေသော်လည်း ကိုရင်ကျောင်း သားများ မသိရှိစေဘဲ ကပ္ပိယ တယောက်သာ သိ၍ တနေ့ သောအခါ ငါတို့၏ ဘုန်းတော်ကြီးသည် ညအခါ ဘယ်မှာ သွားသည်ဆိုဒါ သိရအောင် ဘုန်းတော်ကြီးအသွား နောက် ရောင်ခံ လိုက်သွားသောအခါ တစ္ဆေ ပြိတ္တာ စသော နာနာ ဘာဝ သတ္တဝါများကို တရားဟောပြနေဒါ တွေ့ရ၍ ကပ္ပိယ သည် ညမှောင်မိုက်အခါကြီး ဖြစ်၍ တောရကျောင်းကြီးနှင့် ခပ်ဝေးဝေး ဖြစ်နေတော့ မပြန်ဝံ့မှုကြောင့် ဘုန်းတော်ကြီး မသိအောင် နောက်ကွယ်မှာ ပုန်းအောင်း နေသော်လည်း တစ္ဆေက သစ်ကိုင်း လှုပ်ပြမှုကြောင့် ကပ္ပိယ ကြောက်ရွံ့

ထိတ်လန့်ကာ ဘုန်းတော်ကြီးသာ အားထားရာ ဆိုပြီးတော့ ဝင်ရောက်ချဉ်းကပ်လျှင် ခါးကိုပင် လက်ဖြင့် ဆွဲကိုင်မိသတဲ့၊ ထိုအခါ ဘုန်းတော်ကြီးက နောက်လှည့်ကြည့်၍ ကပ္ပိယမှန်း သိသဖြင့် ကျောင်းလိုက်ပြန်ပို့ရပေသည်။

ဘုန်းတော်ကြီးသည် ကျေးရွာများသို့ နေ့အခါတကြိမ် ညအခါတကြိမ် နေ့တိုင်းကြွ၍ နေရပေသည်၊ နံနက်ခင်းနေ့ အခါဆိုလျှင် ကျောင်းသားများနှင့် အတူပင် ဆွမ်းခံသွား၍ ကျောင်းသားများသည် တအားကုန် အပြေးလိုက်သော် လည်း ဘယ်အခါမျှ ဘုန်းတော်ကြီးကို မှီအောင်မလိုက်နိုင်ဘဲ နေကြရခြင်းသည် ကိုယ်တွေ့ ကြုံဘူးသူများအတွက် အံ့ဘွယ် တပါး ဖြစ်ပေသည်၊ ဘုန်းတော်ကြီးသည် တောရကြီး ကျောင်းတိုက်ကို ဗဟိုပြု၍ တခါတရံ မုဒုံမြို့ တောင်ကလေး တောရကျောင်း သွားခါ သီတင်းသုံး နေထိုင်သော အခါ လည်း ရှိပေသည်၊ တခါတရံ ဘီလူးကျွန်း သက်ငယ်တောင် တောရ ကျိုက်ဒိုးတောရ ကျောင်းသို့ သွားခါ သီတင်းသုံး နေထိုင်ပေ ကုန်သည်။

တခါတရံ မော်လမြိုင်မြို့ ပုဂံတောင် စာသင်တိုက်သို့ ကြွ သွားခါ သီတင်းသုံး နေထိုင်ပေကုန်သည်၊ တခါတရံ သထုံ ဘက်တောရကျောင်းသို့သွားခါ သီတင်းသုံး နေထိုင်ပေကုန် သည်၊ ဘုန်းတော်ကြီးသည် ရောက်ရာ ရောက်ရာ အရပ်မှာ ကျောင်းတိုက်တခု ဖြစ်အောင် တည်ထောင်၍ စာသင်တိုက်

ဖွင့်လှစ်ပေးကာ ပရိယတ္တိသာသနာတော်ကို ရှေးအရိယာကြီး များနည်းတူ အားပေးခဲ့ပေကုန်သည်။ ယခုအခါ တရားတိုက် များသည်လည်းရှေးရှေးသူတော်ကောင်းများ၏နည်းကောင်း များကိုအတုယူကြကာ မိမိတို့လည်း ငယ်ရာမှကြီးလာသည်ဟု ပြန်သတိရကြ၍ ကိုရင် ကျောင်းသား များကို သာသနာ မျိုးစေ့မပျက်အောင် ပြုစုပျိုးထောင်သင့်ပေကုန်၏၊ ပရိယတ္တိ အလုပ်သည် နွားကျောင်းသား အလုပ်ဆိုပြီးတော့ အထင် သေးကာ ဘုရားပုတ်ခတ်၊ ဆရာသမားအဆက်ဆက်ကို ပုတ် ခတ်ခြင်းမပြုလုပ်ကြဘဲ မိမိတို့၏ ပါးစပ်ကထွက်သမျှ စကား လုံးများသည် ပရိယတ္တိတွေပါလားဆိုတာ ပြန်၍သတိပြုလျှင် မိမိကိုယ်ကို မိမိဖါသာ အထင်သေးရာ ပုတ်ခတ်ရာ ရောက်နေ ကြောင်း သတိပြုစေလို၏၊ ပရိယတ္တိ ဝန်ဆောင် အချို့ ကောင်း အချို့မြတ်ကလည်း တရားသမားများသည် ဝမ်း ရေးအတွက် ဟောပြော ပြသနေခြင်းဖြစ်၍ တရား သမား မဟုတ်၊ တရားပြစားနေခြင်းသာဟု အထင်သေး အမြင်သေး မပြောဆိုသင့်ပါကြောင်း၊ ဤသို့သော ပရိယတ္တိဝန်ဆောင် နှင့် ပဋိပတ္တိဝန်ဆောင်တို့၏ အမြင်တမျိုးစီ ဖြစ်နေခြင်းသည် သာသနာ၌ အနှောက်အရှက်တမျိုး ဖြစ်၍နေပေသည်။

## ဘုန်းတော်ကြီးကို သေနပ်ပစ်မရ

တနေ့သောအချိန် ဘီလူးကျွန်းသက်ငယ်တောင် တောရ ၌ ဘုန်းတော်ကြီးသီတင်းသုံးခိုက် မြန်မာနိုင်ငံ အင်္ဂလိပ် အုပ်



ဘုန်းတော်ကြီး ဦးသီလ။

ချုပ်စဉ်အခါ အင်္ဂလိပ်အရေးပိုင်သည် ဘုန်းတော်ကြီး တရားအားထုတ်နေသော တောတောင်အနီးမှာ သားသမင်စသော တောကောင်ရှာမှီးရန် နောက်လိုက် ငယ်သားများနှင့် တကွ တောတွင်းသားကောင် ရှာဖွေကြရာ ဘုန်းတော်ကြီး နေထိုင်ရာ အနီးအပါး တောထဲရောက်လျှင် ဘုန်းတော်ကြီး လေလား သားကောင်လေလား ခပ်ဝေးဝေးမှဆိုတော့ မကွဲမပြားရှိ၍ သားကောင်အထင်ဖြင့် နှစ်လုံးပူးသေနပ် အသင့်ပြင်ကာ ကျည်ဆံ နှစ်သေတ္တာ အကုန်ပင် အချက်ပေါင်း များစွာ ဂျီအမှတ်ဖြင့် လှမ်း၍ပစ်ခတ်လျှင် မီးမကူး ကျည်ဆံမထွက် ဖြစ်နေရာ ဘာဖြစ်ပါလိမ့် သိလို၍ ကောင်းကင်သို့ ၂-ချက် ၃-ချက် ထောင်ပစ်သောအခါ ကျည်ဆံတွေ ဒလဟော ထွက်လာ၍ ဘုန်းတော်ကြီးလည်း သေနပ် သံကြောင့် ထလိုက်ရာ ဘုန်းတော်ကြီးမှန်းသိ၍ အနီးအနား သွားရောက် လက်ဖြန့်ကာ ဘုန်းတော်ကြီးထံ ကျည်ဆံ မထွက်တာကို တောင်းပန်တော့ရာ တအံ့တဩ ကြည်ညိုသွားပေတော့၍ တွေ့မြင်သော နေရာတိုင်း၌ ဘုန်းတော်ကြီးကို အမြဲပင်ဆလန်ပေး အလေး ပြုပေသည်။ မော်လမြိုင်တိုင်း၌ ဘုန်းတော်ကြီးအပေါ် တရားစွဲဆိုကြကုန်သော ဟိုခေတ် ဟိုအခါက ရဟန်းရှင် လူတို့၏ တရားမှုရှုံးကြရခြင်းသည် အထက်ပါ အင်္ဂလိပ် အရေးပိုင်ကို မကျော်လွှန်နိုင်သောကြောင့် ဖြစ်သည်၊ သူ၏ ကြည်ညိုလေးစားနေမှုကို မဖြိုခွဲနိုင်ပါပေကုန်။

## ဆင်ရိုင်းကြီးမနင်း

ထို့ပြင် အင်္ဂလိပ်အရေးပိုင် လေးစား ကြည်ညိုခြင်း၏ လက်တွေ့ အကြောင်းတမျိုး ရှိပေသေးသည်။ အခါ တပါး အင်္ဂလိပ် အရေးပိုင်သည် ကျိုက်ထီးရိုးဘုရားတဝိုက် တောထဲမှာ ကျက်စားနေကြကုန်သော ဆင်ရိုင်းများကို ဖမ်းယူနေရာ ထိုဆင်ရိုင်းထဲတွင် ဆင်ဖမ်းသမားများပင် အနီးအနား မကပ်ဝံ့အောင် အလွန်ဆိုးသော ဆင်ရိုင်းကြီးတကောင် ရှိပေသည်၊ ဤဆင်ရိုင်းကြီးထိုးသတ်မှုကြောင့် ဆင်ဖမ်းသမားတွေ သေကြေပျက်စီးမှုသည်လည်း မနည်းလှပေကုန်။ တချိန် တခါ အဆိုပါဆင်ရိုင်းကြီးနှင့် ကျိုက်ထီးရိုးဘုရား လမ်းခရီးအသွားမှာ ဘုန်းတော်ကြီး ဦးသီလနှင့် ရင်ဆိုင် တွေ့သော အခါ ဘုန်းတော်ကြီးဦးသီလ၏ သီလ မေတ္တာ တန်ခိုးများကြောင့် ဆင်ရိုင်းကြီးက စိတ်ခတ်ပျော့ပျောင်းကာ ဦးနှိမ်ချပေး၍ ပြားပြားဝပ် အလေးပြုနေပုံကို အင်္ဂလိပ်အရေးပိုင်က ကိုယ်တိုင်တွေ့မြင်ဘူးသော အကြောင်းအရာ ကြောင့်လည်း ဘုန်းတော်ကြီးကို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဟူ၍ရင်း သူတော်ကောင်းကြီးဟူ၍ရင်း အသိစိတ်ထားခါ အမြဲတန်းလေးစားနေပေသည်။ ထို့ကြောင့် ဘုန်းတော်ကြီးနှင့် ပတ်သက်လာသော အမှုကိစ္စအားလုံးကို ရုပ်သိမ်းစေခဲ့သည်။

## ဘုန်းတော်ကြီး၏ တန်းခိုးတော်

အခါတပါး ဘီလူးကျွန်းဘက်မှ မော်လမြိုင်ဘက်သို့ကြွတော်မူရန် အကြောင်းရှိသောကြောင့် သင်္ဘောပေါ် တက်စီးရာ

ကုလားက ထုံးစံအတိုင်း သင်္ဘောခတောင်းလျှင် ဝတ္ထုငွေ ကြေးမကိုင်တွယ်သော ဘုန်းတော်ကြီးတပါး ဖြစ်မှုကြောင့် ရဟန်းတော်တို့နှင့် ဝိနည်းကမ်အရ အပ်စပ်သော လက်ကိုင် ပုဝါဆပ်ပြာခဲ ဖ:ရောင်းတိုင်စသော ပစ္စည်းတို့ကိုသာ အတိုး အခပေးလေ့ရှိ၍ ကုကားကမယူဘဲ သင်္ဘောခ ပိုက်ဆံမပေး လျှင် ဆင်းသွားရန် ပြောကြားနှင်ချမှုကြောင့် သင်္ဘောဦးမှ ဆင်းကာ ရေပြင်မှ ခြေလျှင်ခရီးဖြတ်သန်းသွား၍ သင်္ဘော မရောက်ခင် ကမ်းတဘက်ရောက်နှင့်နေခြင်းသည်လည်း ဘုန်း တော်ကြီး၏ ကြည်ညိုဘွယ်ရာတပါး ဖြစ်ကြောင်း ကြားသိရ ပြန်ပေသည်။

## မြန်မာနိုင်ငံ၌ ပုဂ္ဂိုလ်ထူးနှစ်ပါးသာရှိပုံ

ဤသို့ ဤသို့စသော ထူးထွေသော အကြောင်းများ ကြောင့် ဘုန်းတော်ကြီးကို ကျွားမဆွဲ ဆင်မနင်း မြွေမကိုက် သော ပုဂ္ဂိုလ်မြတ်ကြီးဟူ၍ငင်း တန်ခိုးအဘိညာဏ်ရှိသော ပုဂ္ဂိုလ်ထူးကြီးဟူ၍ငင်း ဘာသာတူမတူ အားလုံးကုန်သော ရဟန်းရှင်လူ အများစု၏ ကြည်ညိုမှုကို ခံရပေကုန်သည်။

မြန်မာနိုင်ငံ၌ ဤကဲ့သို ထူးထွေကြကုန်သော ပုဂ္ဂိုလ် မြတ်ကြီးတို့လည်း အထက်မြန်မာပြည် ပခုက္ကူ၌ ဘုန်းတော် ကြီးဦးကြည်၊ အောက်မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးဦးသီလ ဟု ရှားရှားပါးပါး နှစ်ပါးသာ ရှိပေကုန်သည်။

## ဘုန်းတော်ကြီးကို ရထားလိုက်မမှီနိုင်

အခါတပါး ဆင်မနင်း ကျားမကိုက် ရထားရပ်ရသော ဘုန်းတော်ကြီး ဦးသီလသည် မော်လမြိုင်ဘက်မှ သထုံသို့ကြွ ရောက်ပြီးလျှင် မိမိသီတင်းသုံးရာ သထုံတောင်ဝိုင်း တောရ မှ ကျေးရွာတခုသို့ ဆွမ်းခံ သွားလို၍ မီးရထား သံလမ်း အတိုင်း ကြွနေရာ သထုံဘူတာမှ ရထားထွက်လာသည်ကို ဘုန်းတော်ကြီး မသိရှိပေ၊ ဘုန်းတော်ကြီးကား ဣရိယာသတိ သမာဓိအား ကောင်းသောပုဂ္ဂိုလ်ကြီးဖြစ်ပေသည်၊ နောက်မှ လိုက်လာသော ရထားသည် ထုံးစံအတိုင်း အကြိမ်ကြိမ်ဥသြ ဆွဲသော်လည်း ဘုန်းတော်ကြီးကား ဣန္ဒြေမပျက် စိုက်စိုက် မတ်မတ်သာ သွားလာလျက် ရှိပေ၏၊ ဘုန်းတော်ကြီး၏ ပင် ကိုယ်သဘောကလည်း ရှေးဆိုလျှင် နောက်ပြန် လှည့်လေ့ မရှိပေ။

ရထားစက်အား မောင်းတင်၍ ဥသြတွေ ဆူညံစွာဖြင့် အမြန်မောင်းနှင် လာနေသော်လည်း ဘုန်းတော်ကြီးကို ်တော့ ကျောင်းသားများ အပြေးလိုက်သော်လည်း မမှီသလို ပင် ဘုန်းတော်ကြီးကိုတော့မမှီနိုင်၊ ဘုန်းတော်ကြီးသည် မိမိ ကြွလိုရာ ဆွမ်းခံရွာ ရောက်ရှိမှ ဘေးဖယ်၍ လမ်းကြားတခု ဝင်သွားသောအခါ ဘူတာမဟုတ်ပါဘဲ ရထားရပ်ပြီးတော့ လူအများ၏ တအံ့တသြ ကြည်ညိုဘွယ်အဖြစ်သို့ ရောက်သွား ခြင်းသည် ဤမြန်မာနိုင်ငံတဝှမ်း သာသာသနာပိုင်း၌ အံ့ဘွယ် တပါး ဖြစ်ပါပေ၏။

## ဥစ္စာစောင့်များကို သီလပေးပုံ

ဤကဲ့သို့ ထူးထွေသော ပုဂ္ဂိုလ်ကြီးတို့သည် လူတွေ အတွက်သာ ကောင်းကျိုးပြုသွားသည် မဟုတ်ကြကုန်ဘဲ ရုပ် မျက်စိမမြင်နိုင်အော နတ်များနှင့်တကွ နာနာဘာဝ မျိုးစုံ တို့ကိုလည်း သမာဓိမရှိသူများ၌ အကန်းအတိ ဖြစ်နေ၍ မမြင်မတွေ့ရသော်လည်း အကျင့်သိက္ခာ သမာဓိဂုဏ်ရောင် ဖြာ၍ ထွန်းလင်း တောက်ပြောင်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်မြတ် ကြီးတို့၌ ကေန်မုမျ နာမ်မျက်စိ သမာဓိမျက်စိ ဉာဏ်မျက်စိ ပွင့်လင်းနေခြင်းရှိ၍ လူသာမန်တို့၏ အသားမျက်စိ ရုပ် မျက်စိဖြင့် မမြင်ကောင်းသော အရာများကို မြင်၍နေခြင်း သည် မယုံကြည်နိုင်သူများ အဘို့ရာ၌ အံ့ဘွယ်တပါး ဖြစ် ကောင်း ဖြစ်ပေလိမ့်မည်။

အကျင့်သိက္ခာပြည့်ဝစုံလင်ကြကုန်သော အထက်ပါ ဦးသီ လလို ပုဂ္ဂိုလ်ကြီးများသည် နာနာဘာဝများကိုလည်း တရား ဟောလျက်ရှိ၍ ဥစ္စာစောင့်များနေထိုင်ရာ သိုက်နန်းတွင်း များသို့လည်း ရှစ်ရက်သီတင်း လပြည့် လကွယ်ကြွသွား၍ သီလဆောက်တည်စေကြကာ လူများကဲ့သို့ပင် သီလယူ၍ နေကြပုံများကို ကိုယ်တွေ့မြင်ရသူများ အဘို့ရာ ကြည်ညို မဆုံး ဖြစ်ကြပေကုန်သည်။ ဤသည်ကား အကျင့်သိက္ခာ သီလ သမာဓိရှိသူများ၏ မရှိသူများထက် အမြင်ခတ် ထူး ခြားပုံကို အနည်းငယ် ပြဆိုခြင်း ဖြစ်၏။

၁၃၇၇၂

ဖြူစင် ဖြောင့်မတ်သော အကျင့်ဂုဏ်နှင့် ထက်ဝန်းကျင် ပြည့်စုံသော ဘုန်းတော်ကြီး ဦးသီလကို ၂ဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးအနေအားဖြင့်ရင်း ရဟန္တာကြီး အနေအားဖြင့်ရင်း အမျိုးမျိုး သတ်မှတ်ကြကာ ကြည်ညိုလေးစား ပူဇော်ကြမှုများကုန်သည်၊ ပုဂ္ဂိုလ်ထူးဆိုတာကတော့ သတ်မှတ်လို့ လွယ်ကူပေသည်။ အခေါ်အဝေါ် ရဟန္တာမဟုတ်ဘဲ အများထင်မှတ်သည့် အတိုင်း ကံကိလေသာ ကင်းစင်သော ပရမတ်ရဟန္တာကြီး ဖြစ်နိုင် မဖြစ်နိုင်ကတော့ သက်တော် ထင်ရှားသဗ္ဗညုဘုရားမြတ်ကလည်း မရှိ၊ အဘိညာဉ်ရ ပုဂ္ဂိုလ် မြတ်ကလည်း မရှိတော့၊ ယခုခေတ်မှာ တပ်အပ်သေချာ မည်သူမျှ မဆုံးဖြတ်နိုင်ပေ။ မိမိ မိမိတို့၏ အတွေးအခေါ် ယုံကြည်ချက် အတိုင်း ကိုးကွယ်အားထားကြရုံပင် ဖြစ်ပေကုန်သည်။

အရိယာ ရဟန္တာ ဟုတ်တာ မဟုတ်တာကို အပထားပြီးတော့ ရဟန္တာဟူသော အမှတ်အသားဖြင့် ကိုးကွယ်တယ်ဆိုလျှင်ပင် ရဟန္တာ သီလ သမာဓိ ပညာ ဂုဏ်များကို ပူဇော်ရာရောက်၍ ပူဇော်သူအဘို့မှာ မိမိစိတ်ထား မြင့်မြတ်သလောက် ကျေးဇူး များပါသည်၊ အဆင့် အတန်း မြင့်သော ယောနိသောမနသိ ကာရ ထားနိုင်မှသာ လိုရင်း ဖြစ်ပါလားဟု အောက်မေ့ကိုးကွယ်ရာ၏၊ ကျမ်းဂန်စာပေလာရှိသော ဒေသနာ စကားအရဆိုပါက မဂ်ဖိုလ်ရတယ်လို့ ပြောကြားခြင်းမျိုးသည် ဤလောကထဲ၌ ငါးမျိုးရှိနေကြောင်းကို ဘုရားရှင်၏ စကားတော် အနေအားဖြင့် ဖော်ပြရသော်–

၁။ ပြောသင့် မပြောသင့်ကို နားမလည်၍ ငါသော တာပန် ဖြစ်နေပြီ သကဒါဂါမိ ဖြစ်နေပြီ အနာ ဂါမ် ဖြစ်နေပြီ ရဟန္တာဖြစ်ပြီဟု မိမိအတွက်လည်း ပြောကြား သူတပါး အတွက်လည်း ပြောကြား နေခြင်းကတမျိုး၊

၂။ ဘုန်းကြီးလိုခြင်း လာဘ်လာဘ ပေါများလိုခြင်း တပည့် ပရိသတ် အခြံအရံတွေ တရုံးရုံးဖြစ်နေလို ခြင်း နိုင်ငံအဝှန်း ကျော်စော လိုခြင်း စသော ကိလေသာ စိတ်ယုတ်မာတမျိုးမျိုးဖြင့် ပြောကြား ခြင်းကတမျိုး၊

၃။ ရုပ်ရှုး နာမ်ရှုးဟူသော အရှုးတမျိုးမျိုး ဖြစ်နေ၍ ပင်ကိုယ်စိတ်ချို့ယွင်းကာ ပြောဆိုခြင်းက တမျိုး၊

၄။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုမရဘဲနှင့် မိမိ သန္တာန်မှာ တကယ်ရှိနေတာက ဩဘာသ ပီတိ ပဿဒ္ဓိစသော ဥပက္ကိလေသတရားများနှင့် လွှမ်းမိုးနေခြင်း မဂ် ဉာဏ်နှင့် အလားတူ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ် နေခြင်းမျိုးကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ထင်ပြီးတော့ အထင်ဖြင့် ပြောကြားနေခြင်းက တမျိုး၊

၅။ တကယ်ရလို့ သာသနာအကျိုး မြော်ကိုးကာ ပြော သင့် ပြောထိုက်သော သီတင်းသုံးဖော် ငါးဦး

တို့တွင် တဦးဦးကို ပြောကြား ခြင်းက တမျိုးဟု
မဂ်ဉာဏ်ရပြီဟု ပြောကြားခြင်းသည် ငါးမျိုးရှိ၍
နေပေကုန်သည်။
(ဗျာကရဏသုတ် ၁၀၄-အင်္ဂုတ္တိုရ်)

အထက်ပါ ငါးမျိုးတို့တွင် ဘုန်းတော်ကြီး ဦးသီလကို တော့ လူများစုကြီးက(၅)နံပါတ် အမျိုးအစားမှာ ပါဝင်သော အညစ်အကြေးစင် ရဟန္တာအရှင်ကြီးဟု ယူဆကြမှုကြောင့် နိုင်ငံနှင့်အဝှမ်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သူတော်ကောင်းကြီး ဟူ၍ရင်း ရဟန္တာကြီး ဟူ၍ရင်း ကျော်စော ထင်ရှားနေခြင်း ဖြစ်ပေလိမ့်မည်၊ လောကကြီးအတွင်း၌ ကျော်စောမှုများကလည်း ကာယကံရှင် ကိုယ်တိုင်က ဉာဏ်နီဉာဏ်နက်ထုတ်၍ ကျော်စော နေကြခြင်း၊ လူဒလန်၊ နတ်ဒလန် တို့၏ လှုပ်ရှားမှုကြောင့် ကျော်စော် နေကြခြင်း သူတပါးအရှိန်အဝါယူ၍ ကျော်စောခြင်း မိမိ၏စွမ်းရည်သတ္တိဖြင့် ကျော်စောခြင်း အတိတ်ကံ စွမ်းရည်ဖြင့် ကျော်စောခြင်းဟု အမျိုးအစားပေါင်း မြောက်မြားစွာရှိ၍ နေပြန်ပေကုန်သည်။

ဘုန်းတော်ကြီး ဦးသီလအနေ ကျော်စောမှု မျိုးသည် ပဋိဝေဓ တကယ်အရှိအနေ ကျော်စောခြင်းခြင်းနှင့် ဘုန်းကံအရှိန်ကြောင့် ကျော်စောခြင်း နှစ်မျိုးတို့တွင် တမျိုးမျိုးဖြစ်နိုင်ပေကုန်သည်၊ ဘုန်းကံဖြင့် ကျော်စောမှု ရှိပုံကိုပုံစံတခု အနည်းငယ် ထုတ်ပြပေဦးအံ့—

ရှေးခေတ်အခါ သီဟိုဠ်ကျွန်း၌ ဒေဝတာ အမည်ရှိသော အမှုထမ်း အမတ်တဦးသည် အစိုးရ၏ အမှုကိစ္စဖြင့် ခရီးသွား ပြန်လာရာ လမ်းခရီးတနေရာ၌ စားသောက်ကြသောအခါ ထမင်းကျန် ဟင်းကျန်စားရန် ခွေးငတ်တကောင် အနီးအနား ရောက်လာလျှင် အမှုထမ်းငယ်များက ခွေးကိုမောင်းထုတ် ပစ်ရန် လာကြသောအခါ အမတ်က သနား၍ မရိုက်နှက်ရန် တားမြစ်ခဲ့၏၊ ဤတားမြစ်ခြင်းသည် နောင်ဖြစ်လေရာ ဘဝ၌ ဘေးရန် အန္တရာယ်ကင်းအောင် ပြုစုပျိုးထောင် လိုက်သော ထက်သန်သော ကာမကုသိုလ်တမျိုး ဖြစ်ပေသည်၊ ထို့နောက် မိမိစားနေသော အစာထဲမှ အမြတ်တနိုး ဟင်းလျာတို့ဖြင့် နယ်ခါ ထမင်းကိုကောင်းစွာ စေတနာပါပါဖြင့် ခွေးငတ်ကို ကျွေးမွေးသမှု နှစ်သက်ဝမ်းမြောက်စွာပြု၍ စေတနာသုံးတန် ပြည့်စုံစွာဖြင့် တောင်းဆုပတ္ထနာ ပြုခဲ့ဘူး၏၊ ဤအစာ အာ ဟာရ ဒါနကံ၏ အစွမ်းကြောင့် ဤဒေဝတာရွာ၌ပင် အမျိုး သားတယောက် အနေဖြင့် လူ့ဘဝ ပြန်ရောက် လာပြန်ပေ သည်၊ အချိန်ရောက်၍ အိုးအိမ်တည်ထောင် ပြီးလျှင် အရွယ် မရင့်သေးသော အခါ၌ပင် သီဟိုဠ်ကျွန်း အနောက်မျက်နှာ၌ ရှိသော ပုဗ္ဗဝါသီကျောင်း၌ ရဟန်းပြု၍ စာပေသင်ကြားရာ စာပေ၌ ကျွမ်းကျင်လိမ္မာ၍ အကျင့်သိက္ခာနှင့် ပြည့်စုံသော ရဟန်းကောင်း အဘယမထေရ်ဟု ကျော်စောထင်ရှား၏။

## နတ်လူဆွမ်းကို ဘုန်းပေးခြင်း

သီဟိုဠ်ကျွန်း၌ သူပုန်တွေ ထကြွ၍ ဘေးဥပဒ်အန္တရာယ် များသော အခါ တဆဲ့နှစ်နှစ် မိုးခေါင်မှုကြောင့် ချောင်း မြစ် ရေတွင်း ရေကန် ခန်းခြောက်ခြင်း ရှိ၍ ငတ်မွတ်ခြင်း ဘေးသင့်ရောက် နေပေကုန်သည်။

ထိုအခါ ရှာသူရှာသား မြို့သူမြို့သား တို့သည် ထိုဘေးမှ ရှောင်ကွင်းရန် ဤအရပ်ဒေသ၌ နေထိုင်ရန် ယခုအခါ မသင့် ပါကြောင်း တပည့်တော်များနှင့်အတူ သင့်လျော်ရာ ပြောင်း ရွှေ့ရန် လျှောက်ထားသော်လည်း ဘုရားရှင်၏ ဓာတ်တော် ဌာပနာရာ စေတီတော်နှင့် ဗောဓိပင်ကို မစွန့်ခွါနိုင် ပြော၍ လျှောက်ထားသော ဒါယကာတို့ထံ မလိုက်ဘဲ ကျောင်းတွင်း ၌သာ နေရစ်ပေ၏၊ ဆွမ်းဒါယကာ ဒါယိကာမများ အရပ် တပါး ပြောင်းသွားပြီးနောက် ဆွမ်းဝတ်ပြုသူ မရှိ၍ ဆွမ်း မဘုန်းပေးရဒါ သုံးရက်ရှိ၍ နေ့ချေပြီ။

အဘယမထေရ်၏ အတိတ်ကံရှိန်နှင့် အကျင့် သိက္ခာဂုဏ် တို့ကြောင့် ဤကျောင်းတိုက်တွင်းမှာ ရှိနေသော သစ်ဝင်ပင် စောင့် ရုက္ခစိုးနတ်သည် အဘယမထေရ်၏ ညှိုးငယ်သော ကိုယ်စိတ် ရှိဒါကို တွေ့မြင်ရ၍ မယားနတ်သမီးကို တိုင်ပင် သည်မှာ ဤအဘယမထေရ်သည် စေတီတော်နှင့် ဗောဓိပင်ကို မစွန့်နိုင်၍ ဤအရပ်မှ အခြားအရပ်သို့ မသွားဘဲ နေပေ

သည်၊ ငါတို့မှတပါး အားထားရာမရှိ အခြားသွား၍ ဆွမ်းခံစရာလည်းမရှိ ဆွမ်းငတ်နေဒါငါတို့မှာမလျော် ဆွမ်းလှူဒါန်းရန် တိုင်ပင်ကြသောအခါ—

## နတ်သမီးက မေးမြန်းပုံ

အရှင်နတ်သား ဤသံသရာကြီး ကျင်လည်နေခိုက် ဘဝ၏အသုံးအဆောင်ဖြစ်သော ကုသိုလ်ကံ ပြုဘူးပါရဲ့လား၊ အဘယမထေရ်၏ စိတ်နေစိတ်ထားက အဘယ် လှူဘွယ်မျိုးဖြင့်မွေလျော် နေပါသနည်း၊ ဤအဖြေကို ဖြေကြားပါ။

## နတ်သားအဖြေပေးပုံ

ဤအဘယမထေရ်သည် ဟိုဘဝတုံးက ဒေဝတာ အမည်ရှိသောအမတ် ဖြစ်ခဲ့သည်၊ တနေ့သော အခါ ခွေးငတ်တကောင်ကို စေတနာသုံးတန်ပြည့်စုံစွာဖြင့် ဝမ်းမြောက် ဝမ်းသာ မိမိစားသလို မွန်မြတ်သော အစာ အာဟာရ ဒါနကို အမြတ်တနိုး ပြုခဲ့မှုကြောင့် ဤလူ့ဘဝရောက်လာ၍ ရဟန်းဖြစ်နေပေသည်၊ အနည်းငယ်သော ကုသိုလ်ကလေးဘဲရယ်လို့ အထင်မသေးပါနှင့်၊ ညောင်စေ့လောက် ကုသိုလ် ကံသည်လည်း ဖြူစင်သောစေတနာ မှန်ကန်ပါက ညောင်ပင် ကြီးလောက်ကောင်းကျိုးဆောင်နိုင်ပါသည်ဟုနတ်သားကအဖြေပြောကြား၏၊ ထိုအခါ နှစ်ဦးသဘောတူ လူအသွင် ဖန်ဆင်းကြကုန်၍ နတ်ခဲဘွယ် ဘောဇဉ်တို့ကို ယူဆောင် လာကြခါ

အဘယမထေရ်ကို အားရပါးရ တဝကြီး လှူဒါန်းကြကုန်၏၊ အသက်ရှည်သမျှ လှူပါအံ့ မမေ့မလျော့ ရဟန်း တရားကို အားထုတ်တော်မူပါ ဤသစ်ဝင်ပင်သို့ အမြဲ ဆွမ်းခံကြွတော်မူပါဟု လျှောက်ထားသွားကြကုန်၏။

**မှတ်ချက်**။ ။ဤနတ်သမီး ပြောဆိုတဲ့ စကားထဲမှာ အတိတ်ဘဝက ဘယ်ကုသိုလ်ကံ ပြုဘူးပါသနည်း ဆိုသော စကားရပ်ပါနေရာ စဉ်းစားစရာ ဖြစ်၍နေပေသည်၊ နတ်တွေက ကယ်မချင်ပေသမူလည်း ကုသိုလ်ကံ မရှိပါက မကယ်နိုင် မစောင့်ရှောက်နိုင်ဟူသော အဓိပ္ပါယ်မျိုး ရှိပေသည်၊ ဒါန်ပြုတဲ့အခါ ထက်မြက်၍ တန်ခိုးကြီးသော ဒါန ဖြစ်လာရန် အလှူ အရေး ကြီးကြောင်း သိသာထင်ရှား၏၊ ဒါနပြုတဲ့အခါ ဝမ်းမြောက်ဝမ်းသာစိတ်စေတနာဖြူစင်ရန်နှင့် မြင့်မြတ်ကြီးကျယ်သော ဒါနဖြစ်အောင် ကြိုးစားတတ်ရန် သတိပြုကြစေလို၏။

## ကံကျောင့် ရဟန္တာဟုမှတ်ထင်ရခြင်း

တနေ့သောအခါ သီဟိုဠ်၌ အစာ အာဟာရ ရှားပါးနေသော အချိန်မှာ ငတ်မွတ်သော လူတို့သည် ပုဗ္ဗဝါသီကျောင်းတိုက်သို့ ရောက်လာ၍ ဆူဖြိုးသော အဘယမထေရ်ကိုတွေ့မြင်သောအခါ အသားကို စားလိုသော ကိလေသာစိတ်ရိုင်းတွေ ဖြစ်ပေါ်လာမှုကြောင့် လက်နက်စွဲကိုင်ကြပြီး

လျှင် အဘယမထေရ်ကျောင်းကို လူအများဝိုင်းရန်နေကုန်၏၊ အဘယမထေရ်၏ ရှေးအတိတ်ကံ အကျိုးပေးရန် အချိန်တန်လာတော့ ဒါနပြုစဉ်က ခွေးကိုမရိုက်ကြပါနှင့်ဟုဘား ဖြစ်ဘူးသော ကုသိုလ်ကံကြောင့် မြေထဲမှ တောင်ကြီးတခု ပေါ်လာသကဲ့သို့ ဘောင်ကြီး ကာရံထားသလို တောင်ခေါင်းထဲ၌ နေသလိုဖြစ်၍ လူအများ ဟိုဟိုဒီဒီ ကြည့်လတ်သော် မတွေ့တော့၍ ဤပုဂ္ဂိုလ်သည် ရဟန္တာကြီးဘဲဟု အထင်ရောက်ကာ ထွက်ပြေးရကုန်၏၊ အမှန်စင်စစ် ဤအချိန်၌ ပုထုဇဉ်မျှရှိသေး၍ ဤ နတ်ဆွမ်းစား၍ ကျင့်ဆဲ အချိန်ဖြစ်ပေသည်၊ နောက်ကာလကြာမြင့်မှ ရဟန္တာဖြစ်၍ ဤကျောင်း၌ပင် ပရိနိဗ္ဗာန်စံလေ၏။

ဤအဘယမထေရ်၏ ရဟန္တာဟုအထင် ခံရခြင်း၊ ရဟန္တာဟုကျော်စောခြင်းနှောင်တချိန်မှာ ရဟန္တာဖြစ်လာခြင်းသည် အနည်းငယ်မျှသော အစာအာဟာရ ဒါန၏ စွမ်းဆောင်မှုကြောင့်ဖြစ်ပေသည်ဟု ပါမောဇ္ဇဒီပနီကျမ်း၌ ကျယ်ဝန်းစွာပင် သီလဘာဝနာမပါဘဲ ဒါနသက်သက်ဖြင့် မဂ်ဉာဏ် ဖြစ်ပေါ်နိုင်ပုံကို ဖွင့်ဆိုထားပေသည်။

ဒါန သီလ ဘာဝနာကုသိုလ်တို့တွင် ဒါန သီလ နှစ်ပါးတို့သည်မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ ဝေးသော အကြောင်း အထောက်အပံ့အကြောင်းဟုယူဆ၍ ဒါန သီလနှစ်ပါးတို့ဖြင့် တိုက်ရိုက်

မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်၊ ဒါန သီလတို့ကို အခြေခံပြီးလျှင် သမထဝိပဿနာ တရားတို့ကို ကျင့်ကြံနိုင်သူသာ ဝိပဿနာ မဂ်တရားတို့ကို ရနိုင်သည်ဟု ဆရာတော်ကြီး အများကပင် ယခုအချိန်အထိယူဆကြပေသည်။ အချို့သောဗန်းမော်ဆရာ တော် စသော ဆရာတော်ကြီးများ၏ အယူကို တင်ပြရသော် ဒါန သီလတို့ကပင် ဝိပဿနာဉာဏ်မဂ်ဉာဏ်ကို တိုက်ရိုက်သွား နိုင်သည်၊ အချိန်ကြာမြင့်မှုသာ ထူးခြားသည်၊ တရား အားမ ထုတ်လည်း နိဗ္ဗာန်ရည်မှန်းသော သာသနာတွင်း ဒါန သီလ ဖြင့် မဂ်ဖိုလ်ရနိုင်ပေသည်ဟု ယူဆပေသည်။

## ယူဆပုံမှာ

ဘုရားလက်ထက်က ဝတ္ထုကြောင်းတွေကို ထောက်ထား၍ အချို့ပုဂ္ဂိုလ်သည် ဝိသာခါ အနာထပိဏ်စသော ပုဂ္ဂိုလ် တို့လို သီးခြားဝိပဿနာအားထုတ်မှု သံသရာဘဝပေါင်း များစွာကမပါဘဲ ဒါနကို အကြိမ်များစွာပြုခြင်း ပြုပြီးဒါန ကို စာဂါနုဿတိဖြစ်အောင် ပွားများ ဆင်ခြင်မှု ပြုပါက ပြုစဉ်ပြုခိုက် အချိန်ကာလ၌ ဖြစ်ပေါ်သော ကာမာဝစရ ကုသိုလ်စိတ္တုပ္ပါဒ်ဝယ် ဝဠ်ဆင်းရဲ ကင်းလွတ်မှုကို ရည်မှန်း၍ ပြုကုန်သော စိတ်စေတသိက်ထဲတွင် သတိပဋ္ဌာန် သမ္မပဓာန် စသော ဗောဓိပက္ခိယတရား ၃၇-ပါး အပြည့်အဝ ပါရှိ၍ နေပေကုန်သည်။ ထို ၃၇-ပါး တို့တွင် သင်္ဂြိုဟ် လာတိုင်း သဘာဝတရား စစ်ထုတ်လိုက်ပါက—

သဒ္ဓေါစိတ္တ မုပေက္ခာစ၊ သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိစ သင်္ကပ္ပေါ၊ ဝါယာမော၊ ဝိရတိတ္တယံ။
သမ္မာသတိ သမာဓီတိ၊ စုဒ္ဒသေတေ သဘာဝတော။

အဆိုပါ သဘာဝတရား တဆယ့်လေးပါးသည် သုံးဆယ့်ခုနစ်ပါးကုန်သော ဗောဓိပက္ခိယ တရားတော်များ ဖြစ်၍ ဝိပဿနာအားထုတ်လည်း အထက်ပါ ဗောဓိပက္ခိယ တရားဖြစ်ပေါ်ပြီးလျှင် မဂ်ဉာဏ် ကူးရပေသည်။ ဒါနသီလတရားတို့သည်လည်း ဗောဓိပက္ခိယတရားအဖြစ် တူကြ၍ ဘဝသံသရာကျင်လည်မှုသာ ရှည်ကြာ၍ အကြောင်းအဖြစ် အတူပင် မဂ်ဉာဏ်ဝင်သွားသော သက်သေပုံစံများမှာ ဝိမာနဝတ္ထုပါဠိတော်စသော ကျမ်းကြီးများ၌ များစွာရှိ၍နေပေ ကုန်သည်၊ ဒါနထဲတွင် ပါဝင်သော ဗောဓိပက္ခိယ တရားတို့က ဘဝထိုထို၌ ဒါနပြုတိုင်းပြုတိုင်း ကိလေသာရန်သူတို့ကို အမြဲတန်း ပယ်သတ်လျက်ရှိသောကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသောအချိန်မှာ တိုတောင်းသော မဂ်ဉာဏ်၌ အနုစားကိလေသာမျှကိုသာ မဂ်ဉာဏ်က ပယ်သတ်သွားပေသည်။

အကြမ်းစား ကိလေသာတို့ကို အကြိမ်ကြိမ် အချိန်များစွာပြုခဲ့သော ဒါနက အဆင့်ဆင့်ပယ်သတ်ပြီး ဖြစ်သည်၊ ဤသို့အားဖြင့် မဂ်ဉာဏ်ထက်ပင် အဖိုးတန် အဆင့်အတန်းမြင့် ဒါနသီလ ပြုတတ်ရန်နှင့် ဉာဏ်ရှင်ဒါနသီလ ဖြစ်ရန် အရေးကြီးသည်ဟု ယုံကြည်ချက် ရှိကြ၍—


၁။ ဝေတ်ဝေတ်ငြင်ငြို ဘဝတိုတိုနှင့် နိဗ္ဗာန်ရောက်လို သီလနှင့် ဘာဝနာကို အားထုတ်ခို-ဟူ၍ရှင်း

၂။ ဘဝရှည်ကြာလူချမ်းသာကို လှည့်လည်စံခါ နိဗ္ဗာန်အောင်ခြာသို့ရောက်ကြလို ဒါနကို လွန်စွာအားထုတ်ခိုဟူ၍ရှင်း

၃။ အဝတ်အစား ရှားပါးဝေတ်ဝေတ်နှင့် နိဗ္ဗာန်သို့ ကပ်ရောက်လိုမူ၊ ထွဋ္ဌခေါင်ကျောင်းတိုက်တွင်နေ ဟူ၍ရှင်း—

၄။ သောက်သောက် စားစားနှင့် နိဗ္ဗာန် သွားရောက်လိုမူ ငါတိုက်တွင်နေ ဟူ၍ရှင်း။

ရှေးဆရာတော်ကြီးများက မှတ်သားဘွယ်ရာ စကားတို့ကို မိန့်မှာထားခဲ့ခြင်း ဖြစ်ပေသည်၊ အထက်ပါ အဘယမထေရ်၏ မင်္ဂဖိုလ်ရခြင်းမျိုးသည် ပါရမီမြောက် ဒါနသီလဘာဝနာ သုံးခုအပေါင်းဖြင့် မဂ်ဖိုလ်ရခြင်း ဖြစ်ကြောင်းထင်ရှားပေသည်။ ရှေးဆရာတော်ကြီးများက ဒါနသက်သက်ဖြင့် နိဗ္ဗာန်သွားပုံကို သုဘူတိမထေရ် ဇမ္ဗုကမထေရ်ဝတ္ထုကြောင်း စသည်များကို ထုတ်ပြကြ ကုန်၏၊ ဤအကြောင်းအရာ ငြင်းခုံမှုမျိုးသည် မြန်မာဘုရင်များ လက်ထက်က ပဋ္ဌမသင်္ဂါယနာတင် ခေါင်းဆောင် တိပိဋကခရေဘုရားကြီးဆရာတော် ကျီဝန်ဆရာတော်စသော တံဆိပ်ရဆရာ



မွန်ပြည်နယ် ကျက်သရေဆောင် တောရကြီးကျောင်း၌
ယခုလက်ရှိနေထိုင်သော ဘုန်းတော်ကြီး အရှင်ဝိစာရ။

တော်များပင်အပါဒါန် ပါဠိတော် ဝတ္ထုသွားကြီးများကို အခြေခံ၍ ကံစေတနာ အကြောင်း အငြင်းပွားခဲ့ဘူးပုံကို အာစရိယဝါဒ အခနရခဲ့ဘူးပေသည်။

## ဘုန်းတော်ကြီးကို ကြည်ညိုသူများပုံ

အဆိုပါ ဖြူစင်သော အကျင့်သိက္ခာ ရှိသော ဘုန်းတော်ကြီးများ ကြွသွားရာ အရပ်ဒေသတို့၌ နာမ်ညွှတ်တိုင်း ရုပ်ဝတ္ထုပစ္စည်းတွေ ဖြစ်ပေါ်လာသလိုပင် နတ်တွေ၏လုပ်ဆောင်ချက်ဟု ထင်ရလောက်အောင် လူကမသိ နတ်ကသိ ဆိုဘိသို့ အချိန်းအချက် ပြောကြားထားခြင်း မရှိပါဘဲ အခြံအရံမပါ တောတောင် အတွင်းက တကိုယ်တည်း ကြွလာသောအခါ မျိုး၌ပင် လှူဒါန်းရန် ခရီးလမ်းတလျှောက် စောင့်ဆိုင်း နေတဲ့ လူထုကြီးနှင့် အဝတ်အစား ဆံပင်တွေ ဖြန့်ခင်းထား သူများကလည်း တပုံကြီး အားရပါးရဖြင့် ဘုန်းတော်ကြီး ကို ကြည်ညိုလို့ အားမရအောင် ဖြစ်နေခြင်း မျိုးသည် သာ သနာတော်၏ အံ့ဘွယ်တပါးလို့ ဆိုရပေလိမ့်မည်။

ဘုန်းတော်ကြီး လက်ထက်က ဆိုလျှင် ယခုခေတ် ပုဂ္ဂိုလ် များလို မဟုတ်ပါဘဲ အသံချဲ့စက်ဖြင့် ကြွေငြာပေးခြင်း၊ သတင်းစာက ကြွေငြာပေးခြင်း၊ လက်ကမ်းကြော်ငြာ ဝေငှ ခြင်း၊ ဒလန်ထား၍ ကြော်ငြာခြင်း စသော ပကာသနအပြု အမူ အရာမျိုး လုံးဝမရှိဘဲ အခြံအရံမပါ တကိုယ်တည်းသာ

အချိန်းအချက် မရှိဘဲ ကြွနေသော ဘုန်းတော်ကြီး ဖြစ်၍ အတွင်းသိ ပုဂ္ဂိုလ်များက ယနေ့တိုင် အလွန်ကြည်ညိုကြကုန်သည်။

အလွန်ဖြောင့်မတ် တည်ကြည်၍ ရှားမှရှားသော ပုဂ္ဂိုလ်ကြီးမှန်း ဖြစ်တာကို သိရသည်၊ လူတွေကြည်ညိုမှု များလွန်း၍ ဘုန်းတော်ကြီးနောက် တကောက်ကောက် မလိုက်အောင် ဘုန်းတော်ကြီးကား လူတွေက အရှေ့အရပ်က စောင့်နေလျှင် တနေရာရာမှ ရှောင်ကွင်း၍ သွားတတ်သည်၊ သွမ်းခံကြွသွားသော နေရာ၌ပင် တနေရာထည်း တလမ်းထည်း တရပ်ထည်း တရွာထည်း မကြွဘဲ သံယောဇဉ်နဲ့နဲ့ ဖြစ်တယ်ဆိုလျှင် ဤနေရာ ဤလမ်း ဤရပ်ကွက် ဤရွာ ဤမြို့သို့ နောက်တခါ မကြွတော့ဘဲ ဝေးရပ်ဒေသ မြို့ရွာ ရပ်ကွက် များသို့ ပြောင်းရွှေ့ကြွသွားမှုကြောင့် ဘုန်းတော်ကြီး၏ နေထိုင်ရာ ကျောင်းတိုက်သည် အောက်မြန်မာနိုင်ငံ အနှံ့အပြား တောတောင်တွေထဲပါမကျန် တည်ရှိ၍ နေပေကုန်သည်၊ ဤမျှလောက် များပြားအောင် ကြည်ညိုခံရခြင်းကို မသိသူများကတော့ ယခုခေတ်လို တရားဟောကောင်းလို့ တရားပြကောင်းလို့ ထင်ကြ ပေလိမ့်မည်၊ ဘုန်းတော်ကြီးကား တရားမဟော တရားမပြ ဓါတ်မရိုက် ဆေးမကု ဗေဒင်မဟော ဘုရားစာတွေ ကြည့်၍ တရားအားထုတ်ကြဟု ဤမျှလောက် ကလေးသာ ပြောကြားလေ့ရှိ၍ တခါတရံ ငါးပါးသီလမျှ တရားလောက်သာ ဟောကြားသော ဘုန်းတော်ကြီး ဖြစ်ပေသည်။

ဘုန်းတော်ကြီး ဆွမ်းခံသပိတ်သည် ဂူစ္ဆာသယ လိုတိုင်း ရလို ဖြစ်နိုင်မှုကြောင့် အလိုရှိသလောက် လက်ဖြင့် သပိတ်ထဲမှ ဆွမ်းဟင်းလျာတွေကို ဆွဲနှိုက်ယူနေပါက ဘယ်လိုထွက်လာသည် ဆိုဒါ ပြောပြလို့ မဖြစ်နိုင်လောက်အောင် အံ့ဘွယ်တွေ များစွာရှိ၍ နေပေသည်၊ ညွှတ်သည် အာဂန္တုတရာ ဆိုလျှင် လူတရာစာ ဤသပိတ်ထဲက ဆွမ်းဖြင့် ကျွေးလောက်သည်၊ လူတထောင် ဆိုလည်း ကျွေးမွေးလောက် ပါသည်၊ စိတ်ညွတ်သလို ရရှိနေပေ၍ ဘုန်းတော်ကြီးအပေါ် အံ့သြကာ ကြည်ညို နေသူများကလည်း မြန်မာနိုင်ငံ၌ မနည်းလှပါ ပေကုန်။

အခါတပါး ဘုန်းတော်ကြီးသည် မုဒုံမြို့ထဲ၌ ဆွမ်းခံကြွသွားရာ အပြန်တွင် လှည်းခြောက်စီးတိုက်၍ယူရ၏၊ နေရာတိုင်း၌ တပါးတည်း ကြွရောက်သည်သာ ဖြစ်သည် အိပ်ရာနေရာ သီးခြားမထားပါဘဲ တပါးတည်းသာ ကြွ၏။

ဤသို့ ဤသို့စသော ကြည်ညိုဘွယ်ရာအဖုံဖုံ ကျေးဇူးဂုဏ်တို့၏ ပြန့်နှံ့တည်ရှိရာ ဘုန်းတော်ကြီး ဖြစ်မှုကြောင့် အများသူငါ ဗုဒ္ဓဘာသာဝင် လူများစုကြီးက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ရဟန္တာ ပုဂ္ဂိုလ်ကြီးဟု အောက်မေ့ဆည်းကပ် ကိုးကွယ်ခြင်း ခံရခြင်းကတဖုံ စာပေဖြင့် မှတ်တမ်းတင် ခံရ၍ ဆင်မနင်း ကျားမဆွဲ မြွေမကိုက် ရထား မလိုက်နိုင်ခြင်း

စသော ဂုဏ်ထူးဝိသေသ ပြည့်စုံတဲ့ ဘုန်းတော်ကြီးဦးသီလ၏ ရှေးဦးစွာ နေထိုင် တရားအားထုတ် သွားရာ ရှေးမြေ ဂူဟောင်းကြီးကို ကြည်ညိုသော သဒ္ဓါအရင်းခံဖြင့် အသင် ထပ်မံပြုပြင်လိုပါသည်ဟု မော်လမြိုင်မြို့ ကျိုက်သန်လန်ဘုရား လမ်းအမှတ် ၁၄-နေ၊ ဒေါ်စိန်မြကယခုလက်ရှိ ဘုန်းတော် ကြီး အရှင်ဝိစာရထံ လျှောက်ထား တောင်းပန်ပြီး၍ ထက် သန်သောစေတနာ နာမ်ခေတ်, နာမ်ပရမတ်တို့၏ တိုက်တွန်း နှိုးဆော်မှု အရှိန်အဟုန်ကြောင့် သာသနာစောင့် နတ်များ ကူညီသည့်အလား အစစအရာရာ ရှားပါးနေသော အချိန် အခါ၌ပင် လျှင်မြန်ခဏ ၁၃၃၉-ခု၊ ဝါခေါင်လ၌ ပြီးစီးသွား ၍ ကျောင်းအမ ဝိသာခါအလား ကြွားဝါမှု၊ ထောင်လွှားမှု ငါဟူသော အယူသီးမှုစသော အကုသိုလ် အညစ်အကြေး များမပါ ဖြူစင်သောစေတနာ အကြောင်းရင်းခံဖြင့် နေ့ည မအား ကိုယ်တိုင်ကြိုးစားရှာဖွေ ဆောက်လုပ်နေသည်ကို မြင် တွေ့ကြရကုန်သူတို့က ဘုရားအမ ကျောင်းအမ ခေါ်ဝေါ် ဖြစ်ထိုက်ပေသည်ဟု ချီးကျူးပြောဆို ခံရပေသော ကျောင်း အမဒေါ်စိန်မြ၏ အရပ်ထိုထို၌ ပြုစုထားသော ကုသိုလ်အား လုံးတို့ကို နန်းပြိုင်ကျေးရွာ တောရကျောင်းကြီး အတွင်း၌ တပေါင်းတည်းစုံခါ လုပ်အားပေးကူညီကြသော ရှာသူရှား သားတို့နှင့် နိဗ္ဗာန်ဆုယူ၍ အတူပင်ရေစက်ချပွဲ မင်္ဂလာဆင် နွှဲရာ အခါ၌ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဆရာ တော်ဘုရားက ကျောင်းအနုမောဒနာတရား ချီးမြှင့်ဟော

ကြားခြင်းကို စာအုပ်အဖြစ် ရိုက်နှိပ်ခါ ဓမ္မပူဇာပြုလုပ်ထား ပါကြောင်း အများသူငါ ကုသိုလ်ရကြစေသား။

**မှတ်ချက်။** ။ဤအရိယဒါနတရားတော် စာမူ၌ ပါရှိကုန်သော ဘုန်းတော်ကြီး ဦးသီလ၏ အကြောင်းအရာထူးများသည် ဦးသီလထေရုပ္ပတ္တိစာအုပ်၌မပါ ကြွင်းကျန်နေကုန်သော အချက်အလက်တို့ကိုသာ ဘုန်းတော်ကြီးကို သိမှီလိုက်ကြကုန်သော ဘုန်းတော်ကြီး၏ ကျောင်းသား တပည့်ကြီးများ၏ ပြောပြချက်ကိုမူတည်၍ အများပြည်သူ သဒ္ဓါကြည်ဖြူရအောင် ထူးထွေသော ကြည်ညိုစရာတွေကို ဖေါ်ပြထားခြင်း ဖြစ်သည်။

## သိတဂူကျောင်း သမိုင်းချုပ်

မော်လမြိုင်မြို့မှ သိမ်သမုတ်ပြီးလျှင် ကျားကူးဆရာတော်သည် ကျောက်တလုံး တောရကျောင်းကြီးသို့ ခြေလျင် သွားရောက်၍ တနင်္ဂနွေတပတ်ခန့် နေထိုင်ရာတွင် ဘုန်းတော်ကြီး ဦးသီလ ဂူဟောင်းကြီးကို ပြင်လိုသည့်အတွက် မော်လမြိုင်မြို့မှ ဒေါ်စိန်မြသည်လည်း နောက်တနေ့(၈)နာရီ တောရကြီး ကျောင်းသို့ ရောက်လာခြင်းသည် ဂူပြင်ဆင်မှု၏ လုပ်ငန်းအစ မည်၏။

ထို့နောက် ပန်းရန်အမျိုးမျိုး ပြောင်းကာ ဂူဟောင်းသက်သက် ပြင်ဆင်မှု ပြီးခါနီးလောက်မှာ ကျားကူး ဆရာတော်ဘုရားသည် ရန်ကုန်မှ တောရကြီး ကျောင်းတိုက်သို့တဖန် ကြွရောက်လာပြီး နောက် နေ့ခင်း (၁၂) နာရီ အချိန်ဂူဟောင်းကြီး ပြုပြင်ရာနေရာသို့ ပြုပြင်ထားသော ဂူဟောင်းကြီးကို မိုးလုံအင်္ဂတေဖြင့် မိုးကာနီး၍ သွားရောက်ကြည့်ရှုရာ ကျောင်းအမ ဒေါ်စိန်မြလည်း အနီးအနား ရှိနေခိုက်ဖြစ်၍ ဤဂူကြီးသည် ဤအတိုင်းဆိုပါက ရာသီမရွေး မနေနိုင်ပေကုန်၊ သို့ဖြစ်၍ ရာသီမရွေး နေနိုင်အောင် ဂူဟောင်းကိုလေပေါက်သဘွယ် ထား၍ အထက်က ကျောက်ဆောင်တခုတိုးခဲ့ ဆောက်လုပ်ပါလျှင် ရာသီမရွေး နေနိုင်ကြောင်းကိုအလုပ်သမားများကို အကြံပေး ပြောကြားခြင်း ပြုသော

အခါ ကြားရသူ အားလုံးက သဘောကျသောကြောင့် ကျောင်းအမ ဒေါ်စိန်မြကြ ကျောင်းတဆောင်ကို ဘုန်းတော်ကြီး ဦးသီလဂူ အပေါ်က ထပ်ဆင့်လိုက်သောကြောင့် ဂူကျောင်း ဖြစ်လာပေသည်။

ပတ်ဝန်းကျင် ငြိမ်းလန်းစိုပြေမှုနှင့် စိတ်နှလုံး ငြိမ်းအေးမှုကို အကြောင်းခံပြုကာ သီတဂူကျောင်းဟု သမုတ်ထားပေသည်၊ သီတဂူကျောင်း ဆောက်လုပ်ပြီးသော ၁၃၃၉–ခု ဝါခေါင်လဆန်း(၇)ရက် နေ့ခင်း၌ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဆရာတော်က ကျောင်းနှင့် ပတ်သက်သော လိုက်နာဘွယ်ရာ ဝမ်းမြောက်ဘွယ်ရာ တရားစကားကို စူဠဝါ ပါဠိတော်မှ ထုတ်နုတ်၍ ပြည့်စုံစွာ ဟောကြား ပြီးနောက် သံဃိကရေစက်ချ အမျှဝေစေပါကြောင်း။ ။

ဒေါ်ကျင်သိန်း
ဘုရားလမ်း၊ မော်လမြိုင်။



၁၃၃၉-ခု၊ ဝါခေါင်လပြည့်ကျော်(၃)ရက်နေ့ ကျောင်းအမများလာရှိခိုက် သီတဂူကျောင်းတွင်း မော်ကွန်းတင် သမိုင်းချုပ် ရေးသားနေစဉ်။



ဉာဏဒဿနပကာသနီ ခေါ်

အရိယဒါနကျောင်းတရားတော်

## ၁။ ပဏာမ

ပဏာမျာဟံ ဒါနုက္ကဋ္ဌံ၊
သဗ္ဗညုံ သမ္မာသမ္ဗုဒ္ဓံ။

အဟံ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာ၌ အများသူတကာ ခေါ်ဝေါ်ရာ ငါသည်။ ဒါနုက္ကဋ္ဌံ၊ ဒါနမှုပြုလုပ်ကုန်သူ နတ်လူ အပေါင်းတွင် နတ်လူအပေါင်းထက် ထူးချွန်ကဲမောက် အမြင့်အမြတ်ဆုံးသို့ ရောက်တော်မူသော။ သမ္မာသမ္ဗုဒ္ဓံ၊ သင်္ခါရ ဝိကာရ လက္ခဏာ ပညတ်မှန် မြတ်နိဗ္ဗာန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကေန်မုချ သိမြင်တော်မူသော။ သဗ္ဗညုံ၊ အလုံးစုံ သိမြင် သဗ္ဗညုဘုရားရှင်ကို။ ပဏာမိ၊ ဦးနှိမ်ဝပ်လျှိုး အကြိမ်ကြိမ် ရှိခိုးပါ၏။

## ၂။ တရားတော်ဂုဏ်ဖွင့်

မဓုရာနိ ပဟာဠာနိ
ဒေါသဂ္ဃါနိ ဟိတာနိစ
ယေတော ဝါကျာနိ သုယျန္တိ
တေပိ ဧသာ နရုတ္တမ

ဂေါတမိထေရီအပဒါန်။

နရုတ္တမ သုံးလောကဥသျှောင် ထွဋ်ခေါင်မြတ်ဖျားရှင်တော်ဘုရား။ ယေ တော၊ ပြဟ္မာနတ်လူ သုံးဘုံသူတို့သည်။ မဓုရာနိ၊ ချိုမြိန်သာယာ နာပျော်ဘွယ်ရာ ဖြစ်ကုန်သော။ ပဟာဠာနိ၊ ကြားနာရသူတို့၏ စိတ်နှလုံးကို ကေန်ပင် ရွှင်ပြုံးလာစေနိုင်ကုန်သော၊ ဒေါသဂ္ဃါနိ၊ အစ အလယ် အဆုံး အပြစ်အားလုံးမှ ကင်းဝေး စင်ကြယ်ကုန်သော။ ဟိတာနိ၊ လောကီလောကုတ္တရာ ကောင်းကျိုးအဖြာဖြာကို ရွက်ဆောင်နိုင်ပါသော။ တုမှာကံ၊ အရှင်မြတ်ဘုရားတို့၏။ ဝါကျာနိ၊ မျက်မှောက်ထင်ထင် အကျိုးမြင်အောင် ဟောကြားတော်မူသော တရားစကားမြတ်တို့ကို။ သုယျန္တိ၊ ပသာဒနားရွှေဆောင်ထား၍ အသိတရားလိုက်ခါ သမ္ဗဇဉ်ဆင်ခြင်ခါဖြင့် ကောင်းစွာ နာကြားပါကုန်၏။ တေပိ၊ အဘိုးထိုက်တန် တရားမှန်စကားကို ဉာဏ်နားစိုက်ခါ နာကြားရပါသော

လူနတ်ပြဟ္မာသတ္တဝါထိုထိုတို့သည်လည်း။ ညော၊ရှေးအတိတ်ကံ ပြုစီမံကြောင့် ကေန်ပင် ဘုန်းထူးကံထူး ရှိကြပါပေကုန်၏ အရှင်မြတ်ဘုရား။

## ၃။ ဉာဏ်မြင်တရားနာယူပုံ

တေ ဓမ္မံ ဒေသေန္တော န အတ္တနော ဝစနံ ကတွာ ကထေန္တိ ဗုဒ္ဓါနံ ဝစနံ ကတွာ ကထေန္တိ မဟာရာဇာဝိယ သမ္မာသမ္ဗုဒ္ဓေါ ရာဇပဏ္ဏာံဝိယ တေပိဋကံ ဗုဒ္ဓဝစနံ။

တေ၊ ထိုတရားဟောကြား ပုဂ္ဂိုလ်အစားစားတို့သည်။ ဓမ္မံ၊ အမျိုးမျိုးသော တရားဓမ္မကို။ ဒေသေန္တော၊ နှုတ်ကမြွက်ကြား သူတပါးအား ဟောကြား သိစေသည်ရှိသော်။ အတ္တနော ဝစနံ ကတွာ၊ မိမိကိုယ်တွေ့ သိမြင်တရားပြု၍။ န ကထေန္တိ၊ မဟောကြားရကုန်။ ဗုဒ္ဓါနံ၊ အလုံးစုံသိမြင်သဗ္ဗညုဘုရားရှင်တို့၏။ ဝစနံကတွာ၊ ဟောဆိုမြွက်ကြားဆုံးမစကားပြု၍။ ကထေန္တိ၊ဟောကြားရကုန်၏။မဟာရာဇာဝိယ၊ အာဏာရှိပြား စိုးမင်းတရားများကဲ့သို့။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားကို။ ဒဋ္ဌဗ္ဗော၊ စွဲမြဲသေချာ မှတ်သားရာ၏။ ရာဇပဏ္ဏာံဝိယ၊ မင်းကစေပြား စာသဝဏ်လွှာများကဲ့သို့။ တေပိဋကံ၊ ဘုရား၏ အဆုံးအမတော် ပိဋကတ်သုံးသွယ်ဟူသော။ ဗုဒ္ဓဝစနံ၊ ဘုရားစကားတော်ကို။ ဒဋ္ဌဗ္ဗံ၊မှတ်သားအပ်၏။ မှတ်သားထိုက်၏။

## ဆိုလိုရင်းအဓိပ္ပါယ်စကားမှာ

ဘုရားရှင်၏ လက်ထက်တော် အခါကာလက ရှင်သာရိပုတ္တရာ စသော သူတော်ကောင်းပညာရှိကြီးတို့၏ ဟောကြားပြသပုံကိုမှီငြမ်းပြု၍ ယခုအခါကာလ၌ ငါတို့ တရားဟောတရားပြ တရားနာရခြင်းတို့သည် ဘုရားရှင်၏ အဆုံးအမတရားမြတ်ကိုသာ တဆင့်ခံသိရှိနားလည်၍ ဟောကြားပြသနေထိုင်ရပါလားဟု အမြင်မှန်အတိုင်းသိရှိနားလည်၍ တရားပြတရားဟောနေကြကုန်သော ရဟန်းရှင်လူတို့သည် ငါဟောတဲ့တရား ငါ့တရားငါကိုယ်တွေ့တရား ဆိုပြီးတော့ သဗ္ဗညုကိုပင် အံတုအံပြိုင် ပြုခြင်းမျိုးဟူသော သဘောဆိုးများကို ရှောင်ရှားခါ ဟောကြားသင့်ပေကုန်သည်။

တရားနာသူ ရဟန်းရှင်လူတို့သည်လည်း သဗ္ဗညုဘုရား၏ တရားတော်ဟူသော အမှတ်အသားဖြင့် တရားဆိုဒါ ပုဂ္ဂိုလ်သတ္တဝါ အထည်ကိုယ်သဏ္ဍာန် ဒြဗ်မပါဘဲ အကြောင်းအကျိုးသဘောမျှသာပါလားဟု အမြင်မှန် အသိမှန်ရောက်၍ စင်ကြယ်သော စိတ်ထားဖြင့် ရိုသေစွာ နာကြားကြရပေမည်၊ ဒီတရားတော့ ငါတို့ဆရာတရား၊ ဒီတရားတော့ဘယ်ဆရာတော်ကြီး ဟောကြားတဲ့ တရားစသော အစွဲမှားအယူမှား သဘောထားဆိုးများဖြင့် နာကြား နေပါက အကျိုးများသင့်သလောက် မများကြကုန်ဘဲ နှစ်သက်တာကို

ကြားရပြန်တော့ လောဘဖြစ်လိုက် မနှစ်သက်တာကို ကြား ရပြန်တော့ ဒေါသကူလာဖြစ်လိုက် မာန်မာန ဖြစ်လိုက်ဖြင့် ကိလေသာမီး တဟုန်းဟုန်းထကြွ၍ နိုင်ငံရေး တရားနာရ သလို အကုသိုလ်တိုးပွား အကျိုးမများ ဖြစ်တတ်ကြပေကုန် သည်။ သို့ဖြစ်၍ သဘောတရားဉာဏ်မြင် ပေါက်အောင် ဗုဒ္ဓ အဆုံးအမအတိုင်း တရားနာကြားသင့်ပေကုန်သည်။

> ဗုဒ္ဓါနံ ကထံ သုဏန္တဿ ကာယိကစေတသိက-
> ဒရထာ နဟောန္တိ၊ ကာယစိတ္တလဟုတာဒယော
> ဉပ္ပဇ္ဇန္တိ။

ဗုဒ္ဓါနံ၊ အလုံးစုံသိမြင် ဘုရားရှင်တို့၏။ ကထံ၊ ဟော ကြားသော ဘုရားစကားတော်ကို။ သုဏန္တဿ၊ နားထောင် ရသော ရဟန်း ရှင်လူအား။ ကာယိကစေတသိကဒရထာ၊ ကိုယ်စိတ်နှစ်ပါး၌ဖြစ်သောပူလောင်ခြင်းတို့သည်။ နဟောန္တိ၊ ဖြစ်ပေါ်မလာနိုင်ကုန်။ ကာယစိတ္တလဟုတာဒယော၊ ကိုယ်စိတ် နှစ်ပါး ပေါ့ပါးခြင်းစသော ကောင်းကျိုးတရားတို့သည်သာ လျှင်။ ဉပ္ပဇ္ဇန္တိ၊ ကောင်းစွာမသွေဖြစ်ပေါ်၍ လာနိုင်ပေကုန်၏။

တရားဆိုဒါ ဘုရားတရားတော်ဟူသော အမှတ်အသား ဖြင့် နာကြားပြီးနောက် ရှုပွားဆင်ခြင် အားထုတ်ပါက ကိုယ် စိတ်နှစ်ပါး ပူပန်ခြင်း ငြိမ်းအေးပြီးလျှင် ကိုယ်ရောစိတ်ပါ ပေါ့ပါး၍ အလွန်နေသာထိုင်သာ ရှိပြီးတော့ချမ်းသာသုခ

အကြိမ်ကြိမ်တွေ့ခါ စိတ်တည်ကြည်မှု သမာဓိဖြစ်ပေါ်လာပေသည်။

**မှတ်ချက်**။ ။ဤသို့သော ပဿဒ္ဓိ လဟုတာစသော စေတသိက် ပရမတ်တရားထူးတွေ တဖွားဖွားဖြစ်ပေါ်နေဒါကိုပင် ဗဟုသုတနည်းပါးသူများ၌ မဂ်ဖိုလ်ဟု ယူဆ၍ မဂ်ဖိုလ် ထင်မြင်နေကြပေကုန်သည် (သတိပြုကြပါ)

အထက်ပါတရားတော် နာယူနည်းမျိုး အားထုတ်နည်းမျိုးသည်သာ ကိလေသာပူလောင်မှု ကင်းကွာအောင် နာယူမှုမျိုးဖြစ်သည်၊ တရားနာလို့ တရားအားထုတ်လို့ အကျိုးရှိဆိုပေသမူလည်း ကောင်းကျိုးရှိအောင် နာယူတတ်၍ ဆရာကောင်းက ညွှန်ပြတဲ့တရားကို ရိုရိုသေသေ ကောင်းကောင်းမွန်မွန် အားထုတ်လျှင်သာ ကောင်းမြတ်သောအကျိုး ရပေမည်။

မနာယူဘဲ အားမထုတ်ဘဲနှင့်တော့ ကောင်းကျိုးမပွါးလောသာ ဒေါသစသော မကောင်းကျိုးသာ အဖြစ်များပေလိမ့်မည်။ သတ္တဝါတို့၏ ပင်ကိုယ်စိတ်သဘောထားက အာရုံငါးပါးပေါ်၌ အဆွဲတရား များမှုရှိ၍ အမြဲတန်းပင် ကိလေသာ အပူစိတ်၏ လောင်မြိုက်ခြင်းကို ခံနေရပေသည်။

အအေးဓာတ်ဖြစ်တဲ့ ကုသိုလ်တရားများကို ကုသိုလ်ပြုခွင့်သင့်သော သာသနာကြုံကြိုက်တဲ့ ခေတ်အခါမျိုးသာ ရရှိကြ

၍ ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ် သံဃာမှန်တွေနှင့် ကြုံကြိုက်နေခိုက် လသာတုန်း ဗိုင်းငင်ဆိုသလို ရတနာသုံးပါးထံ ချဉ်းကပ်ခါ ဆရာကောင်း ဆရာမြတ်တွေနှင့် တွေ့ကြုံထိုက်သော ကံပါရမီရှိမှုကြောင့် ကိလေသာ အပူငြိမ်းအေးကြောင်း အဘိုးတန်တရားများကို နာယူအားထုတ်လိုက်မိလျှင် မိမိလည်း မှတ်မှတ်သားသား နာယူ၍ ဖိဖိစီးစီး အားထုတ်ပွါးများလိုက်ပါက တရားဓာတ်တွေ ကိန်းဝင်ပြီးတော့ ကိုယ်စိတ်နှစ်ပါး အေးငြိမ်းပေါ့ပါး တခဏကလေး တွေ့ကြုံခံစားလိုက်ရတယ်ဆိုလျှင်ဘဲ အသဲစွဲဘဲဝင်ခိုက်နှစ်ခြိုက်ပေတော့သည်။

ဤသို့သော တရားအရသာကို နဲနဲမြည်းကြည့်ဘူးသည် ဆိုလျှင်—

၁။ ကိုယ်ရောစိတ်ရော ငြိမ်းအေးနေခြင်း။
၂။ ကိုယ်ရောစိတ်ရော ပေါ့ပါးနေခြင်း။
၃။ ကိုယ်ရောစိတ်ရော နူးညံ့ပျော့ပျောင်းနေခြင်း။
၄။ ကိုယ်ရောစိတ်ရော ကြမ်းတမ်းမှုမှ ကင်းဝေးနေခြင်း။
၅။ ကိုယ်ရောစိတ်ရော ဖြောင့်မတ်နေခြင်း။
၆။ ကိုယ်ရောစိတ်ရော ချမ်းသာနေခြင်း။
၇။ ကိုယ်ရောစိတ်ရော တည်ကြည်နေခြင်း။

ဤသို့စသော တရားတို့ကို နာယူ အားထုတ်ရခြင်း၏ ကောင်းကျိုးတရား ခံစားရပုံကို အင်္ဂုတ္တိုရ်ပါဠိတော် ဝိမုတ္တာ

ယတနသုတ်၌ တရားနာစဉ် တရားနာခိုက်၌ပင် ဥပစာရ-သမာဓိဝင်၍ မဂ်ဉာဏ်အထိ ရောက်ရှိသွားပုံကို သဗ္ဗညုဘုရား၏ စကားဖြင့် သိရှိနားလည်ရပေမည်။

ယထာ ယထာ အာဝုသော ဘိက္ခုနော သတ္ထာ-ဓမ္မံ ဒေသေတိ အညတရော ဝါ ဂရုဋ္ဌာနိကော သဗြဟ္မစာရီ၊ တထာ တထာ သော တသ္မိံ ဓမ္မေ လဘတိ အတ္ထဝေဒံ လဘတိ ဓမ္မဝေဒံ လဘတိ ဓမ္မူ ပသံဟိတံ ပါမောဇ္ဇန္တိ။

အာဝုသော၊ ငါ့ရှင်။ ယထာ ယထာ၊ အကြင် အခြင်းအရာ အားဖြင့်။ ဘိက္ခုနော၊ တရားလိုလား အမျိုးသား အမျိုးသမီးအား။ သတ္ထာဝါ၊ လူနတ်တို့၏ဆရာ မြတ်ဘုရားသည်လည်းကောင်း။ အညတရော၊ အမှတ်မထင် တဦးတယောက်လျှင် ဖြစ်သော။ ဂရုဋ္ဌာနိကောဝါ၊ ကြည်ညိုသမှုလေးစားခြင်း ပြုထိုက်သော။ သဗြဟ္မစာရီဝါ၊ အတူနေဘက်သီတင်းသုံးဘော် သည်လည်းကောင်း။ ဓမ္မံ၊ အပူမီးငြိမ်းအေးကြောင်း တရားကောင်း တရားမြတ်ကို။ ဒေသေတိ၊ နည်းမှန် လမ်းမှန်ဖြင့် ဟောကြားသိစေ၏။

တထာ တထာ၊ ထိုနည်းလမ်းမှန်ဖြင့် ဟောဖေါ် ညွှန်ပြသည့် အတိုင်း။ သော၊ ထိုတရားနာယူ တရားအားထုတ်သူယောဂီသည်။ တသ္မိံ ဓမ္မေ၊ မိမိကိုယ်တိုင် နာယူအားထုတ်နေသော ထိုထိုရုပ်နာမ်တရားမြတ် အပေါ်၌။ အတ္ထဝေဒံ၊

ဤကား ရုပ် ဤကား နာမ် ဤကား သီလ ဤကား သမာဓိ ဤကားပညာ ကြောင်းကျိုးများစွာဖြင့် ပိုင်းခြား၍ မိမိ ကိုယ်ပိုင် သိရှိနေခြင်းကို လည်းကောင်း။ ဓမ္မဝေဒံ၊ ဤကား အကြောင်းဟု ဉာဏ်ဖြင့်ပိုင်းခြား ကွဲကွဲပြားပြားကြီး သိ၍ နေခြင်းကို လည်းကောင်း။ လဘတိ၊ တရားအာရုံ၌ သမာဓိ ဖြစ်ခါ အသိဉာဏ် ရရှိနေပါ၏။ ဓမ္မူပသံဟိတံ၊ အကြောင်း အကျိုးတရား နှစ်ပါးစပ်ယှဉ်သော။ ပါမောဇ္ဇံ၊ တရားအာရုံ အကြောင်းခံ၍ ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိသည်။ လဘတိ၊ တရားနာခိုက် အားထုတ်ခိုက်၌ နာယူအားထုတ် သူတို့၏ ရုပ်နာမ်အစဉ်ဝယ် အမျိုးမျိုးထင်ရှား နှစ်သိမ့်ခြင်း တရား တွေ တဖွားဖွားပင် ဖြစ်ပေါ် လာရပေ၏။

ဤ ပါဠိတော်ကြီး၏ အဓိပ္ပါယ် အကျဉ်းချုပ် ကတော့ ပါမောဇ္ဇ ပီတိ ပဿဒ္ဓိက စပြီးလျှင် တရားနာသူ တရားအား ထုတ်သူ ရဟန်းရှင်လူတို့၏ စိတ်နှလုံး၌ သမာဓိပညာတရား တို့သည် အရှိန်မြင့်မားစွာ ဖြစ်ပေါ် လာကြပြီးတော့ နိဗ္ဗာန် ကို အာရုံယူခါ မဂ်ဉာဏ်အထိ သက်ဝင်သွားပုံကို လမ်းညွှန် ပြတဲ့ ပါဠိတော်ကြီးပါဘဲ၊ အလွန်ဘဲ မှတ်သားစရာ ကောင်း ပါတယ်၊ ဘယ်ပုံ တရားနာစဉ် တရားအားထုတ်စဉ် မဂ်ဉာဏ် ဝင်သွား နိုင်ပါသလဲဆိုတဲ့ အမေးစကား၏ အဖြေလည်း ဖြစ် သွားပါသည်။ တရား နာခိုက် ၌လည်း ခဏိက သမာဓိမျှ မဟုတ်ဘဲ ဥပစာရ သမာဓိ ဆိုက်ရောက်သွားပုံ ပါရှိနေ၍

ဝိပဿနာဉာဏ် မဂ်ဉာဏ်ဆိုဒါ စျာနသမာဓိ မကင်းနိုင်ကြောင်းလည်း ခိုင်ခိုင်လုံလုံ သိရပါတယ်။

အဲဒီတော့ ဘယ်နည်းဖြင့် အားထုတ်လာလာ ဥပစာရ သမာဓိ အဆင့်အတန်းမျိုးရောက်မှ၊ ဉာဏ်မြင်ဖြစ်နိုင်တယ်ဆိုသဖြင့် ဘယ်နည်းဖြင့် အားထုတ် အားထုတ် ဥပစာရသမာဓိတရားသို့ အနည်းဆုံး ဆိုက်ရောက်သွားရမည်သာ ဖြစ်သည်။ ဥပစာရသမာဓိ အခြေအနေမျိုးသို့ ဆိုက်ရောက် သည်နှင့် တပြိုင်နက် ရုပ်ရော၊ နာမ်ရော ရုပ်နာမ်နှစ်ပါးမျိုးစုံဖြစ်ပျက် ရှုလို့ရပြီဟု ကိန်းသေမှတ်ရာ၏။ ဖြစ်ပျက်ကစ၍ ရှုလို့တော့ ဘာတရားမျှ မရနိုင်ကြောင်း ကောင်းကောင်းကြီး မှတ်ကြပါ။

ရိပ်သာက အပြင်ပြန်ထွက်သွားလျှင် ကိလေသာတွေ ဝင်မြဲဝင်၍ အမြဲတန်း စိတ်ပူပင်နေရမည်သာ ဖြစ်သည်။ လုပ်ငန်းစဉ်မှန်ဘို့ အရေးကြီးကြောင်း သတိပြုပါ၊ ဤကဲ့သို့ သဘာဝမှန်ကန်စွာ ယူဆပါက အားထုတ်မှု အာရုံသာကွဲပြား၍ သမာဓိဝင်လာသည့် နေရာမှစ၍ အားလုံးကုန်တူသွားသောကြောင့် တရားသမားအချင်းချင်း တလမ်းထဲဖြစ်သွားသောကြောင့် ကိုယ့်အယူသူ့အယူ မကွဲပြားတော့ချေ၊ တရားသမားအချင်းချင်း နှီးနှောရ၍ တကြောင်းတည်းသောခရီး ဖြစ်မှုကြောင့် သင့်မြတ်နိုင်ကြပေကုန်မည်။

တရားနာယူခိုက်မှာ ဓမ္မပီတိ၊ ဓမ္မအရသာများကို ပြည့်ဝကြီးပင် ဤဘဝ ဤသာသနာ ရှေးဘဝများစွာ အနမတဂ္ဂသံသရာက မခံစားဘူးမသိရှိဘူးသေးတဲ့ တရားအရသာများကို တဝကြီးခံစားရအောင် သိရှိလာအောင် ထူးထူးထွေထွေအသိဉာဏ်တွေ ဖြစ်လာအောင် ဘုရားရှင်တရားတော်အမှတ်အသားဖြင့် စူးစူးစိုက်စိုက် သက်ဝင်၍ သတိသမ္ပဇဉ်အာရုံတိုင်းယှဉ်ခါ၊ နာယူအားထုတ်ပါက ဤသို့အားဖြင့် သိသိလာနိုင်သည်၊ ဩော် အသံ၏အာရုံပေါ်မှာ သမာဓိဖြစ်ပြီးတော့ အသံ၏ ပြောင်းလဲဖောက်ပြန်နေတဲ့ ရုပ်သဘောတရားတွေက အကြောင်းခံ၍ အသိစိတ်တွေ ခံစားမှုသဘောတွေသာ တဖွားဖွားဖြစ်၍ ရုပ်ဖောက်ပြန် နာမ်ခံစားနေပါ ကလား။

ကြာကြာ ထိုင်ပြန်လည်း ထုံမှုကြင်မှု ကိုက်ခဲမှုစသော ဖောက်ပြန်သော ပထဝီဓာတ်ရုပ်တွေ ဖြစ်ပျက်နေပါကလား ဒါကတော့ တမျိုးဘဲ ဖွဲ့ကြွပ်ပူးကပ်ပေးနေခြင်း သဘော၊ ယိုစီးခြင်းသဘော၊ အာပေါဓာတ်ရုပ်စုတွေပါလား၊ ဩော် ဒါကတော့ တငွေ့ငွေ့လောင်မြိုက်နေသော တေဇောဓာတ်အစုအဝေးတမျိုးပါလား၊ ဩော် ဒါကတော့ တွန်းကန်လှုပ်ရှား ဝါယောဓာတ်တရားပါလား၊ ဩော် ဒါကတော့ တခုနှင့် တခုအကြား မရောယှက်ရအောင် ပိုင်းခြားပေးထားသော အာကာသ ဓာတ်သဘောပါတကား။ ဩော် ဒါက

တော့ ဖေါက်ပြန်မှု ရုပ်အားလုံးကို ပေါ်ခိုက်ပေါ်ခိုက် သိသိနေသော ဝိညာဏနာမ်ဓာတ် နာမ်ပရမတ် တရားပါလား၊ ဪ ဒါကတော့ မမြဲတဲ့တရားမို့လို့မမြဲဒါဘဲ၊ ဆင်းရဲမျိုးမို့လို့ ဆင်းရဲဖေါက်ပြန် ပျက်စီးနေဒါဘဲ၊ ချမ်းသာပါ၊ မြဲပါလို့ စိုးရပိုင်ဆိုင်မှု မရှိသောကြောင့် အနတ္တတရားတွေဘဲ။

ဤသို့အားဖြင့် ပရိညာပိုင်အောင်မျိုးစုံရှုပွားပါက သီလသမာဓိ၊ ပညာ၊ အဆင့်ဆင့်ရင့်ရင့်လာပါ၍ ရုပ်နာမ်ချုပ်ဆုံးမှုဟူသော နိဗ္ဗာန်ဆိုက်ရောက်သွားပုံအထိ တရားဆုံးအသိအမြင်ရရန် နာယူမှု အားထုတ်မှုမှန်ကန်ပါလျှင် အမြင်မှန်သမ္မာဒိဋ္ဌိအကျိုး သက်ရောက်၍ ယုတ်နိမ့်သော ပုထုဇဉ်အဖြစ်မှ မြင့်မြတ်သော အရိယာစခန်းသို့ တရားနာယူခိုက်၌ပင် တက်လှမ်းဝင်ရောက် သွားနိုင်ခြင်းများသည်၊ တရားကိုကောင်းစွာနာခြင်း၊ အားထုတ်ခြင်း၏ တန်ဘိုးမဖြတ်နိုင်သော ကြီးမားသောရလဒ်အကျိုးတရား ဖြစ်ပေ၏။ ဤကားအသိဉာဏ်ရအောင် တရားနာယူပုံ အားထုတ်မှုပင်တည်း။

## ၅။ တရားတော်ကို မှတ်သားဘွယ်အနေ နာပုံ

အချို့တရားဟောပုဂ္ဂိုလ်တို့သည် အထက်ပါအဘိုးထိုက်တန်တော အသိဉာဏ်ဝင်တရားမျိုး မဟောကြားပါဘဲ နားထောင် ကောင်းရုံမျှ ဗဟုသုတဖြစ်ခါမျှ ဟောပါလျှင်လည်း

ကောင်းကျိုးရနိုင်ပုံကို ဤသို့အားဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် ဓမ္မဿဝနသုတ်၌ အကျိုး(၅)မျိုး ရရှိပုံ ဟောကြားတော်မူသည်။

## တရားနာကျိုး ငါးပါး

တရားနာကုန်သော ရဟန်း ရှင် လူ သူတော်စင်တို့၌-

၁။ မကြားဘူးသေးသော တရားတို့ကို ကြားနာရခြင်း။

၂။ နာဘူးပြီးသော တရားတို့ကို ထပ်မံနာကြားရခြင်း။

၃။ ယုံမှားသံသယ ရှိဒါဟ်သမျှ ကင်းဝေးခြင်း။

၄။ အယူမမှန်ကန်ပါက အယူဖြောင့်မတ်လာခြင်း။

၅။ စိတ်ကြည်လင် ဝမ်းမြောက်လာခြင်း။

ဤအကျိုးငါးဝသည် သာမည နှလုံးသွင်းနာရုံဖြင့်ပင် ရရှိနိုင်သော ကောင်းကျိုးများ ဖြစ်ပေသည်။

## ဆောင်ပုဒ် လင်္ကာ

မကြားစဘူး၊ နာဘူးထပ်မံ၊ ကြားရပြန်နှင့်၊
ကင်္ခါယုံမှား၊ ကင်းဝေးသွား၍ ဖြောင့်ငြားအယူ
စိတ်ကြည်ဖြူ၊ နာသူကျိုးရ ဤငါးဝတည်း။

## တရားနာယူပုံ ဘုရားရှင်သိစေသည်မှာ

အထက်ပါ အကျိုးတရားများ ရရှိလာအောင် ကောင်းစွာ နာယူမှတ်သား ပွားများအားထုတ်ပါက၊ ပီတိပါမောဇ္ဇ၊

ပဿဒ္ဓိ၊ သုခ၊ သမာဓိတို့သည် နာယူအားထုတ်သူ ယောဂီတို့၏ စိတ်အစဉ်ဝယ် တသွင်သွင်ကျဆင်း ဖြစ်ကြ၍ ဝိပဿနာဉာဏ် မဂ်ဉာဏ်သို့ အဆင့်ဆင့် တက်ရောက်နိုင်ရန် တရားနာပုံကို ဒသင်္ဂုတ္တရပါဠိတော်၌ ဘုရားရှင်သိစေသည်မှာ—

ဣဓ ဘိက္ခဝေ ဘိက္ခု တထာဂတပ္ပဝေဒိတေ ဓမ္မ-ဝိနယေ ဒေသိယမာနေ အဋ္ဌိံကတွာ မနသိကတွာ သဗ္ဗံ စေတသာ သမန္နာဟရိတွာ သြဟိတသောတော ဟောတိ။

ဘိက္ခဝေ၊ တရားလိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ ဘိက္ခု၊ တရားခင်မင် သူတော်စင်သည်။ ဣဓ၊ ဝဋ်ဆင်းရဲလွတ်ကင်းရန် နည်းမှန်ညွှန်ကြား ဤမြတ်ဘုရားသာသနာ၌။ တထာဂတပ္ပဝေဒိတေ၊ လူနတ်တို့၏ ဆရာ ဘုရားရှင်သည် နည်းညွှန်လမ်းပြ သွန်သင် ဆုံးမပေသော။ ဓမ္မဝိနယေ၊ သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်မြတ်ကို။ ဒေသိယမာနေ၊ ဟောဘော် ညွှန်ပြအပ်သည်ရှိသော် (ဝါ) ဟောဘော်ညွှန်ပြသော အခါကာလ၌။ အဋ္ဌိံကတွာ၊ တရားတော်ကို အရိုအသေပြု၍ (ဝါ) တရားတော်၌စိတ်ရောက်၍။ မနသိကတွာ၊ စွဲစွဲမြဲမြဲ နှလုံးသွင်း၍။ သဗ္ဗံ၊ ဟောကြားသမျှ တရား အလုံးစုံ အဖုံဖုံကို။ စေတသာ၊ အဓိပတိ ပစ္စည်း တပ်သော စိတ်ဖြင့် (ဝါ) ရှင်လန်းကြည်နူး စိတ်အထူးအစးဖြင့်။ သမန္နာဟရိတွာ၊ အစ အလယ် အဆုံးအားဖြင့် ကောင်းစွာ

ယူကြုံးပိုက်ထွေး၍။ ဩဟိတသောတော၊ ထောင်အပ်သော နားရှိသည်။ ဟောတိ၊ စိတ်ဇောအစဉ် တဖွားဖွားပင် ဖြစ်ပေ၏။

ဤသို့ အားဖြင့် တရားနာယူပုံကို ဟောကြား ဆုံးမရာ စကား၌ ဣဓ ဟူသော သဗ္ဗနာမ်ပုဒ်ဖြင့် ဤသာသနာတွင်း ကာလ၌သာ မဂ်ဖိုလ်နှင့် စပ်သော တရားထူးကို နာကြား နိုင်သည်ဟု ပြသည်။

တထာ ဂတပ္ပဝေဒိတော၊ ဓမ္မဝိနယော ဟူသော ပုဒ်တို့ဖြင့် ဘုရားရှင် ဟောကြားထားသော တရားတော်အနေ ဟူသော အမှတ်အသား ထားရမည်ကို ပြသည်။ အဋ္ဌိံကတွာ ဟူသော ပုဒ်တို့ဖြင့် အခြားအာရုံတပါး စိတ်မသွားစေဘဲ တရားတော်၌သာ စူးစိုက်နားထောင်ပါဟု ပြ၏။

မနသိကတွာ ပုဒ်ဖြင့် စိတ်ဝင်စား၍ စိတ္တာဓိပတိ ဝီမံသာ ဓိပတိ ပစ္စည်းတရားတွေ အဆင့်ဆင့် ပေါ်လာအောင် နာယူပါဟု ပြ၏။ သဗ္ဗံ စေတသာ သမန္နာ ဟရိတွာ ပုဒ်တို့ဖြင့် ဟောကြားပြသ အားထုတ် နေသော တရားဝယ် ရောက်ရာ ရောက်ရာ ဌာန၌ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား အကြောင်း၊ ဤကားအကျိုး၊ ဤသည်ကား ခန္ဓာ၊ ဤသည် ကား အာယတန၊ ဤသည်ကားဓာတ်၊ ဤသည်ကားသစ္စာ၊ ဤသည်ကား သီလ၊ ဤသည်ကား သမာဓိ၊ ဤသည်ကား

ဝိပဿနာ ပညာ၊ ဤသည်ကား မဂ်၊ ဤသည်ကား ဖိုလ်၊ ဤသည်ကား နိဗ္ဗာန်ဟု သဘာဝ တရားမှန်တွေကို ရှုဆင်ခြင်ပြီး၍ အသိဉာဏ်ဖြင့် သုံးသပ်နိုင်ပါစေ ဆိုလို၏။

သြဟိတ သောတောဖြင့် သောတပသာဒ ရုပ်ဝတ္ထု နားဖြင့် နာကြား၍ အဆင့်ဆင့်အားဖြင့် ဉာဏ်နားကြီးမား သဘောတရားသို့ သက်ဝင်ပါစေ ဆိုလိုသည်။

## ဆောင်ပုဒ် လင်္ကာ

ဘုရားဟောကြား၊ မြတ်တရား၌၊ ရိုသေသမှု၊
နှလုံးသွင်းပြု၍၊ စိတ်ဖြင့်ဆောင်ယူ၊ နာကြားမှု၊
ထိုသူပညာဖြစ်။

## ၆။ ဒါနမပြုသူထက် ဒါနပြုသူ အကျိုးငါးပါး သာလွန်ပုံ

ဒါနသည် အသိဉာဏ် ကျယ်ကုန်သော သူတော်ကောင်း ပညာရှိကြီး တို့၏ လုပ်ဆောင်ခြင်းမျိုးသာ ဖြစ်၏၊ ဤကမ္ဘာ လောကကြီး အတွင်း၌ မှီတင်းနေထိုင်ကြ ကုန်သော သတ္တဝါ အားလုံးတို့သည် အကျင့်သိက္ခာ မြင့်မြတ်ကုန်သော ရဟန်း ရှင်လူတို့၏ စားဝတ်နေရေး ပြေလည်ရန် အတွက် မိမိတို့၏ အင်အားအလိုက် မိမိတို့ပိုင်ဆိုင် မြတ်နိုးကြကုန်သော ဥစ္စာ အနှစ်တို့ကို တမလွန်နှင့် နိဗ္ဗာန်မဂ်ဖိုလ် ရှိ၏ဟု ယုံကြည်ကုန်

သူတို့သည် အစဉ်အလာ အနေအားဖြင့် လည်းကောင်း၊ ကောင်းကျိုးရှိမှုန်းကို သိရှိနားလည်၍ လည်းကောင်း ပူဇော်သော အနေဖြင့် ပေးလှူကြကုန်သည်။

ဤ ပေးလှူမှုသည် ရှေးနောက် မြော်မြင်သူတို့၏ အပြုအမူ အရာကောင်း ဖြစ်ပေသည်၊ သံသရာ နှောင်အိမ်ကြီး အတွင်း၌ နေထိုင်ကြကုန်သော ပုဂ္ဂိုလ်သတ္တဝါ များစွာတို့တွင် လှူဒါန်း လေ့ရှိသော သူများက လှူဒါန်းလေ့ မရှိသော သူထက် အသက်, အဆင်း, စည်းစိမ်ဥစ္စာ အခြံအရံ ပေါများ၍ ဩဇာ အာဏာ ကြီးမားရခြင်း ဟူသော ဂုဏ်အင်္ဂါ ငါးမျိုးတို့ဖြင့် ဖြစ်လေရာ ဘဝတိုင်း၌ လွှမ်းမိုးသာလွန်၍ နေပုံကို သုမန သုတ္တန်ဝယ် ဘုရားသဗ္ဗညုဟောကြားခြင်း ပြုခဲ့ပေ၏။

ရဟန်းဘဝ ရောက်၍နေသော သူများသည်ပင် မတူညီကြကုန်ဘဲ ပစ္စည်းလေးပါးတို့သည် ဒါနမပြုသော ရဟန်းထက် ဒါနပြုခဲ့ဘူးသော ရဟန်းကအမြဲတန်း ပေါများနေပေသည်။ အကြီးအငယ် အပေါင်းအသင်း သူငယ်ချင်းရဟန်းတို့သည် လည်း ဒါနပြုခဲ့ဘူးသော ရဟန်းသာမဏေကို နှစ်သက်မြတ်နိုးဘွယ် ကောင်းသော (၀၁) ချစ်ခင်ဘွယ်ရာ ဖြစ်ပေသော ကိုယ်နှုတ်စိတ်အမူအရာတို့ဖြင့်သာကိစ္စကြီးငယ်၌ ကူညီဆောင်ရွက်ပေးကြတယ်။ ချစ်ခင်ဘွယ်ရာ အမူအရာ ကောင်းဖြင့် ပြောဆိုဆက်ဆံကြတယ်၊ ချစ်ခင်ဘွယ်ရာ ကြည်နူးဘွယ်ရာ

အပြုအမူတို့ဖြင့် အမြတ်တနိုးပူဇော်ကြတယ်။ ပေးကမ်းချီးမြှောက်ကြတယ်။ စိတ်မချမ်းသာစရာ ထိခိုက်နစ်နာသောဆိုးဝါးသောအမူအရာမှ ကင်း၍ အချင်းချင်း မြတ်နိုးချစ်ခင်ခြင်းဟူသော အညမည ဂါရဝမင်္ဂလာနှင့် ပြည့်စုံ၍ ဖြစ်လေရာဘုံဝယ် ပျော်စရာကြီး ဖြစ်နေတော့သည်။

အဲဒီကောင်းကျိုး ငါးပါးသည် မလှူဒါန်းသူထက် လှူဒါန်းသူက အမြဲတန်း သာလွန်၍ နေပုံပင်တည်း။

## ဆောင်ပုဒ်

လှူဒါန်းသမှု၊ ဒါနပြုက ဖြစ်လေရာဝယ်၊ သက်ရှည်ဆင်းလှ၊ သုခခြံရံ၊ စိုးရပြန်၊ငါးတန်သာလွန်၏။

အထက်ပါကောင်းကျိုး ငါးတန်တို့တွင် တချို့ပုဂ္ဂိုလ်၌ နှစ်မျိုးသုံးမျိုးလောက်သာ ကောင်းကျိုးပေးတာက များပါတယ်။ ငါးမျိုးစုံအောင် ကောင်းကျိုးစံရသူက အလွန်ရှားပါတယ်၊ အချို့မှာ အသက်ရှည်ရုံသာရှိတယ်။ အဆင်းလှခြင်း၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာမရှိ၊ အခြံအရံမပေါများ၊ သြဇာအာဏာရှိမှုဆိုတာ ဝေးရော၊ ကိုယ့်သားသမီးအပေါ်ပင်သြဇာမရှိ၊ အချို့ပုဂ္ဂိုလ်၌အသက်ရှည်၏၊ အဆင်းလှ၏၊ ကိုယ်စိတ်မချမ်းသာ၊ ဥစ္စာမပေါများ၊ သြဇာအာဏာမရှိကြကုန်၊ အချို့သောပုဂ္ဂိုလ်၌အသက်ရှည်၏၊ အဆင်းလှ၏၊ ချမ်းသာဥစ္စာပေါ၏၊ သားသမီးတပည့် အခြံအရံမရှိ၊ သြဇာအာဏာ မပြည့်စုံကြပေကုန်။

အချို့ပုဂ္ဂိုလ်၌ အကျိုးငါးမျိုးပင် ပြည့်စုံ၍ ဖြစ်ရာဘုံဘဝ၌ တင့်တင့်တယ်တယ်ရှိကုန်သည်။ ဤသို့အားဖြင့်ကောင်းကျိုးစုံအောင် ပေးသူက ရှားပါးသည်။ ဒါတွေဟာ အတိတ်ဘဝများစွာက ကုသိုလ်ကံထူထောင်စဉ် ဆွမ်းဆံထဲ၌ ကြွက်ချေးရောဆိုသလိုလောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာမစ္ဆရိယဆိုတဲ့ အညစ်အကြေး တရားတို့သည်၊ ရောထွေးယှက်ဝင်နေမှုကြောင့် မသန့်မရှင်း အကျိုးပေးခြင်း၊ ပြည့်ပြည့်စုံစုံအကျိုးမပေး၍ အမြဲတန်း စိတ်ဆင်းရဲစရာဖြစ်၍ နေပေကုန်သည်။

တဘဝအတွင်း၌ ငယ်စဉ်အကျိုးပေး၍ အရွယ်ကြီးရင့်သောအခါ ဆင်းရဲနေတတ်သည်၊ တချို့ပုဂ္ဂိုလ်၌ ငယ်စဉ်အခါ ဆင်းရဲပေသမူလည်း ကြီးသောအခါ ချမ်းသာနေတတ်ပြန်သည်။ ကံထူထောင်စဉ်က စေတနာ မှုမမှန်မှုကြောင့် အမျိုးမျိုး ဖြစ်ကြရသည်။ တချို့ပုဂ္ဂိုလ်၌ ကောင်းကျိုးတော့ ပေးပါ၏ ရန်သူတွေဝိုင်း၍ စိတ်ဆင်းရဲနေမှုသည်၊ ရှေးအတိတ်ဘဝ ကံထူထောင်စဉ်က ဒေါသခြံရံသော မနှစ်မြို့ဘွယ် ကုသိုလ်တွေကို ပြုခဲ့မိ၍ မိမိပြုခဲ့တိုင်း ဆင်းရဲပေါ်ပြီးမှ ဆင်းရဲတွေခြံရံ၍ အကျိုးပေးနေပြန်သည်။ ဤသို့စသောအားကြီးသောရာဂ၊ အားကြီးသောဒေါသ၊ မာန်မာနတရားဆိုးတို့သည် ကုသိုလ်ပြုခိုက်၌ပါဝင်လုပ်ဆောင်ခဲ့ဘူးလေသောကြောင့် မတင့်မတယ် မဘွယ်မရာတွေ၊ ရောနှော အကျိုးပေးနေခြင်း ဖြစ်သည်။ စင်ကြယ်သော ကုသိုလ်ကံက အကျိုးပေး၍ လူ့ဘဝ၌ လာရောက်ရပ်တည်နေသူက ရှားပါးသည်။

ဒါန၏ စွမ်းဆောင်နိုင်မှု အကျိုးငါးမျိုးပင် ရှိသော်လည်း အာမိပတေယျခေါ်တဲ့ မိမိ၏တပည့် သားသမီး အခြံအရံတို့အပေါ်၌ ဩဇာအာဏာ လွှမ်းမိုးနိုင်ခြင်းဟူသော အကျိုးတရား ထိအောင် အကျိုးပေးသူ နည်းပါးသည်။ ဩဇာအာဏာ သက်ရောက်ခြင်း၊ ဩဇာရှိခြင်း အာဏာပြည့်စုံခြင်း ဟူသော ဒါနအကျိုး အာမိပတေယျ မပြည့်စုံမှုကြောင့် သားသမီးတွေ တပည့်တွေ လက်အောက်လူငယ်တွေက ပုန်ကန်ဆူပူကြ၊ စကားနားမထောင်ကြခြင်းကများနေတော့၊ အသက်ရှည်သမျှ ဥစ္စာပြည့်စုံပါလျက် စိတ်မချမ်းသာ စိတ်ဆင်းရဲ စိတ်ညစ်၊ စိတ်အိုက် စိတ်နောက် စိတ်ကောက် မှုတွေနှင့်သာ အချိန်ကြာမြင့်စွာ နေထိုင် သွားလာရပေသည်။

ကံပြုစဉ်အခါက မစင်ကြယ်မှုဘဲဟု မှတ်ရမည်။ ဤအာမိပတေယျဆိုတဲ့ ဒါနကောင်းကျိုး၏ အထူးပြည့်စုံဘို့ရန်သည် အခြွေအရံများသူ ပရိသတ်ထုထယ်ကြီးမားသူ၊ တိုင်းပြည် အုပ်ချုပ် အကြီးအကဲပြုလုပ်သူများ၌ အထူးပင်လိုအပ်လှပေကုန်သည်။ ထို့ကြောင့် ဒါနကို ဆရာသမားကောင်းမှီး၍ အပြစ်ကင်း သန့်ရှင်းသော ဒါနပြုတတ်ရန် အမှန်ပင်လိုပေသည်။ သန့်ရှင်းသောဒါနသည် သန့်ရှင်းသောကောင်းကျိုးကို ပေး၍ စိတ် ချမ်းချမ်းသာသာဖြင့် သုခပဋိပဒါ ခိပ္ပာဘိညာ အနေအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အထောက်

အပံ့ကောင်း ဖြစ်ပေသည်။ အတိတ်ဘဝတွေက စင်စင်ကြယ်ကြယ် ဒါနမပြုမိခဲ့ပါက မစင်မကြယ်အကျိုးဖြင့် စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြင့် မဂ်ဖိုလ် အကျင့်စခန်းကို တက်လှမ်း လျှော်ခတ် နေရသော်လည်း အနှောင့်အယှက် များစွာကြုံ၍ ပွား များ အားထုတ်ရပေကုန်သည်။

## ၇။ ဉာဏ်ရှိသူသာ ဒါနကိုပြုသည်

ထို့ကြောင့် ဒါနတရားကို အထင်မသေး ကြကုန်ဘဲ နှစ်နှစ်ခြိုက်ခြိုက် စိတ်ဝင်စားစွာ အသိပညာ ယှဉ်စပ်၍ ပြုလုပ်ကြပါဟု သဗ္ဗညုဘုရား တိုက်တွန်းတော် မူပေသည်။ ဒါနစွမ်းရည် သတ္တိဖြစ်သော အကျိုး နယ်ပယ်ကို ရှင်သာရိပုတ္တရာ ကိုယ်တော်ပင် သော်လည်း ကုန်စင်အောင် မဟောကြားနိုင်၊ သဗ္ဗညုဘုရားသာ ကုန်စင်အောင် လမ်းညွှန်ပြနိုင်ပေသည်။ ဒါန၏ အကျိုးပေးဟန်ကို မသိနားမလည်သူများသည် ဒီတရားက ဒါနကြီးပါကွာ ဟု ဒါနဟောပြောခြင်းကိုပင် အထင်အမြင် သေးကြသည်၊ ဤသို့ အထင်အမြင် သေးခြင်းသည် ဘုရားသဗ္ဗညုကိုပင် အထင်အမြင် သေးရာ ရောက်၍ အပြစ်ကြီးပေသည်။ မိမိတို့ နေ့စဉ်ပွါးများ အားထုတ်နေကြ ကုန်သော ဝိပဿနာတရား၊ မဂ်တရား ဖိုလ်တရားများကို နာရီစက္ကန့်မလပ် ဒါန်တရားက ကျေးဇူးပြုနေပုံ၊ ဒါနတရားမြတ်၏ အရှိန်အဝါ အောက်မှာ သီလ,

သမာဓိ, ပညာ, တရားတို့သည် တဖွားဖွား ဖြစ်ရှိနေပုံများကို မသိရှိ နားမလည်နိုင်တော့၊ ဒါနတရားကို အထင်သေးခြင်း ဖြစ်မှားခြင်း ဖြစ်တတ်သည်။

လောက၌ ဉာဏ်မှန် မသိရှိသူ ဆိုဒါ ဒါနကို ကျေးဇူးကန်း ကြ၍ ကျေးဇူးတင်ရမှန်း မသိကြသည့်အပြင် လူသားအချင်း ချင်း၌လည်း ကျေးဇူးမသိကြဘဲ သနားစဘွယ်ဟု အောက် မေ့ ဆင်ခြင်ဘွယ်ရာ ရှိပေကုန်သည်။ ဤဒါနတရား၏ ကျေး ဇူးဂုဏ်ကို မသိနားမလည်ခြင်းသည် မောဟကြီးမား အသိ ဉာဏ် ပါးရှားမှုကြောင့် ဖြစ်ပေသည်၊ ဒါနတရားကို အသိ ဉာဏ် ပါးရှားလေ မပြုလေဘဲ ပြုပြန်လည်း လောကဝတ္တရား အရ ပြုလုပ်သော ဒါနကုသိုလ်မျိုးသာ ဖြစ်ပေသည်။ အဘိုး ထိုက်တန်သော ဉာဏ်ယှဉ်ဒါန မပြုပေ၊ ဒါနတရားကို အသိ အမြင်ကျယ်လေ များများပြုလေဘဲ၊ ' အဘယ့်ကြောင့် ဆို သော် အသိအမြင် ကြီးမားသော အရိယာပုဂ္ဂိုလ်ကြီးများက များစွာ ပြုသောကြောင့်ရင်း၊ မေတ္တာ, ကရုဏာ, မုဒိတာ ဟူကုန်သော ဗြဟ္မစိုရ်တရား ပြည့်စုံသူတို့၏ အမြဲပြုလုပ်သော ဒါနဖြစ်သောကြောင့် ရင်းပင်ဖြစ်၏။ ဒါနတရားသည် ဗြဟ္မ- စိုရ်တရားတော်နှင့် ယှဉ်စပ်နေတော့ ဗြဟ္မစိုရ်ကင်းတဲ့ ပုဂ္ဂိုလ် ရိုင်းများသာ ဒါနတရားကို မပြုဘဲနေကြပေလိမ့်မည်၊ ဗြဟ္မ- စိုရ်တရား ရှိသူသည်၊ လောဘ, ဒေါသ နည်းပါး၍ စိတ်ထား ကောင်းမွန် ပြီးလျှင် နှလုံးအိမ်၌ အလောဘ, အဒေါသ

တရားများသည် လွှမ်းမိုးနေကုန်၍ ဒါနတရားကို များများ ကြီး ပြုလေ၏။

လောကကြီး၌ ဉာဏ်အကြီးမားဆုံး ပုဂ္ဂိုလ်ကို ရွေးချယ် လျှင် သဗ္ဗညုဘုရားရှင်၍ ဘုရားသည် ဒါနကုသိုလ်ကို အပြု ဆုံး ပုဂ္ဂိုလ်ကြီးဟု မှတ်သားရပေမည်။ ထို့အောက် အရှင် သာရိပုတ္တရာသည် အသိဉာဏ်ကြီးမား၍ အခြားပုဂ္ဂိုလ်တွေ ထက် မေတ္တာ ကရုဏာများ၍ အလှူဒါနကို များစွာပြုလုပ် သူဟု မှတ်ရပေမည်၊ ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ အဋ္ဌကထာ ဆရာကြီးများက အရှင်သာရိပုတ္တရာ ပြုအပ်သော ဒါန ကုသိုလ်ထက် သဗ္ဗညုဘုရား ပြုအပ်သော ဒါနကုသိုလ်၏ ကောင်းကျိုးများစွာ ဆောင်နိုင်ပုံကို ဖွင့်ပြပေသည်။ ထို့ ကြောင့် အသိဉာဏ် ကြီးမားလေ ဒါနကုသိုလ်ကို များများ ပြု၍ ဒါနအကျိုးပေး များနိုင်လေဟု မှတ်ရမည်။ အသိဉာဏ် နံပါးလေ ဒါနမပြုလေဖြစ်၍ ဘဝများစွာ၌ နေရေးထိုင်ရေး ချို့တဲ့၍ ရောဂါထူပွါး စိတ်ဆင်းရဲမှုသာ များပေနိုင်၏ဟု မှတ်သားရာ၏။

ဒါနဆိုဒါ သဒ္ဓါကောင်း စေတနာကောင်း စိတ်ကောင်း ရှိက ပြုလုပ်ရန် လွယ်ကူပါသည်၊ ပစ္စည်းဥစ္စာ ချမ်းသာမှ မဟုတ်ပါ၊ရေတမှုတ် ပန်းတပွင့်လှူသော်လည်း စေတနာထား တတ်က အကျိုးထက်သန်မှု ရှိနိုင်ပါသည်၊ စိတ်စေတနာသာ လိုရင်းပါ။

## ၈။ စေတနာကောင်း စိတ်ကောင်းရှိလျှင် ဒါနပြုရန် လွယ်သည်

မြေတွေကို တူးဆွ၍ လမ်းတွေပြင်မယ် ဆိုလျှင်လည်း ဒါနဘဲ၊ သစ်ရွက်တွေ ပန်းတွေ ခူး၍ ကပ်လှူနေလည်း ဒါနပြုမှုဘဲ၊ ရေတွေကို တနေ့လျှင် ဆယ်ကြိမ်လောက် ကပ်လှူနေလဲ ဒါနဘဲ၊ ဒါနသည် စိတ်မကြည်လင်လို့မပြုချင်လျှင်သာ ပြုချင်လျှင် လွယ်လွယ်နှင့် ဖြစ်နိုင်သည်၊ ခဲ, အုတ်ကြိုး,တွေကို ထုထောင်းပြီးတော့ လမ်းတွေပြင်၊ သစ်ပင်တွေ စိုက်နေလဲ ဒါနဘဲ၊ ထို့ကြောင့် အသိပညာ နည်းပါးသူတို့၏ ပြောဆိုမှု လမ်းများကို မလိုက်နာကြကုန်ဘဲ၊ အသိပညာ ရှိသူတို့၏ ဆိုစကားကိုသာ လိုက်နာဆောင်ရွက် ကြကုန်လျှင် အပါယ်ဘေးမှ ကင်းဝေး၍ နတ်ရွာနိဗ္ဗာန်ကို လမ်းမှန် ဖြစ်နိုင်ကုန်ရာသည်။

လောက၌ အယူမှားပြီးတော့ ချွတ်ချော်ပြောဆို နေသူကများကြ၍ သတိထားရှောင်ကြဉ်ကြပါကုန်၊ သူတော်ကောင်း ဖြစ်လိုသူတို့—

### ဆောင်ပုဒ်

ဒါနမပြုသူမှာ အသိဉာဏ် မရှိလို့ပါ၊
မိစ္ဆာဉာဏ် ဘီလူးစီးနေတဲ့ လူရူးလူမိုက်သာ၊
ဒါနမကောင်းစကား နာကြားသူမှာ လူအ,လူနုံပါ၊



သီတဂူကျောင်း ရေစက်ချပွဲ၌ အနုမောဒနာတရား
ဟောကြားနေပုံ။

လူလိမ်မှာ လူကောင်းဆိုက ဒါနကို များစွာပြုဒါ၊
ဒါနဆိုဒါ ဉာဏ်ရှိသူတို့၏ လုပ်ဆောင်ချက်သာ၊
သမ္မာဒိဋ္ဌိဦးစီး၍ ပြုလုပ်က အကျိုးကြီးကျယ်
လှသည်သာ။

## ၉။ ဒါနပြုစဉ် ရုပ်ကိုမြင်

အဘိုးတန်ဒါနပြုပါလျှင် နိဗ္ဗာန်အာရုံပြု နိဗ္ဗာန်ရောက်ကြောင်း အာရုံပြု ရှုဆင်ခြင်နှလုံးသွင်းဟု အကြမ်းအားဖြင့် ဖြေဆိုရပေလိမ့်မည်။

တစုံတခု လှူဒါန်းမှုကိစ္စ၌ အလှူရှင် အလှူအမ အစစ်အမှန်ကို ရှေးဦးစွာ ရှာဖွေလိုက်ပါက ရုပ်နာမ်သည် အလှူရှင် အစစ်ဘဲလို့ ပရမတ်သဘော ထိမိအောင် အလှူရှင် အစစ်အမှန်ကို ဉာဏ်ဖြင့် တွေ့သိသောအခါ ငြော် ပုဂ္ဂိုလ် သတ္တဝါ မိန်းမ ယောကျ်ားတို့ကလှူတယ်မှတ်တယ်၊ တကယ်အမှန်တော့ မိန်းမ ယောကျ်ား ပုဂ္ဂိုလ် သတ္တဝါ လှူဒါမဟုတ်ဘဲ၊ ရုပ်နာမ် သည်သာလျှင် အလှူရှင်အစစ်ပါလား ဤသို့ သိမြင် ဆင်ခြင်လှူသောအလှူရှင်သည် နာမရူပ ပရိစ္ဆေဒဉာဏ် ဆိုက်ရောက်၍ မဂ်ဉာဏ်၏ အထောက်အပံ့ ဖြစ်နေပေ၏။

ထို့ကြောင့် တဖန်ဆက်လက်၍ ရှုပွားပြန်သော် ရုပ်နာမ် နှစ်ပါးတို့တွင်လည်း နာမ်အကြောင်းတရားက အားပေးတိုက်တွန်းလို့ ရုပ်တရားများသည် ထကြွလှုပ်ရှား အလှူဒါနပွဲကြီး

နှင့် သီလဆောက်တည်ပွဲကြီး တရားအားထုတ်ပွဲကြီး စသော ရုပ်တရားများ၏ လှုပ်ရှားမှု အဖုံဖုံ ရုပ်ရှင်စနစ်မျိုးစုံ ဖြစ်ေ ကြတာပါလားဟု သိမြင်လျှင် နာမ်အကြောင်း ရုပ်အကျိ သိရှိနားလည်၍ သဏ္ဌာန် ဒြဗ် ပုဂ္ဂလ ပညတ်ကင်းကွာ ရုပ်နာ ကြောင်းကျိုးသာဟု ပစ္စယပရိဂ္ဂဟဉာဏ် တဆင့်တဖန် တက ရောက် လာပေသည်။

ထိုနောက်တဖန် ရှုဆင်ခြင်ပြန်ပါက မိမိတွေ့ရှိထားသော ရုပ်နာမ်အားရုံ တခုခု၌ ဖြစ်ပျက်မှုတွင် လက္ခဏာမြင်လျှင် သမ္မသနအစ သခ်ါရုပေက္ခာအဆုံး ဉာဏ်စဉ်အကုန်လုံးပင် ဆင်ခြင်ရှုပွားသော ဒါနအမြတ်စားကြီးဖြစ်၍ မြင့်မြတ်ကြီး ကျယ်သော ကောင်းကျိုးတရားတွေ ပြည့်ဖြိုး ကြွယ်လာနိုင် ပေတော့သည်။

## ၁၀။ ဒါနပြုစဉ် နာမ်ကိုမြင်

ထို့နောက်တဖန် အသိလိုက်ပြန်သော် အကြောင်းနာမ် တို့တွင်လည်း ဟစ်အော်လျှောက်သွား ရှာဆော်လားသို့ မူလ ရင်းမှန် အကြောင်းခံကတော့ အလှူရှင်ဆိုတာ သဒ္ဓါ နာမ် စေတနာနာမ် အသိပညာနာမ် ပီတိပါမောဇ္ဇ စသော ကုသိုလ် ဆိုင်ရာနာမ်တေတ် နာမ်ပရမတ်တွေသာရှိပါလား အကြောင်း ရင်း နာမ်ကရား စေတနာတရားတွေက နှိုးဆော်သဖြင့် ကြွင်းအားလုံး စိတ္တဇရုပ်အားလုံး တဝုန်းဝုန်းထကြွ၍ သက်

ဆိုင်ရာ အလုပ်ကိစ္စသဘောတရားတွေ တဖွားဖွား ပေါ်နေ ဒါကို ကုသိုလ်ပြုတယ် ဒါနပြုတယ် ဥပုသ်ဆောက်တည်တယ် တရားအားထုတ်တယ်လို့ ခေါ်ရပါလား ဤအသိအမြင် ကတော့ နာမ်ကို သိပုံပါဘဲ။

စေတနာက နှိုးဆော်လိုက်တော့ ရုပ်တရားထဲတွင်လည်း တကယ်လုပ်ကိုင်ဒါကတော့ တေဇောဓာတ် အပူအငွေ့ အား ပေးမှုကြောင့် ဝါယောဓာတ်၏ တွန်းကန်လုပ်ဆောင်ချက်ဘဲ လို့ သိရတယ်၊ ဤသို့သိရှိရပြန်ခြင်းသည်လည်း နာမပညတ် သမူဟပညတ် ဃနပညတ် သဏ္ဌာနပညတ်များ ပျောက်ကွယ် နေဒါကို သိရပြန်ပေ၏၊ အပူရှိန် အပူငွေ့ တေဇောဓာတ်က အားပေးလိုက်လျှင် ဝါယောဓာတ်ထကြွ၍ တွန်းကန်လှုပ်ရှား တဖွားဖွား ရွေ့လျားသွားလာနေဒါကို ဘယ်လှည့်ညာလှည့် သွားလာနေထိုင်ခြင်းလို့ ခေါ်မှု ဖြစ်လာပေသည်။

ဤလိုလည်း ပရမတ် ပညတ်ကို တွဲသိရပေဦးမည်၊ ဝါ ယောဓာတ် အဆင့်ဆင့် တွန်းကန် လှုပ်ရှားဒါကိုပင် အမှန် ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်ပါက ငါလုပ်ကိုင်တယ် ယောကျ်ား မိန်းမ လုပ်ကိုင်တယ်ဆိုဒါ မရှိပါလား ရှိဒါအမှန်ကတော့ ဤခန္ဓာကိုယ်ကြီး၌ နာမ်အကြောင်းရုပ်အကျိုးရုပ်အကြောင်း နာမ်အကျိုး ဤသို့စသော အကြောင်းအကျိုး ဆက်စပ်၍ ဖြစ်ပေါ် လာသမျှ အမူအရာကြီးသာဟု ဆိုအပ်သော

အကောင်အထည် ဒြပ်ကင်းကွာ ရုပ်နာမ်၏ စုပေါင်းလှုပ်ရှားနေခြင်းမျှဘဲဟု တွေ့ရမြင်ရ သိကြရပေမည်။ (ကြားနာသိ၊ စာသိကို မဆိုလို)

ဤသို့အားဖြင့် အမှန်မြင် အမှန်ထိမိအောင် တွေးတောဆင်ခြင် သိရှိနားလည်၍ ကုသိုလ်ကံ အမျိုးမျိုးတို့ကို အဘိုးထိုက်အဘိုးတန် ပြုလုပ်နေပါက သက္ကာယဒိဋ္ဌိ ကင်းကွာ၍ ဝဋ္ဋဆင်းရဲ ကင်းပြတ်နိုင်သော ဒါနပြုမှု သီလဆောက်တည်မှုစသည်ဖြစ်သောကြောင့် တန်ဘိုးမဖြတ်နိုင်သော အသခင်္ချေယျ အပ္ပမေယျ အကျိုးရှိသော သာသနာတွင်းကာလ ကုသိုလ်ရတနာကြီး ကေန်ဖြစ်ပါသည်၊ ဖြစ်အောင် အသိဉာဏ်ရှိသူတိုင်း အဘိုးတန် ဓမ္မဒါနအစားစားကို ကြိုးစားပြုစွမ်းနိုင်ကြပါစေသတည်း။ ဓမ္မအာရုံတွေကို အပူဇော်ခံထား၍ လှူဒါန်းနိုင်ကြပါစေ ကုန်သတည်း။

## ဆောင်ပုဒ်လင်္ကာ

စေတနာက နှိုးဆော်၊ လေဓာတ်ပေါ် ရုပ်နော်လှုပ်ကြတန်းကြ၏။

စေတနာကနှိုးဆော် လေဓာတ်ပေါ် ရုပ်နော် သွားကြလာကြ၏။

စေတနာက နှိုးဆော် လေဓာတ်ပေါ် ရုပ်နော်ထိုင်ကြထကြ၏။

နာမ်ကခိုင်းလို့ ရုပ်ကလှူ၊ လှူဒါငါမဟုတ် နာမ်နှင့်ရုပ်။
နာမ်ကခိုင်းလို့ ရုပ်ကသွား၊ သွားဒါငါမဟုတ် နာမ်နှင့်ရုပ်။
နာမ်ကခိုင်းလို့ ရုပ်ကစား၊ စားဒါငါမဟုတ် နာမ်နှင့်ရုပ်။

ဤသို့ စသည်အားဖြင့် အကျယ်ရှုပွားပါလေ။

## ၁၁။ ဒါနပြုတတ်က မဂ်ဖိုလ်ရပုံ

ဤဉာဏ် ယှဉ်ဒါနပြုကြဒါမျိုးကို ရည်ရွယ်၍ ဒါန သီလနှစ်ပါးတို့ကို အချိုးကျစွာ တကယ်ပြုတတ်၍ တကယ်ပြုနေပါက၊ ဒါန သီလဘာဝနာဟူကုန်သော မှီရာကြီးသုံးပါးတို့တွင် ဒါန သီလမှီရာနှစ်ပါးတို့သည် သောတာပတ္တိမဂ်ဖိုလ်ဟူကုန်သော အောက်မဂ် အောက်ဖိုလ် သုံးပါးတို့သို့ ဆိုက်ရောက်ကုန်၍ ဘာဝနာသည် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်ပုံကို ခိုင်ခိုင်လုံလုံပင် ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာဥဒါနသုတ်၌ အဋ္ဌကထာဆရာ ဤသို့ဖွင့်ပြပေသည်။

> တယော မေ ဥပနိဿယာ ဒါနူပနိဿယော၊ သီလူပနိဿယော၊ ဘာဝနူပနိဿယော စာတိ၊ တေသု ဒါနသီလူပနိဿယာ၊ ဒုဗ္ဗလာ။ ဘာဝနူပနိဿယော ဗလဝါ။ ဒါနသီလူပနိဿယာ ဟိ တယော မဂ္ဂေ စ တီဏိဖလာနိ စ ပါပေန္တိ။ ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ။

ဒါနူပ နိဿယောစ၊ ဒါနဟူသောမှီရာရင်း။ သီလူပနိဿ-ယောစ၊ သီလဟူသောမှီရာရင်း။ ဘာဝနူပ နိဿယောစ၊ ဘာဝနာဟူသောမှီရာရင်း။ ရာတိ၊ ဤသို့အားဖြင့်။ ဥပ-နိဿယာ၊ မှီရာတရားတို့သည်။ ဣမေတယော၊ ဤသုံးပါးတို့ပင်တည်း။

တေသု၊ ထိုသုံးပါးကုန်သောမှီရာတို့တွင်။ ဒါန သီလူပ-နိဿယာ၊ ဒါနသီလဟူကုန်သော မှီရာတို့သည်။ ဒုဗ္ဗလာ၊ အားနည်းကုန်၏။ ဘာဝနူပနိဿယာ၊ ဘာဝနာဟူသော မှီရာတရားတို့သည်။ ဗလဝါ၊ အားရှိကုန်၏။ ဟိ သစ္စံ၊ ထိုစကားမှန်ကန်လှ၏။ ဒါနသီလူပနိဿယာ၊ ဒါနနှင့် သီလဟူကုန်သောမှီရာနှစ်ပါးတို့သည်။ တယော မဂ္ဂေစ၊ အောက်မဂ်သုံးပါးတို့ကိုရင်း။ တီဏိဖလာနိစ၊ အောက်ဖိုလ်သုံးပါးတို့သို့ရင်း။ ပါပေန္တိ၊ ရောက်စေနိုင်ကုန်၏။ ဘာဝနူပနိဿယော၊ သမာဓိပညာ ဘာဝနာဟူသောမှီရာတရားသည်။ အရဟတ္တံ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့။ ပါပေတိ၊ ရောက်စေနိုင်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကြောင်း ဒါနစေတနာကံ သီလစေတနာကံများတို့ကို အဋ္ဌကထာ ဆရာကြီးက ညွှန်ပြသဖြင့် မဂ်ဖိုလ်အား ကျေးဇူးပြု၍ ဒါနသီလအရင်းခံ၍ သုခပဋိပဒါအနေ နိဗ္ဗာန်သွားသော လမ်းကြောင်းကိုလည်း ဗုဒ္ဓဘာသာဝင်များ သိသင့်နားလည်သင့်ပေသည်။ ဒါကြောင့် တချို့တရားအားမထုတ်လိုသော ဆရာတော်ကြီးများက ဝိပဿနာ

ကျင့်ဆိုဒါ ဆင်းရဲခံ၍အားထုတ်ရဒါ၊ ဆင်းရဲ မခံရဘဲ ဒါန သီလပြုပြီးတော့ နိဗ္ဗာန်သွားတဲ့လမ်းမျိုးကိုသာ ငါတို့ အလို ရှိပေသည်ဟု ပြောကြားခြင်းဖြစ်ပေသည်။

သို့ပေတမူ ပုထုဇဉ်ဆိုဒါ ကိုယ်တွေ့ဘူး ကြုံဘူးသလောက် ကြည့်၍ ကိုယ်သန်ရာသန်ရာစကား ပြောဟောပြသခြင်းသာ များပေသည်။ မှားသည် မှန်သည်ကို ခွဲခြမ်းဝေဘန်နိုင်သူက အလွန်နည်းပါသည်၊ ပရိယတ္တိသမားများကလည်း ပရိယတ္တိ ဘက်ဆွဲ၍ အလွန်အကျွံ စကားပြောတတ်သည်။ ပဋိပတ္တိ သမားများကလည်း ပဋိပတ္တိဘက်ကိုဆွဲ၍ အလွန် အကျွံ စကားပြောတတ်ကြပေကုန်သည်။ ဒါနသမားကလည်း ဒါန ဘက်ဆွဲ၍ အလွန်အကျွံ စကားပြောပေကုန်သည်။ သီလ သမားကလည်း သီလဘက်ဆွဲ၍ အလွန်အကျွံ စကားပြောကြ ပေကုန်သည်။ သမထသမား ပုတီးသမားကလည်း သမထ ဘက် ပုတီးဘက်ကိုဆွဲ၍ အလွန်အကျွံ စကားပြောကြပေ ကုန်သည်။ တရားသမားများကလည်း မိမိတို့ အယူဝါဒ အလိုက် အလွန်အကျွံ စကားပြောကြခြင်းတို့သည် အတိမာ ဝန္တ ပုဂ္ဂိုလ်မျိုးဟု ဆိုရပေကုန်၏။

အချို့တရားသမားကြီး တို့သည် တရား အားမထုတ်သူ တို့သည်၊ အပါယ်ဘေးမှ မလွတ်နိုင်ကုန်ဘဲ နတ်ရွာ သုဂတိ မရောက် မရနိုင်ဟူ၍ တဘက်စောင်းနင်း စကားမျိုးတို့ကို ဘုရားရှင် ဟောထားသော အလွန် အရေးကြီး၍ သတ္တဝါ

တိုင်း၏ မှီခိုရာ ဒါန သီလတို့ကို ပြစ်ပယ်ပုန်ကန် တော်လှန်၍ အလွန်ရိုင်းစိုင်းသော စကားကို ပြောကြကုန်၏။

ဒါနသီလပြု၍ နတ်ရွာသုဂတိ ရောက်သူနှင့် တရားအားထုတ်လို့ နတ်ရွာသုဂတိ ရောက်သောသူ နှစ်မျိုးတို့ကို ဝိမာနဝတ္ထု ပါဠိတော်ကြီး တို့ဖြင့် ချိန်ထိုး ကြည့်ပါက ဒါနသီလတို့ကို ပြု၍ နတ်ရွာ ရောက်သူတို့က ဆပေါင်းများစွာ များပြားနေကြောင်း အလွန်သိသာ ထင်ရှားပေ၏၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့လည်း ဒါနသီလ အခြေခံပြု၍ သွားရောက်သူတို့က မရေမတွက်နိုင်အောင် များပြား နေပေကုန်သည်တို့ကို သတိပြုဆင်ခြင်၍ စကားပြော တရားဟောကြစေလို၏၊ တကာ တကာမ လာရောက်စေလိုမှု ကြည့်ရှုကာ သာသနာ ဖျက်ဆီးရာ စကားတို့ကို မပြောသင့်ပေ၊ အချို့ တရားသမား တို့သည် မိမိ တရားအားထုတ် နေဒါ ဘယ်တရားကိုမှီ၍ အားထုတ် နေရသလဲ ဆိုတဲ့ အသိပညာမှန် မရှိမှုကြောင့် စာပေကျမ်းဂန်တွေကို ပုတ်ခတ်၊ စာပေပို့ချနေသော ကျေးဇူးရှင် ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်ကြီးတွေကို ကျေးဇူးကန်းခါ အထင်အမြင်သေး၍ နွားကျောင်းသားပါ ဆိုသော စကားမျိုးကို ပြောကြားခြင်းသည် ကိုယ့်ဖအေ မိဘများကို ညှဉ်းဆဲပုတ်ခတ် သတ်ဖြတ်သည်နှင့် တူ၏။

ဤမျှလောက် မိုက်မဲ၍ တရားပြ တရားဟော နေသော အနည်းအပါးသော ပုဂ္ဂိုလ်အချို့လည်း မိမိ ရုပ်နာမ် သိ

သလောက် ကလေးကို အစွဲပြု၍ ဘဝင်မြင့်ပြောကြား၍ နေခြင်းသည်၊ သာသနာ့ဖျက်ဆီးရာ ရောက်၏။ အင်္ဂုတ္တိုရ် ပါဠိတော် သောတာနုဂတသုတ် ကြည့်ရှုပါက ပရိယတ္တိက နေ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သွားပုံသိသာ ထင်ရှား၏။

အကျဉ်းချုပ်ပါက ယောနိသော မနသိကာရ ပြည့်စုံအောင် နှလုံးသွင်း နိုင်သူများ၌ ဒါနသီလတို့ သည်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် သွားနိုင်သည်၊ စာပေ ပရိယတ္တိက တရားများ သည်လည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် သွားနိုင်ပါလားဟု အယူမှန်ဖြစ်ရန် ရည်ရွယ်၍ အဋ္ဌကထာ ဆရာကြီးက ဒါနသီလ နှစ်ပါးတို့သည် အောက်မဂ် အောက်ဖိုလ် ရနိုင်၏ဟု ဖွင့်ဆိုခြင်း ဖြစ်သည်၊ ဒါန, သီလ, သမထ တရားများ သည်လည်း ပရမတ်တရားများ ဖြစ်၍ သဘာဝ လက္ခဏာ သာမညလက္ခဏာ၊ သင်္ခတလက္ခဏာ ရှိကြကုန်၍ သတိအား၊ သမာဓိအား ပြည့်စုံလုံလောက်ပါလျှင် လက္ခဏာတရားများ အဆင့်ဆင့် ပေါ်အောင် ရှုနိုင်သည်သာဟု မှတ်ပါ။

## အထူး ဆောင်ပုဒ်

မှားမှန်နှစ်ပါး သိခဲ့ပေစွ၊<br>
မှားမှန်နှစ်ပါး ဝေဘန်ခဲ့စွ၊<br>
အမှားစွန့် မှားဝံ့ခံခဲ့ဒါ၊<br>
ဝန်ခံဘိ ကဝိဂုဏ်မြောက်ထ။

အထက်ပါ အဋ္ဌကထာဆရာကြီးက အောက်မဂ် သုံးပါး အောက်ဖိုလ်သုံးပါးကိုပင် ရနိုင်တယ်ဖွင့်ထားပြန်တော့ ဒါန သီလ ကြိုးစားသူများ၌ အားရ ကျေနပ်စရာကြီးပင် ဖြစ်၍ နေပေသည်။

ဤပြုအပ်သော ဒါန သီလတို့၌ ဘာဝနာမယဉာဏ်ကို ထည့်သွင်းပြုတတ်ပါက ကေန်ပင်အဘိုးတန်သော ဒါနသီလ ဖြစ်နိုင်ပါကုန်သည်။

## ၁၂။ မဂ်ပေါက်ဖိုလ်ပေါက်ဒါန

ငါပြုသောကံ ငါ့ကံကွ၊ ကောင်းကျိုးပေးပါက ငါချမ်း သာသုခကို ငါခံစားရ၏ဟု တဏှာ မာန ဒိဋ္ဌိ ဦးစီး၍ ပြုလုပ် သောကံသည် ကမ္မဿကတာ မိစ္ဆာဒိဋ္ဌိ ဖြစ်၍ သံသရာဝဋ္ဋ် ဆင်းရဲမှ ဘယ်အခါမျှ မလွတ်ကင်းနိုင်သော ဒိဋ္ဌိဦးစီးသော ကံမျိုးဟု မှတ်အပ်၏။

ပပဥ္စတရားသုံးပါးလွတ်အောင် ဒါနကို ဘယ်လိုပြုရမည် ဆိုပါက ယခုမျက်မှောက်ရှိနေသော ရုပ်နာမ် နှစ်ပါးတို့သည် မြဲသောတရားမျိုးမဟုတ်ကုန်၊ မမြဲကုန်သည့်အတွက်ပျက်ပြား ကုန်ဆုံး ကွယ်ပျောက်ရခြင်းသည် ကေန်မုချမချမ်းသာသော သဘောတရားဖြစ်၏။ မမြဲဒါကို မြဲအောင် မချမ်းသာဒါကို ချမ်းသာအောင် စိတ်အလိုကျအတိုင်း မဖြစ်နိုင်ခြင်းသည် အစိုးမပိုင်သော သဘောတရားဖြစ်ပေ၏။

ဤကဲ့သို့ မမြဲမချမ်းသာ အစိုးမပိုင်သောသဘောသုံးချက် လက်တွင်း၌ ရှည်လျား ကြာမြင့်စွာ တည်နေရခြင်းသည် သံသရာဝဋ်ဆင်းရဲကြီး၌နေထိုင်ရသည်မည်၏။ ပြဆိုခဲ့ပြီးသော သံသရာဝဋ်ဆင်းရဲ ဒုက္ခဘေးကို ခင်မင်တွယ်တာ သာယာ နှစ်သက်ခြင်းမရှိဟူသော သံသရာဝဋ်ဆင်းရဲမှ လွတ်လိုသော စိတ် ဒါနပြုခိုက်ဖြစ်ပေါ်လာခြင်းသည်ဝိမုတ္တစိတ်မျိုးမည်၏။

ဤ ဝိမုတ္တစိတ်မျိုးဖြစ်အောင် ကြိုတင်ပြင်ဆင် အသိဉာဏ် ဝင်၍ ဆင်ခြင်နှလုံးသွင်းထားရမည်။ အဘိုးတန် အချိန်ကို ဝိမုတ္တစိတ်နှင့်အတူတွဲဘက်ဖြစ်ပေါ်လျက် လွတ်အောင် ပြုပြင် တတ်သော ခေါင်းဆောင်ဖြစ်သော အလှူရှင် စေတနာ သခ်ါရက္ခန္ဓာသည် ကံမည်၏။

ဤဉာဏ်ရှင်စေတနာကံ၏ အနန္တရပစ္စည်း၊ နာနာက္ခဏိက ကမ္မပစ္စည်း အထောက်အပံ့ကို ကောင်းစွာရရှိ၍ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြပေကုန်သည်။ ဤသို့ ဉာဏ်နှင့် ယှဉ်သော ဖြောင့်မတ်သောကံကို ပြုအပ်၏၊ ဤစေတနာ ကံမျိုးသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို သွား၏မှတ်။

## ဆောင်ပုဒ်လင်္ကာ

သံသရာဆိုဒါ ဖြစ်ခြင်းပျက်ခြင်းပါ၊
ကုသိုလ်ဆိုဒါ သံသရာကလွတ်လို၍ ပြုကြဒါ။
လွတ်ချင်လိုက ပြုတတ်မှလွတ်ကြဒါ။
ပပဥ္စကွာအောင်ပြုနိုင်က လွတ်တဲ့ဒါနသာ။

ဤသို့အားဖြင့် ဉာဏ်နှင့်ယှဉ်သော အဘိုးတန် စေတနာ အလှူရှင် အမှန်ဖြစ်ပါက ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မပါမရှိဘဲ သဘောသက်သက်နှလုံးသွင်းမှု ရှိ၍ သံသရာမှလွတ်၍နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြကုန်သည်၊ အကယ်၍ တဏှာအလှူရှင်, မာနအလှူရှင်,ဒိဋ္ဌိအလှူရှင် ဖြစ်နေပါက မိစ္ဆာဒိဋ္ဌိ စေတနာကံ ဦးစီးသော ဒါနသီလ ဖြစ်မှု ကြောင့် သံသရာဝဋ္ဋ်ဆင်းရဲမှ မလွတ်နိုင်ကြကုန်ဘဲ သံသရာ ထဲ၌မှုပ်မြဲမှုပ်မျောမြဲမျောကြရပေဦးမည်သတိပြုကြပါကုန်။

သံသရာစက်ရဟတ် ပြတ်သွားချင်လျှင် ဒွါရခြောက်ပါး၌ သတိဒရဝမ်တံခါးစောင့်ကို အမြဲမပြတ်စောင့်စေ၍ ပေါ်လာ သောအာရုံကို အရှုခံ အရှုပွား မှန်ကန်စွာဖြင့် ဆင်ခြင် ရှုပွား နေသူသည် သံသရာဝဋ္ဋ်ဆင်းရဲ စက်ရဟတ် ပြတ်၏မှတ်ပါ။

## ၁၃။ မကောင်းသော အလှူဒါယကာသုံးဦး

သမ္မာဒိဋ္ဌိစေတနာကံဦးစီးသော ဒါနကံ သီလကံကို မထူ ထောင်ပါဘဲ အာရုံငါးပါးနှင့် ဝဋ္ဋ်ဘဝမျိုးစုံတို့ကို သာယာ ကုန်၍ လှူဒါန်းခြင်းဉပုသ်ဆောက်တည်ခြင်း ပြုလုပ်နေပါက အလှူဒါယကာ ဒါယိကာမဖြစ်၍ နေမှုကြောင့် ဝဋ္ဋ်ဆင်းရဲ ရှည်ပေသည်။

ငါသည်လှူနိုင်သည်၊ ငါသာဉပုသ်စောင့်နိုင်သည်၊ ငါသာ တရားအားထုတ်နိုင်သည်၊ တရားဟောပြနိုင်သည်၊ ငါသာ

စာပေကျမ်းဂန်တတ်မြောက်သည်၊ ငါသာတရားရသည်၊ ငါသာ ဘုန်းကြီးသည် ဤသို့စသော ထောင်လွှားမှု မျိုးစုံအဖုံဖုံ စိတ်ဖြစ်နေပါက မာနတရားဆိုးက အလှူဒါယကာ၊ ဒါယိကာမ အလှူရှင်ဖြစ်နေ၍ သံသရာ၌ ဆင်းရဲမွဲတေယုတ်ညံ့သော အမျိုးအနွယ်၌ ပဋိသန္ဓေ နေကြရကုန်၏။

ငါပြုထားသော အလုပ်ကိစ္စများ၏ အကျိုးတရားများကို ငါခံစားရမည်၊ ငါချမ်းသာမည် စသော အယူမှား သဘောယုတ်ညံ့မျိုးဖြစ်နေပါက အတ္တဒိဋ္ဌိက အလှူရှင် အလှူဒါယကာ အလှူဒါယိကာမ ဖြစ်နေပေကုန်သည်။

ဤသဘောဆိုး သုံးမျိုးမှ လွတ်ကင်းအောင် မိမိတို့၏ စိတ်ဖြစ်ပုံကို မိမိတို့ဘာသာစစ်ဆေး၍ အကြိမ်ကြိမ်ပြုပြင်ခါ ဒါန သီလ ကုသိုလ်တရားများကို အားထုတ်တတ်ကုန်ရာ၏။

## ၁၄။ သောတာပန်နှင့်တူပုံ ဒါနမျိုးစုံ

အလှူပေးဒါယကာ အလှူခံပုဂ္ဂိုလ် ဤနှစ်မျိုးတွင် အလှူပေး ပုဂ္ဂိုလ်၏ အသိဉာဏ်ယှဉ်ပုံ အဖုံဖုံတွေကို ပြဆိုပြီးနောက် အလှူဝတ္ထုပစ္စည်းများက သန့်ရှင်းရမည်၊ ရိုရိုသေသေလှူဒါန်းရမည်ဆိုသော အပိုင်းတွင် ယနေ့အလှူတော်က ဘယ်အလှူမျိုးလည်းဆိုလျှင် အခြားကုန်သော ကုသိုလ်မျိုးစုံတို့၏ တည်ရှိရာ နိစ္စထာဝရဖြစ်သော မော်လမြိုင်မှ ကျောင်းအမ ဒေါ်စိန်မြ ဆောက်လုပ်လှူဒါန်းသော အဋ္ဌဂူကျောင်း ကုသိုလ်

မင်္ဂလာပြုဘွယ်မျိုးဖြစ်ပေသည်။ ကျောင်းအလှူဆိုဒါကတော့ လွှယ်လွှယ်နှင့် ပျက်စီးနိုင်ဒါမဟုတ်ဘဲ အရှည် ခိုင်ခံ့ တည်တန့်၍ သာသနာတော်အား အကျိုးများသော အလှူမျိုးဖြစ်တယ်။

ဘယ်လောက် အကျိုးများသလဲ ဆိုပါလျှင် အင်္ဂုတ္တိုရ် အဋ္ဌကထာဆရာကြီးက ကြာရှည်စွာတည်သော ထာဝရ ကုသိုလ်ဖြစ်၍ စာဂါနုဿတိအမှုကို ပြုလုပ်ဆင်ခြင်တိုင်း ကံအရှိန် အဟုန်ကောင်းနေ၍ ဉာဏ်ဦးစီးသော သောတာပန်ပုဂ္ဂိုလ် တို့၏ အသိအမြင်မျိုးနှင့် တူပေသောကြောင့် သောတာပန် အကျိုးနှင့် အတူ ကြီးကျယ်မြင့်မြတ်ပုံကို ဤသို့အားဖြင့် ဖွင့်ပြပေတယ်။

ယေသံ ပန ကုလာနံ တိဏ္ဏံ သရဏာနိ၊ ပဉ္စသီလာနိ ဧကံ သလာကဘတ္တံ၊ ဧကံ ပက္ခိကဘတ္တံ၊ ဧကံ ဝဿဝါသိကံ၊ ဧကော ပေါက္ခရဏီ၊ ဧကော အာဝါသော၊ ဝေရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသံ ဂတိနိဗဒ္ဓါ၊ သောတာပန္န သဒိသာနေဝ တာနိ ကုလာနိ။

ဟု သာသနာတွင်း ကုသိုလ်မျိုးစုံတို့၏ အကျိုးပေးတရားမြဲနိုင်ပုံ တို့ကို အရိယာ သောတာပန်ပုဂ္ဂိုလ်မြတ်နှင့် တန်းတူ အဆင့်အတန်းထားကာ ဖွင့်ဆိုခဲ့ပေသည်။ အထက်ပါ အဋ္ဌကထာ ဆရာကြီး၏ ဆိုလိုရင်း စကားများကို အကျဉ်းချုပ်

ပြဆိုရသော် သာသနာတွင်း ကာလ၌ သာသနာတော်၏ အနှစ် အသား ဖြစ်တဲ့ ဝဋ်ဆင်းရဲ ကင်းရာ နိဗ္ဗာန်ချမ်းသာ မြတ်ကို မြှော်မှန်း၍ သီလ သမာဓိ ပညာ အလုပ်စခန်းကြီး များကို ထူထောင်နိုင်ရန် အခြေခံဖြစ်တဲ့—

၁။ ရှေးဦးစွာ သရဏဂုံတို့ကို အောင်မြင်အောင် ခံယူရခြင်း။
၂။ ကိုယ်ကျင့် သီလတရား ပြည့်စုံထားရခြင်း။
၃။ တကြိမ်တခါ သွမ်းကျွေးဘူးခြင်း။
၄။ တကြိမ်တခါ ဝါဆိုသင်္ကန်း ကပ်လှူဘူးခြင်း။
၅။ ရေတွင်းရေကန် တူးဖေါ်ခဲ့ဘူးခြင်း။
၆။ ကျောင်း ဇရပ်ဆောက် လှူခြင်း။

ဤဆိုအပ်ခဲ့ပြီးသော သာသနာနှင့် လောကကောင်းကျိုး ဆောင်သော ကုသိုလ်ကံများကို ပြုစု ပျိုးထောင်ရမယ်၊ ဤ နိစ္စထာဝရကုသိုလ်များသည် ပျောက်ပျက်လွယ်သောကုသိုလ် မျိုးမဟုတ် အမြဲတိုးပွါး နေသော မဟာပထဝီမြေကြီး အလား အရှည်ခိုင်ခံ့ မြင့်မားလာသော ကုသိုလ်ကံမျိုး ဖြစ်ပေ၏။ ယောနိသော မနသိကာရရှိလျှင် အမြဲတိုးတက် ပွါးများနေ၍ ဓမ္မုပမာအားဖြင့် သောတာပန် ပုဂ္ဂိုလ်၏ အသိဉာဏ် ပညာမျိုးနှင့် တူပေသည်။ သောတာပန် ပုဂ္ဂိုလ် သည် ရုပ်နာမ်အပေါ်၌ ငါကောင် သူကောင် ပုဂ္ဂိုလ်သတ္တဝါ အစွဲကင်းပြီးလျှင် အမြဲတန်း အသိဉာဏ် လင်းနေ၍ ဥပါဒါန်

ကင်းသော အပါယ်လွတ် ကံမျိုးရှိပေသည်။ ဥပါဒါန်အစွဲကင်းပါက အပါယ်ဘေးမှ ကင်းဝေးနိုင်သလိုပင် အထက်ပါ ကုသိုလ် ခြောက်မျိုးတို့တွင် တမျိုးမျိုးနှင့် ပြည့်စုံ နေပါက အမှန်မုချ အပါယ် ဝဋ်ဆင်းရဲဘေးမှ ကင်းဝေးနိုင်သောကြောင့် အဋ္ဌကထာ ဆရာကြီးများက သောတာပန္န သဒိသာနေဝ ဟု သန္နိဋ္ဌာန အနက်ရှိသော ဝေသဒ္ဒါထည့် စွက်၍ ခိုင်မာစွာ ဖွင့်ဆိုထားခြင်း ဖြစ်ပေ၍ မပျက်မကွက် အမြဲတိုးပွါးနေသော ရေမြေတို့အလား လောကပမာ အားဖြင့်လည်း သိသာထင်ရှားလှပေ၏။ မပျက်ပြားနိုင်သော ကုသိုလ်ကံမျိုး အရှည်ခိုင်စွာ ကောင်းကျိုး ဆောင်သော ကုသိုလ်ဥစ္စာမျိုး ဖြစ်၍ အနုဂါမိက ကုသိုလ်ဥစ္စာလို့လည်း ခေါ်ဆိုရပေ၏။

## ၁၅။ ကျောင်းဆောက်လှူဒါ အနုဂါမိကဥစ္စာ

ယခု ကျောက်တလုံး တောရကြီး အတွင်း၌ သံလုံး သံဇကာ၊ သံတိုင် အုတ် အင်္ဂတေ တို့ဖြင့် အရှည်ခိုင်ရန် တည်ဆောက် ထားသောကြောင့် နှစ်ပေါင်းကြာကြာ အသုံးပြုရတဲ့ ကျေးဇူးများသော အနုဂါမိကဥစ္စာ နိဗ္ဗာန် မဂ်ဖိုလ်တိုင်အောင် ကောင်းကျိုး ဆောင်နိုင် ပေသော အုတ်ဂူကျောင်းမျိုးပါဘဲ။ ဆွမ်းသင်္ကန်း ဆိုဒါတို့က သုံးဆောင်လိုက်တဲ့အခါ အချိန်ကာလ မကြာခင်ဘဲ ပျက်စီးလွယ်တဲ့ ကုသိုလ်မျိုး ဖြစ်တယ်၊ ကျောင်းကတော့ ဒီလိုမဟုတ်ဘူး၊



ကျောက်တလုံးတောရမှ ဆွမ်းခံထွက်လာသော
ကျားကူးဆရာတော်။

ကြာရှည်စွာ တည်တံ့တဲ့အတွက် ကျောင်းဒကာ ကျောင်းအမတွေလည်း ကုသိုလ်အကြိမ်ကြိမ် အထပ်ထပ် တိုးပွါးလာနိုင်တယ်၊ ဤဆောက်ထားသော ဂူကျောင်းကို အစွဲပြုပြီးတော့ နောင်အချိန် ကာလ၌ ကျောင်းဟူသော ပကတူနိဿယပစ္စည်း၊အာရမ္မဏာဓိ ပတိပစ္စည်းတို့ကြောင့် အခြားကုန်သောသူ များလည်း ဒါနမှု သီလမှု ဘာဝနာမှုတွေကို ဤကျောင်းပေါ် တက်ရောက်၍ ပြုကြမှုကြောင့် ကုသိုလ်အဆင့်ဆင့် မိမိသူတပါး နှစ်ဦးသားမှာ အထူးတိုးပွါးသာသည်။ တချို့မှာ ဤကျောင်းမှိုပြီးတော့ လှူကြတယ်၊ သီလ ဆောက်တည်ကြတယ်၊ တရားအားထုတ်ကြတယ် သူ ဘပါးပြုတဲ့ ကုသိုလ်တရားတွေကို နှလုံးသွင်းတတ်ရင် ဝိသာခါ ကျောင်းအမကြီး ဣန္ဒြိယဘာဝနာ ကုသိုလ်တိုးပွါးတဲ့ နှလုံးသွင်းမှုမျိုး ဖြစ်၍ ကျောင်းဆောက်ကြတဲ့ ကျောင်းဒကာ ကျောင်းအမတွေ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင် ကောင်းကျိုးဆောင်နိုင်သော ကုသိုလ်မျိုးကြီးဟု မှတ်သားရာ၏။

မိမိကျောင်းရှိနေတော့ ကျောင်းကိုလည်း လာဖြစ်တယ် ကျောင်းနှင့် ပတ်သက်ပြီးလျှင် ဆောင်ရွက်စရာတွေကို ဆောင်ရွက်ပြုပြင်နေတော့ မိမိဟူသော ကျောင်းတကာ ကျောင်းအမကြီးတို့၌ အပြဲတိုးပွားနေသော ကုသိုလ်တရားများ ဖြစ်လာတယ်၊ နောက်ဆုံး တိုတိုပြောရလျှင် မိမိသူတပါး နှစ်ဦး

သားလုံးပင် မင်ဉာဏ် ဖိုလ်ဉာဏ်အထိ ကောင်းကျိုးဆောင် ရွက်နိုင်တယ်။ နေ့ခင်းတမလွန် အကျိုးအတွက်ဆိုလျှင် လူ့ ပြည် နတ်ပြည်ခရီးကိုအမှန်မုချ ပို့ဆောင်မယ်၊ အဲဒါကြောင့် ကျောင်းဆောက် လှူသူသည် ကုသိုလ်အားလုံးကို လှူသည် မည်၏။

ထို့ကြောင့် ဘုရားရှင် လက်ထက်တော်က နတ်သား တယောက်သည် ဘုရားရှင်ထံ၌ ဤသို့ လျှောက်ထားပေသည်၊ မြတ်စွာဘုရား၊ ဤလောက၌ ခွန်အားဗလနည်းသူ၊ ခွန်အား ဗလကြီးသူ နှစ်မျိုးရှိနေပါသည်၊ သတ္တဝါအများသည် အဇာ တသတ်တို့လို၊ ရှင်အာနန္ဒာတို့လို၊ ဝိသာခါတို့လို အားခွန် ဗလကောင်းသော လူအဖြစ်ကို လိုလားကြပါ ကုန်သည်၊ အားခွန်ဗလ ကောင်းလိုသည့်အတွက် ဘယ်ဝတ္ထုပစ္စည်းမျိုးကို လှူဒါန်းရပါမည်နည်းဟု ခန္ဓာကိုယ်၌ ခွန်အားဗလ တောင့် တင်းရန် ရည်ရွယ်၍ လျှောက်ထားမေးမြန်းပေသည်။ ဉာဏ ဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလဟူသော အခြား ကုန်သော အားခွန်ဗလတရားတို့ကို ရည်ရွယ်၍ မေးမြန်း လျှောက်ထားခြင်းမဟုတ်ပေကုန်။

၁၆။ ဆွမ်းကိုလှူလျှင် အားအင်ပြည့်ဖြိုးခွန်အားတိုး

ဤအမေး ပုစ္ဆာမျိုးကို ဖြေဆိုရန်မှာ ယခုခေတ်အခါ လှူဒါန်းနည်းမျိုးနှင့်ဆိုပါက ဆေးရုံများသွားပြီးတော့ အာ

နည်းသူ လူမမာများအတွက် အားရှိလာအောင် သွေးလူ ဒါန်းပါဟု တိုက်တွန်း ပြောဆိုမှာပါဘဲ၊ သို့ပေသမူလည်း သွေးဖြစ်လာကြောင်းက ထမင်းစသော စားဘွယ်သောက် ဘွယ်များဖြစ်၍ အကြောင်းရင်းတရားကို ရည်ရွယ်မှန်းထား ပြီးတော့ သဗ္ဗညုဘုရားသည် အန္နဒေါ၊ ဗလဒေါဟောတိဟု ဖြေကြားတော်မူပါတယ်။

အဓိပ္ပါယ်ကတော့ ထမင်းစသည့် အာဟာရဓာတ် ပြည့် ဝတဲ့ စားသောက်ဖွယ်များကို လှူဒါန်းပါလျှင် အားရှိနိုင်၍ အားကို လှူသည်မည်တယ်၊ သို့ဖြစ်၍ အားဖြစ်စေတတ်သော ရုပ်ဝတ္ထုပစ္စည်းကို လှူဒါန်းပါဟု ဖြေကြားတော်မူသည်။

ထမင်းဆိုသော ဝေါဟာရ စကားလုံးသည် အရပ်သုံး အများသုံး စကားလုံးမျိုးဖြစ်သည်။ ဆွမ်းဆိုသော စကား လုံးသည်၊ ဝိနည်းကမ်သုံး ဘုန်းကြီးသုံး စကားလုံးဖြစ်မှုကို သတိပြု၍ ထူးခြားကွဲလွဲအောင် အရာဌာနအလိုက် သုံးစွဲ ပြောဆိုရသည်။ လူများကို ကျွေးမွေးမည်ဆိုလျှင် ထမင်းလို့ ပြောဆိုခေါ်ဝေါ်၍ ထမင်းစားကြပါဟု ပြောဆို ရသည်၊ ရဟန်းသံဃာ ကျွေးမွေးမည်ဆိုလျှင် ဆွမ်းဘုန်းပေးကြပါဟု ပြောဆိုရာ၏၊ ရဟန်း သံဃာများကို ထမင်းစားကြပါလို့ ပြောမိလျှင် ဝိနည်းစည်းကမ်းအရ ဂဏ‌ဘောဇဉ်ဖြစ်၍ မအပ် စပ်မှုကြောင့် မဘုန်းပေးကောင်းပေ။

ဤကဲ့သို့သော ဝိနည်းသုံး စကားလုံးများဖြင့် သာသနာ သုံး စကားလုံး အပြောအဆိုများမှာ ဘာသာ ယဉ်ကျေးသော မိဘရိုးရာ ပြောဆိုလေ့၊ သင်ကြားလေ့ ရှိကြသူများ၌ ဘုန်းတော်ကြီးများနှင့် နီးစပ်ခြင်း ရတနာ သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊ အတွေ့အကြုံများမှုကြောင့် မှန်ကန်စွာ သုံးနှုန်းပြောဆိုတတ်ကြ ကုန်သည်။ ကျောင်းကန် ဘုရားနှင့် ဝေး၍ ဘုန်းတော်ကြီးများနှင့် ဝေးနေသူများသည် ရဟန်း သံဃာများ၌ အပြစ်ကင်းအောင် မပြောဆိုတတ်သည့်အပြင် အမူအရာအားဖြင့် ဂါရဝမဂ်လာ ချို့တဲ့သောကြောင့် ရိုင်းစိုင်း၍ နေပေကုန်သည်။ ရိုင်းစိုင်းသော စကားမျိုးကိုသာ ပြောဆိုတတ်ပေကုန်သည်။

နောင်တချိန်၌ ဤကဲ့သို့ဘာသာ ယဉ်ကျေးမှု ဆိတ်သုဉ်း၍ ရိုင်းစိုင်းတဲ့ ကလေးလူကြီးတွေ အများကြီး ဖြစ်ပေါ်လာပြီးလျှင် သာသနာ ဆုတ်ယုတ် ကွယ်ပျောက်နေသူ၊ ရဟန်းရှင်လူ၊ ခတ်များများ ပေါ်ပေါက်လာပေလိမ့်မည်။ ဘုရားတရား သံဃာဆိုဒါ ဘာမှန်းမသိဘဲ ဖြစ်ပြီးတော့ ရတနာ သုံးပါး၌ ရှိသေရမှန်းမသိ၊ မိဘဆရာတို့၏ ဂုဏ်ကျေးဇူးရှိတယ်ဆိုတာပင် မသိနားမလည်သော အခြေအနေသို့ ဆိုက်ရောက်၍ လောကကြီးသည် လူရိုင်းအတိ ဖြစ်ပေလိမ့်မည်။ ယခုလည်း လူရိုင်းအတိဖြစ်နေသော နိုင်ငံအများကြီး ရှိပေကုန်သည်။

ပုဂ္ဂလမိဋ္ဌာန်အားဖြင့် ပုဂ္ဂိုလ်အချို့တို့၌ သာသနာ ဆိတ်သုဉ်းနေသော်လည်း မိမိ၌ သူတော်ကောင်းတရား သာသနာ မဆိတ်သုဉ်းအောင် သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ နေထိုင်ကြရမည်။ ဆွမ်းစသော စားဘွယ်သောက်ဘွယ်တို့ကို လှူဒါန်းကြ ပေးကမ်းကြခြင်းသည် ခန္ဓာကိုယ်၌ အင်အားတောင့်တင်း၍ ကာယဗလဖြစ်လာအောင် လှူဒါန်းကြခြင်း ဖြစ်ပေကုန်သည်၊ လောက၌ အားရှိမှ ဘယ်ကိစ္စမဆို လုပ်ကိုင်လို့ ဖြစ်ပေတယ်။

ယခုဆောက်နေသောကျောင်းဆိုလျှင် အမြန်ပြီးစီးနိုင်ရန်အတွက် နိုင်းပြိုင်ကျေးရွာမှ လာရောက်၍ အုတ်သယ်ခြင်း၊ သဲသယ်ခြင်းတို့သည် ခွန်အားဗလရှိ၍ သယ်နိုင်ခြင်းဖြစ်သည်။ အားမရှိက မသယ်နိုင် အားနည်းနေသည် ဆိုလျှင်ပင် လုပ်စရာ ကိစ္စများကို တွင်ကျယ်အောင် မလုပ်နိုင်တော့ဘူး။ သဗ္ဗေ သတ္တာ အာဟာရ ဋ္ဌိတိကာ ဆိုသော ဘုရားစကားအတိုင်း ဆွမ်းစသောစားဘွယ်သောက်ဘွယ်ကို သတ္တဝါတိုင်း မှီခိုကြရတယ်။ အာဟာရမရှိပါက လူတွေ နတ်တွေ ရပ်တည်လို့ မရ၊ သေကြရကုန်၏။ ရှင်ပြုချင်တယ်၊ ရဟန်းခံခြင်တယ်၊ ချက်ပြုတ်ပြီးတော့ လှူချင်တယ်ဆိုလျှင် ခွန်အားဗလ ပြည့်ဝစုံလင် အားအင်ခိုင်ခံ့သူများသာ ပြုလုပ်ဆောင်ရွက် ကြပေကုန်တယ်။ ရေသောက်ချင်သည်သာပင် အားရှိမှ ကိုယ်တိုင်ခတ်သောက်နိုင်ဒါ၊ အားမရှိလျှင် သူတပါးကို အားကိုးနေဒါ

ဘဲ၊ ဥပုသ်စောင့် တရားအားထုတ်ချင်တယ်ဆိုလည်း သွေးအား လေအား တောင့်တင်းခိုင်မာသော ပထမအရွယ်၌သာ ဥပုသ်သီတင်း သီလ ခံယူနိုင်တယ်၊ တရားဘာဝနာကို ပွားများနိုင်တယ် မှတ်သားရမည်။

အင်အားနည်းပါးသွားတဲ့ အရွယ်ရောက်နေပြီ ဆိုလျှင် အားနဲ့မှုကြောင့် ဆုံကြင်ကိုက်ခဲ စသော ဒုက္ခဝေဒနာကြမ်းကြီးများကို သည်းမခံနိုင်ဘဲ ခဏခဏလှုန်၍ ပစ်တတ်သည်။ ခဏခဏထ၍သွားခြင်းသည် အားနည်းမှုကြောင့်ဖြစ်ကြောင်း သိသာတင်ရှားပေသည်။

## ၁၇။ တရားအားထုတ်နိုင်ကြောင်း အင်္ဂါရပ် ငါးမျိုး

ထို့ကြောင့် အင်္ဂုတ္တိုရ် ပါဠိတော်၌ တရားအားထုတ်လို့ ဖြစ်တဲ့ အင်္ဂါရပ်ငါးမျိုး ပြဆိုထားပုံ။

၁။ ၃၃–နှစ်ဖြစ်သော ပထမအရွယ် ဖြစ်ရခြင်း။

၂။ အစာကြေကျက်ခြင်း။

၃။ ရဟန်းအချင်းချင်း လူအချင်းချင်း ရှင် လူ ရဟန်း အချင်းချင်း ညီညွတ်မှု ရှိနေခြင်း။

၄။ အစာအာဟာရ ပြည့်စုံခြင်း။

၅။ တိုင်းပြည်၌ သူပုန်ထမှု ဘေးမရှိ၊ တိုင်းပြည် အေးချမ်းခြင်း။

ဤ တရားအားထုတ်လို့ ကောင်းသော အခါကာလ ငါး ရပ်တို့တွင် အစာအာဟာရပြည့်စုံမှု အရှယ်ကောင်းမှုတို့သည် အားရှိမှုကို ပြဆိုသည်။ ထို့ကြောင့် အားရှိမှ ဘယ်ကိစ္စမျိုး မဆို ပြီးစီးအောင်မြင်နိုင်ကြောင်း သိသာထင်ရှား၏။ အား မရှိလျှင် အပူအအေးမခံနိုင်ဘဲ ခဏခဏ နေထိုင်မကောင်း ဖြစ်ရသည်၊ ခဏခဏ အအေးပတ်သည်၊ အလုပ်အကိုင်ကို သူများနည်းတူ မလုပ်နိုင်ကုန်။

ဆောင်ပုဒ်

ပထမအရွယ်၊ ကြေလွယ်အစာ၊ ညီညွတ်ခါနှင့်၊
ပြည့်စုံစွာ အာဟာရ၊ မွဲ့ပြုပြည့်ရွာ၊ အေးချမ်းပါ
လျှင်၊ ငါးဖြာကာလ ချိန်ကောင်းတည်း။

အားရှိဘို့ရန်ဆိုဒါ လူ့ပြည့်၌သာ လိုဒါမဟုတ်ဘူး နတ် ပြည်၊ ဗြဟ္မာ့ပြည်တို့၌လည်း အားရှိရန် အမှန်ပင်လိုအပ်ပေ သည်။ နတ်ပြည်၌ အစာအာဟာရကို အချိန်မှန်မှန် စားရ သည်။ အစာစားချိန်လွန်သွားက၊ နတ်များ၌ လူထက်ပင် အသေမြန်သည်။ ဗြဟ္မာတို့၌ ရုပ်အာဟာရ မဟုတ်ပါဘဲ သမာဓိဟူသော နာမ်အာဟာရဖြင့် ကပ်ကမ္ဘာပေါင်းများ စွာ အသက်ရှည်ကြပေကုန်သည်။

ဤသည်ကား သတ္တဝါတိုင်း အာဟာရကိုမှီတွယ်ပုံဖြစ် သည်။ လူတို့ကတော့ အသိသာဆုံးပါဘဲ၊ နေထိုင်မကောင်း

လို့ နှစ်ရက်, သုံးရက် မစားဘဲနေတယ်ဆိုရင်ဘဲ လူပျော့ပြီး တော့ နှမ်းချိကာ တဖြေးဖြေးပိန်လာပေတယ်၊ ထို့ကြောင့် အားရှိဘို့ရန် သတ္တဝါတိုင်း လိုလားကြ၍၊ ကောစ ဟောတိ ဗလဒေါ ဟူသော ပုစ္ဆာကို နတ်သားတယောက်က ဘုရား ရှင်ကို လျှောက်ထားခြင်းဖြစ်ပေသည်။ ကော၊အဘယ်ဝတ္ထု ပစ္စည်းအလှူပြုမှုမျိုးသည်။ ဗလဒေါ၊ ခွန်အားကိုပေးလှူသည် မည်သည်။ ဟောတိ၊ ဖြစ်ပါသနည်းဟု မေးမြန်းလျှောက် ထားသည်။

ထို့ကြောင့် အတိတ်ကာလ နောက်ဘဝများစွာက၊ ခွန် အားဗလ ပြည့်စုံတောင့်တင်းကြောင်းဖြစ်သော ဆွမ်းစသော အာဟာရ ဒါနတွေကို များများလှူဒါန်းခဲ့ဘူးသောသူသည် ယခုဘဝ၌ သူတပါးထက် ထူးထူးချွန်ချွန် အင်အားပြည့်စုံ သော ဝိသာခါတို့လို ကမ္ဘာကျော် အားကောင်းမောင်၊ အားကောင်း မယ်ကြီးတွေ ဖြစ်လာနိုင်တယ်။ ထို့ကြောင့် သူတပါးတို့ကို အားဖြစ်စေကြောင်းဖြစ်တဲ့ အစာအာဟာရ နှင့် ဆေးပစ္စည်းတွေကို များများလှူဒါန်းကြရမည်။

ထို့နောက် တဖန် ဒုတိယမြောက်အားဖြင့် လျှောက် ထားပြန်သည်မှာ ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာ ဘုရား၊ သတ္တဝါအများသည် အဆစ်အမြစ် ပြေပြစ်၍ လုံး ကြီးပေါက်လှ ချောမောကြဒါကို နှစ်သက်မြတ်နိုးကြပါ ကုန်သည်။ အဘယ်ဝတ္ထုပစ္စည်းမျိုး လှူဒါန်းရပါမူ၊ ရုပ်ရေ

အဆင်း လှပခြင်းကို ဖြစ်နိုင်ပါသနည်းဟု နတ်သားက လျှောက်ထား မေးမြန်းပြန်ပေသည်။

## ၁၈။ လှပချင်က အဝတ်သက်န်းလှူကြ

ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။

ဟု မြတ်စွာဘုရားက ဖြေကြားတော်မူပေသည်။ နတ်သား အဝတ်, ပုဆိုး, ထမီ, အင်္ကျီ, တဘက်, ပုဝါ, သင်္ကန်း စသော မိမိလည်း မြတ်နိုး၊ အလှူခံပုဂ္ဂိုလ်လည်း မြတ်နိုးဘွယ် ဖြစ်၍ ခန္ဓာကိုယ်ကို တင့်တယ်အောင် ဆင်မြန်းကြောင်း၊ အဝတ် အထည်ကောင်းတို့ကို မိမိ စွမ်းဆောင်နိုင်သလို လှူဒါန်းပါက ရုပ်ရေ အဆင်း လှပကြောင်းဖြစ်တယ်လို့ ဘုရားရှင်က ဖြေကြားပါတယ်။ သုံးဆယ့်တဘုံနယ်ပယ်ကြီး အတွင်း၌ စုံခြည်ဆန်ခြည် အထက်အောက် သွားလာနေထိုင် ကြတယ်ဆိုဒါ မသိမှု အကြောင်းခံပြီးတော့ နှစ်သက်တွယ် တာစွဲလန်းတတ်တဲ့ တဏှာ ရာဂ ဆွဲဆောင်မှုကြောင့် တဏှာ နိုင်ငံတွင်းမှာ နေထိုင်ကြရတော့၊ တဏှာအလိုလိုက်ပြီးလျှင် လှပချောမွေ့မှုကို မြတ်နိုးတတ်ကြဒါဘဲ၊ မရေတွက်နိုင်သော ဘဝများစွာ သံသရာက ပါလာတဲ့ တဏှာဝါသနာကို မပယ် စွန့်နိုင်ဘူးဆိုလည်း မလွဲဘူးပေါ့၊ လှပချင်ကြတယ်၊ လှပ ကြောင်းဖြစ်တဲ့ အဝတ်ကောင်းတွေကိုလည်း ဝတ်ဆင်ချင် ကြတယ်၊ လူမှာအဝတ်၊ တောင်းမှာအကွပ် ဆိုသလို ပင် ကိုယ်က မလှပပေသမှုလည်း ဝတ်ကောင်းစားလှဖြင့် တန်း

ဆာဆင်လိုက်တော့၊ အခြားသူ၏ တဏှာအမြင်မှာ တင့်တင့်တယ်တယ်ဖြစ်လာတယ်၊ ကြည်လို့ကောင်းလာတယ်၊ ဒါဟာ ပုထုဇဉ်ကနေပြီးတော့၊ အနာဂါမ် အရိယာ ပုဂ္ဂိုလ် နယ်ပယ်တိုင်အောင် နှစ်သက်မှုအနေအားဖြင့် အနဲနှင့် အများ ဖြစ်တာဘဲ။

ဒါကြောင့် အလှအပ နှစ်သက် မြတ်နိုးကြသူ များသည်၊ အဝတ်အထည်တို့ကို များများလှူဒါန်းကြ ပါလျှင် ဖြစ်လေရာရာ ဘုံဘဝယ်၊ သူတကာတို့ထက် ထူးချွန်သော အလှမယ်ကလေးတွေ ဖြစ်နေကြမှာဘဲ၊ ထို့ကြောင့် အဆင်းလှပသူများသည် သင်္ကန်း လှူဒါန်းမှသာ မဟုတ်ဘူး လှူဒါန်းသင့်သူ ရှင်လူများကို ထိုက်တန်သော အင်္ကျီလုံချည် တဘက်ပုဝါ စသည်တို့ကို လှူဒါန်းနိုင်ကုန်သည်။

ထို့နောက် တဖန် သုံးကြိမ်မြောက် လျှောက်ထားသည်မှာ–ဘုန်းတော်ကြီးပေသော မြတ်ဘုရား၊ သတ္တဝါအများသည် ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို လိုလားကြပါကုန်သည်၊ နေ့စဉ်ပင် သွားလာလှုပ်ရှား လုပ်ကိုင်နေထိုင်ခြင်းသည်၊ ချမ်းသာရန် ကြိုးစားအားထုတ်ကြခြင်းဖြစ်၍ ပစ္စုပ္ပန်ချမ်းသာ တမလွန်ချမ်းသာအတွက် အဘယ်အလှူ ဝတ္ထုပစ္စည်းမျိုးတို့ကို လှူဒါန်းရပါ မည်နည်းဟု လျှောက်ထားမေးမြန်းသောအခါ–

## ၁၉။ ချမ်းသာလိုက ထီးဘိနပ်လှူကြ

ယာနဒေါ သုခဒေါ ဟောတိ။

ဟု ချမ်းသာချင်လျှင် ယာဉ်ကိုလှူပါဟု မိန့်ကြားဖြေဆိုတော် မူပေသည်။

ယာဉ် ဟူသော စကား၏ အနက်သဘောကို အနည်းငယ်ရေးသားရသော်—

ယာ-ဂတိ ပါပုဏနေ ယန္တိ ဂစ္ဆန္တိ ပါပုဏန္တိ ဧတ္ထ-တသ္မာတိ ယာနံ (အဘိဓာနပ္ပဒီပိကာသူစိ) ဖွင့်ဆိုသည်နှင့် အညီ သွားလိုရာအရပ် ရောက်လိုရာဒေသသို့ သွားကြောင်း ရောက်ကြောင်း ဖြစ်သော ရုပ်ဝတ္ထု ပစ္စည်းနှင့် အချို့သော နာမ်တရားများသည် ယာဉ်မည်၏။ ရထားယာဉ်၊ သင်္ဘောယာဉ်၊ ကားယာဉ်၊ လေယာဉ်၊ ဆင်ယာဉ်၊ မြင်းယာဉ်စသော ယုတ်စွအဆုံး ဘိနပ်တောင်ဝှေးသည်ပင် ရုပ်ဝတ္ထုပစ္စည်း ယာဉ်များ ဖြစ်ကုန်၏။

သဒ္ဓါယာဉ်၊ ဝီရိယယာဉ်၊ သတိယာဉ်၊ သမာဓိယာဉ်၊ ပညာယာဉ်၊ မဂ္ဂင်ယာဉ်များသည် နိဗ္ဗာန်မင်္ဂလာသို့ ရောက်ကြောင်းဖြစ်၊ ထူးထွေသော နာမ်ယာဉ်များ ဖြစ်ကုန်၏၊ ထို နာမ်တရားယာဉ် များတွင် မဂ္ဂင်ယာဉ်ကြီးသည် နိဗ္ဗာန်သွားရာ၌ အချုပ်အချာ ပဓာနယာဉ်ကြီး ဖြစ်၏။ ဤမဂ္ဂင်ယာဉ်ရထားကြီးသည် အလွန်ခိုင်ခံ့သည် ဖြစ်၍ တစုံတခု

သော အန္တရာယ် အနှောက်အယှက်တို့သည် ဖျက်ဆီး၍ မရနိုင်ကုန်၊ ပြင်ပ၌ သွားလာနေကြ ကုန်သော ကားယာဉ်, ရထားယာဉ်စသော ရုပ်ဝတ္ထုယာဉ် အားလုံးတို့သည် လေ, နေပူ, မြူ, အညစ်အကြေး စသော အကြောင်းဆိုးတို့ကြောင့် ညစ်နွမ်းဟောင်းမြွေ ပျက်စီးကြရ ကုန်၏။

ဤ အရိယမဂ္ဂင် ယာဉ်သည် ပျက်စီးမှုမရှိ၊ ဟောင်းနွမ်းမှု မရှိ၍ အမြတ်ဆုံးယာဉ် ဖြစ်၏၊ ထို့ကြောင့်—

> ဣမသောဝ ခေါ တော် အာနန္ဒ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ၊ ဗြဟ္မယာနံ ဣတိပိ၊ ဓမ္မယာနံ ဣတိပိ၊ အနုတ္တရော သင်္ဂါမ ဝိဇယော ဣတိပီတိ။

ဟူ၍ မဟာဝဂ္ဂသံယုတ်ပါဠိ၌ အဝိဇ္ဇာဝဂ်၌ဟောကြားတော်မူ၏။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တော်ယာနံ၊ ဤသမ္မာဒိဋ္ဌိ မဂ္ဂင် ယာဉ်သည်။ အရိယဿ၊ မြတ်သော။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါးရှိသော။ ဣမဿေဝ မဂ္ဂဿ၊ ဤလောကုတ္တရာ မဂ်တရား၏ သာလျှင်။ အဓိဝစနံ၊ ဟောကြောင်းနာမည် ဖြစ်၏။ တော်ယာနံ၊ ဤ မဂ္ဂင်ယာဉ်ကို။ ဗြဟ္မယာနံ ဣတိ၊ ဗြဟ္မယာဉ် ဟူ၍၎င်း။ ဓမ္မယာနံ ဣတိ၊ ဓမ္မယာဉ် ဟူ၍၎င်း။ အနုတ္တရော သင်္ဂါမ ဝိဇယော ဣတိပိ၊ အတုမရှိ မြတ်သော

ကိလေသာစင်မြေပြင် အောင်ပွဲရ ယာဉ်ဟူ၍ရင်း။ ဝုစ္စတို၊ ခေါ်ဆိုအပ်၏။

ဤသို့ စသည်ဖြင့် မဂ္ဂင်ယာဉ် ရထားကြီး၏ ရထားဖြူကြီး ဖြစ်၍ ကြီးကျယ်ပုံကို ဟောကြားတော်မူ၏။

ဤသည်ကား ယာဉ်ဟူသော စကားကို အနည်းငယ်မျှ ပြဆိုခြင်းပင် ဖြစ်ပေသည်။

အဓိပ္ပါယ်မှာ—သတ္တဝါတို့သည် မရေမတွက် နိုင်သော သံသရာ ရေပြင်ကြီးဝယ် ကူးခတ်သွားလာ နေခိုက်၌ ကောင်းဒါ မကောင်းဒါတွေကို မရေမတွက် နိုင်အောင် များစွာ ပြုလုပ်ခဲ့ကြ ပေတယ်၊ ဆန်းကြယ်သော စိတ်တရားက ခေါ်ဆောင် ရွှေသွားမှုကြောင့် အလွန်ဆန်းကြယ်တဲ့ ကံမျိုးတွေကို ပြုလုပ်ခဲ့ကြသည့် အတွက် ဆန်းကြယ်သော အကျိုး ရနေကြတယ်။

တချို့၌ ကိုယ်ကဆင်းရဲစွာ လုပ်ကိုင်နေရပြီးတော့ စိတ်က ချမ်းသာနေတယ်၊ တချို့၌ စိတ်က ဆင်းရဲနေပြီးတော့ ကိုယ်ခန္ဓာကြီးကတော့ တိုက်ကြီးပေါ် ကားကြီးပေါ်မှာ နေပြီးလျှင် ချမ်းသာနေပြန်ပေသည်။

တချို့၌ အချိန်အခါ ခေတ္တ၌ရင်း တသက်လုံးရင်း ကိုယ်စိတ် နှစ်ပါး ချမ်းသာနေပြန်ပေသည်။ ဘယ်သူမပြု မိမိအမှု၊ ဆိုသောစကားအတိုင်း အတိတ်ဘဝဟောင်းများက လောဘ

ဒေါသတရား မာန ဣဿာ မစ္ဆေရတရားဆိုးများ နှောက်ယှက် ခံရ၍ ပြုလုပ်ခဲ့သော ကုသိုလ်ကံတရားသည် အရောရော အနှောနှောဖြစ်၍ ဘုံဘဝ၌ မစင်မကြယ် အကျိုးပေး နေမှုကြောင့် ဆင်းရဲဒုက္ခ တွေ့ကြုံနေကြရကုန်သည်။

စိတ်နိုင်သော တရားရှင်ကြီးများကျတော့ ပစ္စည်း ဥစ္စာစသော လောကအာရုံတွေ မပြည့်စုံပေသမှုလည်း ကိုယ်တွင်း၌ သူတော်ကောင်းတရား ကိန်းအောင်းနေမှုကြောင့် ဘုရားလက်ထက်တော်က သုပ္ပဗုဒ္ဓကုဋ္ဌိ လူနူကြီးလို စိတ်ကတော့ ချမ်းသာနေဒါပါဘဲ အဲဒီတော့ ချမ်းသာတယ် ဆင်းရဲတယ်ဆိုဒါ အမှန်တော့ စိတ်သာလိုရင်းဖြစ်၍ သန္တုဋ္ဌိ ပရမံ ဓနံ ဆိုသည့်အတိုင်း မိမိမှာရှိသမျှကို ရောင့်ရဲသော စိတ်သဘောဖြင့် နေနိုင်ပါလျှင် ချမ်းသာတယ် ခေါ်ရတယ်။

အဲဒီတော့ ကိုယ်စိတ်နှစ်ပါး ချမ်းသာချင်လျှင် သဗ္ဗညုဘုရား ဟောကြားသည့်အတိုင်း ယာဉ်ခေါ်တဲ့ ထီး၊ ဘိနပ်၊ ယပ်တောင်၊ တောင်ဝှေး၊ မော်တော်ကား၊ လေယာဉ်ပျံ၊ မီးသင်္ဘော၊ ပဲ့ချိတ်၊ မော်တော်ဘုတ်၊ စသော သက်မဲ့ဝတ္ထုများနှင့် သက်မဲ့ဝတ္ထုပစ္စည်းများကို ခေတ္တ စီးကြောင်း ဖြစ်သော လက်မှတ်တို့ကို တစုံတယောက် ရဟန်း ရှင် လူအားပေးလှူဒါန်းခြင်းသည် ယာဉ်လှူသည်ဖြစ်၍ ကိုယ်စိတ် နှစ်ပါး ချမ်းသာများကိုအမှန်မုချ ပေးနိုင်သည်။

အလှူခံပုဂ္ဂိုလ်က လူသာမညော၊ ဖိုးသူတော်၊ မယ်သီလ ဖြစ်နေလျှင် နွားလှည်း၊ မြင်းလှည်း၊ လှေ၊ ဖေါင် ဟူသော သက်ရှိယာဉ်များကိုလည်း လှူဒါန်းနိုင်သည်။ အထက်ပါ သက်ရှိသက်မဲ့ယာဉ်တို့ကို အမြဲထာဝရ လှူဒါန်းခြင်း အခိုက် အတန့် လှူဒါန်းခြင်းဟု နှစ်မျိုးနှစ်စား ရှိပေကုန်သည် အမြဲ လှူဒါန်းမှုမဟုတ်ဘဲ အခိုက်အတန့်လှူဒါန်းရာ ဘုရားရှင် ကိုယ် တော်တိုင် အလှူခံ၍ သုံးဆောင်သော ပုံစံတခုကို ပြဆိုရမည် ဆိုလျှင်—

အခါတပါး သဗ္ဗညုဘုရားသည် ကပိလဝတ်ပြည်၌ မင်း ညီ မင်းသားတို့၏ ပင့်လျှောက်ထားချက်အရ မသုံးဆောင် ရသေးသော ခင်းကျွန်းခေါ် အစိုးရအဆောက်အဦသစ်ကြီး၌ ယခုခေတ် အခေါ်အဝေါ်ဆိုတော့ လွှတ်တော်အဆောက် အအုံသစ်ကြီး ဆောက်ပြီးခါစ အချိန်သမယ၌ မင်းညီ မင်း သား တို့သည် အလွန်ကောင်းလှသော အဆောက်အအုံကြီး ၌ အဘယ်သူသည် အဦးအဖျား သုံးဆောင်ထိုက်သလဲဟု ဤသို့ စသည်ဖြင့် ဆင်ခြင်စဉ်းစားသော် သဗ္ဗညုဘုရားသည် ရှေးဦးစွာ သုံးဆောင်သင့်ပေသည်ဟု အများသဘောတူ ဆုံးဖြတ်၍ ဘုရားကို သွားရောက်လျှောက်ထားပြီးလျှင် ယာ ယီ တညပင့်၍ လှူဒါန်းပုံ ဘုရားနှင့် ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး တရားဟောပုံ အကြောင်းစုံကို သဠာ- ယတနဝဂ္ဂသံယုတ် ပါဠိတော်လာရှိသည်ကို ထောက်ထား၍

အခိုက်အတန့်လှူဒါန်းခြင်းသည်လည်း ကောင်းကျိုးများပါ ကြောင်း ယခုခေတ်အခါအချို့ကုန်သော ဘာသာယဉ်ကျေးလိမ္မာကုန်သော အမျိုးသား အမျိုးသမီးတို့သည်လည်း မိမိတို့ အိမ်သို့ ခေတ္တ ရဟန်းသံဃာများ ကြွရောက်လာသော အခါ ကျောင်းအမှတ် သီတင်းသုံးနေထိုင်ပါရန် ကြည်ညိုကြကုန်သော သဒ္ဓါဖြင့် ပန်ကြား လျှောက်ထားခြင်းမျိုးသည် လည်း ခေတ္တခဏ ကျောင်းတကာ ကျောင်းအမ ပြုလုပ်လိုက်ခြင်းမျိုးဖြစ်၍ ကောင်းသော အတုယူဘွယ်များဖြစ်ပါသည်။

ထို့ကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခ ရရှိခံစားလိုသူများသည် ချမ်းသာကြောင်း ဖြစ်သော အထက်ပါ ကုသိုလ်ကောင်းမှုများကို မိမိအင်အားအလိုက်ပြုလုပ်ကြပါက အလှူခံပုဂ္ဂိုလ်၌ ကိုယ်စိတ်နှစ်ပါး ချမ်းသာသွားကြသလို အလှူရှင်ပုဂ္ဂိုလ် တို့၌လည်း သဒိသံ ပါကံ ဇနေတိ ဆိုသည့်အတိုင်း အကျိုးတူဖြစ်ခါ ချမ်းသာသုခ ရနိုင်ပါကုန်သည်။

ထို့နောက် တဖန် နတ်သားက ၄-နံပါတ် ပုစ္ဆာတခုကို လျှောက်ထား မေးမြန်းသည်မှာ ဘုန်းတော်ကြီးပေသော မြတ်စွာဘုရား ဤလောကကြီး၌ သတ္တဝါတို့သည် အသားမျက်စိ၊ သမာဓိမျက်စိ၊ ဉာဏ်မျက်စိ ဟူသော မျက်စိသုံးလုံး အမြင်ကောင်းခြင်းကို သတ္တဝါတိုင်းပင် လိုလားကြပါကုန်သည်။

အထက်ပါ အမြင်သုံးပါးရကြောင်းဖြစ်သော အလှူသည် ဘယ်အလှူမျိုးဖြစ်ပါသနည်း၊ ဘယ်အလှူဒါနပြုလျှင် ကောင်းမွန်သော အမြင်တရားများကို ရနိုင်ပါသနည်းဟု လျှောက်ထားသောအခါ-

## ၂၀။ အမြင်စခက်လိုပါက မျက်မှန်လှူကြ

ဒီပဒေါ ဟောတိ စက္ခုဒေါဟု ဟောကြားတော်မူပေသည်။ အရောင်တောက်ပကြောင်း ဖြစ်သော ရုပ် ဝတ္ထု ပစ္စည်းတို့ကို လှူဒါန်းပါလျှင်၊ အမြင်ခတ်တို့ကို ရနိုင်ပါသည်ဟု ဖြေကြားတော်မူပေသည်။

မြင်စရာ ဝတ္ထု ပစ္စည်းမျိုးဆိုဒါ အလင်းရောင်ရှိမှ မြင်နိုင်တယ်။ ထို့ကြောင့် မြင် သိစိတ် ဖြစ်ပေါ်ကြောင်းတရားကို ဖွင့်ပြရာ အဋ္ဌသာလိနီ အဋ္ဌကထာ၌ စက္ခုပသာဒ၊ ရူပါရုံ၊ မနသိကာရ၊ အလင်းရောင်၊ ဤအကြောင်းတရား လေးပါးပေါင်းဆုံသောကာလ၌ မြင် သိစိတ် ဖြစ်ပေါ်လာပေသည်။

ထို့ကြောင့် အမြင်ခတ် မျက်စိအမျိုးမျိုး ပြည့်စုံရရှိလိုသူများသည်၊ ဖယောင်းတိုင်၊ လျှပ်စစ်ပစ္စည်း၊ လက်နှိပ်ခတ်မီး၊ ခတ်ခဲ၊ မျက်မှန်စသော အလင်းရောင်ဆိုင်ရာ ရုပ် ဝတ္ထု ပစ္စည်းစုကို သဒ္ဓါကြည်ဖြူစွာဖြင့် လှူဒါန်းကြမည်ဆိုလျှင် အမြင်ခတ်ရနိုင်ပါကြောင်း။

ထို့နောက်တဖန် ၅—နံပါတ် ပုစ္ဆာကိုမေးမြန်းလျှောက်ထားပြန်သည်မှာ ဤလောကကြီး၌ သတ္တဝါအားလုံးသည် အားရှိခြင်း၊ အဆင်းလှခြင်း၊ အသက်ရှည်ခြင်း၊ ချမ်းသာခြင်း၊ အမြင်ဉာဏ်ရှိခြင်း ဟူကုန်သော ကောင်းကျိုးများစွာတို့ကို လိုလားကြကုန်သည်၊ အကျိုးကို လိုလားလျှင် အကြောင်းကို ရှာဖွေရမည်ဖြစ်သောကြောင့်၊ ငှက်ပျောသီး စားချင်လျှင် ငှက်ပျောပင်စိုက်ရဆိုသလို အကျိုးများစွာ ရရှိရန် အကြောင်းများစွာတွေ ပြုလုပ်နိုင်မှရမှာလား၊ သို့မဟုတ် အကြောင်းတခုတည်းဖြင့် အကျိုးများစွာ ဖြစ်ထွန်းလာနိုင်သော ကံမျိုးစေ့မျိုးသည် အဘယ်ဟာမျိုးဖြစ်ပါသနည်း၊ အဘယ်အလှူဒါနကို ပြုလုပ်က အကျိုးမျိုးစုံ အဖုံဖုံကို စုံနေအောင် ပြည့်စုံရရှိနိုင်ပါသနည်း။ ဤသို့အားဖြင့် နတ်သားက မေးမြန်းလျှောက်ထားသောအခါ၌—

## ၂၁။ ကောင်းကျိုးစုံလိုပါက ကျောင်းဆောက်ကြ

**သောစ** သဗ္ဗဒဒေါ **ဟောတိ၊ ယော** ဒဒါတိ ဥပဿယံ။ ဟူ**သော** အဖြေစကားကို **ဟောကြားတော်** မူပေသည်။ ယော၊ အကြင်အမှတ်မထင် တစုံတယောက်**သော** သူသည်။ ဥပဿယံ၊ အများသူငါ ပုန်းအောင်းမှီခိုရာ ဖြစ်သော ကျောင်းကို။ ဒဒါတိ၊ သဒ္ဓါကြည်ဖြူပေးကမ်း စွန့်လှူ၏။ သော၊ ထိုအများ မှီခိုရာကျောင်းလှူသော ကျောင်းဒါယကာ၊ ဒါယိကာမသည်။ သဗ္ဗဒဒေါ၊ အလုံးစုံ **ကောင်းကျိုး**

တရားရဘို့ရာ ပေးကမ်းလှူဒါန်းသည့် မည်သည်။ ဟောတိ၊ ထင်ရှားမသေ့ ဖြစ်၍လာပေ၏။

အဓိပ္ပါယ် ဖော်ပြရသော်၊ ဥပဿယံပုဒ်သည် ဥပရှေးရှိသော သိဓာတ်ဖြစ်၍ သိ၊ သယနေဆိုသော ဓာတ်ကျမ်းလာ စကားအတိုင်းအများသူငါတို့၏မှီခိုအားထားချဉ်းကပ်လည်း လျောင်းနေထိုင်ရာ ကျောင်း၊ အိမ်၊ ဇရပ်၊ပြာသာဒ် လိုဏ်ဂူ၊ တန်ဆောင်း အစရှိကုန်သော မှီခိုရာ အဆောက်အအုံ တို့ကို ရ၏။

## ၂၂။ ရဟန်းတော်တို့၌ ကျောင်းမျိုးစုံ အဖုံဖုံ

အယုတ်ဆုံးအားဖြင့်—

ဘူမဌကပဏ္ဏသာယဝါ သာခါမဏ္ဍပဿဝါ အာနိသံ-သောနာမ ပရိစ္ဆိန္ဒိတုံ န သက္ကာ။ ဟူ၍ ဖွင့်ဆိုထားသော သံယုတ် အဋ္ဌကထာ အသီသဝဂ်လာ စကားအတိုင်းမြေပေါ်၌ တည်ဆောက်ထားသော သစ်ခက်တဲ၊ သစ်ခက်မိုး ကာထားသောကျောင်း၊ သစ်ခက်မဏ္ဍပ်၊ ထန်းလက် သက်ကယ် ဓနိတို့ ဖြင့် ပြုလုပ်ထားသမျှသော အဆောက်အအုံသည် မှီခိုရာ ဥပ-ဿယဖြစ်၍ ယခုခေတ်အခေါ် အတိုင်း ကျောင်းဟု မှတ်သား အပ်၏။

အထက်ပါ ကျောင်းမျိုးစုံတို့တွင် တခုခုသော မှီခိုရာ ကျောင်းဆောက်သူ၏ ကောင်းကျိုးအာနိသင် အရေအတွက်

မည်သည်၊ တဘ၀သာ ကောင်းကျိုးပေး၍ နှစ်ဘ၀ သုံးဘ၀သာ ကောင်းကျိုးဖြစ်နိုင်သည်ဟု အကျိုးပေးပုံ ဘ၀အကြိမ်အပိုင်းအခြားမည်သည် ဤမျှလောက်သာဘဲဟု ပိုင်းခြားလို့ပင် မတတ်စွမ်းနိုင်ကုန် ဟူသော–

ကျောင်းအကျိုးတရား ကြီးမားမြင့်မြတ်ပုံကို အဋ္ဌကထာဆရာဖွင့်ဆိုထားသည်ကို အထူးမှတ်ဘွယ် ကောင်းပေသည်။

ဤအဋ္ဌကထာဆရာ ကောက်ချက်ချပြထားသော မှီခိုနေထိုင်ရာ ကျောင်းငယ်ကလေးများသည်ပင်၊ ပစ္စုပ္ပန်ကောင်းကျိုး တမလွန်ကောင်းကျိုး နိဗ္ဗာန် မဂ်ဖိုလ်အကျိုးတို့ကိုပေးစွမ်းနိုင်ခြင်းရှိရာ၌ ဘယ်နှစ်ဘ၀၊ ဘယ်နှစ်ကမ္ဘာလို့ ပိုင်းခြားသတ်မှတ်လို့ မရနိုင်၊ မဖြစ်နိုင်သော၊ ကျောင်းဆောက်ခြင်းအလှူကို ပေးလှူဒါန်းပါက အများနှင့် ပတ်သက်သောကုသိုလ်ကံမျိုးစုံသည် မိမိသူတပါး လူအများ၌ ဖြစ်ပွားလာမှုရှိ၍ အလုံးစုံသော အလှူဒါနကို ပြုလုပ်သည်မည်တော့၍ အကျိုးမျိုးစုံ ချမ်းသာမျိုးစုံ လောကီ လောကုတ္တရာဟူသော အဖုံဖုံသော ကောင်းကျိုးမင်္ဂလာတို့ကို ဘောန်မုချ ငါတို့တော့ အနှေးအမြန် တချိန်ချိန်၌ ရပေတော့မည် သဘောထား၍ ဝမ်းမြောက်ဝမ်းသာ စိတ်ချခါ နေထိုင်ရကုန်ရာ၏။

ကျောင်းဆောက်တယ်ဆိုဒါ နေရာဌာနနှင့် လုပ်ငန်းကိစ္စ ကြီးမားမှု နည်းပါးမှုကို ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်ပြီး

လျှင် အဆောက်အအုံ ဆောက်လုပ်ခြင်းသည် လောကဓမ္မ နှစ်ဌာန၌ ကျေးဇူးများပေကုန်သည်။ အသုံးမကျသော နေရာ၊ လုပ်ငန်းကိစ္စ မဆောင်ရွက်နိုင်သော နေရာမျိုး၌ မစိစစ် မဆင်ခြင်ဘဲ ဆောက်ထားပြန်လည်း ကျေးဇူးမများပေကုန်။ ကျောင်းဆောက်ပြီးလျှင် နောင်အခါ မပြုပြင်နိုင်၊ ပြုပြင်နိုင် အောင်လည်း နည်းလမ်းရှာဖွေ မထားခဲ့ပါက အမြော်အမြင်မရှိရာ ရောက်ပေကုန်သည်။ အရှည်ကို မြော်မြင်၍ ရဟန်းသံဃာတော်ကိုလည်း ရွေးချယ်၍ ကိုးကွယ်ထားရပေသည်။

ရဟန်းသံဃာ မထားဘူးဆိုလည်း သန့်ရှင်းသော အဖွဲ့ဖြင့် အုပ်ချုပ်သော အဆောက်အအုံမျိုး ဖြစ်စေခြင်းသည်ရင်း၊ နောက်ဆက်တွဲ ထောက်ပံ့နိုင်အောင် ပြုထားခြင်းသည်ရင်း အရှည်ခိုင်ခံ့ကြီးပွားနိုင်ပေ ကုန်သည်။ အများအတွက် အသုံးချရာနှင့် လုပ်ငန်းကိစ္စ ကြီးကျယ်မှုရှိသော မြို့ရွာတို့၌ အရှည်ကောင်းစားအောင် ပြုလုပ်ရန်ဖြစ်သည်။

တကိုယ်ရေ တကာယ အတွက် တရား အားထုတ်သော ပဋိပတ္တိဝန်ဆောင် ရဟန်းမျိုးဆိုလျှင် အထက်ပါ အဋ္ဌကထာဆရာ ဖွင့်ဆိုချက်အတိုင်း အချမ်းအပူ ကာကွယ်ရုံ၊ မှက်၊ ခြင်၊ လေ၊ နေပူ လုံခြုံရုံမျှဖြစ်သော ကျောင်းငယ်ကလေး များကို ဆောက်လုပ်လှူဒါန်းလျှင်ပင် သင့်ပေပြီဟု ယူဆသင့်ပေသည်။

ရှေးရှေးလက်ထက် ဘုရားအလောင်း အစရှိသော သူတော်ကောင်းများ သည်လည်း မိမိတို့၏ ကြီးမားသော နန်းစည်းစိမ်ကြီး တွေကို စွန့်ပစ်ပြီးတော့ သင့်လျော်သော နေရာဌာနတို့၌ သစ်ရွက်မိုးကာ ကျောင်းငယ်ကလေးများဖြင့် အစွဲ ဥပါဒါန်ကင်းအောင် ကျောင်းနှင့် ပတ်သက်၍ ဂါဟတရား သုံးပါးမှ ကင်းဝေးစွာ နေထိုင်ကြပေကုန်သည်။

ကိလေသာ ကင်းဝေးအောင် တရားနှလုံးသွင်း ပါတယ် ဆိုလျှင် ရှေးကပညာရှိတို့၏နည်းကို အတုယူပြီးတော့ အဝတ် အစား နေရာတို့ကို ခြိုးခြံနိုင်မှ သင့်လျော်ပေမည်။ အဝတ် အစား နေရာတို့ကို မခြိုးခြံပါက ကိလေသာပါးအောင် တရား နှလုံးမသွင်းနိုင်ဘဲ တရားဌာနနှင့် ဝေးဝေးထဲ၌ ကိလေသာ တိုးပွါး၍သော နေပါက မလျော်ကန်ကြပေကုန်၊ ရှေးကသူတော်ကောင်း ပညာရှိကြီးများသည် နေရာအတွက် သစ်ရွက်မိုး သစ်ရွက်ကာကျောင်း၊ အဝတ်အတွက် သစ်ခေါက် ထုထောင်း၍ ကိုယ်တိုင် ပြုလုပ်ထားသော အဝတ်၊ အစား အတွက် သစ်ရွက် သစ်သီးတို့ဖြင့် စားဝတ်နေရေး အပေါ်မှာ တဏှာမတိုးပွါးအောင် နေထိုင်ကြကုန်သည်။

ရှေးကဘုရား စသော ပညာရှိသူတော်ကောင်း များသည် ကိလေသာ မတိုးပွါးကြောင်း ဖြစ်သော နည်းကောင်းစံနစ် သစ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် တည်ထွင်၍ စီရင် နေထိုင်ကြဒါ များကို အတုယူတတ် ကြပါကုန်။

## ၂၇။ လယ်တီဆရာတော် ဘုရားကြီး၏ ကျောင်းလက်ခံပုံ

ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံ အကျင့်ဂုဏ်ဖြင့် ကမ္ဘာမဆုံ မြန်နှံ့ကိတ္တိ၊ အလွန်အမင်း ကျော်စောခြင်း ရှိ၍ ဘုရားငယ်တဆူ ပွင့်ထွန်းမှုသို့၊ နေတဆူ လတမင်း အင်္ဂလန်ပြင်သစ်၊ ဂျာမဏီစသော အနောက်နိုင်ငံ တခွင် ဥရောပ မြေပြင်တိုင်အောင် ဂုဏ်ရောင်လင်း၍ ကမ္ဘာပြည်သူ၊ အားထားရာ တဆူဖြစ်သော ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည်၊ မူဝါဒတရပ် သတ်မှတ်ပိုင်းခြား၊ စည်းကမ်းကလနား ဖြင့် ကျောင်းကန် များကို လက်ခံတော် မူပုံမှာ ဤသို့ဖြစ်ပေသည်။

မြန်မာပြည်၌ ပဋိပတ်သာသနာ မျိုးစေ့ကို မြန်နှံ့ပွါးအောင် ရှေးဦးစွာ ဖြန့်ကြဲသွားသော ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးကတော့ မိမိထံမှောက်၌ အဆောက်အအုံ လှူဒါန်းရန် လာရောက် လျှောက်ထားပန်ကြားပြီ ဆိုလျှင် ထာဝရ အဆောက်အအုံကို လက်မခံဘဲ စတုဒိသာ ကျွေးမွေးပွဲတွေကိုသာ အပ်အပ်စပ်စပ် ပြုလေဟု ခိုင်းလေ့ရှိပေတယ်၊ ကျောင်းအလွန်ဆောက်၍ လှူချင်ပါတယ် ဆိုလျှင် အဘိုးတန်ကြီးတွေကို မဆောက်စေရမူ၍ ရှေးရှေးကုန်သော ပညာရှိ သူတော်ကောင်းများ၏ မူဝါဒအတိုင်း တဦးတယောက်တည်း မဆောက်စေရဘဲအများစုပေါင်း၍ ငါ့ကျောင်းသူ့ကျောင်း သက္ကာယဒိဋ္ဌိ ကင်းကွာအောင် လှူဒါန်းစေသည်။

ဆရာတော်ကြီး သီတင်းသုံးရန် ဆိုသော ကျောင်းတိုက်တာ တည်ထောင်ပေးမှုမျိုး အနေဖြင့် လာရောက်ပင့်ပါကပျားရည်းလူး မြက်ပင်ဖြင့်များ၍ တောတွင်းက သားကောင်သမင်ကို နန်းတော်တွင်း ဝင်လာအောင် ဖြားယောင်းခေါ်ဆောင် သွားသော နန်းတွင်းသား အပြုအမူအရာ ဇာတ်နိပါတ် စကားကို ပမာပုံထား၍ တကာတို့၏ မြို့ရွာနိုင်ငံတွင်းသို့ ငါ့ကို မကြွဖြစ် ကြွဖြစ်အောင် ဖြားယောင်းပင့်ဆောင်မှုမျိုးပေဟု ပညာရှိပီသစွာ သာယာဘွယ်သော တရားစကားဖြင့် လက်မခံ ပယ်ရှားခဲ့ပေသည်။ အလွန်အမင်း ဆောက်ချင်ပါတယ်ဟု အကြိမ်ကြိမ် လျှောက်ထားလျှင် ရှေးကသုမေဓာ၊ ဝေဿန္တရာတို့၏ သစ်ရွက်မိုးကာ ကျောင်းငယ်ကလေးများပမာ အဘိုးငါးရာတန် အများဆုံး သတ်မှတ်၍လယ်တီ စံကျောင်းငယ်များကို မိမိတို့၏ အိမ်ခြံဝင်း အတွင်း၌ကြာရှည်မခံသော တဏှာအဖြစ် နည်းပါး၍ နောင်တချိန်ဥပါဒါန်အစွဲ ဖြစ်ပေါ်မလာအောင် အဆောက်အအုံမျိုးကိုသာ ခွင့်ပြုသည်၊ သတိပြုဘွယ် အတုယူဘွယ် ဖြစ်ပေသည်။

ခေတ်ကောင်း အခါကောင်းဖြစ်၍ အလွန်ဘုန်းတန်ခိုးကြီးမားသော အချိန်အခါမျိုး၌ပင် ပထမလယ်တီကျောင်းတိုက်ကြီး ထည်ထောင်စအချိန်အခါမျိုး၌ လယ်တီကျောင်းကြီးအတွင်းဝယ် စာသင်သားများ နေထိုင်ရာကျောင်းများကိုစွဲလမ်းကပ်ငြိမှု မဖြစ်စေရအောင် ပျက်စီးလွယ်သော သုံးနှစ်ခံ

ထရံကာ ဝါးကပ်မိုး ပျဉ်ခင်း တန်းလျားရှည် ကျောင်းဆောင်မျိုးကိုသာ ဆောက်ခွင့်ပြုပေသည်။ ဤကား ပထမ လယ်တီဆရာတော်ဘုရားကြီး၏ ကျောင်းလက်ခံပုံပင်တည်း။ ထိုမှတပါး ယခုအခါ တရွာတကျောင်း မဟုတ်ကြကုန်ဘဲ၊ တရွာလျှင် နှစ်ကျောင်း သုံးကျောင်း စသောအားဖြင့် ကျောင်းများစွာ ဆောက်၍ လှူဒါယကာတို့က ကိုးကွယ်ခြင်းသည် ကြာမြင့်လာသော် ဘုန်းကြီးချင်းကွဲပြား လူအချင်းချင်း ကွဲပြားလာနိုင်ကြကုန်၍ အမြော်အမြင် ကြီးမားကုန်သော ရှေးလူကြီးများက မိမိတို့၏ ရွာ၌ နှစ်ကျောင်း သုံးကျောင်း စသည်တို့ကို မဆောက်စေရကုန်ဘဲ နောင်အစဉ်အလာ မူကောင်းတခု ချထား၍ သားစဉ်မြေးဆက် တိုင်အောင် တရွာလျှင် တကျောင်းသာ ယခုတိုင် ထင်ရှားသော ကျေးရွာများလည်း ရှိပေကုန်သည်။ ဤနည်းမျိုးကို အခြားရွာသူရွာသား နောင်လာလူများကလည်း အတုယူသင့်ပေကုန်သည်။ အတုယူ၍ တရွာတကျောင်းသာ လက်ခံ ကျင့်သုံးကြပါကုန်။

ဤသို့သော ပညာရှိသူတော်ကောင်းတို့၏ လောဘအစွန်းမထွက်သော ကျောင်း လက်ခံပုံ စီမံပုံမျိုးကို အတုယူ သင့်ကြပေကုန်၏။ အတုယူ၍ အမြော်အမြင် ကြီးမားစွာ ဆောက်ပါကုန်။

သာသနာတော်၏လုပ်ငန်းသည် ပရိယတ္တိ ပဋိပတ္တိဟု နှစ်မျိုး နှစ်စား ရှိရာတွင် ပရိယတ္တိလုပ်ငန်းကို ဆောင်ရွက်နေ

သော ကျောင်းတိုက်ဘာကြီးများဆိုပါက သာသနာအရှည်ခိုင်ခံ့အောင် ပြုရသော လုပ်ငန်းကိစ္စရှိ၍ ခိုင်ခံ့ကောင်းမွန်သော အဆောက်အဦမျိုး ဆောက်လျှင် သင့်မြတ်ပေလိမ့်မည်။

ပဋိပတ္တိလုပ်ငန်း ဆောင်ရွက်ရာဌာနဆိုလျှင် အလုပ်ကိစ္စကိုကပင် တဏှာ မာန ဒိဋ္ဌိ နည်းပါး၍ ကင်းပြတ်ချုပ်ငြိမ်းအောင် နေထိုင်သော ဌာနမျိုးဖြစ်၍ လယ်တီဆရာတော်ဘုရားကြီး၏ မူဝါဒမျိုးအတိုင်း လိုက်နာဆောင်ရွက် တည်ထောင်ခြင်းသည် သင့်မြတ်ပေလိမ့်မည်။

## ၂၄။ ကျောင်း၏ ပေါ်လာပုံ

ဘုရားရှင် ပွင့်တော်မူခါစ အချိန်ကာလ၌ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာများဝယ် အလိုလို ဖြစ်ရှိနေသော တောင်ဂူ၊ တောင်နံပါး၊ တောင်စွယ်၊ သုသာန်၊ ဇရပ်၊ တောခြုံကြီး၊ ကောက်ရိုးပုံ၊ သစ်ပင်အောက် အခေါင်းရှိသော သစ်ပင်၊ ဝါးခြုံ၊ လွင်ပြင်စသော သင့်လျော်သော ဌာနမျိုး၌ ရောင့်ရဲ တင်းတိမ်စွာ သီတင်းသုံးနေထိုင်ကြရသည်။ ဘုရားရှင် တဝါရပြီးနောက် ကာလ၌ သာသနာ နိုင်ငံတော်ကြီးကို အများ မှီခိုလောက်အောင် ကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်သောအခါ သုံးဆယ့်တဘုံဟူသော နယ်ပယ်ကြီးအတွင်း၌ သီလ သမာဓိ ပညာဟူသော နိုင်ငံတော်သစ်ကြီး တခုတည်

ထောင်၍ အရဟတ္တဖိုလ်ဟူသော ထီးဖြူတော်ကြီးကို မိမိကိုယ်တိုင် ဆောင်း၍ လူနတ်ပြဟ္မာ သတ္တဝါတွေကို အရိယာထီးဖြူငယ်၊ အရိယာထီးဖြူလတ် အရိယာထီးဖြူကြီးများကို အသီးသီး ပိုင်းခြား၍ ဆောင်းနိုင်ကြရန်အတွက် တရားတော်တည်းဟူသော မှန်ကန်သောနည်းလမ်း စံနစ်ဖြင့် သစ်သစ်လွင်လွင် ဓမ္မယာဉ် မြတ်မဂ္ဂင်ဖြင့် စိုးမိုးအုပ်ချုပ် အကြီးအကဲ မင်းပြုလုပ်တော်မူသော၊ ဓမ္မရာဇာဘွဲ့ခံ သဗ္ဗညုဘုရားမင်းတရားသည် သာသနာတော် တည်းဟူသော နိုင်ငံသစ်ကြီးကို အရှည်ခိုင်ခံ့ တည်တံ့ရန်အတွက် စည်းကမ်းချက်တရပ် သတ်မှတ်၍ နောင်အစဉ်အလာဖြစ်စေရန် ခွင့်ပြုတော်မူသော ပစ္စည်းလေးမျိုးတွင်တမျိုး အပါအဝင် ဖြစ်သောကျောင်းကို—

အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ
ဝိဟာရံ အဍ္ဎယောဂံ ပါသာဒံ ဟမ္မိယံ ဂုဟန္တိ။

ဟု စူဠဝါ ပါဠိ ၃၄၇–ရှိ စာမျက်နှာ၌ ဘုရားသဗ္ဗညု ခွင့်ပြုတော်မူခဲ့ပေသည်။ ခွင့်ပြုရခြင်းအကြောင်းမှန်ကို ထုတ်ပြန်ရသော် ဘုရားရှင်၏ နှစ်ဝါမြောက် ရောက်ရှိသောအခါ၌ ရာဇဂြိုဟ်မြို့ငယ် ဗိမ္ဗိသာရမင်းလှူဒါန်းသော ဝေဠုဝန်ဥယျာဉ်ကျောင်းပေါ်လာ၍ ကျောင်းဖြင့် ဘုရားရှင်က သီတင်းသုံးနေထိုင်သော်လည်း ရဟန်းသံဃာတော်များအတွက် နေထိုင်ရန် ကျောင်းအဆောက်အအုံ ခွင့်မပြုရသေးသောကြောင့်

ရဟန်းတော်များ အတွက် နေထိုင်စရာမရှိဘဲ သဘာဝ အလျောက် ဖြစ်ပေါ်တည်ရှိနေသော သစ်ပင်ရင်း၊ တောင် ဝှမ်း၊ ချောက်ကြို ချောက်ကြားစသော အမြဲအစွဲနေထိုင်ရန် မဖြစ်သော သဘာဝနေရာတို့၌ နေထိုင်သွားလာ ဝင်ထွက် နေဒါကို ပစ္စည်းသဒ္ဓါ ပြည့်စုံသော ရာဇဂြိုဟ်မြို့သား ဒါ ယကာတယောက်သည်၊ မြို့ပြင်လမ်းလျှောက် ထွက်လာစဉ် ကြည်လင်သော စိတ်စေတနာ ပေါ်လာသည်မှာ ဤရဟန်း တွေကို ကြည့်ရှုရဒါ စိတ်ကြည်လင်ပါပေတယ်။

အချို့ရဟန်းက ကြည်ညိုဘွယ်ကောင်းသော တည်ကြည် ငြိမ်သက်သော သွားမှုလာမှု၊ ပြောဆိုမှု ကြည့်ရှုမှုရှိတယ်၊ အရပ်ထဲက လူတွေလို ဂဏာမငြိမ် ဟိုကြည့်ဒီကြည့်ဖြင့် ပြေး လွှားရှ် သွားလာဒါ မဟုတ်ပေကုန်ဘဲ၊ ဖြေးဖြေးဣန္ဒြေရရ ဝမ်းတွင်း၌ ကရားဓမ္မရှိရှိဖြင့် သွားကြတယ်၊ တရားရှိပြီးတော့ ပြောဆိုကြတယ်၊ ဥပတိဿနှင့် ရှင်အဿဇိတို့က ရှေးဦးစွာ တွေ့ဆုံမိသောအခါ၌ ဤရဟန်းတော်၏သန္တာန်၌ အဖိုးတန် သော တရားရတနာရှိ၍သာ ငြိမ်သက်သော ကိုယ်နှုတ်အမူ အရာ ဣန္ဒြေရှိ၍ ကြည်ညိုဘွယ်ကို ဆောင်ခြင်းဖြစ်သည်။ ဤသို့ တွေးဆသလို ဣန္ဒြေသိက္ခာရှိ၍ ကြည်ညိုဘွယ်ဖြစ်တယ်။

ဤရဟန်းတော်များ၏ နေရာအရပ်သည် အတည်တကျ မရှိ၊ တချို့က သစ်ပင်အောက်ကထွက်လာ၊ တချို့ကတောင် ခေါင်းထဲက ထွက်လာ၊ တချို့က ခြုံထဲက ထွက်လာသဖြင့်

ကျောင်းမရှိတာတွေကို တွေ့မြင်ရတော့ ရဟန်းတော်တပါး ထံ ချဉ်းကပ်ပြီးလျှင် အရှင်ဘုရားများကို ကျောင်းလှူလိုပါ တယ်၊ ကျောင်း လက်ခံပါမည်လားဟု မေးမြန်းလျှောက် ထားလျှင်—

ဘုရားရှင် ခွင့်မပြုသေး၍ ယခုတော့ အဖြေမပေးနိုင် သေး၊ ဘုရားထံ ပန်ကြားလျှောက်ထား ပြီးသောအခါ အကြောင်းပြန်မည် ပြောဆို၍ ဘုရားထံသွားခါ လျှောက် ထားလျှင် အထက်ပါ လေဏခေါ်သော ကျောင်းငါးမျိုး တို့ကို ခွင့်ပြုခဲ့မှုကြောင့် ယခု ဒါယကာ ဒါယိကာမတို့သည် လည်း ကျောင်းတွေဆောက်၍ လှူဒါန်းနိုင်ခွင့် ရှိလာပေ သည်။

လေဏဆိုသည်မှာ ရုပ် နာမ် သံသရာဝဋ္ဋဆင်းရဲဘေးဒုက္ခမှ အကြောက်ကြီး ကြောက်လန့်နေကုန်သော ရဟန်းရှင်လူတို့၏ နေထိုင်ရာ ပုန်းအောင်းရာ ဌာနမျိုးတို့ကို ယခုခေတ်ကျောင်း ဟု ခေါ်ဝေါ်သည်။ သံသရာဘေး မကြောက်လန့်သူတို့၏ နေရာကို အိမ်ဟု ခေါ်၏။

ထို့ကြောင့် လီယန္တိ ဧတ္ထဌာနေ သံသရာဘယဘီရုကာတိ လေဏံ၊ လီ၊ နိလီယနေ ဏောဟု အဘိဓာနပ္ပဒီပိကာသူစိ၌ ဖွင့်ဆိုပေသည်။

## ၂၅။ လေကခေါ်သော ကျောင်း(၅)မျိုး

၁။ နှစ်ဘက်သုံးဘက်မိုးထားသောကျောင်း။
၂။ တဘက်ထည်း တစောင်းမိုးထားသောကျောင်း။
၃။ ပြာသာဒ်ရှည် ဆောက်ထားသောကျောင်း။
၄။ အချွန်အတက် မပါ တုံးတိတိ ဆောက်ထားသော ကျောင်း။
၅။ လိုဏ်ဂူကျောင်း။

ရာဇဂြိုဟ် တကာသည် ဘုရားရှင်က ကျောင်း(၅)မျိုး တို့ကို ခွင့်ပြုကြောင်း ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာဖြင့် သာသနာတော်၌ အစဦးစွာပင် စေတနာသန့်သန့် ကျောင်း ပေါင်း ခြောက်ဆယ်တို့ကို လူအား ပစ္စည်းအား အကုန်စိုက် ထုတ်၍၊ တနေ့တည်းဖြင့် အပြီးဆောက်ခါ ဘုရားရှင်ထံ သွားရောက်၍—

> စေတေ မေ ဘန္တေ သဋ္ဌိဝိဟာရာ ပုညတ္ထိကေန သဂ္ဂတ္ထိကေန ကာရာပိတာ၊ ကထာဟံ ဘန္တေ တေသု ဝိဟာရေသု ပဋိပဇ္ဇာမိ။

ဟု လျှောက်ထားသည်။

အခိပ္ပါယ် ကတော့၊ ဘုန်းတော် ကြီးပေသော မြတ်စွာ ဘုရား တပည့်တော်သည် ကျောင်းပေါင်း ခြောက်ဆယ် တို့ကို ကုသိုလ်ဖြစ်ရေးနှင့် နတ်ပြည် နတ်စည်းစိမ်တို့ကို အလိုရှိ

ပါသောကြောင့် ဆောက်၍ ပြီးပါပြီဘုရား၊ ဘုန်းတော်ကြီးသော မြတ်ဘုရား၊ ထိုခြောက်ဆယ်ကုန်သော ကျောင်းတို့၌ အဘယ်ပုံ စီမံရပါအံ့နည်းဟု မေးမြန်း လျှောက်ထားပြန်သောအခါ—

> တေနဟိ တွံ ဂဟပတိ၊ တေ သင်္ဃဝိဟာရေ အာဂတာနာဂတဿ၊ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ။

ဟု သံဃိက လှူဒါန်းရန် မိန့်တော်မူသည်။

ဒါယကာ သင်ဆောက်ထားသော ကျောင်းများ ပြီးစီးပါက၊ အရပ်လေးမျက်နှာ နေထိုင်ကြကုန်သော ရောက်လာပြီး ဖြစ်ကုန်သော သံဃာ၊ မရောက်လာသေး ကုန်သော သံဃာ အားလုံးတို့အား လှူဒါန်းရမည်ဟု နည်းလမ်း ညွှန်ပြတော်မူ၏။

တနေ့ထည်းဖြင့် ကျောင်းပေါင်း ခြောက်ဆယ် ဆောက်လုပ်တယ် ဆိုသော စကားအရ၊ ယခုခေတ်လို ခိုင်ခိုင်ခံ့ခံ့ ကျောင်းကြီးတွေ မဟုတ်ဘဲ၊ ဝါး သစ်ရွက်တို့ဖြင့် ဆောက်ထားသော ကျောင်းငယ် ကလေးတွေ ဖြစ်ကြောင်း ထင်ရှားပေသည်။

အချမ်းအပူ, မှက်, ခြင် ကာကွယ်ရုံမျှ ရှိ၍ လောကတ္ထစရိယ၊ ဉာတတ္ထ စရိယမျိုး မဟုတ်ဘဲ၊ တကိုယ်ရေ တကာယ

ကိုယ်လွတ်ရုန်းခါ၊ တရားသာ အားထားရာဘဲဟု သဘော ထား နေထိုင်သော သူမြတ်ပုဂ္ဂိုလ်တို့အား အလွန်ပင် သင့် လျော်သော တောရကျောင်း ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် ခန္ဓာကိုယ်၌ မငဲ့မညှာဘဲ တဏှာ ဥပါဒါန် စွဲနေသော ပုဂ္ဂိုလ်မျိုး အမြဲစွဲ မနေမှုကြောင့် အထက်ပါ ကျောင်းမျိုးသည် သင့်လျော်ပေ၏။

ယခု မော်လမြိုင်မြို့ ကျောင်းအမ ဒေါ်စိန်မြ ဆောက် လုပ်သော အုတ်တိုက် ဂူကျောင်းသည်၊ သံလုံး သံချောင်း များ ထည့်သွင်းပြီးလျှင် ကွန်ကရစ်တိုင် အမာခံပြု၍ အုတ် အင်္ဂတေ အကာအရံ သွတ်မိုးထားသော ဂူကျောင်းဖြစ်လေ တော့၊ ရာဇဂြိုဟ်သူဌေး ဆောက်လုပ်သော ကျောင်းနှင့် စာလျှင် အလွန်ခိုင်ခံ့ တောင့်တင်းသော ကျောင်းဖြစ်၍ နေသည့် အပြင်၊ အသစ် တွဲဘက်၍ ပါလာသော ကုဋီအိမ်၊ ရေချိုးခန်း၊ စင်္ကြံ အုတ်လှေကား၊ နတ်လမ်း၊ ရေတွင်း၊ ဗောဓိပင် တို့ဖြင့် ဝေဝေဆာဆာ ကျောင်းတိုက်အသစ် တခု တည်ထောင် သလိုပင် ကျောင်းတကျောင်း ဆောက်ရုံမျှဖြင့် လှူဘွယ်တွေက အလွန်အမင်း ပြည့်စုံပါသဖြင့် ရှားပါး၍ ဈေးကြီးသောအခါ အပြင်မှရရာ စုဆောင်းပြီးလျှင် ဆောက် လုပ်ရသောကြောင့် တွေ့မြင်သူတိုင်း မချီးမွမ်းဘဲ မနေနိုင် သောကြောင့် လူသာဓုခေါ် နတ်သာဓုခေါ်စရာဘဲဟု နှုလုံး စွဲကာ ဝမ်းမြောက်ကြ ကုန်ရာ၏။

မှတ်ချက်။ ။ဤပါဠိတော် စကားရပ်ထဲတွင် သဂ္ဂတ္ထိကေန ဟူသော ပုဒ်ဖြင့် ဘာအဓိပ္ပါယ်မျိုးကို သိစေတယ်ဆိုဒါ မေးမြန်းစရာရှိ၍ နေပေသည်၊ အကျဉ်းချုပ် အားဖြင့် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်း ဘာသာရေး ခံယူချက်အခြေခံအသိပညာအတိုင်း လိုလား တောင့်တခြင်းဟု ဖြေဆိုရပေ လိမ့်မည်။

အိန္ဒိယနိုင်ငံ၌ပြဟ္မဏဘာသာဝင်များ၌သူတို့၏အယူဝါဒ အသိပညာလူမျိုးဓလေ့အတိုင်း ရှေးဟောင်းရည်ရွယ်ကြပုံမှာ ကောင်းမှုကံတို့တွင်ဒါန သီလကံ လှေခါးနှစ်စင်းဖြင့် လူပြည် နတ်ပြည်ရောက်နိုင်တယ်ဟု ယုံကြည်ကြ၍ လူပြည် နတ်ပြည် ရောက်ကြောင်း ဒါန သီလကံများကို အမြဲမပြတ် ကြိုးစားပြုလုပ်လေ့ ရှိကြပေကုန်သည်။

သမထဘာဝနာဟူသော သမာဓိလှေကားဖြင့် ဗြဟ္မာ့ပြည်ရောက်နိုင်တယ်ဟူသော ရည်ရွယ်ချက်ဖြင့် တတ်နိုင်သူများက တောထွက်၍ ဈာနသမာဓိ လှေခါးများကို ထူထောင်ကြတယ်။

ဤ ရာဇဂြိုဟ်ကျောင်းတကာသည်လည်း ဗုဒ္ဓဘာသာဝင်မဖြစ်သေးသော အချိန်အခါဖြစ်၍ သူ၏ ရှေးဟောင်း ဘာသာ အယူအဆအတိုင်း ဒါနပြုက သီလဆောက်တည်က နတ်ပြည် လောကလောက်သာ ရောက်နိုင်တယ်ဟူသော အသိ

တရားရှိ၍ နိဗ္ဗာန် မဂ်ဖိုလ်ရည်မှန်း၍ ပြုလုပ်ရမှန်း မသိသော အခါမျိုး၌ နတ်ပြည်လောက နတ်ချမ်းသာ နတ်စည်းစိမ်ကို သာ ခင်မင်လိုလား၍ တောင့်တ ရည်မှန်းခြင်းဖြင့် ကျောင်း ကန် ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ပေတယ်ဟု ယူဆဆုံးဖြတ် သင့်ပေတယ်။

ရာဇဂြိုဟ် **ကျောင်းတကာသည်** မိမိ၏ အခြေခံ နားလည် ထားသော ဗဟုသုတအားတိုင်း နတ်ပြည်ချမ်းသာ နတ်ဘဝကို သာယာမက်မော မြော်လင့်၍ ဘုရားလမ်းညွှန်ပြသည့်အတိုင်း သံဃိကကျောင်း လှူဒါန်းရာ၌ အောက်ပါ အနုမောဒနာ ဝမ်းမြောက်ဘွယ် တရားတော်ကို သဗ္ဗညုဘုရား ကိုယ်တော် တိုင် ဟောကြားတော် မူပေသည်။

အနုမောဒနာတရား ဆိုဒါကတော့ အနုမောဒိယတေ အနုမောဒနံ ဆိုသည့်အတိုင်း ကုသိုလ်ကောင်းမှု တခုခုကို အကြောင်းပြု၍ ဝမ်းမြောက်ကြည်နူး စိတ်အထူး ဖြစ်ပေါ် လာအောင် အကြောင်းအကျိုး လမ်းညွှန်ပြတဲ့ တရားပါဘဲ။

## ၂၆။ ဗုဒ္ဓ၏ ကျောင်းအနုမောဒနာ တရား

သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိစ။
သရီသပေစ မကသေ၊ သိသိရေစာပိ ဝုဋ္ဌိယော။
တတော ဝါတာတပေ ဃောရေ၊ သဉ္ဇာတေ ပဋိဟညတိ၊
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုံစ ဝိပဿိတုံ။

**ဝိဟာရာ၊ ကျောင်းတို့သည်။ သီတံ၊ အချမ်းဥတုကိုရင်း။ ဥဏှံ၊ အပူဥတုကိုရင်း။ တတော၊ ထိုမှတပါး။** (ပဋ္ဋိရတ္တ) ဝါဠမိဂါနိ၊ ကြမ်းတမ်းခက်ထန်သော ကျား ဆင် အစရှိကုန်သော သားကောင်တို့ကိုရင်း။ သရီသပေ၊ မြွေ ကင်း သန်းတို့ကိုရင်း။ မကသေ၊ မှက် ခြင် ယင်တို့ကိုရင်း။ သိသိ-ရေ စာပိ၊ လေနှင့်တကွသော မိုးတို့ကိုရင်း။ ဝုဋ္ဌိယော၊ လေ မပါသော မိုးသက်သက် ရေတို့ကိုရင်း။ ပဋိဟနန္တိ၊ ကာ ကွယ် စောင့်ရှောက်နိုင်ကုန်၏။

## ၂၇။ ကျောင်းလှူဒါန်းကြ ကျိုးများစွ

တတော၊ ထိုပြင် အကျိုးတရား တိုးပွားလာပုံမှာ။ ဝိဟာရော၊ ဆောက်လုပ်လှူဒါန်းထားသောကျောင်းသည်။ သဥ္စာ-တော၊ အဟုန်ပြင်းစွာ ဖြစ်ပေါ်လာကုန်သော။ ဃောရေ၊ ထင်ရှားလှစွာ ကြမ်းတမ်းပါကုန်သော။ ဝါတာတပေ၊ လေ ဟုန်ပြင်းထန် ကြမ်းတမ်းသော အပူဒဏ်တို့ကို။ ပဋိဟညတိ၊ ကာကွယ်စောင့်ရှောက်နိုင်၏။ ဝိဟာရေ၊ ကုသိုလ်စုပေါင်း မြတ်သောကျောင်းသည်။ လေဏတ္ထဉ္စ၊ အာရုံငါးဖြာ ကင်း ကွယ်ဆိတ်ရာ အကျိုးငှါရင်း၊ ဝါ, အာရုံငါးပါး ငုတ်လျှိုး ပုန်းအောင်းပါခြင်း အကျိုးငှါရင်း။ သုခတ္ထဉ္စ၊ ကိုယ်စိတ် နှစ်ပါး ချမ်းသာရခြင်း အကျိုးငှါရင်း။ ဈာယိတုံ၊ သမာဓိ ဈာန် အဖန်ဖန် ဖြစ်စေခြင်း အကျိုးငှါရင်း။ ဝိပဿိတုံ၊

ရုပ်နာမ်တရားတို့၌ လက္ခဏာတင် ရှုဆင်ခြင်နိုင်ခြင်း အကျိုး ၄ ါရင်း။ ဟောတိ၊ ကောင်းကျိုးအထွေထွေ ဖြစ်ပေါ် လာ နိုင်ပေကုန်၏။

ဤ ဟောကြားတော်မူသော ဂါထာများ၏ အဓိပ္ပါယ် အချုပ်ကတော့ ကျောင်းတော်များ၌ နေထိုင်ကုန်သူ ရဟန်း ရှင်လူတို့အား ကျောင်းပေါ်မှာ တက်ရောက်နေထိုင်တဲ့ အ တွင်း၌ပင် လက်ငင်းဒိဋ္ဌ ယခုခဏချက်ခြင်း ခံစားရသော ကောင်းကျိုးကို ဘုရားရှင်က သိစေခြင်းပါဘဲ။

၁။ အချမ်းအပူ အန္တရာယ်ကို ကာကွယ်နိုင်တယ်။

၂။ ကြမ်းတမ်း၍ ကြောက်မက်ဘွယ် ကောင်းသော ကျား ခြသေ့ ကျွဲ နွားအန္တရာယ်များမှ ဖယ်ရှား နိုင်တယ်။

၃။ မြွေကိုက် ကင်းကိုက် အန္တရာယ်မှ ကင်းကွာတယ်။

၄။ မှက်ကိုက် ခြင်ကိုက် အန္တရာယ်မှကင်းရှင်းတယ်။

၅။ အလွန်အေးသော ဆီးနှင်းလေတိုက်ခတ်မှုမှ ကင်း ဝေးတယ်။

၆။ မိုးစိုခြင်း ဘေးအန္တရာယ်မှ ကင်းဝေးတယ်။

၇။ လေအေး လေပူ တိုက်ခိုက်ခြင်းဘေးမှ ကင်းဝေး တယ်။

၈။ အပြင်အာရုံ တိတ်ဆိတ်ငြိမ်မှု အကျိုးရတယ်။

၁၀။ သမာဓိစျာန် အဘိဉာဉ်ဖန် ဝင်စားနိုင်ခြင်း အကျိုးရတယ်။

၁၁။ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကောင်းကျိုး ဖြစ်ပွားတယ်။

၁၂။ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနိုင်ခြင်း အကျိုးရတယ်။

ဤသည်ကား ဤကျောင်းပေါ်မှာ တက်ရောက် လာသူ ရဟန်း ရှင်လူတို့အား ချက်ခြင်းခဏ အကျိုးခံစားရပုံ သဒိသံ ပါကံ ဇနေတိ ဆိုတဲ့အတိုင်း ကျောင်းဆောက်သူ ဒါယကာ ဒါယိကာမ တို့ဥလည်း လက်ငင်းဒိဋ္ဌ ကောင်းကျိုးရကြ၍ ပစ္စက္ခ သံသရာ နိဗ္ဗာန်တိုင် ကောင်းကျိုး တရားများသည် တိုးတက် စည်ပင်အောင် ဆောင်ရွက်နိုင်တော့၏။

## ကျောင်းအကျိုးပြ ဆောင်ပုဒ်လင်္ကာများ

ချမ်းပူကာကွယ်၊ ကင်းဝေးတယ်၊ ဤဝယ်ပထမ အကျိုး။

သားကောင်အန္တရာယ်၊ ကင်းဝေးတယ်၊ ဤဝယ် ဒုတိယ အကျိုး။

မြွေကင်းအန္တရာယ်၊ ကင်းဝေးတယ်၊ ဤဝယ်တတိယ အကျိုး။

မှက်,ခြင်အန္တရာယ်၊ ကင်းဝေးတယ်၊ ဤဝယ်စတုတ္ထ အကျိုး။

နှင်း၊ လေအန္တရာယ်၊ ကင်းဝေးတယ်၊ ဤဝယ်ပဌမ
အကျိုး။
မိုးစိုအန္တရာယ်၊ ကင်းဝေးတယ်၊ ဤဝယ်ဒုတိယ
အကျိုး။
လေတိုက်အန္တရာယ်၊ ကင်းဝေးတယ်၊ ဤဝယ်သတ္တမ
အကျိုး။
နေပူအန္တရာယ်၊ ကင်းဝေးတယ်၊ ဤဝယ်အဋ္ဌမ
အကျိုး။
အာရုံငါးသွယ်၊ ပုန်းအောင်းဘွယ်၊ ဤဝယ်နဝမ
အကျိုး။
ချမ်းသာအသွယ်သွယ်၊ ဖြစ်ပွါးတယ်၊ ဤဝယ်ဒသမ
အကျိုး။
တည်ကြည်မှုရတယ်၊ စိတ်စင်ကြယ်၊ ဤဝယ်ဧကာ
ဒသမ အကျိုး။
လက္ခဏာအသွယ်သွယ်၊ သိမြင်တယ်၊ ဤဝယ်ဒွါဒသမ
အကျိုး။

အထက်ပါ ကျောင်းအကျိုးပြု တဆယ့်နှစ်ပါးကို ဝိနည်းစူဠဝါပါဠိ၌ သဗ္ဗညုဘုရား ကိုယ်တော်တိုင် အနုမောဒနာ တရားဟောကြားတော် မူသည်။

သံယုတ် ဋီကာဆရာကြီး၏ ကျောင်းအကျိုးပြု ဆယ်ပါးကို ဤသို့အားဖြင့် မှတ်သားရပြန် ပေသည်။

ကျောင်းကန်ဇရပ် စသည်တို့ကို မှီခိုနေထိုင်သူများအား ခွန်အားဗလ ဖြစ်ပေါ်လာ၏၊ အဆင်းလှပ၏၊ ဘေးရန် ကင်းဝေး၏၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာ၊ သမာဓိ ရလာ၏၊ မျက်စိ ကြည်လင်၏၊ ပစ္စည်းလေးပါး ရလွယ်၏၊ ပေါများ၏ ဟု အကျိုးဆယ်မျိုးကို ဖွင့်ပြထားပေသည်။

ပစ္စည်းလေးပါး ရလွယ်ဆိုတာ ဒါယကာ ဒါယိကာမ များက ကျောင်းဆောက်ထား၍ ရှိနေပြီဆိုလျှင် ကျောင်း၌ နေထိုင်ကြ ကုန်သော သံဃာများ၏ သုံးဆောင်ရန် အလို့ငှါ ကျောင်းဆောက်သူ ကျောင်းတကာ ကျောင်း အမများနှင့်တကွ အခြားသူငါ လူများစွာတို့က လာရောက် လှူဒါန်းကြကုန်သည့်အတွက် ပစ္စည်းလေးပါး ဖြစ်ပေါ်လာ ခြင်း ဖြစ်ပေကုန်သည်။

ကျောင်းဆောက်ထားခြင်း မရှိပါလျှင် အခြားသူငါ ဒါယကာ ဒါယိကာမများသည်လည်း ကုသိုလ်ပြုခွင့် မရနိုင် ကြကုန်၊ ကျောင်းအဆောက်အဦကို မှီ၍သာ အလှူဒါနပြုကြ ရသည်။ ဥပုသ်သီတင်းသီလ ဆောက်တည်ကြရသည်။ သမထ ဝိပဿနာ၊ ဘာဝနာတရားအားထုတ်ကြရ ကုန်သည်၊ မဂ် ဖိုလ် နိဗ္ဗာန် ရကြကုန်သည်၊ မှီခိုနေထိုင်ရာ ကျောင်းရှိမှု၊ ဇရပ်ရှိမှု၊ ဓမ္မာရုံရှိမှုများကြောင့် သာသနာ လုပ်ငန်းများကို ရွက် ဆောင်နိုင်စေသည် ဖြစ်၍ သာသနာနှင့် ရဟန်းရှင်လူတို့၌ ကျေးဇူးများပေကုန်သည်။

ဤတောကြီး တောင်ကြီးထဲ ဖြစ်နေပေ သမှုလည်း ကျောင်းတွေ၊ လူတွေ၊ ဇရပ်တွေ၊ သိမ်တွေ၊ ဘုရားတွေရှိနေ ပြန်ပါက မှီခိုနေထိုင်သော ရဟန်းသံဃာများသည်လည်း ဖြစ် ပေါ်တည်ရှိနေပေ ကုန်သည်။

ရဟန်းသံဃာတော်များ ရှိနေပါက လူဒါယကာ ဒါယိ ကာမများ၌ ပစ္စုပ္ပန် တမလွန်အတွက် ကုသိုလ်သစ်တွေ တဖွားဖွား ဖြစ်လာသည်။ အနည်းဆုံးအားဖြင့် လက်အုပ်ချီ ကာ ရှိခိုးမှု ကုသိုလ်ရသည်။ ဂါရဝမင်္ဂလာကုသိုလ်တရားများ တနေ့တခြား တိုးပွားမြင့်မားလာသည်၊ ဖြစ်ပြီးသောကုသိုလ် တရားတို့ကို ပွားများဆင်ခြင် လာနိုင်ခြင်းသည် ကျောင်း ဆောက်မှု၊ ကျောင်းရှိမှု အကြောင်းခံ၍ မျက်မှောက်ထင် ထင် တွေ့မြင် ခံစားနေရသော ကောင်းကျိုးများဖြစ်၏။

ထို့ကြောင့် အချမ်းအပူကင်းဝေး၍ ရာသီဥတုမျှတ အောင် အရာဌာနအလိုက် သင့်လျော်သော ကျောင်းများကို တတ်နိုင်သလောက် ဆောက်လုပ်လှူဒါန်းသင့်သည်။ ဆောက် ပြီးသော ကျောင်းဟောင်းများ ကိုလည်း ခြစားသော အန္တရာယ် မနှိပ်စက်အောင် ဆွေးမြေ့မသွားကြ ရအောင် ကာကွက်စောင့်ရှောက် ပြုပြင်ပါက သီဟိုဠ် ဝသဘမင်းများ လို အသက်ရှည်ခြင်း၊ ကောင်းကျိုးမျက်မှောက် ခံစားရမည် ဟု ယုံကြည်၍ ကျောင်းဟောင်းများ အရှည်ခိုင်အောင်

အမြဲမပြတ် ပြုပြင်ထိန်းသိမ်း၍ တနှစ်တခါ ရေနံသုတ်ခြင်း၊ သဘော်ဆေးသုတ်ခြင်း စသော ပြုပြင်မှုတို့ကို မျက်ခြေမပြတ် ကြိုးစားပြုပြင်သင့်ကြ ပေကုန်သည်။

ဤသို့ စသော အားဖြင့် ကျောင်းဆောက် လှူရသည့် အကျိုးသည် သာသနာ အတွက်ရော၊ ကျောင်းဆောက်သူ ဒါယကာ ဒါယိကာမအတွက်ရော ကျောင်းနေသံဃာများ အတွက်ရော၊ အလွန်ကျေးဇူး များပြားပါပေတယ်၊ ဟောပြ ရေးပြလို့ပင် ကုန်နိုင်စရာအကြောင်းမရှိပါ။

## ကျောင်းကျိုးပြ ဆောင်ပုဒ်

အားနှင့်အဆင်း၊ ဘေးရန်ကင်း၊ တည်ခြင်းမြတ်
ချမ်းသာ၊ မျက်စိကြည်လင်၊ လေးအင်ပစ္စည်း၊ ပေါ
များပြီး ကျိုးကြီးများလှစွာ၊ ကျောင်းဆောက်မှု
ဝယ်၊ ကျိုးဆက်သွယ်၊ ကြီးကျယ် များလေရာ၊
ကျောင်းဆောက် လှူလျှင်၊ အလှူရှင်၊ ကျိုးအင်
အနန္တာ၊ ကျောင်းပေါ်နေရ၊ ကျိုးများစွ၊ ရကြ
သူသူငါ။

## ၂၈။ ကျောင်းဆောက်ကိုးကွယ်ထိုက်သူ၏ အရည်အချင်း

ကျောင်း ဇရပ် စသည်တို့ကို ဆောက်လုပ်လှူဒါန်းပါ လျှင် များစွာ အကျိုးကြီးမားပုံတို့ကို မြော်မြင်၍ သဗ္ဗညု

ဘုရားကိုယ်တော်တိုင် ကျောင်းဆောက် လှူဒါန်းရန် တိုက်တွန်းခြင်းနှင့် အမှန်မုချ အများပြည်သူအပေါ်၌ အသိပညာမှန် ပေးစွမ်းနိုင်သော ပရိယတ် ပဋိပတ် နှစ်ဝစုံလင် အဘိုးထိုက်တန်သော ပညာရှင်ကိုသာ ဤအဆောက်အဦ ကျောင်းသစ်ပေါ်မှာ တင်ထား၍ ကိုးကွယ်ဆည်းကပ် ဆရာအဖြစ်ဖြင့် အားထားထိုက်ပုံကို နည်းလမ်းညွှန်ပြခဲ့ပေသည်။

> ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ၊
> တသ္မာဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
> ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

ဗုဒ္ဓေန်၊ သစ္စာသိမြင် ဘုရားရှင်သည်။ သံဃဿ၊ ရောက်ပြီးရောက်ဆဲ အရပ်လေးမျက်နှာရှိ သံဃာတော်အပေါင်းအား။ ဝိဟာရဒါနံ၊ ကျောင်းဆောက် လှူဒါန်းခြင်းကို။ အဂ္ဂံ၊ အမြတ်တကာတွင် အမြတ်ဆုံးဟူ၍။ ဝဏ္ဏိတံ၊ ချီးမွမ်းစကား ဟောကြားအပ်၏။

တသ္မာဟိ၊ သံဃိက ကျောင်း၏ အမြတ်ဆုံးဖြစ်လေသောကြောင့်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ လောကီ လောကုတ္တရာနှစ်ဖြာသော အကျိုးကို။ ဝါ, ပစ္စုပ္ပန် တမလွန် နှစ်တန်သော ကောင်းကျိုးကို။ သမ္ပဿံ၊ ကောင်းစွာသိမြင်သော။ ပဏ္ဍိတော ပေါသော၊ ပညာရှိသော ယောကျ်ားသည်။

ရမွေ၊ အလှူပေး အလှူခံ နှစ်တန်ပုဂ္ဂလ နှစ်မြို့ဘွယ်ဖြစ်ရပေကုန်သော။ ဝါ၊ တရားဖြင့်မွေလျော်ဘွယ် ဖြစ်ကုန်သော။ ဝိဟာရေ၊ လျောင်း, ထိုင်, ရပ်, သွား လေးပါး ဣရိယာ ထမ်းဆောင်ရာ ဖြစ်ကုန်သော ကျောင်းတို့ကို။ ကာရယေ၊ ဆောက်လုပ်ခါ လှူဒါန်းရာ၏။ တွေ၊ ဤတကာ, တကာမ တို့၏ ဆောက်လုပ်ထားသော ကျောင်း၌။ ဗဟုဿုတေ၊ အသိအမြင်ကြွယ်၊ ပညာကျယ် ပုဂ္ဂိုလ်တို့ကို။ ဝါသယေ၊ ပစ္စည်းလေးဖြာ မချို့တဲ့စွာဖြင့် ကောင်းစွာမသေွ နေထိုင်စေရာ၏။

အဓိပ္ပါယ်ကတော့ ဤ ယခုဆောက်ထားသော ကျောင်းပေါ်၌ အမြော်အမြင်ကြီးမား၍ စူးစမ်းဆင်ခြင် တိုင်းထွာ သိမြင်ပါသော ပညာရှိ ကျောင်းဒါယကာ၊ ဒါယိကာမသည် ဘုရားအစရှိကုန်သော အရိယာ သူတော်ကောင်း ပညာရှိကြီးတို့သည် ချီးမွမ်းအပ် အလိုရှိအပ်သော သံဃိကကျောင်းပေါ်၌ အာဂမသုတ၊ အဓိဂမသုတ နှစ်ဝစုံလင် အဘက်ဘက်မှ ကျွမ်းကျင်သော ပညာရှင် ရဟန်းမျိုးကိုသာ တင်ထား ကိုးကွယ်ပါတဲ့။

မြတ်စွာဘုရား၏ အကျဉ်းချုပ် ဆိုလိုရင်း စကားမှာ ကျောင်းကို သံဃိကလှူရန် အမိန့်ရှိခြင်း စာပေကျမ်းဂန်တတ်ကျွမ်း၍ အကျင့် သီလ သမာဓိ ပညာဂုဏ် ပြည့်စုံလုံလောက်သော ဒါယကာ ဒါယိကာမများအား ကျေးဇူးများသော

ရဟန်းကို တင်ထားကိုးကွယ်ပါဟု တိုက်တွန်းစကား အမိန့်ရှိခြင်း ဖြစ်ပေသည်။

အထက်ပါ ဘုရားရှင်၏ စကားတော်နှင့် အလားတူ မာန်လည်း ဆရာတော်ဘုရားကြီးကလည်း ရပ်ဆရာ ရွာဆရာအနေမျိုးရောက်နေသော ဘုန်းတော်ကြီးများသည် စာပေ ကျမ်းဂန်ကို လမ်းမှန်အတိုင်း သိရှိနားလည်သော ပရိယတ္တိ ဗဟုသုတ ပြည့်စုံရခြင်း ကိုယ်ကျင့်သီလ ပြည့်ဝစုံလင်ရခြင်း ဤအင်္ဂါ နှစ်ပါးရှိ ဘုန်းကြီးမျိုးကိုသာ အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ရမည်တဲ့။

ဆောင်ပုဒ်

ဆရာသမူ မှီဝဲပြုက ဗဟုသုတ ဂုဏပညဝန် သီလ
ဝန္တ သာမွန်လည်ရှဲ ဆည်းကပ်မြဲလော့။
ဟု မဃဒေဝ လင်္ကာကြီးတွင် မိန့်ဆို၏။

ကျောင်းထိုင် ရဟန်းများကလည်း ကျောင်းထိုင် အင်္ဂါငါးပါး မပြည့်စုံလျှင် ဒါယကာတို့အား ကောင်းကျိုးမပြုနိုင်၍ ကျောင်းပိုင် ကျောင်းထိုင်အနေဖြင့် မနေထိုင်ထိုက်ပေကြောင်း သတိပြုစေလိုပါ၏။

## ၂၉။ အနည်းငယ် ခွဲထွင်၍ပြရသော်

ဗမာပြည်၌ ရှေးအထက်ကျော်ကာလ၌ သာသနာပြုတော်မူသော ဆရာ့ဆရာတော်ကြီးများ သည်လည်း ပစ္စည်း လေး

ပါးတို့ကို သံဃိကချည်း အလှူခံ၍ သံဃိကအနေအားဖြင့်သာ သတ်မှတ်၍ သုံးဆောင်ကိုင်တွယ်ကြပေကုန်သည်။ ဘုရားရှင်ကလည်း သံဃိကချည်းပင် လှူဒါန်းရန် များစွာကုန်သော ပါဠိတော်ကြီးများ၌တိုက်တွန်းစကားတွေလာရှိပေကုန်သည်၊ ဉာဏ်ရှိသူများသည် သံဃိကဒါနနှင့် ဓမ္မဒါနကို အမြဲ လှူပေသည်။

ဘုရားရှင်လက်ထက်တော်က ဆွမ်းစားပင့်လျှင် သံဃိကမြောက် ဆွမ်းအလှူခံစေပြီးမှဆွမ်းဘုန်းပေးတော်မူသည်။ယခုခေတ်၌လည်း အချို့သော ဆရာတော်များသည် ဆွမ်းကို သံဃိကလှူစေပြီးမှ ဘုန်းပေးကြပါသည်။ သီဟိုဠ်သံရုံးတို့က ဆွမ်းကျွေးတယ်ဆိုလျှင်ပင် ဘုရားလက်ထက်တော်က ဆွမ်းကျွေးနည်းအတိုင်းပင် သပိတ်လွယ်၍ ကြွရပါသည်။ ဘုန်းကြီးတို့ ကိုယ်တိုင်ပင် သံဃိက ဆွမ်းဟင်းလျာများ အလှူခံပြီးမှ လိုသလောက်ကိုသာ သပိတ်ထဲ၌ ထည့်စေ၍ အကြိမ်ကြိမ် ဆွမ်းဘုန်းပေးဘူးပါသည်။ ဤအစဉ်အလာသည် ပုဂ္ဂိုလ် ခွက်ယောက် မပါသောကြောင့် အလွန်ကိစ္စနည်းပါး၍ ကောင်းမြတ်သော အစဉ်အလာ ဖြစ်ပါသည်။

မိမိတို့ စာပေသင်ကြားလာရာ ပခုက္ကူမြို့ မဟာဝိသုတာ-ရာမ ကျောင်းတိုက်ကြီးသည်လည်းစာအုပ်တွေကစ၍ သံဃိကတွေ အနေသာ သုံးဆောင်ရပါသည် အစွဲအလန်း မရှိသော အရိယာသူမြတ်တို့၏ နည်းစံနစ်များဘဲဟု အောက်မေ့ကြ၍ အတုယူစေလိုပါသည်။

## ၃၀။ ဘုရားကြိုက်တဲ့ သံဃိကလှူခြင်းနှင့် သံဃိက သုံးဆောင်ခြင်းမျိုး

ဘုရားရှင် လက်ထက်တော်က သစ်ကုန်သည် ဒါယကာ တယောက်သည်၊ ဘုရားရှင်ထံ ချဉ်းကပ်၍ သင့်လျော်ရာ နေထိုင်သောအခါ၊ ဒါယကာ သင်တို့၏ အမျိုးအရိုးအဆက် အနွယ်၌ လှူဒါန်းမှု ပြုလေ့ ရှိပါသလားဟု သဗ္ဗညုဘုရား မေးမြန်းသောအခါ တပည့်တော်တို့၏ မျိုးရိုးသည် လှူဒါန်း ပေးကမ်းလေ့ ရှိပါကြောင်း လျှောက်ထားလျှင် အဘယ် ပုဂ္ဂိုလ်များကို လှူဒါန်းသနည်းဟု ထပ်ဆင့်မေးမြန်းသော အခါ တပည့်တော်တို့သည်၊ ဓုတင်ဆောင် ပုဂ္ဂိုလ်များ၊ သောတာပန် စသော အရိယာပုဂ္ဂိုလ် ဤပုဂ္ဂိုလ်များကို လှူ ဒါန်းပါသည်ဘုရားဟု လျှောက်ထားသောအခါ ဒါယကာ ဤလျှောက်ထားသော စကားသည် သင်ဒါယကာတို့၏ အရာမဟုတ်ကုန်၊ သင်ဒါယကာတို့သည် အရိယာဖြစ်မှန်းကို အမှန်အတိုင်း မသိနိုင်၊ ငါဘုရားရှင်၏ အရာသာဖြစ်သည်။ အကောင်းဆုံး ကတော့ သံဃိကလှူဒါန်းဘို့ တိုက်တွန်းတော် မူပုံမှာ—

ဣဃ် တံ့ ဂဟပတိ၊ သံဃေ ဒါနံ ဒေဟိ၊ သံဃေ တေ ဒါနံ ဒဒတော စိတ္တံ ပသီဒိဿတိ၊ သော တွံ ပသန္နစိတ္တော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿတီ တိ။

(ဆက္ကအင်္ဂုတ္တိုရ်၊ ဒါရုကမ္မိကသုတ်-၃၄၃)

ဂဟပတိ၊ သစ်အရောင်း အဝယ်သမား သူကြွယ် ဒါယကာ။ ဍ္လည်၊ ငါဘုရား တိုက်တွန်း၏။ တွံ၊ သင်သစ်ကုန်သည် ဒါယကာသည်။ သံဃေ၊ သံဃာတော်မြတ်အား။ ဒါနံ၊ ပေးလှူဘွယ် ပစ္စည်းဝတ္ထုကို။ ဒေဟိ၊ ပေးလှူပါလော့။ (၀၁)ပေးလှူရန် ငါဘုရား တိုက်တွန်း၏။

သံဃေ၊ သံဃာတော် အသျှင်မြတ်အား။ ဒါနံ၊ ပေးလှူ ဒါန်းဘွယ် ပစ္စည်းဝတ္ထု တခုခုကို။ ဒဒတော၊ ပေးလှူသော။ တေ၊ သင်သစ်ကုန်သည် ဒါယကာ၏။ စိတ္တံ၊ လှူဒါန်းသော စိတ်သည်။ ပသီဒိဿတိ၊ ကြည်လင်လတံ့။ ပသန္န စိတ္တော၊ ကြည်လင်သော စိတ်ရှိသော။ သော တွံ၊ ထိုသင်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးပြီးသည်မှ။ ပရံ· မရဏာ၊ သေပြီးသော နောက်ကာလ၌။ သုဂတိံ၊ ကောင်း မြတ်သော လားရာရှိသော။ သဂ္ဂံလောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇိဿတိ၊ ကပ်ရောက်ဖြစ်ရလတံ့။ ဣတိ၊ ဤသို့အားဖြင့်။ အဝေါစ၊ မိန့်ကြားတော်မူ၏။

## အဓိပ္ပါယ်အကျဉ်းချုပ်မှာ

သစ်ကုန်သည် ဒါယကာ ငါဘုရား တိုက်တွန်းလိုသည်၊ သံဃာဂုဏ်ကို အာရုံပြုပြီးလျှင် သံဃိကဒါနကို ဘယ်အခါမဆို ပြုလုပ် လှူဒါန်းပါ၊ သံဃိကလှူဒါန်းလျှင် သင်၏စိတ်များ ကြည်လင် လာပါလိမ့်မည်၊ ကြည်လင်သောစိတ် ရှိပါက၊ သေပြီးနောက်၌ လူ့ရပ်နတ်ဌာန်သို့ အမှန်မုချ ရောက်ရမည်ဟု

ဟောကြားတော်မူသည်။ သံဃိကလှူဒါန်းက စိတ်ကြည်လင်မှု အကျိုး ရှေးဦးစွာ ဖြစ်ပေါ်ပါသည် ဆိုလျှင် ပုဂ္ဂလိက လှူဒါန်းလျှင် ယခုစိတ်ကြည်လင် နေပေသမူလည်း၊ နောင် ကာလ ကြာမြင့်လာတဲ့အခါ စေတနာပျက်၍ ကြည်လင် ချင်မှ ကြည်လင်ပေလိမ့်မည်။ ပုဂ္ဂိုလ်ဆိုတော့ စေတနာထားမှု မမြဲနိုင်ချေဟု မှတ်ရမည်။ သံဃိကဆိုလျှင် သံဃာ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်သက်သက် အာရုံပြုခါ ပုဂ္ဂိုလ်၊ ဒြဗ်၊ သဏ္ဌာန်ကင်းပြီးလျှင် လှူဒါန်းရ၍ စိတ်စေတနာ ဖေါက်ပြန် စရာ မရှိပါသောကြောင့် စိတ်အမြဲတန်း ကြည်လင်သည်ဟု မှတ်သားရာ၏၊ သို့အတွက်ကြောင့် အကျိုးလည်းများ စိတ် လည်းချမ်းသာ အရာရာမှာ သံဃိကသာလှူပါဟု တိုက်တွန်းရ ပေသည်။

ဤကဲ့သို့ သံဃဂုဏ်ကို စိတ်နှလုံးထုံကာ မြင့်မြတ်သော သဘောထားဖြင့် လှူဒါန်းရသော ဒါနသည်၊ ပုဂ္ဂလိကဖြစ် သော ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်းရသည်ထက် အကျိုး ကြီးကျယ် မြင့်မားပေကြောင်းကို အဋ္ဌကထာ ဆရာကြီးက ဤသို့ ဖွင့်ပြပါပေတယ်။

> သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿေဝ
> ခီဏာသဝေ ဒိန္နဒါနတော မဟပ္ဖလံ ဟောတိ။
> သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿာတိ
> သုပ္ပဋိပန္နတာဒိသံဃေ အာဝဇ္ဇိတွာ။

သံဃေ၊ သံဃာတော် အရှင်မြတ်၌။ စိတ္တိကာရံ၊ ရိုသေခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကောန္တဿေဝ၊ စွမ်းနိုင်သူအား သာလျှင်။ (ဝါ) စွမ်းနိုင်သူ၏ သာလျှင်။ ဒီဃာ-သဝေ၊ ရဟန္တာပုဂ္ဂိုလ်၌။ ဒိန္နဒါနတော၊ ပေးလှူအပ်သော ဒါနကုသိုလ်ထက်။ မဟပ္ဖလံ၊ များမြတ် ကြီးကျယ်သော ကောင်းကျိုးသည်။ ဟောတိ၊ ဖြစ်၏။

သံဃေ စိတ္တီ ကာရံ ကာတုံ သက္ကောန္တဿာတိ ဟူသည်ကား သုပ္ပဋိပန္နတာဒိသံဃေ၊ ကောင်းစွာ ကျင့်ကြံနေထိုင်ခြင်း အစရှိကုန်သော သံဃဂုဏ်တော် တို့ကို။ အာဝဇ္ဇိတွာ၊ အသိဉာဏ်ဖြင့် ရှေးနောက်ဆင်ခြင်၍။ ဒါနံ၊ ပေးခြင်းလှူခြင်းသည်။ မဟပ္ဖလံ၊ အကျိုးများသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပါဠိတော် အဋ္ဌကထာလာ စကားရပ်တို့ကိုထောက်ဆ၍ သံဃဂုဏ် အာရုံမိအောင် အသိဉာဏ်ရောက်၍ လှူဒါန်းနိုင်ဘို့ရန် ခဲယဉ်းကြောင်း သိသာထင်ရှား၏။ သံဃာတော်၏ သီလ၊ သမာဓိ၊ ပညာဟူသော သုပ္ပဋိပန္နစသော ဂုဏ်များကို အာရုံထိမိအောင် သတိပညာဖြင့်လှူဒါန်းသူများကို အသင်္ချေယျ၊ အပ္ပမေယျဟူသော အလွန်ကြီးကျယ်သော ကောင်းကျိုးဆောင်နိုင်ပုံကို ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏဝိဘင်္ဂသုတ်၌ ဟောကြားတော်မူသည်။

တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ
အသင်္ချေယျံ အပ္ပမေယျန္တိ ဝဒါမိ။

အာနန္ဒ၊ ကိစ္စအတန်တန် ဆောင်ရွက်နေပြန် ညီလေး အာနန်။ အဟံ၊ နောင်တော်ဖြစ်ငြား ငါဘုရားသည်။ တဒါပိ၊ သာသနာကွယ်ပ၍ အသင်္ချဉ်သဏ္ဌာန်မျှ လောက်သာရှိသော ထိုအချိန်အခါမျိုး၌ သော်လည်း။ သံဃဂတံ၊ သံဃာတော်၏ ဂုဏ်တော်သို့ အသိဉာဏ်ရောက်သော။ ဒက္ခိဏံ၊ မြတ်သော အလှူဒါနသည်။ အသင်္ချေယျံ၊ သမုဒ္ဒရာ၏ရေ ခိုးငွေ့ပမာ ရေတွက်မရ အကျိုးများလှ၏။ အပ္ပမေယျံ၊ ကောင်းကင်ကြီး သဘွယ် တိုင်းတာမရ အကျိုးများလှပေ၏။ ဣတိ၊ ဤသို့ဤပုံအားဖြင့်။ ဝဒါမိ၊ နှုတ်မြွက်ခါ ဟောကြားပါ၏။

သံဃိကဒါနမြောက်အောင် လှူတတ်က အလှန်ကြီးကျယ်ပါလားဟု သိမှတ်ကြ၍ ခင်မင်ရင်းနှီးမှုအနေဖြင့် မလှူကြဘဲ အကျိုးများအောင် သံဃိက လှူဒါန်းတတ်ရန် ဆွေးနွေးမေးမြန်း သင်ကြားနားလည်မှု ရှိ၍လည်း လှူဒါန်းကြပါကုန်။

ကျောက်တလုံး တောရကျောင်းကြီး အတွင်း၌ စေတနာဇောဟုန် ထက်ထက်သန်သန်ဖြင့် နေ့မအား ညမအား ပစ္စည်းအား လူအား ငွေအားတို့ဖြင့် ကြိုးစားကာ ကျောင်းအမကြီး ဒေါ်စိန်မြ၊ ဆောက်လုပ်နေသော အောက်ခံ အုဋ္ဌ်ဂူအပေါ် ထပ်ကျောင်း၊ အဖြစ် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်နေသော ဂူကျောင်းကို နတ်ဒေဝါအများ ဝိုင်းဝန်း ကူညီကြသည်

အလား နိုင်းပြိုင်ကျေးရွာ၊ ကွေ့ဝမ်းကျေးရွာ၊ ရွာသူရွာသားတို့၏ အငွေ့သယ်၊ သဲသယ်၊ တောရှင်း သစ်ပင်လှဲ၊ လမ်းဖေါက်စသောကူညီမှုလုပ်အား တတ်နိုင်သမျှထည့်ဝင်လှူဒါန်းသော ငွေအား စွမ်းပကားတို့ကြောင့် အချိန်ကာလ မကြန့်ကြာဘဲ၊ ပြီးစီးအောင်မြင်၊ အသိဉာဏ်ယှဉ်တွဲ၍ သံဃာလျှင်အာရုံပြုခါ ဖူးမွေးကာ စေတနာဖြင့် ဝိုင်းဝန်းဆောက်လုပ်၍ဖြစ်ပေါ်လာသော ဤကျောင်း အလှူဒါနသည် နှစ်အပိုင်းအခြား ဘဝအပိုင်းအခြား သတ်မှတ်မထားနိုင်ဘဲ နိဗ္ဗာန်တိုင်အောင် မရေမတွက်နိုင်သော ကောင်းကျိုးရ၊ ကျောင်းကုသိုလ်ပြုရပါလားဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြစေကုန်။

## ၃၁။ ကျောင်း ဒါယကာ ဒါယိကာမတို့၏ တာဝန်ပိုင်း

ကျောင်း ဆောက်၍ သံဃာအား လှူပြီး နောက်ပိုင်းအချိန်၌ လုပ်စရာ မလိုတော့ဘူးလား ဆိုပါက ဤလိုလည်းမဟုတ်သေးဘူးတဲ့–

> မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ ပြုလေ ဒါယကာ–

ဆိုသော သိင်္ဂါလောဝါဒ သုတ်လာ၊ ဒါယကာ၊ ဒါယိကာမတို့၏ ဆောင်ရွက်ရန် ဝတ္တရားငါးမျိုး ရှိသောကြောင့်

ကျောင်းနေ ရဟန်းသံဃာတော်အား မေတ္တာစိတ် ရှိရမည်။ မေတ္တာရှေ့ထား ပြုလုပ် ဆောင်ရွက်ရမည်။ လျှောက်ထား မေးမြန်းစရာ ရှိပါက ချိုချိုသာသာ လျှောက်ထားရမည်။ ပစ္စည်းလေးပါး ဖိတ်ထားရမည်။ တတ်နိုင်သလောက်အလိုက် သိစွာ လှူဒါန်းရမည် ဆိုသော ဒါယကာ ကျင့်ဝတ်တို့ကို ဆောင်ရွက်ရန် စေတနာပါပါဖြင့် ဆောင်ရွက်ပါဟု ဤသို့ အားဖြင့် တိုက်တွန်းတော် မူပြန်သည်။

တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထ သေနာသနာနိစ။
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။

တေသံ၊ ထိုကျောင်းနေရဟန်းတို့အား။ အန္နဉ္စ၊ ဆွမ်းကို လည်းကောင်း။ ပါနဉ္စ၊ အဖျော်ကိုလည်းကောင်း။ ဝတ္ထ-သေနာသနာနိစ၊ အဝတ်သင်္ကန်း အိပ်ယာ နေရာတို့ကိုလည်း ကောင်း။ ဥဇုဘူတေသု၊ ဖြောင့်မတ်စွာဖြစ်၍ ဖြစ်သော ကျောင်းနေ ကျောင်းထိုင် ရဟန်းတော်တို့၌။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။စေတသာ၊ ဖြူစင်သောစိတ်ဖြင့်။ဒဒေယျ၊ ပေးလှူရာ၏။

အဓိပ္ပါယ်ကတော့၊ ကျောင်းနေရဟန်းအား မိမိတို့တတ်နိုင်သလောက် ဆွမ်း, ခဲဘွယ်, ဘောဇဉ် အဝတ် သင်္ကန်း အိပ်ယာ နေရာ၊ စားပွဲ ကုလားထိုင် စသည်တို့ကို စိတ်စေတနာ ကြည်လင်စွာဖြင့် ကြည်ညိုထိုက်သော တရားအာရုံတို့ကို စိတ်

ဝယ်ထိုကာ ပေးလှူရမည်။ ဓမ္မဒါနအာရုံပြု၍ လှူဒါန်းနိုင်သော ပညာရှိရမည် အသိဉာဏ်ရှိရမည်။

ဤကျောင်းဒါယကာ၏ တာဝန်ဝတ္တရားကို တိုက်တွန်းဖော်ပြသော ဂါထာတွင်၊ ဥဇုဘူတေသု ဟူသောပုဒ်ဖြင့် ရာဂကင်းပြီး ပုဂ္ဂိုလ် ရာဂကင်းပြတ်အောင် ကျင့်နေသောပုဂ္ဂိုလ် ဒေါသကင်းပြီး ပုဂ္ဂိုလ်၊ ဒေါသကင်းအောင် ကျင့်နေသော ပုဂ္ဂိုလ်၊ မောဟကင်းပြီးပုဂ္ဂိုလ်၊ မောဟကင်းအောင် ကျင့်နေသောပုဂ္ဂိုလ်ဟု ဆက္ကအင်္ဂုတ္တိုရ်၌ အလှူခံပုဂ္ဂိုလ်၏ အင်္ဂါခြောက်ပါးတွင် သင့်လျော်သော ဂုဏ် အင်္ဂါရှိရမည်ဟု ကျောင်းထိုင်ပုဂ္ဂိုလ်၏ စိတ်ကောင်း အကျင့်ကောင်း အနေအထိုင်ကောင်းနှင့် ပြည့်စုံနေရန် ဂုဏ်အင်္ဂါကို ညွှန်းပြသည်ဟု မှတ်။

ဝိပ္ပသန္နေန စေတသာ ဟူသော ပုဒ်တို့ဖြင့် ကျောင်းဒါယကာ-ဒါယိကာမတို့၏သန္တာန်၌ အစ အလယ် အဆုံး စေတနာကောင်း၍ သဒ္ဓါတရားနှင့် ပြည့်စုံရမည်၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံရမည်၊ ဗုဒ္ဓဘာသာရေးဆိုင်ရာ ဗဟုသုတများရမည်၊ မိမိတို့တတ်နိုင်သလောက် သာသနာတော်ကို ထောက်ပံ့လှူဒါန်းရမည်၊ ကံ, ကံ၏ အကျိုးတရားတို့ကို ယုံကြည်နားလည် သိရှိထားခြင်းဟူသော ကမ္မဿကတာ ဉာဏ်ပညာနှင့် ပြည့်စုံထားရမည်ဆိုသော ဥပရိပဏ္ဏာသပါဠိတော်လာ သင်္ခါ-ရုပပတ္တိသုတ်၌ ဘုရားရှင် နည်းလမ်း ညွှန်ပြသည့် အတိုင်း

အထက်ပါ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အလှူရှင် ကောင်းမှုရှင် ဒါနရှင်တို့သည် စိတ်စေတနာ မဖေါက်ပြန်ဘဲ၊ ပုဂ္ဂိုလ်စွဲ ငါစွဲ မဖြစ်ပေါ်စေကြမူ၍ သံဃာဂုဏ် သီလ သမာဓိ ပညာဂုဏ် အာရုံရှိ၍ ကြည်လင်ဝမ်းမြောက်သောစိတ် အထူးသဖြင့် ကြည်နူးနှစ်သက်ခါ လှူဒါန်းနိုင်ရမည်ကို ညွှန်ပြ၏ဟုမှတ်။

## ၃၂။ ကျောင်းနေရဟန်း၏ တာဝန်ကို ညွှန်ပြခန်း

ကျောင်းဒါယကာ ဒါယိကာမတို့၏ ဖြူဖွေးသဒ္ဓါ ကြည်လင်သော စေတနာဖြင့် ဆောက်လှူထားသော ကျောင်း၌ ကျောင်းနေကျောင်းထိုင်ရဟန်းသည် ဘာမျှမလုပ်ဘဲ စားအိပ် လယ်နေရမည်လား သို့မဟုတ်ပါက စီးပွားရေးလုပ်နေရမည်လား၊ သို့မဟုတ် အဂ္ဂိရတ်ထိုး ဆေးကု ဗေဒင်ဟောမောက်ရိုက် စသော ကုလဒူသန အနေသနမှုတို့ကိုပြုလုပ်ဆောင်ရွက် နေထိုင်ရမည်လား၊ သို့မဟုတ် အလွန်ကြမ်းတမ်းရိုင်းပြသော အရက်သောက် လိမ်ညာ နေထိုင်သွားလာနေရမည်လား၊ ဤသို့စသောအားဖြင့် မိမိ၏ အကျိုးကိစ္စတခုထဲ ကြည့်ပြီးလျှင် ထင်ရာစိုင်းနေသင့်သလား ဆိုပါက ဤလိုလဲ ပေါ့ပေါ့ဆဆ ထီးထမ်းလမ်းလျှောက် နေလို့ထိုင်လို့ မဖြစ်ဘူးတဲ့၊ သူ့ဆန်စား ရဲမှ ဆိုသည့်စကားအတိုင်း သူဆောက်ထားသော ကျောင်းပေါ်နေပါလျှင် ကတညုတ ကတဝေဒီ မင်္ဂ–

လာနှင့် ပြည့်စုံရန် ကျောင်းဒါယကာ ဒါယိကာမတို့၏အပေါ်၌ အတုံ့အပြန် ဓမ္မကိစ္စကို ဆောင်ရွက်ရပေမည်။

တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခပနူဒနံ။
ယံ သော ဓမ္မံ ဣဓ ညာယ၊ ပရိနိဗ္ဗာတိ **အနာသဝေါ**။

တေ၊ ထိုကျောင်းနေကျောင်းထိုင်ရဟန်းတို့သည်။ **အဿ၊** ထိုကျောင်းဆောက်ပေးသော ကျောင်းဒါယကာ ကျောင်းဒါယိကာမအား။ သော၊ ထိုကျောင်းဆောက်သူ ဒါယကာ ဒါယိကာမသည်။ ဣဓ၊ ဤသာသနာတော်၌။ ယံဓမ္မံ၊ အကြင်ရုပ်နာမ်တရားကို။ အညာယ၊ သိ၍။ အနာသဝေါ၊ အာသဝေါ တရားမရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာတိ၊ ပရိနိဗ္ဗာန်စံရ၏။ သဗ္ဗဒုက္ခပနူဒနံ၊ အလုံးစုံသော ဝဋ်ဆင်းရဲကို ပယ်ဖျောက်နိုင်သော။ တံဓမ္မံ၊ ထိုတရားကောင်း တရားမြတ်ကို။ ဒေသေန္တိ၊ ဟောကြားရကုန်၏။ ဣတိ၊ ဤသို့အားဖြင့်။ ဘဂဝါ၊ ဘုန်းတော်သခင် ဘုရားရှင်သည်။ အနုမောဒိ၊ ဝမ်းမြောက်ဘရား ဟောကြားလေပြီ။

ဤသို့အားဖြင့် ကျောင်းနေ သံဃာတော်၏ ပြုလုပ်ရန်တာဝန်ပိုင်းကို သဗ္ဗညုဘုရား ညွှန်ပြဆုံးမတော်မူပေ၏။

အဓိပ္ပါယ်အကျဉ်းချုပ်ကတော့ အလုံးစုံသော ဝဋ်ဆင်းရဲကို ပယ်နှုတ်ဖျက်စီးတော်မူနိုင်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်၍ ရဟန္တာကြီး ဖြစ်သွားအောင် တရားဟော တရားပြ လမ်းညွှန်ပါဟု ဥက္ကဋ္ဌနည်းအားဖြင့် ဟောကြား

ညွှန်ပြပေသည်၊ ဆိုလိုရင်းမှာ ကျောင်းဒါယကာ ဒါယိကာမ တို့အား ဆယ်ဝါပြည့်ဘင်း ဝိဘင်းနှစ်ဖြာ ကမ္မာကမ္မ ခန္ဓက ပုဒ်၊ နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင် ကျောင်းထိုင်ငါးအင်္ဂါ ဟူ သော ကျောင်းထိုင်ဘုန်းကြီး ဖြစ်မြောက်ရေး အင်္ဂါငါးပါး တွင် တပါးအပါအဝင်ဖြစ်သော ရုပ်နာမ်သိမြင်နိုင်ခြင်း ဟူ သော သာသနာတွင် အသိပညာပေး၍ တရားဓမ္မ ဟောပြ သွန်သင်ရမည်၊ ရုပ်နာမ်သိမှုမှ တဆင့်တက်၍ မဂ်ဉာဏ် ဖိုလ် ဉာဏ်ကို ရရှိစေရအောင် ဟောပြနိုင်ရမည် ဆိုလိုသည်။

ထိုပြင်ရဟန်းကျင့်ဝတ်ခြောက်ပါးကိုလည်း သဗ္ဗညုဘုရား သည် သိင်္ဂါလောဝါဒသုတ်၌ ဤသို့အားဖြင့် ဟောကြား ပေသည်။

ရဟန်းဖြစ်သည်ဆိုလျှင် ရဟန်းကျင့်ဝတ် ပြည့်စုံရပေမည်၊ ရဟန်းကျင့်ဝတ်ဆိုသည်မှာ—

၁။ လူဒါယကာ ဒါယိကာမတို့၏ အပေါ်၌ မေတ္တာ ကရုဏာရှေ့ထား၍ မသင့်လျော်ဒါကို မြင်မယ် ကြား မယ် ဆိုပါက သွန်သင်ဆုံးမ နည်းလမ်းညွှန်ပြရမည်။

၂။ လူပြည် နတ်ပြည် နိဗ္ဗာန် မဂ်ဖိုလ်ရောက်ကြောင်း နည်းလမ်းကောင်းဖြင့် ညွှန်ကြား ဆုံးမရမည်။

၃။ ပစ္စုပ္ပန်အကျိုးစီးပွား တမလွန်အကျိုးစီးပွား နိဗ္ဗာန် သွား မဂ္ဂင်တရားကောင်းများကို ဟောကြားရမည်။

၄။ ကျေးဇူးများ၍ အဘိုးထိုက်တန်နက်နဲသော တရားများကို အထပ်ထပ် အကြိမ်ကြိမ် ဟောပြောရမည်။
၅။ အပါယ်ဘေးမှ ကင်းဝေးအောင် ဆောင်ရွက်ရမည်။
၆။ တကာ တကာမများ၏ အပေါ်၌ ဖြူစင်သန့်ရှင်းသော ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ အမြဲတန်းထားရှိရမည်။

### ဆောင်ပုဒ်

မကောင်းမြစ်တား ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး၊ နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ။

## ၃၃။ ရှေးဆရာတော်ကြီးများ၏ ဆုံးမမှု

ထိုမှတပါး ရှေးဆရာတော်ကြီးများသည် အမြော်အမြင်ကြီးမားစွာဖြင့် ရဟန်းအားလုံးတို့ကို ဤသို့ ဆုံးမတော် မူပေသည်။

၁။ ရဟန်းအဖြစ်နေလျှင် စာပေမွေ့လျော်မှုနှင့် တရားမွေ့လျော်မှု တခုခုဖြင့် နေထိုင်ရမည်။
၂။ အချင်းချင်း အပေါ်၌ရင်း တကာ တကာမတို့၏ အပေါ်၌ရင်း ကြွားဝါမှုကင်းဝေးရမည်။
၃။ ပစ္စည်းလေးပါး၌ မခင်တွယ်ဘဲ ခွဲခြမ်းဝေဘန် ပေးကမ်း ရမည်။

၄။ ရန်ညှိုးထားခြင်း စသော စိတ်ကောက် စိတ်နောက် ဒေါသစိတ်မျိုး ကင်းသော ကိုယ်နှုတ် အမူအရာ ကောင်း ရှိရမည်။

## ဆောင်ပုဒ်

ရဟန်းကိစ္စ နှစ်မူရ၌ လုံ့လအားသည်း ဟိတ်ဟန် နည်း၍ ပစ္စည်းမသို စိတ်မတို ခင်ပျိုကြီးပွားကြောင်း ရဟန်းဖြစ်လာသောသူသည် ပစ္စည်းလေးပါးတို့ကို အလို ရမ္မက်ကြီးမှုနှင့် မိန်းမအရောဝင်မှု လိုက်စားမှုတို့ကို အထူး ရှောင်နိုင်သူဟာ သာသနာဘောင် ကြာရှည်နေနိုင်မည်။

## ဆောင်ပုဒ်

''ပစ္စည်း မာတု ဤနှစ်ခု၊ ရဟန်းသေမင်းဒါးနှစ်စင်း'' ဟု အလွန်ပေါ်လွင်ထင်ရှားသော လင်္ကာဖြင့် ရေးသားထား၍ နောင်လာ ရဟန်းတော်များကို ပြောင်မြောက်စွာ ဆုံးမထားတော် မူကြပေကုန်သည်။

ကျောင်းထိုင်တယ် ဆိုလျှင် မြို့နေသူ၊ ရင်ရွာနေသူ တို့၏ အကြီးအကဲ ဖြစ်၍ အောက်ပါ နာယက ဂုဏ်အင်္ဂါများနှင့် ပြည့်စုံရပေမည်။ မပြည့်စုံက လူငယ်တို့၏ ကြည်ညိုလေးစား မှုကို မခံစားရကုန်။

## ၃၄။ နယကဂုဏ်အင်္ဂါ ခြောက်ပါး

၁။ အကြီးအကဲ ဖြစ်နေသူသည်၊ မိမိ၏တပည့် သားသမီး များ အပေါ်၌ မေတ္တာကရုဏာ အမြဲမပြတ် ထား၍ ကောင်းကျိုးလိုလား နေရမည်။
၂။ လူငယ်တို့၏ အပြောအဆို အနေအထိုင်တို့ကို အလို မကျသော်လည်း သည်းခံနိုင်စွမ်း ရှိရမည်။
၃။ မိမိရှိသော ပစ္စည်းဥစ္စာ ရာထူးအာဏာတို့ကို လက် အောက် ငယ်သားတို့အား ခွဲဝေပေးနိုင်ရမည်။
၄။ လုပ်ငန်းကိစ္စ အားလုံး၌ အနာဂတ် မြော်မြင်မှုနှင့် ပြည့်စုံရမည်။
၅။ ငယ်သားများထက် ဇွဲလုံ့လ ကြီးမားရမည်။
၆။ အမှုကြီးငယ်၌ နိုးနိုးကြားကြား ထထကြွကြွရှိရမည်။

### ဆောင်ပုဒ်

သနားသည်းခံ, ဝေဘန့်,မြော်မြင်, လျင်စွာထကြွ, နိုးကြားရ, နာယကဂုဏ်အင်္ဂါ။

ကျောင်းထိုင်နေသော ဘုန်းကြီးများသည်၊ အထက်ပါ နာယက ဂုဏ်အင်္ဂါနှင့်လည်း ပြည့်စုံရမည် ဖြစ်၏။

ကျောင်းထိုင် ဘုန်းကြီး များသည်၊ အနာဂတ် သာသနာ ရေး မြော်မြင်ခါ မိမိတို့နေထိုင်ရာ မြို့ရွာတို့၌ တကာ တကာမ တို့၏ သားသမီးများကို ဘာသာယဉ်ကျေးမှု ရရှိအောင်

ကလေးသူငယ်များနှင့် သင့်လျော်သော ခေတ်ကာလအလိုက် ဂဏန်းသင်္ချာ အရေးအတတ် အတွက်အချက်နှင့် တကွ တတ်စွမ်းပါက၊ ဘာသန္တရ ပညာရပ်များကိုလည်း သင်ကြားပေးနိုင်စွမ်း ရှိရမည်ဖြစ်၏။

ကျောင်း အဆောက်အအုံကို လက်ခံ၍ ကျောင်းထိုင်ဘုန်းကြီး ပြုလုပ်ဘယ် ဆိုဒါ လူဒါယကာ ဒါယိကာမတို့၏ အပေါ်၌ ဆရာပြု နေခြင်းဘဲ၊ ခေတ်ကာလ စကားအလို ဆိုတော့ လူပေါ်လူဇော်ပြု၍ နေထိုင်ခြင်းမျိုးဘဲ၊ အဲဒီတော့ ကျောင်းထိုင်သော ရဟန်းပုဂ္ဂိုလ်သည်၊ မိမိ ကိုယ်ခံပညာ ရှိမရှိကို စိစစ်၍ ကျောင်း လက်ခံသင့် ပေသည်။ ဝမရှိဘဲ ဝိလုပ်ချင်လို့ မဖြစ်ဘူး၊ ဆရာလုပ်နိုင်သော အရည်အချင်းရှိမှ ဆရာလုပ်ရသည်၊ မိမိကကျောင်းထိုင်နိုင်လောက်အောင်ပညာ မပြည့်ဝသေးဘူး ဆိုပါက၊ ကျောင်းလက်ခံ၍ ဆရာမလုပ်သေးဘဲ အသာရှိကာ တပည့်အဖြစ်မျိုးသာ နေထိုင်ရမည်။

ဆရာဆိုသော အသုံးအနှုန်း စကားလုံးသည် သူတပါး ထက် အသိပညာ ဗဟုသုတများမှု ဂုဏ်သကတ်ကို အစွဲပြု၍ ရုပ်ခြင်ပေါ်မှာ တင်စား ခေါ်ဝေါ်သော အသုံးအနှုန်း စကားလုံး ဖြစ်သည်၊ လောကီဆရာ လောကုတ္တရာ ဆရာဟု နှစ်မျိုး ရှိရာတွင် လောကကြီးပွား ချမ်းသာရေး အတွက် နည်းလမ်းကောင်း နည်းလမ်းမှန် သွန်သင်ညွှန်ပြ ဆုံးမ

တတ်ကျွမ်း နားလည်မှုဖြင့် မေတ္တာတရား ရှေ့ထားခါ စိတ်စေတနာပါပါဖြင့် အသိပညာ ပေးနိုင်စွမ်း ရှိမှုနှင့် လက်တွေ့ပေးနေမှုသည် လောကီဆရာ မည်၏ဟု မှတ်သားရာ၏။

## ပုံစံပြရသော်

အိမ်ထောင်စု တခုအတွင်း ဆိုကြပါစို့ ဘခင်လုပ်သူက စားဝတ်နေရေး ပြေလည်ရန်အတွက် စီးပွားရှာဖွေ၍ လိမ်မာရေးခြား ရှိအောင် အိမ်သူအိမ်သားများကို တရားလမ်းမှန်အတိုင်း အုပ်ချုပ် နေထိုင်ပါက ဘခင်ဖြစ်သူသည် အိမ်၏ဦးစီးခေါင်းဆောင် ဆရာမည်ပေ၏၊ မိခင်သည် မိန်းမသားတို့၏ တတ်ကျွမ်းမှု ပညာရပ်ဖြစ်သော ချက်ရေးပြုတ်ရေးစသော မီးဖိုဆောင်ကိစ္စ၌ တအိမ်သားလုံး၏ ဆရာဖြစ်၏၊ ဤသို့အားဖြင့် လောကတွင်း၌ မိမိတို့၏ တတ်ကျွမ်းရာ အသိပညာအလိုက် ဝိညာဉ်သိ တရားများကိုလည်း ဆရာဟုခေါ်ဝေါ်ရပေကုန်သည်၊ ငါသာဆရာ ငါသာ တတ်သိနားလည်သည်ဟု မှတ်ထင်၍ မာန်ထောင်လွှားမှုမဖြစ်ထိုက်ကြပေကုန်။

တခါတရံ ကလေးသူငယ်များကလည်း ဆရာဖြစ်၍ နေပေကုန်သည်၊ အမှန်စင်စစ် အခိုက်အတန့် ဆရာမျိုးသာ ဖြစ်သည်၊ နိစ္စထာဝရဆရာ ခေါ်ထိုက်သည်မှာ လောကုတ္တရာ အသိပညာ ပေးနိုင်သူသာ ဆရာစစ် ဆရာမှန် ဖြစ်၏၊ ငပိဖုတ်ပင် ဆရာမပြ နည်းလမ်းမကျ ဆိုသော စကားစဉ်လာ

အတိုင်း လောကအခေါ်အဝေါ် ဆရာဆိုဒါ ဆုံးနိုင်သည် မရှိပါကုန်၊ ထို့ကြောင့်ပင် ဆိုက်ကားဆရာ, အနှိပ်ဆရာ, ပန်းထိမ်ဆရာ, ပန်းဘဲဆရာ, လက်သမားဆရာ, ပန်းရန်ဆရာ စသော အားဖြင့် တတ်ကျွမ်း နားလည်မှု ပညာအလိုက် လောကီဆရာတွေ များစွာပင် ရှိ၍နေပေကုန်သည်။

## ၃၅။ ဘာကြောင့် ဘုန်းကြီးများကို ဆရာတော် ခေါ်နေကြကုန်သလဲ

လောကုတ္တရာဆရာဆိုသည်မှာ သဗ္ဗဒုက္ခာပနူဒနံ ဟူသော သဗ္ဗညုဘုရား၏ စူဠဒွါပါဠိတော်လာ စကားအတိုင်း ဒါယကာ ဒါယိကာမများတို့ကို အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲ ရုပ်နာမ်ဆင်းရဲ အမျိုးစုံမှ လွတ်ကင်းအောင် နည်းလမ်းမှန် ညွှန်ပြ သွန်သင်နိုင်စွမ်းရှိ၍ သွန်သင်နေသော ဘုန်းတော်ကြီးများကိုသာ ရှေးခေတ်ကာလက စ၍ ယခုအချိန်တိုင်အောင် ရပ်ဆရာ ရွာဆရာ မြို့ဆရာ နိုင်ငံဆရာဟု ကိုးကွယ်အားထား မှီခိုနေကြကုန်သည်။

ဘုန်းတော်ကြီးကလည်း ဦးခေါင်းပေါ်မှာ တင်ထားသော ဆရာအဖြစ်မှ ရွှေ့လျောမကျသွားဘဲ မြင့်သထက်မြင့်လာအောင် အနေအထိုင် အပြောအဆို အတတ်ပညာကောင်း၍ ဒါယကာ ဒါယိကာမတို့၏ အပေါ်၌ ကျောင်းထိုင်ဘုန်းကြီးတို့၏ အင်္ဂါနှင့်ပြည့်စုံစွာ ပညာပေးနိုင်စွမ်းရှိရမည်ဖြစ်၏၊ သို့မှသာ ဆရာအခေါ်ခံရသူထဲတွင် အတော်ဆုံး

ဖြစ်၍ ဂုဏ်သကတ်နှင့် လိုက်လျောစွာ ဆရာတော်ဟု အခေါ် ခံထိုက်ပေတယ်၊ ယခုခေတ်မှာ ဘာမျှနားမလည်သူတွေက အလွန်ပေါမျှားနေပေတော့ ဆရာခေါ်ဝေါ်နေတဲ့ လူတွေ ကလည်း မနဲပါဘဲ အခေါ်ဝေါ်ခံသူများကလည်း သာယာ ၍နေပေကုန်သည်။

ဤသို့ သာယာ၍နေခြင်းသည် လောဘ အကြောင်းရင်း ခံဖြစ်သော မာယာသာဌေယျ သဘောမျိုးမှ မလွတ်ကင်း ကုန်။ ထို့ကြောင့် ကျောင်းထိုင်ဘုန်းကြီး ပြုလုပ်သူသည် ထိုကဲ့သို့သော အစွန်းမလွတ်သော အညစ်အကြေး ကိလေသာမှ ကင်းခဝးအောင် မိမိတို့၏ အပြုအမူအရာကို စင် ကြယ်သလား မစင်ကြယ်ဘူးလားဆိုဒါ စိစစ်၍ သာသနာ တွင်သာ ဖြစ်ပေါ်လာတဲ့ ကြားသိ နာသိ သင်သိ ဆွေးနွေး မေးမြန်းသိ ဘတ်ရှုလေ့လာသိမျှသာ မတင်းတိမ်ဘဲ အနည်း ဆုံး ကိုယ်တွေ့ ရုပ်နာမ်သိ ပညာရပ်ကို ရှေးဦးစွာ မိမိကိုယ် တိုင်က ပြည့်စုံအောင် ကြိုးစားအားထုတ်ပြီး၍ ဒါယကာ ဒါယိကာမတို့သည် ပင့်ဖိတ်သော ကျောင်းကို အလှူခံပါလျှင် အလွန်ပင် သင့်တော်ပေမည် ထို့ကြောင့် ကျောင်းထိုင် ဘုန်းကြီးဆိုပါက—

၁။ ဗုဒ္ဓစာပေလာရုပ်နာမ်ကိုတတ်ကျွမ်းနားလည်ရမည်။

၂။ ကိုယ်တိုင်သိ ပညာပါရမီအလိုက် ဖြစ်ပေါ်လာ အောင် အားထုတ်ထားရမည်။

၃။ မေတ္တာရှေ့ထားခါ သူတပါးအားဟောပြောပြသရမည်။

ဤသို့သော လောကုတ္တရာ အခြေခံနှင့် လောကုတ္တရာပေါက် အသိပညာမျိုးကို လောကီအတတ်ပညာရှင်များ သိပ္ပံပညာရှင်များ လောကဓာတ် ပညာရှင်ကြီးတို့သည် မသိရှိနားမလည်နိုင်၍ အမည်မျှပင် မညွှန်ကြားနိုင်ကုန်၊ လောကီပညာရှင်ဆရာတို့ထက် ထူးထွေလွန်ကဲသော လောကဆင်းရဲလွတ်မြောက်ကြောင်း အသိပညာပိုင်းဖြစ်၍ လောကုတ္တရာပညာဟု ခေါ်ဝေါ်ရပေသည်။

အဆိုပါ လောကုတ္တရာအစစ် ပညာနှင့် အခြေခံပညာရပ်ကို နည်းလမ်းမှန် သွန်သင်ဆုံးမနိုင်သူကို လောကီဆရာတို့ထက် မြင့်မြတ်သောအသိပညာ ပေးစွမ်းနိုင်မှုရှိ၍ အတော်ဆုံးဖြစ်သောကြောင့် ဘာကယ်နားလည်သော ရှေးပညာရှိကြီးများက ဆရာတော်ဟု ခေါ်ဝေါ်ခြင်း ပြုထားခဲ့သည်။ အဲဒါကြောင့် သဗ္ဗညုဘုရားကလည်း ကျောင်းထိုင်ဘုန်းကြီးအင်္ဂါ ဥပဇ္ဈာယ်ဆရာ အင်္ဂါ နိသျှည်းဆရာအင်္ဂါဟု ဝိနည်းပိဋကတ်၌ ရဟန်းတော်များအား ပညတ်ထားပေကုန်သည်၊ အဆိုပါ ဝိနည်းဆိုင်ရာ ပညာကို သိရှိနားလည်ပြီးနောက်မှ ကျောင်းထိုင်ကြပါရန် အခါအခွင့်သင့်ခိုက် သတိပေးစကားရေးသားပါကြောင်း။

## ၃၆။ သာသနာ့ဝင်ကျောင်းသမိုင်း

ကျောင်း၊ ဘုရား၊ စေတီ၊ ဇရပ် တန်ဆောင်း၊ ဂူကျောင်း စသော သာသနာ့ အဆောက်အဦတို့၏ နောက်ကြောင်း သမိုင်းအစကို ရှာဖွေစဉ်းစားလိုက်ပါလျှင်၊ ရှေးယခင် ကမ္ဘာ အဆက်ဆက်ကပင် သူတော်ကောင်း ပညာရှိကြီးများ၏ ဘဝ လွတ်မြောက်ရေးအတွက် ပေါ်ပေါက်လာသော ယဉ်ကျေးမှု၊ ပြုစုဆောင်ရွက် ရေးများ ဖြစ်ကြောင်းမှာ မဟာကပ္ပိန မထေရ်နှင့် အနောဇာထေရီတို့၏ ရှေးယခင်ဘဝ အဆက် ဆက်က ပစ္စေကဗုဒ္ဓဘုရားငယ်တို့ကို သာသနာကွယ်ပနေသော အချိန်မျိုး၌ပင် ကျောင်းများကို ဆောက်လုပ်ကြ၍ ပစ္စည်း လေးပါးဖြင့် ပစ္စေကဗုဒ္ဓါဘုရားများကို လှူဒါန်းသမှု ဒါန ပြု၍ ကောင်းမှုများစွာ မင်္ဂမျိုးစေ့၊ ဖိုလ်မျိုးစေ့ ပါအောင် လွတ်မြောက်ရေး အသိဉာဏ်ဖြင့် ရှေးအတိတ်ကမ္ဘာစဉ်ဆက် ကပင် ကျောင်းဆောက်ခဲ့ဘူးကြ ကုန်ပြီ။

ယခု ဂေါတမဘုရား ပွင့်လာချိန်ကာလ၌လည်း ရာဇဂြိုဟ် ပြည် ဗိမ္ဗိသာရမင်းမှစ၍ နန္ဒိယသူကြွယ် အနာထပိဏ်သူဌေး၊ ဝိသာခါ စသော ထင်ရှားသော ကျောင်းဒါယကာ၊ ဒါယိ ကာမများသည် ဘုရားအမှူးရှိသော သံဃာတော်များကို ကျောင်းဆောက်၍ ဗုဒ္ဓ ပမုခ သံဃိက လှူဒါန်းကြကုန်၏။ မထင်ရှားသော ကျောင်းငယ်များနှင့် ယာယီအခိုက်အတန့်

လှူဒါန်းကြကုန်သော ဂူကျောင်း၊ ဇရပ်တို့သည်လည်း များစွာပင် ရှိပေကုန်သည်။

ဤသို့အားဖြင့် ကျောင်းလှူဒါန်းကြရာ၌ ဘုရားလက်ထက်တော်ကပင် အမြဲသီတင်းသုံးရန်း ထာဝရအနေ လှူဒါန်းခြင်း ယာယီအခိုက်အတန့် သုံးစွဲရန် လှူဒါန်းခြင်းဟု နှစ်မျိုးနှစ်စား ရှိပေကုန်သည်။ ယခုအခါ၌လည်း ဗုဒ္ဓဘာသာတရား၌ မိရိုးဖလာမှုစ၍ ယခုအချိန်တိုင်အောင် ဘာသာရေး အမွေအနှစ်ခံယူထား၍ ယဉ်ကျေးလိမ္မာ နေကြကုန်သော ကျောင်းဒါယကာ၊ ဒါယိကာမများတို့သည် လက်အုပ်ချီကာ အဉ္စလီကမ္မပြု၍ မိမိတို့၏အိမ်သို့ ဆွမ်းစား ကိစ္စစသော အကြောင်းတခုခုဖြင့်ကြွရောက်လာသော အခါမျိုး၌ ရဟန်းသံဃာတော်များကို ပုဂ္ဂိုလ်စွဲမပါ သံဃာဟူသော အမှတ်အသားဖြင့် ဤအိမ်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော် မူကြပါဘုရား။ ချမ်းသာသလို သီတင်းသုံးတော်မူကြပါဟု ဟန်ဆောင်လောကဝတ်မပါ၊ ရိုသေလေးစားပါ၍ စိတ်စေတနာထက်သန်စွာ လျှောက်ထားကြခြင်းသည် ယဉ်ကျေး လိမ္မာ၍ အသိဉာဏ်ရှိ၊ နားလည်သော ကျောင်းလှူဒါန်းခြင်း တမျိုးဖြစ်၍ ဘုရားတကာ ကျောင်းတကာ ဘုရားအမ၊ ကျောင်းအမဖြစ်ထိုက်သူများဟု မှတ်သားအပ်ပေ ကုန်သည်။ ဘာသာရေး၌ နားလည်သူများဟု ဆိုလိုသည်။

သံဃိကကျောင်း လှူဒါန်းပါလျှင်အလှူရှင်အလှူခံ ဤနှစ်တန်သော ပုဂ္ဂိုလ်နှစ်မျိုးတို့၌အထူးအကျိုးများ၍သံဃိကဒါန

မျိုးသာ လှူသင့်သည်။ အချို့ပုဂ္ဂိုလ်များကတော့ သံဃိက ကျောင်း၌ အမွေဝါဒီ ပုဂ္ဂိုလ်ဆိုး အန္တရာယ်များသည် ဆို၍ ပုဂ္ဂလိကအလှူခံကြသည်၊ ဤသို့ ပုဂ္ဂလိက အလှူခံခြင်းမျိုးသည် စိုးရိမ်ခြင်း ဥပါဒါန်များမှုသာဖြစ်၍ အကျိုးမများနိုင်သော အနာဂတ် မြော်မြင်ခြင်းမျိုးသာ ဖြစ်သည်။

ပုဗ္ဗာရုံကျောင်းတော်ကြီးများ ဇေတဝန် ကျောင်းတော်ကြီးများစသော ဘုရားရှင် သီတင်းသုံးသော အဆောက်အဦကြီးများသည်ပင် လောကဓံ တရားအတိုင်း ပျက်စီးယိုယွင်းမှုရှိ၍ ပျက်စီးယိုယွင်းခြင်းသာ တရားသဘော အတိုင်း နှလုံးသွင်းသင့်သည်။ မိုးသီးပြိုမှာ စိုးရိမ်သလို အနာဂတ်ရေးရာကိစ္စကို မစိုးရိမ်သင့်ပေကုန်။ (သတိပြု)

## ၃၇။ ဝိသာခါကျောင်းအမကြီး၏ သာသနာပြုပုံ

ဝိသာခါ ကျောင်းအမကြီးသည် အရိယာတို့၏ သန္တာန်၌ ရှိသော မပျက်စီးမတုန်လှုပ်သော အစလသဒ္ဓါတရားနှင့်ပြည့်စုံ၍ မိမိ၏ အသက်နှင့် စည်းစိမ်တို့ကို သာသနာတော်အား စွန့်လွှတ်ပြီးသား ဖြစ်နေမှုကြောင့် သာသနာ ညှိုးမှိန်ရန် အကြောင်းတခုခုကို မြင်တွေ့ကြားသိလျှင် အလျင် အမြန် ကြိုတင်၍ ပြုပြင်ခါ သာသနာပြုသွားပုံတို့ကို နောင်လူများ အတုယူစရာ ကောင်းပါပေသည်။

အခါတပါး၌ ဝိသာခါကျောင်းအမကြီးသည် နံက်ဖြန် နံနက် သူ၏နေအိမ်၌ ဘုရားအမှူးရှိသော သံဃာတော်ကို

ဆွမ်းဘုန်းပေးရန် ပင့်လျှောက်ထားခဲ့ပြီးနောက် ဆွမ်းစားကြွရန် အချိန်ရောက်သောကာလ၌ မိုးကြီးလေကြီး သဲသဲ မဲမဲ အုံ့မှိုင်းရွာသွန်းနေခိုက်ဖြစ်၍ ဘုရားရှင်၏ ခွင့်ပြုချက်အရ ရဟန်းတော်များသည် ကိုယ်ချည်းတုံးလုံး မိုးရေပြင်ဝယ် မိုးရေခံ၍ ရေချိုးနေဒါများကို ဆွမ်းစားလာပင့်သော ကလေးသူငယ်မက မြင်လေလျှင် ရဟန်းတော်တွေမထင် ကျောင်းအပြင်ဝယ် တိတ္ထိ တက္ကဒွန်းတွေသာဟု သူ၏အထင်အတိုင်း ဝိသာခါကျောင်းအမကြီးကို အိမ်အရောက်သွားပြန်ခါ ကျောင်းထဲ၌ ရဟန်းတော်များမတွေ့ ကျောင်းပြင်ဝယ် ရေချိုးနေကြသော တက္ကဒွန်းတွေသာတွေ့ရကြောင်းပြောကြားလျှင် ဝိသာခါကျောင်းအမကြီး ဆင်ခြင် တွေးဆ၍ တက္ကဒွန်းများမဟုတ် ရဟန်းတော်များသာ ကိုယ်တုံးလုံးချွတ်၍ ရေချိုးကြောင်းကို ပညာရှိ တွေးကြည့်တော့ လူမိုက်ပြေးကြည့်သည်ထက် မှန်ကန်ကြောင်းဆိုသော စကားအတိုင်းတပ်အပ်သေချာ သိမှုကြောင့် ရေချိုးပြီးလောက် ချိန်မှာကျောင်းတော်သို့ နောက်ထပ်တဖန် ပြန်လွှတ်၍ ဆွမ်းစားပင့်ရောက်ပါမှ တပည့်သံဃာ အားလုံးနှင့် တကွ ဘုရားရှင်သည် မိုးရေ လေအကြားမှ မိုးရေ တပေါက်မျှ မထိမမှန် ဝိသာခါအိမ်ခြံသို့ တန်ခိုးတော်ဖြင့် ကြွလာဒါကို ဝိသာခါ ကျောင်းအမကြီးနှင့်တကွ အားလုံးရှင်လူ ကြည်ဖြူမနော တအံ့တသြဖြင့် အတိုင်းထက်အလွန် ကြည်ညိုကြကုန်၏။

အသင့်ပြင်ထားသော ဆွမ်းဟင်းလျာတို့ဖြင့် ဆွမ်းကပ် ဆွမ်းစားပြီးချိန် ရောက်က ဝိသာခါကျောင်းအမသည် ကိုယ်တုံးလုံး ချွတ်ချိုးနေသော ရဟန်းအများစုကို အကြောင်းခံ၍ အောက်ပါ ပစ္စည်းဝတ္ထုများကို လှူလိုပါကြောင်း သာသနာ နေ့ခင်းအစဉ်ကောင်းရန် လျှောက်ထားသည်မှာ—

## ၃၈။ ဝိသာခါကျောင်းအမကြီး၏ အလှူမျိုးစုံ

၁။ မိုးရေခံသင်္ကန်း လှူဒါန်းပါရစေ။
၂။ ရေသနုပ်သင်္ကန်း လှူဒါန်းပါရစေ။
၃။ ခရီးသွားရဟန်း ဆွမ်းလှူဒါန်းပါရစေ။
၄။ အာဂန္တုရဟန်း ဆွမ်းလှူဒါန်းပါရစေ။
၅။ ဂိလာနရဟန်း ဆွမ်းလှူဒါန်းပါရစေ။
၆။ ဂိလာနပြုစုသောရဟန်းအား ဆွမ်းလှူဒါန်းပါရစေ။
၇။ ဂိလာနရဟန်း ဆေးလှူဒါန်းပါရစေ။
၈။ အမြဲ နိစ္စဗဒ် ယာဂုဆွမ်း လှူဒါန်းပါရစေ။

ဤသို့ အားဖြင့် သာသနာတော် အတွက် လိုအပ်ချက် အားလုံးတို့ကို အလိုက်သိစွာ ဖြည့်စွက်၍ လှူဒါန်း ခွင့်ပြုရန် သုံးလှူ့ထိပ်တင် ဘုရားရှင်အား လျှောက်တင်ပေ၏။

အရှည်သိမြင် ဘုရားရှင် သည်လည်း ဝိသာခါ အဘယ် အကျိုး တရားများကို မြော်မြင်၍ ဤသို့ လှူချင်ဘိသနည်း။

ဝိသာခါ ကျောင်းအမကြီး၏ အဖြေစကား၊ ဤသို့အားဖြင့် ဘုရားရှင်က မေးမြန်းပါလျှင်၊ သီတင်းဝါလ ကျွတ်သောအခါ၊ ဘုရားရှင်ကို ဖူးမြင်ရန် အရပ်ဒေသ များစွာမှ တပည့်ရဟန်း သံဃာတော်များ ကြွလာကြ ပါလိမ့်မည်၊ ထိုသို့ ကြွလာတဲ့အခါ ရဟန်းတော်များက ဘယ်မြို့ကရဟန်းသည် ဘယ်ရက် ဘယ်လ ပျံတော်မူ သွားပါပြီဘုရား၊ ဘယ်အရပ်က ရဟန်းသည် တနေရာကို ပြောင်းသွားပါတယ်ဘုရား၊ ဤသို့ လျှောက်ထားရာတွင် ဘယ်အရပ်က ပျံလွန်တော် မူသွားသော၊ ရဟန်းကတော့ အကျင့်သိက္ခာ ရှိပါ၍ ဘယ်ဘုံဘယ်ဘဝ ရောက်ပါမည်နည်း ဘုရား၊ ဘယ် မဂ်ဉာဏ်ကို ရပါသနည်း ဘုရား၊ ဤသို့စသော အမေးစကားကို ရဟန်းတော်များက သဗ္ဗညုဘုရားအား မေးမြန်းလျှောက်ထားသော အခါ သဗ္ဗညုဘုရားက မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ လာရှိသလိုပင် ချစ်သားရဟန်း လျှောက်ထားတဲ့ ပျံတော်မူ သွားသော ရဟန်းသည် နတ်ပြည်ရောက်၍ ပုထုဇဉ် အဖြစ်နဲ့ဘဲ ရှိသည်၊ ချစ်သားရဟန်း လျှောက်ထားတဲ့ ပျံတော်မူ ရဟန်းကတော့ဖြင့် သောတာပန် ဖြစ်သွားပြီ၊ တချို့ကျတော့ သကဒါဂါမ် ဖြစ်သွားပြီ၊ တချို့ကျတော့ အနာဂါမ် ဖြစ်သွားပြီ၊ တချို့ကျတော့ ရဟန္တာ ဖြစ်သွားပြီ၊ ဤသို့ ဤပုံ သဗ္ဗညုဘုရား ဖြေကြားတော် မူပါလိမ့်မည်၊ ထိုသို့ဖြေကြား အမိန့်ရှိသောအခါ သောတာပန် စသောအားဖြင့် အရိယာပုဂ္ဂိုလ်ကြီး ဖြစ်ပြီးလျှင် သုဂတိ ဘုံဘဝ

ရောက်နေကြကုန်သော အရိယာပုဂ္ဂိုလ်ကြီးများကို တပည့်တော်မ နှစ်ရှည်လများ အချိန်ကြာစွာ လှူဒါန်းထားသော ဆွမ်းစသော ပစ္စည်းလေးပါးတို့ကို မဘုန်းပေး မသုံးဆောင်ကြဘူးကုန်သော ပုထုဇဉ် အရိယာပုဂ္ဂိုလ် ဟူ၍ မရှိနိုင်ပါကုန် ဘုရား၊ အားလုံးကုန်သော ပုဆုဇဉ် အရိယာသူတော် သူမြတ်တို့သည် ဘုန်းပေးသုံးဆောင် သွားဘူးသည်တို့ချည်းသာ ဖြစ်ကြ၍ တပည့်တော်မ ဝမ်းမြောက်နှစ်သက် ကြည်နူးရပါသည်၊ ငါလှူသောဆွမ်း, ငါဆောက်သောကျောင်း, ငါလှူသော အဝတ်သင်္ကန်း စသည်တို့ကို အသုံးပြုကြ၍ အရိယာမဂ်ဉာဏ် ရရှိပေသည်။

ဤသို့စသည်ဖြင့် ဝမ်းမြောက်နှစ်သက်သောပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိတရား တဖွားဖွားဖြစ်ပေါ်၍ ခယဝယသဘောတင် ရှုပါလျှင် အထက်မဂ် အခြေခံ ဖြစ်သော ဣန္ဒြိယဘာဝနာ၊ ဗောဇ္ဈင်္ဂ ဘာဝနာ၊ မဂ္ဂင် ဘာဝနာ တရားတို့သည် အရှိန်မြင့်မားစွာ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည် ဘုရားဟု လျှောက်ထားလျှင် ဘုရားသဗ္ဗညုက ကောင်းစွာ သာဓုသာဓု ခေါ်ပေသည်။

ဤသို့အားဖြင့် သာသန အသိတရား၊ အသိဉာဏ် ရှိသူတို့သည်၊ သာသနာတော်ကို အသက်ပေး ကြည်ညိုကြသည့် အားလျော်စွာ လိုသည်မရှိ ထိုက်ထိုက်တန်တန် အသိဉာဏ်

ယှဉ်ကာ သာသနာတော်ကို လူဝတ်ကြောင်ဖြင့် ချီးမြှောက် သွားကြ ပေကုန်သည်။ သာသနာတွင်း ရဟန်းတော်တို့က လည်း ကျေးဇူးတရားသိ၍ ဓမ္မာနုဂ္ဂဟ အနေဖြင့် တရားဟော တရားပြ၊ စာပေပို့ချ၊ သင်ယူမှု အလုပ်ဖြင့် လက်တွေ့ပြခါ ပြုလုပ် ဆောင်ရွက်သင့် ပေသည်။

## ၃၉။ ကျောင်းဆောက်၍ သာသနာ ချီးမြှောက်ပုံ

အခါတပါး၌ ခုနစ်နှစ်သမီး အရွယ်မျှသာ ရှိသေးသော ဝိသာခါကလေးမသည် (ဤအရွယ်၌ ကျောင်းအမမဖြစ်သေး၍ ကျောင်းအမကြီး ဝိသာခါဟု မြှောက်စားခါ မသုံးထိုက်ပေ) သဗ္ဗညုဘုရား ဘဒ္ဒိယမြို့သို့ ကြွလာ၍ တရားဟောပြော ပွဲတခုမှာ ကျွတ်ထိုက်သော ပါရမီပါသဖြင့် တရားတော်နာ ယူ၍ ဉာဏ်နား ပွင့်လင်းပြီးလျှင် အရိယာ ဖြစ်ခဲ့ပေတယ်။ ၁၅-နှစ်သမီးအချိန် ရောက်သောအခါ (အိန္ဒိယနိုင်ငံ၌ မင်္ဂလာ ဆောင်ကိစ္စသည် အရွယ်ခတ်ငယ်ငယ်ကပင် မင်္ဂလာဆောင် ထားကြသည်၊ သူတို့နိုင်ငံ၏ ဓလေ့ထုံးစံပင် ဖြစ်၏၊ အချို့ အိမ်များ၌ ၁၀-နှစ်သမီးအရွယ်၊ ၁၁-နှစ်အရွယ်ကပင် ခမ်းခမ်း နားနား မင်္ဂလာပွဲကြီးပြုလုပ်၍ ထားသည်ကို တွေ့မြင်ရ၏။) သာဝတ္ထိမြို့၌ မိဂါရသူဌေး၏သား ပုဏ္ဏာဝဍ္ဎန သတို့သားနှင့် ထိမ်းမြားလက်ထပ်ပွဲ၌ ဝတ်ဆင်ရန် ဝိသာခါ၏ဘခင်ဓနဉ္စယ သူဌေးက၊ မဟာလတာ တန်းဆာခေါ်သော အင်္ကျီရှည်ကြီး တခုကို ထူးထူးချွန်ချွန် သူ့သမီးနှင့် လိုက်လျောသော တန်း

ဆာထူးတခုဟု သဘောထား၍ ထိုက်ထိုက်တန်တန် လက်ဖွဲ့ပေးသည်၊ မဟာလတာဆိုဒါ၊ မဟာ- ကြီးမားခြင်း၊လတာ- နွယ်၊ နှစ်ခု ပေါင်းစပ်လိုက်လျှင် ကြီးကျယ်သော ရွှေ ငွေနွယ်ကြိုး တန်းဆာ၊ ကောင်းမြက်သော ရွှေ ငွေ နွယ်ကြိုးတို့ဖြင့် စိန် ကျောက် ပုလဲ ပတ္တမြားစသော အဖိုးတန် ရတနာတို့ကို ဖွဲ့ယှက်ပြုလုပ်သော အဆင်းတန်းဆာထူး ဖြစ်သောအင်္ကျီ ရှည်ကြီးဟူလို။ တန်ဘိုးက သိန်းပေါင်းကိုးရာ ထိုက်သော အဝတ်တန်းဆာဖြစ်၍ အလွန်းလေးသော လူတိုင်းမဝတ်နိုင်သော အင်္ကျီရှည်ကြီး ဖြစ်၍ အတိတ်ဘဝများကကုသိုလ်ရှိန် အားကောင်း၍ အထူးသဖြင့် အဝတ်သင်္ကန်းများများ လှူခဲ့ဘူး၍ အားခွန်ဗလနှင့် ပြည့်စုံပြီးလျှင် အထူးအခွင့်အရေး ခံစားနိုင်သော ဘုန်းကံရှင် အမျိုးသမီးများသာ ဝတ်ဆင်နိုင်ပေသည်။

ဤလောကကြီး၌ ပုခုံးနှစ်ခုအကြား ဥကျွောင်းပေါက်၍ လူချင်း တူပေသမူ၊ အတိတ်ကံအရှိန်အဝါချင်းကတော့ မတူကြပေကြောင်း သတိပြုကြပါ။

တနေ့သောအခါ ဝိသာခါအမျိုးသမီးသည် မဟာလတာခေါ်သော အင်္ကျီကို ဝတ်ဆင်ယင်လျက် မြတ်ဘုရားကျောင်းတော်ကို သူမ၏ဘပည့်မနှင့် တတူတကွ တရားတော်နာသွားကြတယ်၊ ဤအဖိုးတန်သော အဝတ်ကြီးကို ဝတ်ဆင်ယင်ပြီးလျှင် ဘုရားသခင် ရှေ့တော်မှောက်သွားရန် မသင့်ပေဘူးလို့

စဉ်းစားဆင်ခြင် အသိဉာဏ်ဝင်ပြီးလျှင် အဲဒီအဝတ်အဘိုးတန်ကို ချွတ်၍ သူ့တပည့်မလက်ကို အပ်လိုက်တယ်၊ သူ့တပည့်မကလည်း ကံတူအကျိုးပေးသင့်ဖြစ်၍ သူ့လိုဘဲ အားကောင်းမယ်ကြီးဖြစ်၍ အလွယ်တကူပင် ယူသွားနိုင်တယ်။ တရားအတူတကွနာယူကြ၍ တရားပွဲပြီးလျှင် ထပြန်ကြသောအခါ တပည့်မက အဲဒီအဝတ်ရှည် အဖိုးတန်ကြီးကို ကျောင်း၌ မေ့ထားခဲ့တယ်၊ တရားပွဲပြီးပါက အရှင်အာနန္ဒာ မထေရ်မြတ်ကြီးက သိမ်းစရာရှိလျှင် သိမ်းယူရအောင် ဆိုပြီးလျှင် လျှောက်ကြည့်တဲ့အခါ မဟာလတာ အင်္ကျီထုပ်ကြီးကို တွေ့မြင်ရလျှင် ချက်ချင်းပင် ဘုရားရှင်အား လျှောက်ထားတယ်၊ ဘုရားရှင်က သိမ်းဆည်းထားရန် ပြောကြားသောကြောင့် ရှင်အာနန္ဒာက သိမ်းဆည်း စောင့်ရှောက်သော အနေအားဖြင့် စောင်းတန်း လှေခါးဘေးမှာ ဆွဲချိတ်ထားလိုက်တယ် ရှင်အာနန္ဒာလည်း အားသန်တဲ့ ကိုယ်တော်ကြီး ဆိုတော့ လွယ်လွယ်ပင် သိမ်းယူနိုင်တယ်၊ ကျောင်းပြင်ဘက် ခတ်ဝေးဝေး ရောက်သွားသော ဝိသာခါသည် အင်္ကျီရှည်ကြီးကိုဝတ်လိုသည်ဖြစ်၍ သူ့တပည့်မကို မေးသောအခါ ကျောင်းမှာမေ့ကျန်နေကြောင်း ပြောဆိုပါက ပြန်၍ စူးစမ်းဆင်ခြင်ပြီး၍ ယူသင့်က ယူရမည်၊ အကယ်၍ ရှင်အာနန္ဒာ ကောက်ယူသိမ်းဆည်းထားသောပစ္စည်းမျိုး ဖြစ်သွားပါက သာသနာ့အတွက် လှူပြီးသား သဘောသားရမည်ဟု မှာကြား စေလွှတ်လိုက်လျှင် ဝိသာခါ တပည့်မ ကျောင်းပြန်လာဒါကို ရှင်အာနန္ဒာ

မြင်လိုက်လျှင် အင်္ဂါကိစ္စလာဒါဆိုတာ သိနေပါပြီ၊ စကား ဆက်ဖြစ်အောင် ဘာအတွက် ပြန်လာသလဲ မေးတဲ့အခါ အင်္ဂါ ကျန်နေကြောင်း လျှောက်ထားလျှင် ဟိုနေရာမှာ ချိတ်ဆွဲထားတယ် ယူသွားပေတော့ ပြောသောအခါ အရှင်ဘုရားလက်ဖြင့် မချသိမ်းယူ ထားပြီးဆိုပါက မယူခဲ့ရန်ကိုလည်း မှာလိုက်ကြောင်း လျှောက်ထား၍ ပြောဆိုပြန်သွားတယ်၊ ဟိုရောက်လျှင် ဝိသာခါနှင့် တွေ့၍ အကြောင်းမှန်ကို သိရတာနဲ့ အဲဒီလိုဆိုလျှင် မဟာလတာ တန်းဆာကို ရောင်းချ၍ သာသနာတော်အတွက် လှူဒါန်းတော့မည်၊ သူ၏တပည့်မကို တဖန်ပြန်ယူခိုင်း၍ သံဃာတော်များ၌ သုံးဆောင်ကောင်းသော ဝတ္ထု ပစ္စည်းကိုလှူရန် ရည်ရွယ်ပြီးဖြစ်၍ ပန်းထိမ်ဆရာများကို ခေါ်ယူမေးမြန်း စုံစမ်း၍ တန်ဘိုးဖြတ်စေသောအခါ၊ မဟာလတာ၏ တန်ဘိုးမှာ ၉-ကုဋေတန်တယ်၊ လက်ခ တသိန်းလို့ အဖိုးဖြတ်ပေးတယ်၊ အိန္ဒိယနိုင်ငံငွေကြေးဖြင့် ဟိုရှေးခေတ်က တန်ဘိုးဖြစ်သည်၊ အဲဒီမဟာလတာတန်းဆာကို မြို့တွင်း၌ဝယ်နိုင်သူများကို စပ်ဟပ်ရောင်းချသော်လည်း ဝယ်ယူသူ မရှိပေ၊ ဒီအဝတ်အတိုင်း ဝယ်ပြန်လည်း ဝတ်နိုင်သူ မရှိပေ။

## ၄၀။ ပုဗ္ဗာရုံကျောင်း ဆောက်ခြင်း

တိုအခါ ဝယ်ယူသူမရှိလျှင် မိမိဘာသာဝယ်ယူသောအနေဖြင့် ဘုရားရှင်ထံသွားကာ အကြောင်းမျိုးစုံ လျှောက်ထား

၍ ၉-ကုဋေ့သော ငွေဖြင့် ပစ္စည်းလေးပါး လှူလိုပါကြောင်း ဘယ်လိုပစ္စည်းမျိုးကို လှူဒါန်းရလျှင် ကောင်းပါမည်နည်း မေးမြန်း လျှောက်ထားသောအခါ မြတ်စွာဘုရားက သာဝတ္ထိမြို့၏ အရှေ့တံခါး အနီးအပါးမှာ သံဃာအသုံးအဆောင် သံဃိကကျောင်းဆောက်လုပ်လှူဒါန်းလျှင် မသင့်ပေဘူးလား ဟု အကြံပေးစကား အမိန့်ရှိသောအခါ ဝိသာခါ အမျိုးသမီးက သဘောကျ၍ ကျောင်းနေရာမြေကွက်ကို ၉ ကုဋေ ပေးပြီးလျှင် ဝယ်ယူတယ်၊ ဤမြေကွက်လပ်ပေါ်၌ ၉ ကုဋေ တန် ကျောင်းပြာသာဒ်ကြီးကို ဆောက်တယ်၊ အဲဒီကျောင်း တော်ကြီးကို ဆောက်နေသော အချိန်အခါ၌ ဘုရားရှင်သည် ဘဒ္ဒိယမြို့ ကြွတော်မူရန်အကြောင်း ပေါ်ပေါက်နေ၍ ကြွ တော်မူမည့် ဆဲဆဲအချိန်အခါ၌ ကျောင်းဆောက် ရာမှာ လျှောက်ထားတိုင်ပင်ရန် လိုပါ၍ ဒေသစာရီ ခရီးမကြွဘဲ နေရန်ကို လျှောက်ထားသော်လည်း မရသောကြောင့် အခြား သင့်လျော်သော ရဟန်းတပါးကိုထားရန် လျှောက်ပြန်သော အခါ ဒီလိုဆိုလျှင် အလိုရှိအပ်သော သံဃာ၏ သပိတ်ကို ယူ ထားပေတော့ဟု ဘုရားရှင်က သဘောတူ ခွင့်ပြုသောအခါ၊ ကျောင်းကိစ္စကို အကူအညီ ရရှိရန်အတွက် စဉ်းစားဆင်ခြင်၍ ရှင်မဟာမောဂ္ဂလာန်၏ သပိတ်ကို ယူထားသောအခါ ချစ် သား မောဂ္ဂလာန် သင်၏ ရဟန်းပရိသတ် တပည့်များနှင့် အတူတကွ နေရစ်၍ ဤကျောင်းကိစ္စကို ကူညီစောင့်ရှောက် ပါဟု မိန့်ဆိုခါ ခရီးဆက်လက် ကြွတော်မူပါသည်။

ဤနေရာ၌ ရှင်မဟာမောဂ္ဂလာန်ကို ပင့်ထားခြင်းသည် ကျောင်းကို မြန်မြန်ပြီးစီးလို၍ တန်ခိုးတော် အကူအညီ လိုသောကြောင့် ပင့်ထားခြင်းဖြစ်သည်ဟု မှတ်ရမည်၊ ဘုရားလက်ထက်တော်က ဘုရားကိုဖြစ်စေ အခြားကုန်သောရဟန်းကို ဖြစ်စေ ပင့်လိုသောအခါ တရားနာလိုသော အခါတို့၌ သပိတ်ကို လှူဒါယကာ ဒါယိကာမတို့က မိမိတို့၏ရှေ့၌ ယူထားလိုက်ခြင်းသည် သပိတ်ရှင်၌ ပင့်မှုကိုစွ တရားနာလိုမှုကိုစွဆိုဒါ သိရှိနားလည်ပြီး ဖြစ်ခြင်းသည် ဘုရားလက်ထက်တော်ကကောင်းသောယဉ်ကျေးမှု အမှတ်အသားတခု ဖြစ်ပေသည်၊

အကောင်အထည်ပေါ်နေသော ကျောင်းကြီးကို ရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးအကူအညီဖြင့် ဆောက်လိုက်ရာ ၉-လမျှဖြင့် ကျောင်းကြီး ပြီးစီးသွားပေသည်။ ဤကျောင်းတော်ကြီး နာမည်ကိုလည်း သာဝတ္ထိမြို့၏ အရှေ့မျက်နှာ အရှေ့ အရပ်ဖြစ်၍ ပုဗ္ဗာရုံကျောင်းဟူသော နာမည်ကို တွင်စေပေသည်။

ဤပုဗ္ဗာရုံကျောင်းကြီး ပြီးစီးသောအခါ ဘုရားရှင် ပြန်ကြွလာကြောင်း သတင်းကောင်းကြားရ၍ ဝိသာခါသည် ကိုယ်တိုင် ခရီးဦးကြိုဆိုခါ ပုဗ္ဗာရုံကျောင်းသစ်ကြီးသို့ ပင့်ဆောင်ပါတယ် ဘုရားအမှူးရှိသော သံဃာတော်များကို ဤကျောင်းသစ်ကြီးပေါ်၌ လေးလပတ်လုံး ဆွမ်းကျွေး၍ ကြီးကျယ် ခမ်းနားသော ကျောင်းအလှူ ရေစက်ချပွဲကြီး ကျင်းပ

ပြုလုပ်တယ်။ စုစုပေါင်း ကုန်ကျငွေမှာ ၈-ကုငွေ၊ ကျောင်း
အတွက် ၉-ကုငွေ၊ ကျောင်းရေစက်ချပွဲအတွက် ၉ ကုငွေ၊
အားလုံးကုန်ပေါင်းလျှင်၂၇-ကုငွေ ဖြစ်၏။

ကျောင်းအမ ဝိသာခါသည် လေးလတိုင် အလှူပွဲကျင်းပ
၍ ရေစက်ချပြီးသော နောက်ဆုံးရက်၌ အလွန်နှစ်သက်ကြည်
နူးသော ဖရဏာပီတိများ ဟာဖွားဖွား ဖြစ်ပေါ်နေမှုကြောင့်
ဆောက်လုပ် လှူဒါန်းထားသော ကျောင်းတော်ကြီးကို လှည့်
ပတ်ခါ သားသမီးနှစ်ဆယ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်နှင့်
အတူတကွပင်။

ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိက လေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှပူရိတော။

ဤသို့စသော ဓမ္မဂီတိဂါထာငါးပုဒ်တို့ကို ဝမ်းမြောက်စွာ
သီဆို၍ အလွန်ပျော်ရွှင် နေပါတယ်၊ ကျောင်းတော်ကြီးကို
ဆောက်၍ လှူဘွယ် ပစ္စည်းလေးပါး တို့ကို အကြီးအကျယ်
လှူဒါန်းချင် နေဒါ အချိန်ကာလ တော်တော်ကို ကြာမြင့်
ပါပြီ၊ ယခု ဤယနေ့မှာဖြင့် လှူချင်ဒါတွေ အောင်မြင်မှု
ရပေပြီလို့၊ ဝမ်းသာမဆုံး အပျော်ကြီး ပျော်ရွှင်ကာ အထက်
ပါ ဓမ္မဂီတိ ဆိုတဲ့ တရားနှင့် ယှဉ်စပ်သော သီဆိုမှုကို ကျောင်း
တော်ကြီး လှည့်ပတ်ခါ ပြုနေခြင်းပင် ဖြစ်ပေသည်။

ပေးလှူမှုကို ဝါသနာပါတဲ့ သူကလဲ ပေးလှူနေရမှ ပျော်
ဒါဘဲ၊ တရားအားထုတ်မှု ဝါသနာပါတဲ့ သူကလဲ တရား

အားထုတ် နေရမှ ပျော်ဒါဘဲ၊ စာပေ ဝါသပါသူကလဲ စာပေနှင့် နေရမှ ပျော်နေ ဒါဘဲ၊ တရားဟော ဝါသနာပါသူများကလဲ တရားဟော နေရမှ ပျော်ဒါဘဲ လောကကြီး တခုလုံး၌ ကိုယ့်ဝါသနာ အတိုင်းပင် ကိုယ့်ရုပ်နာမ် အသုံးချ၍ ပျော်ရွှင်ခါ လှုပ်ရှားနေခြင်း ဖြစ်ပေကုန်သည်၊ အကျဉ်းချုပ်လိုက်လျှင် ကောင်းသော မွေ့လျော်ခြင်း မကောင်းသော မွေ့လျော်ခြင်း နှစ်မျိုးရှိ နေဒါကို သတိပြုကြပါ၊ မကောင်းသော မွေ့လျော်ခြင်းရှောင်၍ ကောင်းသော မွေ့လျော်ခြင်းကို ကျင့်သုံးပါ။

အဟံ၊ ငါသည်။ ကဒါ၊ ဘယ်အချိန်ကာလ ရောက်ပါမှ။ ရမ္မံ၊ အလှူခံအလှူပေးတို့၏ စိတ်နှလုံး မွေ့လျော်ဘွယ် ကောင်းသော။ သုခမတ္တိ ကလေပနံ၊ အင်္ဂတေ မြေညက်ဘို့ဖြင့် မွမ်းမံချယ်လှယ် လိမ်းကျံထားသော။ ပါသာဒံ၊ ဘုံအဆင့်ဆင့် ပြာသာဒ်ဆောင်ကြီးကို။ ကတွာ၊ စိတ်တိုင်းကြုံ အောင်မြင်စွာ ပြု၍။ ဝိဟာရဒါနံ၊ ကျောင်းအလှူဒါန မင်္ဂလာပွဲကြီးကို။ ဒဿာမိ၊ စိတ်ထားဖြူစွာ ပေးလှူရအံ့ပါနည်း။ တံ ဝိဟာရဒါနံ၊ ထိုကြီးကျယ်သောကျောင်းနှင့် တကွ ပစ္စည်းလေးပါး အလှူဒါနသည်။ မယှံ၊ ငါ၏။ သက်ပွေါ၊ အကြံအစည်သည်။ ပူရိတော၊ ယနေ့ ဤအခါ ပြည့်စုံပါပြီ။

ကျောင်းကိုဆောက်၍ သံဃာတော် များကို ဘယ်အခါ အောင်မြင်အောင် လှူရပါအံ့နည်း၊ ကျောင်းအသုံးဆောင်

ဖြစ်သော ဖျာ, သင်ဖြူး, ကုတင်, ခေါင်းအုံး, စာပွဲ, ကုလား ထိုင် စသော ကျောင်းအသုံးအဆောင် ပစ္စည်းများကိုလည်း ဘယ်အခါ လှူရပါအံ့နည်း။ ရဟန်းသံဃာတော်များ၏ မင် ဖိုလ် တန်းဆာ အဝတ်အရုံသင်္ကန်းဟူသော စီဝရဒါနကိုလည်း ဘယ်အခါ လှူရပါအံ့နည်း၊ သံဃာတော်တို့၏အာဟာရခေတ် ပြည့်ဝရန် ဆွမ်းဒါနကို ဘယ်အခါ အပြည့်အဝ လှူရပါ အံ့နည်း၊ ဂိလာနသံဃာများအား ဆေးအလှူကို ဘယ်အခါ လှူဒါန်း ရပါအံ့နည်း။

ဤ ဆိုအပ်ပြီးသော လှူဒါန်းလိုသော ကုသိုလ်မျိုးစုံသည်၊ ဤယနေ့ ဤအချိန်အခါ၌ အောင်မြင် ပြီးဆုံးခြင်းရှိ၍ ငါ့ အား ဝမ်းသာမဆုံး ပျော်ရွှင်ရလေပြီဟု အချုပ်အားဖြင့် အားရပါးရ ရွတ်ဆိုခါ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူး နေလေပြီ၊ ဤတွင် ကျောင်းတရားတော်ကို အဆုံးသတ်လိုက် ပါပြီ၊ ပေးလှူမှုဖြင့် မွေလျော်နေတဲ့ ကျောင်းအမကြီးလို မှတ်ကြပါ။

## အလှူမျိုးစုံပေါင်းချုပ် လင်္ကာ

၁။ စားဘွယ်သောက်ဘွယ် လှူလေတယ်၊ အသွယ်သွယ် အားအင် လှူသည်မည်။

၂။ အဝတ်အထည် လှူလေတယ်၊ လှူဘွယ်အဆင်း လှူသည်မည်။

၃။ ထိ၊ ဘိနပ်၊ ယာဉ် လှူလေလျှင်၊ ချမ်းသာစုံလင် လှူသည်မည်။

၄။ အလင်းဖြစ်ဘွယ် လှူလေတယ်၊ အသွယ်သွယ်မျက်စိ လှူသည်မည်။

၅။ ကျောင်းတဆောင်မှု ဆောက်လေသူ၊ အလှူမျိုးစုံ ပြုသည်မည်။

ဤတွင်ရွေ့ ကျောင်းတရားတော် ပြီးဆုံးပြီ။

### ၄၁။ ဤစာပြီးဆုံး နိဂုံးကမ္ပတ် အပြီးသတ်

ကျောက်တလုံး ရညာစရိယေန၊
ကျောက်တလုံးရည နိဝါသိနာ။
အာသဠှိ မာသကဏှပက္ခေ၊
နိဋ္ဌိတော ယံ ဝိဟာရရမ္မေ။

ကျောက်တလုံးရညဝါသိနာ၊ မုဒ္ဒုံမြို့နယ်၌ မိန်ကနိမ်း ကျောက်တလုံး နန်းပြိုင် ကွေ့ဝမ်းဟူကုန်သော ရွာလေးရွာ လျှင် မိုခိုရာပြု၍ရှေးအခါကာလကပင် တောင်ညိုတောင်တန်း ဘောင်ကုန်းပြင်ဝယ် တည်ထောင်ထားသော သာသနသမိုင်း ဝင် တောရကြီးကျောင်းတိုက်၌ လေးပါးဣရိယာ မျှတခါ နေထိုင်လေ့ရှိသော။ ကျောက်တလုံးရညာစရိယေန၊ ကျောက် တလုံး တောရကျောင်းနေ ဆရာ ငါသည်။ အာသဠှိမာသ–

ကဏှပက္ခ၊ ဒုတိယဝါဆိုလပြည့်ကျော် ငါးရက်ဟူသော နံနက်ခင်း (၇) နာရီအချိန်ဝယ် မင်္ဂလာရှိသော အခါကာလ ပက္ခသမယ၌။ ဝိဟာရာရမ္မေ၊ သူတော်ကောင်းတို့၏ စိတ်နှလုံး နှစ်ခြိုက် တရားဓမ္မဖြင့် ပျော်ပိုက်မွေ့လျော်ရာ ဖြစ်သော သစ်သားစင်္ကြံကျောင်းပေါ်၌။ အယံ၊ ဤတရားပွားများရာ သီတဂူကျောင်းပြီးလင်း ဖူးထိမ်းအမှတ်တရပ်ဖြင့် သတ်မှတ်ပိုင်းခြား အလျင်အမြန်ရေးသားသော ကျောင်းတိုက် ဖြစ်ပေါ်လာပုံ အကြောင်းအရာနှင့် ကျောင်းတရားစာကို။ နိဋ္ဌိတော၊ ဘေးရန်ကင်းကွာ မိုဃ်းတမြိုက်မြိုက်ရွာ၍ သာယာလှသော နံနက်ခင်း အချိန်အခါပင် ရေးသားတီထွင် စီရင်ပြီးဆုံး အပ်ပါသတည်း။

ဆရာတော် ဦးစက္ကိန္ဒ

ကျောက်တလုံးတော်ရကြီးကျောင်းတိုက်

စင်္ကြံကျောင်း၊

မုဒုံမြို့။

# နောက်ဆက်တွဲ

ဒါနသင်္ချိုးစာ

## လူတိုင်း ဒါနပညာ တတ်မြောက်ရန် ရည်ရွယ်သည့် အလှူခံ ဓမ္မဒါနအခန်း

အလှူခံသည် ပုဂ္ဂလအလှူခံနှင့် ဓမ္မအလှူခံဟု ၂-မျိုးရှိရာ ပုဂ္ဂလအလှူခံအနေ လှူမှုထက် ဓမ္မအလှူခံအနေ လှူမှုက ပို၍ အကျိုးကြီးကြောင်းကို ရှင်းပြဦးအံ့။

### ပုဂ္ဂလအလှူခံများ

၎င်းပုဂ္ဂလ အလှူခံအရကို ထပ်၍ခွဲလိုက်လျှင် အယုတ်စား အလတ်စား အမြတ်စား အလှူခံပုဂ္ဂိုလ်ဟု ၃-မျိုး ရှိနေပြန်သည်။

### ရှင်းလင်းချက်

၁။ အယုတ်စား အလှူခံပုဂ္ဂိုလ်ဟူသည် တိရစ္ဆာန်၊ တံငါ၊ မုဆိုး၊ သူခိုး၊ ဓားပြ၊ ပြန်ပေးသမား၊ မုဒိမ်းသမား၊ လူသတ်သမား၊ လူလိမ်၊ လူယုတ်၊ ရသေ့ပျက်၊ ရှင်ပျက်၊ ရဟန်းပျက် စသော အလဇ္ဇီ ဒုဿီလတို့ကို ဆိုလိုသည်။

၂။ အလတ်စားအလှူခံပုဂ္ဂိုလ်ဟူသည် လဇ္ဇီစာရင်းဝင်လူ ယောကျ်ား၊ မိန်းမ၊ ရသေ့၊ သီလရှင်၊ ယောဂီသာမန်နှင့် ရှင်၊ ရဟန်းသာမန်များကို ဆိုလိုသည်၊အရှက်အကြောက် ရှိသူကို "လဇ္ဇီ"ဟု ခေါ်သည်။

၃။ အမြတ်စား အလှူခံပုဂ္ဂိုလ်ဟူသည် သီလနှင့် အကျင့်ကောင်းရှိသူ လူဝတ်ကြောင် ကျား၊ မ၊ ယောဂီ ကျား၊ မ၊ သီလရှင်နှင့် ရှင်၊ ရဟန်းများ ထို့ပြင် စျာန်လုပ်ငန်း ကျင့်ဆဲနှင့် ရရှိပြီး ပုဂ္ဂိုလ်များနှင့် ဝိပဿနာဉာဏ် ပွားများဆဲ ပုဂ္ဂိုလ်များ၊ မဂ် ဖိုလ် ဉာဏ်ရပြီး အရိယာပုဂ္ဂိုလ်များ ပစ္စေကဗုဒ္ဓနှင့် သမ္မာသမ္ဗုဒ္ဓ ဘုရားများ ထို့ပြင် စေတီတော်များကို ဆိုလိုသည်။

### ကုသိုလ်အနဲနှင့်အများ ရနိုင်သည်

အထက်ပါ အလှူခံပုဂ္ဂိုလ် ၃-စားလုံးထဲက ဘယ်သူ့ကိုဘဲလှူလှူ ကုသိုလ်ကား ရရှိပေသည်။ သို့ပေမဲ့ အယုတ်စားထဲက လှူမိလျှင် ကုသိုလ်ရမှုနဲ၍ အလတ်စားထဲကလှူမိလျှင် ထို့ထက်ပိုရပြီး အမြတ်စားထဲကလှူမိလျှင် အများကြီး ရနိုင်မှုသာ ခြားနားတော့သည်။

### လှူတတ်ဘို့ အရေးကြီးသည်

အလှူပြုလိုသူတိုင်း ရဟန္တာနှင့် ဘုရားတို့ကို ရရှိဘို့ရာ လွန်စွာ ခဲယဉ်းပေသည်၊ ထို့ပြင် အရိယာ ပုဂ္ဂိုလ်တို့နှင့် စျာန်

ရ၊ အဘိညာဏ်ရ ပုဂ္ဂိုလ်တို့ကို ရရှိဘို့ရန်လည်း ခဲယဉ်းပြန်သည်။

သို့ရာတွင် အလှူရှင်ဖြစ်သူသည် လှူတတ်သော အသိဉာဏ်တွေ ရရှိဘို့က ပို၍အရေးကြီးနေသည်။ လှူတတ်လျှင် ဘုရားနှင့် ရဟန္တာတွေ အချိန်မရွေး ရနိုင်၍ အရှုံး မရှိဘဲ အမြတ်များစွာ ရနိုင်၍ ရနိုင်ပုံကို ဆက်၍ဖေါ်ပြပေဦးအံ့။

## လှူတတ်ပုံမှာ

အလှူရှင်မှာ လှူတတ်သော (ဉာဏ်တွေ) ပြည့်စုံစွာ ရှိထားလျှင် အချိန်မရွေး ဘုရားကိုလည်း လှူခွင့်ရနိုင်သည်။ ရဟန္တာကိုလည်း လှူခွင့်ရနိုင်သည်။ အနာဂါမ်စသော အောက် အရိယာ တွေကိုလည်း လှူခွင့်ရနိုင်သည်။

ထို့ပြင် အယုတ်စားအလှူခံထဲက ခွေးတိရစ္ဆာန် ကိုဘဲဖြစ်စေ၊ သူခိုး ဓားပြနှင့် မုဒိမ်းသမားတွေဘဲ ဖြစ်စေ၊ လူလိမ်၊ လူယုတ်တွေဘဲဖြစ်စေ၊ သီလ လုံးဝမရှိသူ ရှင်ပျက်တွေနှင့် ရဟန်းပျက်တွေဘဲဖြစ်စေ လှူမည့်သူမှာ လှူတတ်သော(အသိဉာဏ်) ပြည့်စုံခဲ့လျှင် ကောင်းကျိုးများစွာ ရရှိသော(နည်းလမ်းများ) ရှိပေသည်။ ယင်း နည်းလမ်းကောင်းများကို တတ်ကျွမ်း သိနားလည်ထားဘို့သာ လိုပေသည်။

ဉပမာဆိုသော် အထူတလက်မခန့် အရှည်တထောင်ခန့်ရှိသော ဝါးခြမ်းတခုကိုအသုံးချရာမှာ အသိဉာဏ်အနဲအများအလိုက် ကျိုးရှိ ကျိုးမဲ့ ဖြစ်နိုင်ပုံကို ပုံစံပြပါအံ့။

၁။ အလွန်ဉာဏ်နဲ့သူအဖို့ ၎င်းဝါးခြမ်းကို အိမ်သာမှာ သော်၎င်း၊ မီးထင်းမှာသော်၎င်း၊ သုံးပေမည်။

၂။ ထိုထက်ဉာဏ်ရှိသူမှာ ၎င်းဝါးခြမ်းကို ခွဲစိတ်ပြီး တစိပ်ကို ငြုပ်သီးကင်ဘို့ တစိပ်ကို သားငါး ကင်ဘို့ တစိပ်ကို သွားကြားထိုးဘို့၊ ကျန်တစိတ်ကို တနေရာရာမှာ သုံးစွဲပေမည်။

၃။ ထိုထက် ဉာဏ်ရှိသူမှာ ကျော၌ အယားကုတ်ဘို့ (လက်ပုံ) အဖြစ် ပြု၍သော်၎င်း၊ နှီးဖြာပြီး ယပ်တောင် လုပ်၍သော်၎င်း အသုံးချပေမည်။

၄။ ထို့ထက် ဉာဏ်ရှိသူမှာ အမျိုးသမီးတွေ ဆံထုံးထဲမှာ ထည့်၍ သုံးလေ့ရှိသော ရှင်သီဝလိပုံတော်အရုပ်ငယ်တွေ ၂၀-ကျော်ထုလုပ်ပြီး တရုပ်လျှင် ၂ဝ နှုန်းဖြင့် ရောင်းစားလျှင် ယင်း ဝါးခြမ်းစိပ်ကပင်ငွေ ၄၀-မျှ ရနိုင်ပေမည်။

၎င်းပုံစံကို ထောက်ဆပြီး အလှူရှင်လုပ်သူမှာ လှူတတ်သော အသိဉာဏ် ကြွယ်ဝစွာသင်ယူ တတ်ကျွမ်းထားခဲ့လျှင် အလှူဝတ္ထုက ယုတ်သည့်၊ ညံ့သည့်ပဲဖြစ်စေ၊ အလှူခံက ယုတ်ညံ့သူပဲ ဖြစ်စေ၊ လှူသူက မိမိ၏အသိဉာဏ်ကို အသုံးပြုပြီး စေတနာကို ပြင်ဆင်လျက် အမြင့်စား(ဓမ္မဒါနမျိုး)စီစဉ်ကာ ဓမ္မအလှူခံအဖြစ် ရည်မှန်းပြီး ဓမ္မအမျိုးမျိုးခြံရံ၍ ဓမ္မပတ္တနာ

ပြု၍ လှူတတ်ခဲ့လျှင် ထူးမြတ်သော ကောင်းကျိုးကိုပင် ရရှိနိုင်တော့သည်။ ၎င်းနည်းလမ်းကို ဆက်၍ ဖော်ပြသွားပါအံ့။

## အယုတ်စားအလှူခံအား လှူပုံနမူနာပုံစံ

၁။ ခွေးတကောင်အား စားဖွယ်တခုခုကို ဝတ္တရားအနေဖြင့် ကျွေးလိုက်လျှင် ဒါနကုသိုလ် သာမန်ဘဲဖြစ်၏။

၂။ ထိုသို့မဟုတ် ယင်းခွေးအား စားဖွယ်ကိုကျွေးရာ၌ ခွေးဟူသော အမှတ်ကိုဖယ်ပြီး ပရမတ္ထရုပ်အစုနှင့် နာမ်အစုအနေပြောင်းကာ ယင်းပရမတ္ထ နာမ်ရုပ်တို့အား တောင့်တင်းစေရန် ထောက်ပံ့ပေးအံ့ဟု နှလုံးသွင်း၍ ပေးလှူလိုက်လျှင် နံပါတ် ၁-ထက် ကုသိုလ်ပိုလာသည်။

၃။ ထို့ပြင် ယင်းခွေးဟူသော အမှတ်
ပေါ်ဆဲ ရုပ်နာမ်တို့ တောင့်တင်းစေရန်၎င်း၊ ထိုသို့တောင့်တင်းခွင့်ရ၍ လမ်းဖြာ ကြည်ရွှင်မှုရစေရန်၎င်း၊ ထောက်ပံ့ပေးအံ့ဟု ဉာဏ်ရှင် နှလုံးသွင်း၍ ပေးလှူလိုက်လျှင် နံပါတ် ၂-ထက် ကုသိုလ်တွေတိုးမြင့်လာ၏။

၄။ ထို့ပြင် နံပါတ် ၃-လာ ရည်မှန်းချက်တို့နှင့် တကွ လမ်းဖြာကြည်ရွှင်မှု ရသဖြင့် ကျွေးမွေးသူ ကျေးဇူးရှင်တို့အပေါ်၌ မေတ္တာဓာတ်ဝင်၍ ကုသိုလ်စမ္မဖြစ်ပေါ်စေရန်၎င်း၊ ထိုကုသိုလ်စမ္မဖြင့် ကြုံတွေ့နေရသော ခွေးတိရစ္ဆာန် ဒုက္ခမှ

လွတ်ပေါက်ရရှိစေရန်ငှင်း၊ ပညာဖြင့် မြော်ခေါ၍ ကောင်း ကျိုး အမျိုးမျိုးကို တကယ်ရရှိစေလိုသော မေတ္တာ၊ ကရုဏာ တို့ခြံရံကာ ထက်သန်သော စေတနာ၊ သဒ္ဓါတို့ဖြင့် ပေးလှူ လိုက်လျှင် နံပါတ် ၃–ထက် ကုသိုလ်ရမှုတွေ ပိုမိုမြင့်တက် သွားတော့၏။

၅။ ထိုနောက် နံပါတ် ၄–လာ စေတနာတို့နှင့် တကွ ယင်းဒါနကံကြောင့် ဒုက္ခိတ သတ္တဝါအနန္တတို့၏ ကောင်း ကျိုးတွေကို ဆောင်ရွက်နိုင်ရန်ငှင်း၊ ယင်းဓမ္မဒါနကို အမှီ ပြု၍ ဓမ္မဒါနဘက်၌ ပိုမိုအမြင်ကျယ်ကာ အကြိမ်ကြိမ်ဆက်၍ ပြုနိုင်စေရန်ငှင်း၊ ယင်းဒုက္ခိတရုပ်နာမ် အခြေအနေတို့သည် ဒုဂ္ဂတိ ဒုက္ခကို သိမြင်စေခွင့်ရသဖြင့် ဒုဂ္ဂတိဒုက္ခနှင့် သုဂတိ ဒုက္ခဟူသမျှသည် စာရင်းထဲသာ ဝင်နေတော့၏၊ ထိုထိုဒုက္ခ ဟူသမျှမှ လွတ်ကင်းရာ ပြည်နိဗ္ဗာန်သည်သာ မြဲသောချမ်း သာအစစ်ပါတကားဟု ဉာဏ်အမြင်ပေါက်ကာ ဤဓမ္မဒါန စုကြောင့် နိစ္စသုခဖြစ်သော နိဗ္ဗာန်အတွက် အထောက်အပံ့ ကုသိုလ်သည် ဖြစ်ပါစေသတည်းဟု ဉာဏ်ဝင်ကာ ပေးလှူလိုက် လျှင် နံပါတ် ၄–ဒါနထက် မြင့်မြတ်သွားတော့၏။

## အညွှန်း

အထက်ပါ ဒါနပုံစံတို့ကို နမူနာပြု၍ ခွေးတိရစ္ဆာန်ကို ပင် ဒါနပြုရာမှာ အယုတ်စားခွေးသတ္တဝါ ဟူသော ဝေါဟာ

ရအမှတ်သညာကို ဉာဏ်ဖြင့် ဖယ်ရှားပြီး(အလှူခံကို)ပရမတ္ထ ရုပ်နာမ်အဖြစ်သို့ ဦးစွာပြောင်းတတ်ပါစေ။

ထိုသို့ အလှူခံသည် သတ္တဝါနှင့် ပုဂ္ဂိုလ်မဟုတ်တော့ဘဲ ဓမ္မအနေ၊ ရောက်သွားလျှင် ဓမ္မဒါနအဖြစ်သို့ စတင်ရောက်ရှိသွားလေပြီ။

ယင်းသို့ ဓမ္မအနေ ရောက်လာချိန်ကစ၍ မိမိတို့ဉာဏ်အမြင်ရှိသလောက် ဓမ္မဒါနအဆင့်ဆင့် မြင့်တက်သွားနိုင်တော့၍ အထက်ပါပုံစံကို နမူနာထားပြီး မိမိတို့ဉာဏ်မှီသလို တိုးချဲ့ပြုလုပ်သွားကာ ကောင်းကျိုး အဖုံဖုံကို ထုတ်ယူနိုင်တော့သည်။

## လူယုတ်မာ မုဒိမ်းသမားအလှူခံအား လှူပုံ

အလှူခံသည် မျက်မြင်ခာတ်သိ လူယုတ်မာနှင့် မုဒိမ်းသမား တရားခံတဦးဟု ဆိုကြပါစို့၊ ဤကိစ္စအတွက် သဘောပေါက်ရန်မှာ ပရမတ္ထ တရားသဘောအရ သုံးသပ်လိုက်သော် ရုပ်မာမှုနှင့် ကောင်းမှုသည် (ထာဝစဉ် မရှိနိုင်ပေ) အခိုက်အတန့်မျှသာ ရှိနေသည်။

ပုံစံပြရသော် ယုတ်မှု၊ မြတ်မှုသည် နာမ်တရားသာဖြစ်သည်၊ ယင်း နာမ်တရားနှင့်တကွ ရုပ်တရားတွေပါတစက္ကန့်အတွင်းမှာပင် ရာပေါင်း ထောင်ပေါင်းများစွာ ဖြစ်ပျက်ပြောင်းလဲနေကြတော့၍ ယခင်အချိန်က ယုတ်မှုနှင့် မြတ်မှု

တို့သည် နောက်စက္ကန့် အချိန်မှာပင် မရှိတော့ဘဲ နောက်စိတ်၊ နောက်နာမ်နှင့် နောက်ရုပ် အသစ် အသစ်တွေသာဖြစ်ပေါ်ပြောင်းလဲလျက် ရှိနေတော့ရာ ယင်းရှေးက ဖြစ်ပေါ်ခဲ့သော နာမ်နှင့်ရုပ်တွေကို မပျောက်ပျက်ဘဲ တည်နေအောင် မည်သူမျှ မတတ်နိုင်ကြပေ။

## မပျက်ဘဲတည်နေသော ဓမ္မနှစ်မျိုး

သို့ရာတွင် မပျက်ဘဲတည်နေသော ဓမ္မမျိုးကား ကံဓမ္မနှင့် နိဗ္ဗာန်ဓမ္မ ၂-နှစ်မျိုးသာ ရှိပေသည်။ ၎င်းနှစ်မျိုးထဲမှ ကံဓမ္မဆိုသည်မှာ ယခင်အချိန်က ဆိုးခဲ့၊ ယုတ်ခဲ့၊ ကောင်းခဲ့ မြတ်ခဲ့သော စိတ်နှင့် နာမ်တို့သည် ဖြစ်၍ချုပ်သွားပြီးနောက် စိတ်အနေ၊ နာမ်အနေနှင့် တည်နိုင်ခွင့် မရှိတော့ဘဲ ကံဓမ္မ အဖြစ်နှင့်သာ ပြောင်းလဲတည်နေနိုင် တော့သည်။

ယင်းကံ ဓမ္မမှ ဆိုးကံနှင့် ယုတ်ကံမျိုးသည် နောက်တစ ချိန်ချိန်မှာ ဆိုးကျိုးနှင့် မကောင်းကျိုးကိုသာ ယုတ်မာခဲ့ သူအား ပြန်၍နှိပ်စက်လတ့်ဖြစ်သည်။

ကောင်းကံနှင့် မြတ်ကံတို့သည်လည်း ထိုကောင်းမြတ်ခဲ့ သူအား ပြန်၍ကောင်းကျိုးကိုသာ ပြန်၍ပေးပါလတ့်။

ထို့ကြောင့် ယုတ်မာမှုသည် အခိုက်အတန့်သာ (နာမ် အဖြစ်) နှင့် ရှိနိုင်၍ ယုတ်မာဘူးသူအား ယုတ်မာသောစိတ်

နှင့် နာမ်တွေ။ ဝါ့ စေတသိက်တွေသည် ထာဝစဉ်တည်နေအောင် လုပ်၍မရနိုင်ပေ၊ တခါတရံသာရှိနိုင်သည်။

ဥပမာ။ ။စာရေးသူနှင့် တကွ ဘုရားဖြစ်သွားသူတွေ အပါအဝင် ရှိရှိသမျှ သတ္တဝါတိုင်းမှာ ယုတ်မာဘူးသူချည်း ဖြစ်ကြသလို၊ "ကောင်းမြတ်ဘူးသူချည်းလည်း" ဖြစ်ဘူးခဲ့ကြလေပြီကို မငြင်းနိုင်ကြပေ၊ ဘုရားနှင့် ရဟန္တာ မဖြစ်ရှိသေးသမျှ ယုတ်မာမှုမှ သတ္တဝါတွေ မလွတ်နိုင်ကြသေးပေ။

ထိုသဘာဝကို ထောက်ရှုပြီး ယုတ်မာသူ တွေရှိပါက ယာယီကိစ္စဟု သဘောပေါက်ပါဟု ဆိုလိုသည်။ ဒီအချိန်မှာ ယုတ်မာသော်လည်း ဟိုအချိန်မှာ ကောင်းမြတ်နိုင်သေးသည်ဟု ဆိုလိုပေသည်။

## ပုံစံထုတ်ရသော်

၁။ ယောကျာ်းဘက်မှ၊ အင်္ဂုလိမာလသည် ရှေ့ပိုင်းတွင် လူဆိုးလူယုတ်မာကြီး ဖြစ်နေစေကာ၊ နောက်ပိုင်းတွင် ရဟန္တာဖြစ်လာပုံတရပ်။

၂။ သန္တတိအမတ်ကြီးသည် ရှေ့ပိုင်းတွင် အရက်မူး၍ ကာမကြူးနေခဲ့ပြီး၊ နောက်ပိုင်းတွင် ရဟန္တာဖြစ်လာပုံတရပ်။

၃။ ဒေဝဒတ်သည် ရှေ့ပိုင်းတွင် ရဟန်းပြုကာ ဈာန်နှင့် အဘိညာဏ်တွေပါလာပြီးမှ နောက်ပိုင်းတွင် ဘုရား

ကိုသတ်ဖို့ အားထုတ်ပြီးနောက် အဝီစိငရဲသို့ ဆင်းသွားရပုံတရပ်။

၄။ မိန်းမဘက်မှ ပဋ္ဌာစာရီသည် သူဌေးသမီးဖြစ်လျက် ရှေ့ပိုင်းတွင် ရာဂကိစ္စကြောင့် ကျွန်နောက်လိုက်ပြေးပြီး လင်မြွေကိုက်၊ သားငယ်စွန်ချီ၊ သားကြီးရေမျော၊ မိဘတွေ တိုက်ပိသေ၍ အဝတ်မကပ်အောင်ရူးသွားသည်၊ နောက်ပိုင်းတွင် ရဟန္တာမဖြစ်လာပုံတရပ်။

၅။ အမ္ဗပါလိကာသည် ရှေ့ပိုင်းတွင် ပြည့်တန်ဆာမအလုပ်နှင့် ပျော်ခဲ့ပြီး နောက်ပိုင်းတွင် သောတာပန်ဖြစ်ကာ ကျောင်းအမအဖြစ်သို့ ရောက်သွားပုံတရပ်။

၆။ မလ္လိကာမိဖုရားကြီးသည် ရှေ့ပိုင်းတွင် ဘုရားကြည်ညိုသော ကျောင်းအမကြီး ဖြစ်လာလျက် နောက်ပိုင်းတွင် ခွေးနှင့် မှားယွင်း၍ အဝီစိမှာ ၇—ရက်ကျခံရပြီးမှ နတ်ပြည်တက်ရပုံတရပ်၊ ထို ပုံစံမျိုးတွေများစွာရှိသေးသည်။

အထက်ပါ ပုံစံတွေ ထောက်ဆပြီး သတ္တဝါတွေမှာ ဆိုးမှုယုတ်မာမှုနှင့် ကောင်းမှု မြတ်မှုတို့သည် ယာယီအနေသာရှိကြပြီး ပြောင်းလွဲလျက်ရှိပုံကို သဘောပေါက်ထားလျှင် အလှူခံ လူယုတ်မာနှင့် ကြုံတွေ့ရစေကာ ယာယီကိစ္စမျှဟု

နှလုံးသွင်း၍ **ထိုသူ၏ ကောင်းမြတ်ချိန်၌ ပေါ်ပေါက်ခဲ့သော ကုသိုလ်ဇောနှင့် ကံတို့ကို** (အလှူခံအဖြစ်) သတ်မှတ်၍ လှူတတ်လျှင် ဓမ္မဒါနဖြစ်လာ၍ ကောင်းမြတ်သော အကျိုးတို့ကို ရရှိနိုင်ပေသည်။

## လှူပုံလှူနည်း

အလှူခံသည် မုဒိမ်းသမား လူယုတ်မာဟု အများက သမုတ်ထားသူဟု ဆိုကြပါစို့၊ ၎င်းအား အစား အဝတ် စသည်တို့ကို ပေးလှူလိုသော်—

၁။ ယခင်ခွေးကို လှူပုံ လှူနည်း အတိုင်း လှူတတ်လျှင် ဓမ္မဒါနဖြစ်နိုင်၍ ကောင်းကျိုးများစွာရနိုင်ပုံကို အတုယူသဘောပေါက်ပါ။ ခွေးအားလှူပုံပြန်ကြည့်ပါ။

၂။ ထိုနောက် ဆင်းရဲနေသော ဒုက္ခိတ ရုပ်နှင့်နာမ်အား ဓမ္မအလှူခံအဖြစ်ထားပြီး ထိုပစ္စုပ္ပန်ဒုက္ခမှ သက်သာရာရစေရန် ရယ်ရွယ်၍ ပေးလှူပြီးလျှင် ထိုရည်ရွယ်ချက်နှင့်ထို စေတနာကြောင့် ရုပ်နာမ်တို့၏ ဆင်းရဲမှု လွတ်ငြိမ်းရာ နိဗ္ဗာန်ကို ရရှိရေးအတွက် အကြောင်းအထောက်အပံ့ဖြစ်ပါစေသတည်းဟု ဆုတောင်း၍ လှူလိုက်လျှင် နိဗ္ဗာနပစ္စယ ကုသိုလ်ဖြစ်နိုင်တော့၏။

၃။ ထို့ပြင် မုဒိမ်းသမား လူယုတ်မာအမှုကိုမပြုခင် တချိန်ချိန်၌သူတဦးအပေါ်၌ကြင်နာတတ်သော **သနားကရုဏာစိတ်**

မျိုး ဖြစ်ဘူးသူချည်းဖြစ်ရာထိုအချိန်က ဖြစ်ပေါ်ခဲ့သော ကြင်နာတတ်သည့် ကရုဏာဇော စေတနာတို့ကိုဖြစ်စေ၊ ဘုရားစသော ရတနာ ၃ ပါးနှင့်စပ်၍ ကြည်ညိုမှု၊ ရှိခိုးမှု လှူဒါန်းမှုတို့ ရှိမြဲဖြစ်ရာ ယင်းအချိန်က ဖြစ်ပေါ်ခဲ့ ပြုလုပ်ခဲ့သော ကောင်းမြတ်သည့် ဇောစေတနာကို ဖြစ်စေ၊ ဓမ္မအလှူခံအဖြစ်ထားကာ ပေးလှူပြီးလျှင် ဤဓမ္မဒါနကြောင့် ကိုယ်တိုင်လည်း ဆိုးယုတ်မှုဟူသမျှတို့ကို မပြုမိပါစေသတည်း။ သူတပါးတို့အားလည်း ယုတ်မာဆိုးညစ်မှုတွေ မပြုလုပ်ဖြစ်အောင် တားဆီးနိုင်ရပါလို၏။ ထိုပြင် ဆိုးယုတ်မှုအားလုံးတို့ကို ပယ်ဖျက်နိုင်သော မဂ်ဉာဏ် ၃–ခုတို့ကို လွယ်ကူလျှင်မြန်စွာ ဤဓမ္မဒါနကြောင့် ရရှိရပါလို၏ဟု ရည်မှန်းသဘောပေါက်၍ လှူတတ်ခဲ့လျှင် မြင့်မြတ်သော ကောင်းကျိုးကို ရရှိနိုင်ပေသည်။

## ဒုဿီလရှင်ပျက်နှင့် ရဟန်းပျက်အလှူခံ

အကျင့်သီလလုံးဝပျက်စီးနေ၍ ဒုဿီလဖြစ်နေသူ သင်္ကန်းအရောင်ခြုံ ရှင်ပျက်နှင့် ရဟန်းပျက်တဦးဦးအား အလှူခံအဖြစ်ထားပြီးလှူဘို့ ကြုံနေခဲ့သော်ကောင်းကျိုးရရှိအောင် စီမံတတ်သော အသိဉာဏ်ရရှိထားဘို့ လိုပေသည်၊ အသိဉာဏ်ရရှိထားလျှင် ဘယ်လိုပုဂ္ဂိုလ်မျိုးကို လှူရလှူရ ကောင်းကျိုးရှိနိုင်တာချည်း ဖြစ်တော့သည်။

## ကိုယ့်ဘက်ကပို၍ အရေးကြီးပုံ

သူ့ဘက်ကဆိုးယုတ်မှုသည်သူ့အတွက်သာဖြစ်သည်ကိုယ့်ဘက်ကသာ မဆိုးဘို့နှင့် မယုတ်ဘို့လိုသည်၊ ကိုယ့်ဘက်က ကောင်းထားမြတ်ထားလျှင် ကိုယ့်အတွက် ကောင်းကျိုး ရနိုင်တော့သည်။ ထိုအရ သူ့ဘက်က အကျင့်ပျက်၊ သီလပျက်နေ၍ ရှင်ပျက်သောင်ရင်း၊ ရဟန်းပျက်သောင်ရင်း ဖြစ်စေကာ ကိုယ့်ဘက်ကအကျင့်ကောင်း သီလကောင်းပြီး အသိဉာဏ်ရှိထားခဲ့လျှင် မည်မျှ အကျင့်သီလ ပျက်စီးနေသူ၊ ဒုဿီလ လူပျက်၊ ရှင်ပျက်၊ ရဟန်းပျက်၊ ဖြစ်နေစေကာ မိမိ၏ အသိဉာဏ်ဖြင့် ကောင်းကျိုးရရှိအောင် စီမံပြီး ပေးလှူလိုက်လျှင် ရဟန္တာလှူရမှုနှင့် တန်းတူဖြစ်နိုင်ပုံနှင့် အကျိုးရရှိပုံကို ဆက်၍ ပုံစံဖြင့် တင်ပြသွားပါအံ့။

### ဒုဿီလအားလှူပုံ

၁။ ရှေ့၌ပြခဲ့ပြီး တိရစ္ဆာန် ခွေးအား အလှူခံအဖြစ် ထားပြီး ဓမ္မဒါနအနေ လှူပုံအတိုင်း လှူတတ်လျှင်လည်း ကောင်းကျိုးရနိုင်သည်။

၂။ လူယုတ်မာနှင့် မုဒိမ်းသမားအား အလှူခံအဖြစ်ထားပြီး ဓမ္မဒါနအနေ လှူပုံအတိုင်း လှူတတ်လျှင်လည်း ကောင်းကျိုးရနိုင်သည်။

၃။ ထို့ပြင် ဤ ဒုဿီလရှင်ပျက်နှင့် ရဟန်းပျက်တို့မှာ ရဟန်းမြတ်တို့၏အဝတ်ကိုဝတ်ဆင်ထားလျက် အမြင်

အားဖြင့် ရဟန်းအသွင်ဖြင့် မြင်ရရာ ၎င်းအချက် (မှတည်တတ်ဖို့)လိုသည်၊ လိုပုံမှာ—

(က) ဥပမာ ဒုသီလ ရှင်ပျက် သင်္ကန်းဝတ်ကို အလှူခံအဖြစ် ထားပြီးလှူလိုသော် ဤသင်္ကန်းရောင်ဖြင့် ရှင်အသွင်ကို မြင်ရှုပြီး ရှေးအချိန်က ရှင်သာမဏေအဖြစ်နှင့်ပင် ရဟန္တာအဖြစ်သို့ရောက်ရှိသွားကြသော

၁။ ရှင်ရာဟုလာ

၂။ ပေဿိတသာမဏေ

၃။ သုခသာမဏေ

၄။ သံကိစ္စသာမဏေ

၅။ ဝနဝါသိက တိဿသာမဏေစသော ရဟန္တာ—

ရှင်သာမဏေတို့အပေါ် အာရုံ ညွတ်ပြောင်းပြီး ထိုထို ရဟန္တာ ရှင်သာမဏေတို့၏ မဂ်ဉာဏ်၄-ချက်နှင့် ဖိုလ်ဉာဏ်၄-ဖြာတို့ အမှူးပြု၍ အရဟန္တသီလ အရဟန္တသမာဓိတို့ကို (ဓမ္မဒါနအလှူခံ)အဖြစ် ထားရှိ ရည်မှန်းပြီး အနိစ္စ အနတ္တ သဘောရှိနေသော ဤစားဖွယ်သောက်ဖွယ် ဝတ်ဖွယ် စသည့် သင်္ခတနယ်ဝင် ဒါတဗ္ဗဓမ္မတို့ကို နိစ္စသုခသဘောရှိသော အသင်္ခတဓမ္မ သန္တိသုခနိဗ္ဗာန်အတွက် ဤမျက်မြင် သင်္ကန်းရောင်မှတဆင့် ထောက်ဆပြီး နိယျာနိက ဓမ္မဒါနအဖြစ်ဖြင့် ပေးလှူပါ၏ဘုရားဟု ဖေါ်ပြပါအတိုင်း ရည်မှန်းမြွက်ဆို၍ လှူဒါန်းလိုက်လျှင် မိမိ၏ ရည်မှန်းရင်း အတိုင်း ပရမတ္ထဓမ္မက ရဟန္တာအစစ်သို့ ဆောင်ပို့မြဲ ဖြစ်တော့သည်။

## ရှင်းချက်

၁။ မျက်မြင်အလှူခံက ဒုဿီလ ရှင်ပျက် သင်္ကန်းဝတ်ဖြစ်နေသည်။

၂။ အလှူရှင်၏ အာရုံထားချက်က ရဟန္တာအစစ် ဖြစ်ကြသော ရှင်သာမဏေများနှင့် ယင်းရဟန္တာ ရှင်သာ-မဏေတို့မှာ ရှိခဲ့သော ရဟန္တာ သီလ၊ သမာဓိ၊ ပညာဉာဏ်တွေကို အလှူခံအဖြစ် အာရုံထားရှိလေသည်။

၃။ အလှူဝတ္ထု တို့ကိုလည်း အနိစ္စ၊ အနတ္တ၊ သင်္ခတဓမ္မအဖြစ် ထားရှိ၍။

၄။ ထိုဓမ္မဒါနဖြင့် နိစ္စသုခဖြစ်သော အသင်္ခတဓမ္မ နိဗ္ဗာန်အတွက် ရည်မှန်း၍ လှူလိုက်ခြင်း ဖြစ်တော့သည်။

ဤကိစ္စ၌ အလှူခံ ဒုဿီလ ရှင်ပျက်သင်္ကန်းဝတ်မှ သင်္ကန်းရောင်ကိုသာ အာရုံမှုတည်သည်၊ ဒုဿီလ အနေနှင့် ရှင်ပျက်အနေကို အာရုံလည်း မပြု၊ မှုလည်း မတည်သည်ကို သတိအထူးပြုပါလေ။

## ပရမတ္ထဓမ္မ သဘော

ပရမတ္ထဓမ္မတို့၏ သဘောမှာ ရည်မှန်းရာ မှုတည်ရာ၊ စေတနာထားရာ၊ ဉာဏ်သက်ရာ၊ အာရုံရောက်ရာ သည်သာပြဋ္ဌာန်းမဲ့ ဖြစ်၍၊ ခါရေတိ ဓမ္မော ဒု.ရ (ညွတ်ရာသို့သာ)

ဆောင်မြဲ ပို့မြဲ ဖြစ်သောကြောင့် ဘယ်အရာ မှာပဲဖြစ်ဖြစ် ကောင်းဘက်၊ မြတ်ဘက်သို့ ညွတ်လျှင်ကောင်းလာ၊ မြတ်လာသည်၊ ဆိုးဘက်၊ ယုတ်ဘက်သို့ ညွတ်ခဲ့လျှင်လည်း၊ ဆိုးလာ ယုတ်လာတော့၍ (ပရမတ္ထ သဘောအတိုင်း) ဖြစ်ရမည်ကို ကြိုတင်သိရှိ သဘောပေါက်ပြီး ဉာဏ်နှင့် ပြုပြင်တတ်ပါလေ။

## ရှင်ပျက်နှင့် နိရောဓသမာပတ်ထစ

(ခ) ထို့နောက် ယင်းရှင်ပျက် အလှူခံ၏ သက်န်းရောင်ကို အာရုံယူပြီး အထက်၌ ဖေါ်ပြခဲ့သော ရှင်ရာဟုလာစသည့် ရဟန္တာ ရှင်သာမဏေ တို့၏ နိရောဓသမာပတ်မှ ထခါစကို အလှူခံအဖြစ် ရည်မှန်းကာ အထက်ပါအတိုင်း ဓမ္မဒါနအဖြစ်ဖြင့် လှူခဲ့ပြန်လျှင် အထက်နံပါတ်(က) အရထက် ကြောင်းကျိုးပို၍ ရနိုင်ပေသည်။

## သံဃိကဓမ္မဒါနအဖြစ် လှူပုံ

(ဂ) ထို့ပြင် ယင်းဒုဿီလ ရှင်ပျက် အလှူခံ၏၊ သက်န်းရောင်ကို အာရုံယူပြီး ရှင်ရာဟုလာ စသော ရဟန္တာသံဃာ အားလုံးကို အလှူခံအဖြစ် ရည်မှန်းကာ အထက်ပါအတိုင်း သံဃိကဓမ္မဒါန အနေဖြင့် လှူခဲ့ပြန်လျှင် မရေမတွက်နိုင်သော ကောင်းကျိုးတို့ကို ရရှိနိုင်သည်ဟု ဘုရားရှင်ဟော ထားလေသည်။

## ဟောထားပုံ

ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတ မဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဍာ ဒုဿီလာ ပါပ· ဓမ္မာ၊ တေသု ဒုဿီလေသု သံဃဥဒ္ဒိဿ ဒါနံ ဒဒိဿန္တိ၊ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ၊ အပ္ပမေယျံ ဝဒါမိ။

(ဥပရိပဏ္ဏာသ-ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်)

## အဓိပ္ပါယ်

အာနန္ဒာ နောင်အခါတွင် ရဟန်းဟူသော အနေကို ပြသောအားဖြင့် လည်ပင်းမှာသာ သင်္ကန်းရစ်ပတ် ထားကြမည်။ သီလမရှိ၊ ယုတ်မာမှုသာ ရှိကြမည့် ဒုဿီလတွေ ဖြစ်ပေါ် လာလတ့ံ၊ ထိုသီလမရှိ သူယုတ်မာတို့၌ သံဃာကိုရည်မှန်းလျက် အလှူကို ပေးလှူကြလတ့ံ၊ အာနန္ဒာ ယင်းသံဃာကို ရည်မှန်းလျက် အလှူကို ပေးလှူကြလတ့ံ၊ အာနန္ဒာ ယင်း သံဃာကို ရည်မြော်၍ လှူသော အလှူကို ဝါ-ယင်းဒုဿီလတို့အား သံဃာ၏ ကိုယ်စားအဖြစ် မျက်မှောက်မှာ ထားပြီး သံဃာကို ရည်မြော်၍ လှူသော အလှူကိုပင် မရေတွက်နိုင်သော အကျိုး ရှိ၏၊ မနှိုင်းယှဉ် နိုင်သော အကျိုးရှိ၏ဟု ငါဘုရား ဟောကြားတော်မူ၏။

## မိမိ၏စိတ် မပြောင်းနိုင်က မလှူဘဲနေဒါကောင်း၏ သတိပြုရန်

အထက်ပါ ဘုရားဟော ပါဠိတော်ကို ထောက်ထားပြီး အလှူရှင်လုပ်သူ မိမိတို့ ဘက်ကသာ အသိပညာ ကြွယ်ဝ၍ စေတနာထားတတ်၊ စီမံတတ်လျှင် သီလရှိသူတို့ကို မဆို ထားဘိ၊ သီလလုံးဝ မရှိသော ဒုဿီလတို့ပင် ဖြစ်စေ၊ လှူတတ် စေတနာ ထားတတ်လျှင် ကောင်းကျိုး ရနိုင်ပုံကို သဘောပေါက်ပါလေ၊ လှူတတ်အောင်လည်း ကြိုးစား၍ လေ့လာပါလေ။

## ဒုဿီလရဟန်းပျက် အလှူခံ

ယင်း ဒုဿီလ ရဟန်းပျက်ကို အလှူခံအဖြစ်ဖြင့် လှူရာ၌ ကောင် ကျိုး ရရှိအောင် လှူနည်းကိုလည်း အထက်ပါ ရှင်ပျက်အား လှူရာ၌ စေတနာ ထားပုံအတိုင်း ထားပြီး လှူပါလေ၊ လှူတတ်လျှင် ကောင်းကျိုးရနိုင်တော့သည်။

ထိုသို့ မဟုတ်ဘဲ ဒုဿီလအနေ၊ ရှင်ပျက်အနေ၊ ရဟန်းပျက်အနေဟု စွဲလမ်းပြီး လှူခဲ့သော်ငြား၊ ဒေါမနဿ ပွားခဲ့သော်ငြား ကောင်းကျိုး မရနိုင်တော့ပေ၊ ဆိုးကျိုးတွေသာ ရမည် ဖြစ်၍ မိမိ၏စေတနာကို အကျိုးရှိအောင် မပြောင်းလဲ့တတ်သေးလျှင် (မလှူသေးပဲ နေခြင်းက) အကျိုး ရှိမည်ကို သတိပြုပါလေ။

## ဒုဿီလလူယုတ်မာယောကျ်ား အလှူခံ

ယင်းပုဂ္ဂိုလ်ကို ကောင်းကျိုးရအောင် လှူလိုလျှင် လူ့ဝတ်ကြောင် အသွင်နှင့် ရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန် ပြုသွားကြသော—

၁။ သန္တတိအမတ်ချုပ်ကြီး။

၂။ သုဒ္ဓေါဒန ဘုရင်ကြီးတို့ကို အာရုံညွှတ်ပြီး ၎င်းတို့မှာ ရှိသော ရဟန္တာသီလ၊ ရဟန္တာသမာဓိနှင့် အရဟတ္တ မဂ်ဉာဏ် အရဟတ္တ ဖိုလ်ဉာဏ်တို့ကို (ဓမ္မအလှူခံ) အဖြစ် ထားပြီး ဒုဿီလ ရှင်ပျက်မှာ ပြည့်နှင်းခဲ့သည့်အတိုင်း စေတနာထား၍ ဆုတောင်းခဲ့လျှင် ကောင်းကျိုးတွေသာ ရနိုင်တော့သည်။

## ဒုဿီလမိန်းမယုတ် အလှူခံ

ယင်း ပုဂ္ဂိုလ်အား ကောင်းကျိုး ရအောင် လှူလိုလျှင် လူ့ဝတ်ကြောင် အသွင်နှင့် ရဟန္တာမ ဖြစ်ပြီးမှ ဘိက္ခုနီမ အသွင် ကူးသွားသော(ခေမာမိဖုရားကြီး)ကို အာရုံညွှတ်ပြီး ၎င်းမှာရှိသော ရဟန္တာသီလ၊ ရဟန္တာသမာဓိနှင့် အရဟတ္တ မဂ်ဉာဏ် အရဟတ္တ ဖိုလ်ဉာဏ်တို့ကို ဓမ္မအလှူခံအဖြစ် ထားပြီး လှူခဲ့လျှင် ကောင်းကျိုးတွေသာ ရရှိပေလတ္တံ့။

## အလတ်စားနှင့် အမြတ်စား အလှူခံများ

အယုတ်စား အလှူခံကိုပင်ဉာဏ်ရှိ၍ လှူတတ်လျှင် ကောင်းကျိုးများစွာ ရရှိနိုင်ပုံကို ရှေး၌ပြခဲ့ပြီးဖြစ်၍ အလတ်စား

အလှူခံနှင့် အမြတ်စားအလှူခံတို့အား လှူရာမှာလည်း ဉာဏ်နှင့် လှူတတ်ဘို့ အရေးကြီးပေသည်။ ဉာဏ်ရှိ၍ လှူတတ်လျှင် ယင်းအလတ်စားနှင့် အမြတ်စားအလှူခံတို့၌ ပို၍ကောင်းကျိုး ရနိုင်ပေသည်။

## လှူနည်းအတိုချုပ်-ပစ္စုပ္ပန်-အတိတ်-အနာဂတ်-အာရုံ

ကောင်းကျိုးများစွာ ရရှိအောင် လှူလိုလျှင် ပုဂ္ဂိုလ်အဖြစ်နှင့် မသုံးသပ် မစွဲလမ်းဘဲ ဓမ္မအဖြစ်ဖြင့် အလှူခံဖြစ်သွားအောင် ဉာဏ်ယှဉ်ရမည်၊ ဉာဉ်ယှဉ်ပုံမှာ အလှူခံအဖြစ်ထားရှိမည့် သူတို့မှာ ရှိနေကြသော—

၁။ ရုပ်နှင့် နာမ်တို့ကိုဖြစ်စေ။

၂။ ယင်း ရုပ်နာမ်တို့ကို မှီ၍ဖြစ်ပေါ်လာကြသော မွန်မြတ်သည့် ကုသိုလ်ဇော စေတနာတို့ကိုဖြစ်စေ။

၃။ သို့မဟုတ် တချိန်ချိန်၌ ကျင့်သုံးခဲ့ကြသော သီလတရား၊ သမာဓိတရား၊ ပညာတရားတို့ကိုဖြစ်စေ။

၄။ ယင်း သီလ၊ သမာဓိ၊ ပညာတို့ဖြင့် အများကောင်းကျိုးကို ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်လတ့ံတို့ကို ဖြစ်စေ။

၅။ ဘုရားသာသနာတော် အတွက် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်လတ့ံ ကုသိုလ်ဓမ္မတို့ကိုဖြစ်စေ (ဓမ္မအလှူခံအဖြစ်) ထားပြီးလှူတတ်လျှင် ကောင်းကျိုးများစွာ ရရှိနိုင်ပေသည်။

## ဆုတောင်းတတ်ဖို့ လိုပြန်သည်

ဘို့ပြင်လူ့ရော်၌ လူတတ်သလို ဆုတောင်းမှု ပြုရာမှာလည်း ရှေးဒုတိယပိုင်းတွင် ပြခဲ့သည်ကို နမူနာပြု၍ အဆိုးခြံရံသော ဒါနမျိုးမပြုမိဘဲ အကောင်းခြံရံသော ဒါနမျိုးမှာကဲ့သို့ အများကောင်းကျိုး၊ သာသနာကောင်းကျိုး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်အကျိုး၊ နိဗ္ဗာန်ရရန် အကျိုးတို့ အဖြစ်ဖြင့် ဆုတောင်းမှု ပြုတတ်သလောက်၊ ဉာဏ်အမြင်ကျယ်သလောက် သဒ္ဓါနှင့် စေတနာ အားကောင်းသလောက် ကောင်းကျိုးတွေလွန်စွာပွားတိုး မြင့်မြတ်နိုင်တော့သည်။

## နမူနာများ

ဒါနမှု၊ သီလမှု၊ ဘာဝနာမှု၊ အဓိဋ္ဌာန်မှု၊ သစ္စာပြုမှု စသော လုပ်ငန်း တခုခုကို သက်သေခံအဖြစ် ထားပြီး၊ ဆုတောင်းမှုကိုပြုကြရာ ပြုသည့်အတိုင်း အောင်မြင်ခဲ့ကြပုံကို နမူနာအဖြစ် သိမြင်နိုင်ကြစေရန် ရှေးရှေး အလောင်းတော်တွေ ဆုပန်ယူကြပုံတို့ကို သိသာရုံ တင်ပြပေးပါအံ့။

## အလောင်းတော်တွေ ဆုတောင်းကြပုံအဖုံဖုံ

### ၁။ သမ္မာသမ္ဗုဒ္ဓဘုရားလောင်း ဆုတောင်းပုံ

၁။ ဣဒံ မေ ဒါနံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု။ ငါ၏ ဤဒါနကုသိုလ်သည် သဗ္ဗညုတ ဉာဏ်တော်၏

ရရှိရန်အကြောင်း ဖြစ်ပါစေသတည်း။ (စရိယာပိဋက–အကိတ္တိစရိယဇာတ်)

၂။ ဣဒံ မေ ဒါနံ သဗ္ဗညုတဉာဏပ္ပဋိဝေဓဿ ပစ္စယော ဟောတု ဟူ၍ရင်း၊ အဒ္ဒါ ဣမိနာ ပရိစ္စာဂေန သမ္မာ-သမ္ဗောဓိံ အဓိဂမိဿာမိ ဟူ၍ရင်း၊ ရည်မှန်းခြင်း၊ မြွက်ဆိုခြင်းပြု၍ လှူကြ ဆုတောင်းကြလေ၏။ (ဝေဿန္တရာဇာတ်)။

၃။ **မမ** ဣတော စက္ခုတော သတသဟဿဂုဏေန **ဿမန္တစက္ခုမေဝ** ပိယတရံ၊ တဿ သမန္တစက္ခုနော မေ ဣဒံ အက္ခိဒါနံ ပစ္စယော ဟောတု ဟူ၍ရင်းဆို၍လှူ၏။ အဓိပ္ပါယ်ငါ၏ ဤမံသမျက်လုံးထက် အဆပေါင်း တသိန်းလွန်ပြီး သမန္တစက္ခုခေါ် အလုံးစုံကို သိမြင်နိုင်သော သဗ္ဗညုတဉာဏ်မျက်လုံးကိုသာလျှင် ပို၍ချစ်မြတ်နိုး၏၊ ငါ၏မျက်လုံး အလှူသည် ထိုသဗ္ဗညုတဉာဏ်မျက်လုံးတော်၏ ရရှိရန် အကြောင်းကုသိုလ် ဓမ္မ ဖြစ်ပါစေသတည်း။ (သိဝိဇာတ်တော်)။

## ၂။ ပစ္စေကဗုဒ္ဓလောင်း ဆုတောင်း

၁။ ဣဒံ မေ ပုညံ ပစ္စေကဗောဓိဉာဏဿ ပစ္စယော ဟောတု ဟူ၍ရင်း။

၂။ ဣဒံ မေ ဒါနံ ပစ္စေကဗုဒ္ဓတ္တံ ဘဝေယျ ဟူ၍ရင်း။

၃။ တုမှေဝိယ ဘဝါမိ ဟူ၍ရင်း။

၄။ ယထာ တုမှေဟိ ဉာဏံ တထာ ဟောတု ဟူ၍ရင်း။
၅။ တုမှေဟိ ယထာဒိဋ္ဌံ ဘဝါမ ဟူ၍ရင်း အမျိုးမျိုးလာ ရှိသည်။

အချုပ်သဘောမှာ ပစ္စေကဗုဒ္ဓဉာဏ်ကို စိတ်ညွတ်၍ ဒါန စသော ကုသိုလ်တို့ကို ပြုတိုင်းဆုတောင်းလျှင် စိတ်ညွတ်တဲ့ အတိုင်း ဖြစ်နိုင်တော့သည် ဟူလို။

ထို့ကြောင့်—

အဓိကာရောစ ဆန္ဒစာတိ ဒွင်္ဂသမန္နာဂတောယေဝ အဘိ-နီဟာရော ဟု အပါဒါန အဋ္ဌကထာဗုဒ္ဓဝင်၌ လာလေသည်။

အဓိပ္ပါယ်မှာ လိုလားသောဆုအတွက် ထူးကဲစွာ အား ထုတ်ခြင်းတရပ်၊ ထိုလိုသောဆု၌ အာသာပြင်းထန်ခြင်း တ ရပ်၊ ဤ အင်္ဂါ ၂–ပါးနှင့် ပြည့်စုံလျှင် ဗျာဒိတ်ခံနိုင်၍ ပါရမီ ပြည့်တော့သည်ဟု ဆိုသည်။

## (၃) အဂ္ဂသာဝကဆုတောင်း

အဟံပိ အယံထေရောဝိယ အနာဂတေ ကဿ ဗုဒ္ဓဿ အဂ္ဂသာဝကော ဘဝေယျန္တိ ပဏိဓာနံ အကာသိ။
(ထေရဂါထာ အဋ္ဌကထာ)

အဓိပ္ပါယ်၊ ငါသည်လည်း ဤမထေရ်ကဲ့သို့ နောင်အခါ တဆူသောဘုရားရှင်၏ အဂ္ဂသာဝက (လက်ျာရံ လက်ဝဲရံ) ဖြစ်လို၏ဟု ဆုတောင်းမှုပြု၏ ဟု ဆိုလိုသည်။

ကျန် မဟာသာဝကနှင့် ပကတိသာဝက ဆုတို့မှာလည်း အလားတူပင် မိမိလိုရာကို စိတ်ညွှတ်ပြီး နှုတ်မြွက်၍ တောင်းကာ ကုသိုလ်တို့ကို ပြုသွားလျှင် ရနိုင်တော့၏။

## အတုယူဘွယ်ကောင်းသောဆုတောင်းများ

လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ထိန၊ မိဒ္ဓ၊ စသော အကုသိုလ်အယုတ်တရားတို့သည် မဂ်ဉာဏ်နှင့် စျာန်တရားတို့မှ အပြီးပြတ် ပယ်သတ်နိုင်သည် မှန်သော်လည်း ယင်းအယုတ်တရားတို့ကို ပယ်ခွါရန် တကယ်လိုလားပါက ဒါနပြု၍ဖြစ်စေ သီလကိုစောင့်ထိန်း၍ဖြစ်စေ၊ ထိုထို အယုတ်တရားတွေ (မဂ်ဉာဏ်မရမီပင်) မဖြစ်ပေါ်လိုပါဟု ဆုတောင်းမှု အထပ်ထပ် ပြုခြင်း ကုသိုလ်အထပ်ထပ်ပြုခြင်းကို အားထုတ်ပါက ယင်းအကုသိုလ်အယုတ်တရားတွေ ကင်းလွတ်၍ နေနိုင်ကြောင်း သာဓက ထုတ်ပြပါအံ့။

ဒုကနိပါတ် ဗီရဏတ္ထမ္ဘဝဂ် ဓမ္မဓဇာတ်လာ အရှင်သာရိပုတ္တရာအလောင်းဆတ္တပါဏိအမည်ခံယောကျ်ားသည်အယုတ်တရား ၄ ပါးတို့ကို မဖြစ်ပေါ်လို၍ ဆုတောင်း အဓိဋ္ဌာန်ပြုခဲ့၍ မဖြစ်ပေါ်ဘဲ နေနိုင်ပုံမှာ—

၁။ ဣဿာ သူတပါးအပေါ် ငြူစူခြင်းမှ ကင်းနေ၏။

၂။ ကောဓ သူတပါးအပေါ် အမျက်ထွက်ခြင်းမှ ကင်းနေ၏။

၃။ ပီယ ချစ်ခြင်း တွယ်တာခြင်းမှ ကင်းနေ၏။
၄။ သူရာပါန သေရည်သေ‌ာက်ခြင်းမှ ကင်းနေ၏။
(၎င်းကို အတုယူသင့်လှ၏။)

## အခြားတောင်းသင့်သော ဆုများ

၁။ သူတပါး ကိုယ်စိတ် ၂-ပါး ဆင်းရဲအောင် ဘယ်အခါမှ မပြုလို။

၂။ သူတပါး ကိုယ်စိတ် ၂-ပါး ချမ်းသာအောင် အခါခါ ပြုနိုင်ရလို၏။

၃။ အများကောင်းကျိုးကို အခါခါ ဆောင်ရွက်နိုင်ရန် ရလို၏။

၄။ ဆင်းရဲသူများကို ကယ်ဆယ်နိုင်ရ လို၏။

၅။ သေဘေးကြုံ နေသူတို့အား လွတ်မြောက်အောင် ကယ်ဆယ် နိုင်ရလို၏။

၆။ အရုပ်ဆိုးသူ အင်္ဂါချို့ယွင်း နေသူများအား တင့်တယ် ပြည့်စုံလာအောင် ဆောင်ရွက်နိုင်ရလို၏။

၇။ ရန်ငြိုးဖွဲ့ခြင်း၊ ကလဲ့စားချေခြင်း၊ ဘယ်သူ့အားမျှ မပြုရလို။

၈။ ငြူစူ ဝန်တိုခြင်းမှ အမြဲကင်းရလို၏။

၉။ ကာမပိုင်ရှိသူ ဟူသမျှကို စိတ်ဖြင့်ပင် မပြစ်မှားလို။

၁၀။ သူတပါး၏ သမီးပျို၊ သားပျိုတို့အား ဖျက်ဆီးမှု ဘယ်အခါမျှ မပြုရလို။

၁၁။ အဓမ္မရာဂ၊ ဝိသမလောဘနှင့် မိစ္ဆာဓမ္မတို့မှ ထာဝစဉ် ကင်းလွတ်ရလို၏။

၁၂။ တရားသဖြင့်သာ အောင်မြင်ရ၊ ကြီးပွါးရ စီးပွါးဖြစ်ရလို၏။

၁၃။ သူတပါး နစ်နာ၍ မိမိအကျိုးရှိမှုမျိုး ဘယ်အခါမှ မဖြစ်ရလို။

၁၄။ မုန်းသူအချင်းချင်း ယခင်အတိုင်း ပြန်လည်ချစ်ခင်အောင် ဆောင်ရွက်နိုင်ရလို၏။

၁၅။ တဦးချင်း ဖြစ်သော ရန်ပွဲမှ စ၍ နိုင်ငံချင်း ဖြစ်သော ရန်ပွဲ စစ်ပွဲ ဟူသမျှတို့ပါ ဆက်၍ မဖြစ်ပဲ လုံးဝငြိမ်းသွားအောင် စွမ်းနိုင်ရလို၏။

၁၆။ တဦးကတဦးကို ညှဉ်းပန်းခြင်းမှ စ၍ တနိုင်ငံက အခြားတနိုင်ငံကို ညှဉ်းပန်း နှိပ်စက်မှုမျိုးတွေ မပြုလုပ်အောင် ကာကွယ်နိုင်ရလို၏။

၁၇။ ကမ္ဘာကြီးတခုလုံး မိသားစုပမာ ထာဝစဉ် အချင်းချင်း ကောင်းကျိုး လိုလားလာအောင် ဆောင်ရွက်ရ လို၏။

ဤသို့ စသည်ဖြင့် ကောင်းကျိုးကို ဖြစ်စေနိုင်သော ဆုမျိုးကို စေတနာနှင့် ဉာဏ်ရှိသလောက် တိုးချဲ့၍ တောင်းယူလျှင် ရရှိနိုင်တော့၏။

## မတောင်းသင့်သော ဆုမျိုးများ

၁။ သူတပါး၏ အချစ်ကို ခွဲဖျက်ရပါလို၏ ဟူ၍ငင်း။

၂။ သူတပါး စည်းစိမ်ကို ဖျက်ဆီးရပါလို၏ ဟူ၍ငင်း။

၃။ ငါ့ကို တခါ ညှဉ်းဆဲလျှင် သင့်ကို ၁၁-ခါ ညှဉ်းဆဲနိုင်ရပါလို၏ ဟူ၍ငင်း။

၄။ ငါ့ကို နှိပ်စက်ဘူးသူ မှန်သမျှတို့အား ဘဝဆက်တိုင်း ပြန်၍ နှိပ်စက်နိုင်ရပါလို၏ ဟူ၍ငင်း။

၅။ သူတပါး ကြံစည်သမျှ အကုန်လုံး ပျက်စီးပါစေ၊ ဟူ၍ငင်း။

ဤသို့စသော အကုသိုလ်ပွါးမည့် ယုတ်ညံ့သည့်ဆုတောင်း မျိုးများကို ကိုယ်တိုင်လည်း မပြုကောင်း၊ သူတပါးတို့အား လည်း နည်းလမ်း မပေးသင့်ပေ၊ ယင်း ဆုတောင်းမှား မျိုးသည် ဒေါသအလျောက် ယုပ်တတ်ရာ ကိုယ်ကျိုး လွန်စွာ ဆုတ်ယုတ်စေ တတ်၍ သတိအထူးပြု၍ ရှောင်ကြဉ်ပါလေ။ တောင်းခဲ့မိလျှင်လည်း ဤအချိန်က စ၍ (ငင်း ဆုတောင်း မျိုးသည်)ရုပ်ဆိုင်း၊ ပျောက်ကွယ် သွားပါစေ သတည်းဟု ထပ်၍ ဆုတောင်းရုပ်သိမ်း ပစ်ပါလေ။

**ထိတ်လန့်ဘွယ် နမူနာ-**

သုပ္ပဒုဒ္ဓအနူ၊ ဗာဟိယ ဒါရုစီရိယ ပရိဗိုဇ်၊ ပုက္ကုသာတိ ဘုရင်နှင့် တမ္ဗဒါဌိက သူသတ်သမား ၄-ဦးတို့က ဘဝတခုမှာ

ပြည့်တန်ဆာမ တဦးအား ပျော်ပါးပြီး ငွေမပေးလို၍ သတ်ပစ်ကြသဖြင့် ထိုမိန်းမက မကောင်းဆုပန်သည်မှာ ငါ့အား သတ်သလို ငါသည် ဘီလူးမဖြစ်ပြီး သင်တို့၄-ဦးအား အကြိမ်ကြိမ် သတ်ပေါလို၏ဟု ဆုတောင်းမှားခဲ့၍ ၎င်း ၄-ဦးတို့အား ဂေါတမဗုဒ္ဓ လက်ထက်မှာပင် ယင်း ဘီလူးမက နွားမ အသွင်ဖြင့် ဝှေ့သတ်လိုက်ယေ၏၊ ရှေးကလဲ အကြိမ်ကြိမ် သတ်ခဲ့လေပြီ နောက်လဲ သတ်နေလတံ့၊ ထို အကုသိုလ်ကား မဆုံးနိုင်တော့ တကား။၊ အထူးကြောက်ဘွယ် ကောင်း၏ သံဝေဂ ယူကြပါကုန်။

## တောင်းသင့်သော ဆုမျိုးကား

၁။ ဤကောင်းမှုကြောင့် သံသရာ၌နစ်မွန်းရန် (တောင်းမှားမိသော ဆုဆိုးများသည်) ယခုအချိန်က စ၍ အဆုံးသတ်ပျောက်ကွယ် သွားပါစေ ဟူ၍ရင်း။

၂။ ဤကောင်းမှုကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော အယုတ်တရားတို့ကို မစင်သဖွယ် အမြဲစက်ဆုပ်ကာ အမြတ်မေ့တို့နှင့်သာ မွေလျော်ရပါလို၏ ဟူ၍ရင်း။

၃။ သူ့အသက် သတ်ခြင်း၊ သူ့ပစ္စည်း ခိုးဝှက်ခြင်း၊ သူ့သားမယား ပြစ်မှားခြင်း၊ မမှန်စကား ပြောဆိုခြင်း၊

သေရည် သောက်စားခြင်း ဟူသော ကံ ၅-ပါးတို့ကို ကာယ ဝစီ မဆိုထားဘိ၊ မနောကံဖြင့်ပင် လွန်ကြူးမှု ဘယ်အခါမျှ မပြုမိပါစေသတည်း ဟူ၍ရှင်း။

၄။ ပဉ္စာနန္တရိယ ကံကြီး ၅-ပါးနှင့် သူတော်ကောင်းတို့အား ဘယ်အခါမျှ စိတ်နှင့်ပင် မပြစ်မှားမိရပါလို၏ ဟူ၍ရှင်း။

၅။ သဒ္ဒါစသော သူတော်ကောင်းဥစ္စာ ၇-ဖြာတို့နှင့်သာ အမြဲမွေ့လျော်ရပါလို၏ ဟူ၍ရှင်း။

၆။ ဒုစရိုက် ၁၀-ပါးတို့မှ ထာဝစဉ်ကင်းလွတ်၍ သုစရိုက် ၁၀-ပါး၊ ပုညကိရိယာ ၁၀-ပါး၊ ပါရမီ ၁၀-ပါး သူမြတ်တရားတို့ကိုသာ အသက်ပမာ အမြဲလက်ကိုင်ထားနိုင် ရပါလို၏ ဟူ၍ရှင်း။

ဤသို့ စသည်ဖြင့် ဒုက္ခဥ နစ်မွန်းစေမည့် ဆုမျိုးကို လုံးဝရှောင်ကွင်းပြီး၊ ချမ်းသာ အဆင့်ဆင့်ကိုသာ ပို့ဆောင်နိုင်မည့် သူကောင်း သူမြတ်တို့၏ ဆုမျိုးကိုသာ ပန်ဆင်ကြပါကုန်။

ဆုပန်ကိစ္စ ဤမျှဖြင့် သိလောက်ပြီ။

အလှူဝတ္ထုအတွက် သဘော သက်ရန်မှာ အကောင်း အမြတ်ကို လိုချင်လျှင် အကောင်စားနှင့် အမြတ်စားကို လှူရ ပုံကို ဘုရားဟောချက် ပြပါအံ့။

## သပ္ပုရိသဒါနသုတ်

အဋ္ဌိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ၊ ကတမာနိ၊ အဋ္ဌ။ သုစိံ ဒေတိ၊ ပဏီတံ ဒေတိ၊ ကာလေန ဒေတိ၊ ကပ္ပိယံ ဒေတိ၊ အဘိဏှံ ဒေတိ၊ ဒဒံ စိတ္တံ ပသာဒေတိ၊ ဒတွာ အတ္တမနော ဟောတိ၊ ဣမာနိခေါ ဘိက္ခဝေ အဋ္ဌ သပ္ပုရိသဒါ- နာနီတိ။ (အင်္ဂုတ္တရပါဠိတော် ဒါနဝဂ်-သပ္ပုရိသဒါနသုတ်)

## အစိပ္ပါယ်

ရဟန်းတို့၊ သူတော်ကောင်းတို့ ပြုသောဒါန ၈-မျိုးရှိ ကြသည်။ ၎င်းတို့ကား—

၁။ ပင်ကိုယ်စင်ကြယ်၊ တရားသဖြင့် ရသောအားဖြင့် လည်း စင်ကြယ်သော လှူဘွယ်မျိုးကိုသာ ပေးလှူ၏။
၂။ ကောင်းမြတ်တဲ့ လှူဘွယ်မျိုးကိုသာ ပေးလှူ၏။
၃။ လျော်ကန်ချိန်၌သာ ပေးလှူ၏။
၄။ အပ်စပ်သော လှူဖွယ်မျိုးကိုသာ ပေးလှူ၏။
၅။ ကောင်းကျိုးရသောအလှူခံမျိုးကို ဝိစစ်၍ပေးလှူ၏။
၆။ ကြိမ်ဖန်များစွာ ပေးလှူလေ့ပြု၏။

၇။ ပေးလှူဆဲ၌ စိတ် ကြည်ကြည်လင်လင် ထား၍ ပေးလှူ၏။
၈။ ပေးလှူပြီးနောက် အချိန်မှာလည်း ဝမ်းမြောက်လျက်ရှိနေ၏။ ဤရှစ်ပါးတို့ဖြစ်၏။

ယင်းရှစ်မျိုးထဲမှ အလှူဝတ္ထုနှင့်စပ်၍ နံပါတ် ၁–မှ ၄–အထိ ၄-ချက်တို့နှင့် ကိုက်ညီရန် လို၏။ ကိုက်ညီခဲ့လျှင် ကောင်းကျိုးက အမှန်ရရှိနိုင်တော့၍ အလှူဝတ္ထုကိစ္စ၌ ယင်း ၄–ချက်ကို သတိ အထူးပြုပါလေ။

## ပေးလှူခြင်းကိစ္စ

ပေးလှူခြင်းကိစ္စ ပြုလုပ်ရာ၌ ကောင်းကျိုး ရရှိနိုင်ရန် လိုက်နာဆောင်ရွက်ရမည့် တာဝန်တို့ကား–

၁။ အလှူခံအား ရိုသေလေးစား ရခြင်း။
၂။ အလှူဝတ္ထုကိုလည်း ရိုသေလေးစားရခြင်း။
၃။ အထက်ပါ ၈–ပါးထဲက နံပါတ် ၇ နှင့် ၈–တို့ အတိုင်း ဖြစ်စေရခြင်း။
၄။ စေတနာနှင့် သဒ္ဓါ ထက်သန်စေရခြင်း။
၅။ အမြတ်စား ဒါနပြုတတ်သော (အသိဉာဏ်နှင့်) သုံးသပ်၍ ပြုလုပ်ရခြင်း။

ယင်းအင်္ဂါ ၅-ပါးနှင့် ပြည့်စုံလျှင် ကောင်းမြတ်သော အကျိုးကို ရရှိနိုင်တော့သည်။

**သ**တိပြုဖွယ် ကျွမ်းကျင်လိမ္မာသော (အသိဉာဏ်) ပြည့် စုံဘို့သည် အရေးအကြီးဆုံးဟု အထူးသတိပြုပါလေ။

## အလှူခံပုဂ္ဂိုလ်ကိစ္စ

အလှူခံဘက်မှ တဦးချင်းအနေခေါ် ပုဂ္ဂလိကအလှူခံ ၁၄–မျိုးနှင့် အစုလိုက်အနေခေါ် သံဃိကအလှူခံ ၇-မျိုးဟု ဘုရားရှင် ဟောထားချက်ရှိရာ သိသာရုံ မြန်မာလိုဖေါ်ပြ ပါအံ့။ အကျယ်မူရင်းအတိုင်း သိလိုလျှင် ကျမ်းညွန်းပြ ပါအံ့။

### (က) ပုဂ္ဂလိကအလှူခံ ၁၄–မျိုး

၁။ သမ္မာ သမ္ဗုဒ္ဓ ဘုရားတဦး။
၂။ ပစ္စေကဗုဒ္ဓ ဘုရားငယ်တဦး။
၃။ ရဟန္တာတဦး။
၄။ ရဟန္တာဖြစ်ရန် ကျင့်နေဆဲ အနာဂါမ်တဦး။
၅။ အနာဂါမ်ရိုးရိုး တဦး။
၆။ အနာဂါမ်ဖြစ်ရန် ကျင့်သုံးနေဆဲ သကဒါဂါမ်တဦး။
၇။ သကဒါဂါမ် ရိုးရိုးတဦး။
၈။ သကဒါဂါမ်ဖြစ်ရန် ကျင့်သုံးနေဆဲ သောတာပန် တဦး။
၉။ သောတာပန် ရိုးရိုးတဦး။
၁၀။ သောတာပန်ဖြစ်ရန် ကျင့်သုံးနေဆဲ ကလျာဏ ပုထု ဇဉ်ယောဂီတဦး။

၁၁။ ဗုဒ္ဓသာသနာ၀က မပဟုတ်သူ ကာမရာဂကင်းဆဲ စျာန်ရ ရသေ့ယောဂီတဦး။

၁၂။ ပုထုဇဉ် သီလဝန္တကျား—မ တဦးဦး။

၁၃။ ပုထုဇဉ် ဒုဿီလခေါ် သားသတ်၊ ငါးသတ်၊ မုဆိုး၊ တံငါ၊ သူခိုး၊ ဓားပြတဦးဦး။

၁၄။ ခွေး၊ ဝက်စသော တိရစ္ဆာန်မျိုးတဦးဦး။

## ကောင်းကျိုးရနိုင်ပုံ

၁။ နံပါတ် ၁၄—က တိရစ္ဆာန်တဦးဦးအား စေတနာ ထက်သန်စွာဖြင့် ကျွေးမွေးလှူဒါန်းလျှင် ဘဝတရာ အထိ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာနခေါ် အကျိုး ၅—ပါးကို ဘဝတိုင်း ရသွားနိုင်၏။

၂။ နံပါတ် ၁၃ လာ ဒုဿီလတဦးဦးအား စေတနာ ထက်သန်စွာဖြင့် ကျွေးမွေးပေးလှူလျှင် ဘဝ တ ထောင်အထိ အကျိုး၅—ပါးကို ရနိုင်၏။

၃။ နံပါတ် ၁၂-လာ သီလဝန္တတဦးဦးအား စေတနာ ထက်သန်စွာဖြင့် ကျွေးမွေးပေးလှူလျှင် ဘဝတသိန်း အထိ အကျိုး၅—ပါးကို ရနိုင်၏။

၄။ နံပါတ် ၁၁-လာ ကာမရာဂကင်းသူ စျာန်ရ ရသေ့ တဦးဦးအား စေတနာထက်သန်စွာဖြင့် ကျွေးမွေး ပေးလှူလျှင် ဘဝကုဋေတသိန်းအထိ အကျိုး၅—ပါ ကို ရရှိနိုင်၏။

၅။ နံပါတ် ၁၀–လာ သောတာပတ္တိ မဂ်ဖိုလ်ရရန် ကျင့်နေဆဲ ကလျာဏပုထုဇဉ်မြတ် တဦးဦးအား ကျွေးမွေး ပေးလှူခဲ့လျှင် မရေမတွက်နိုင် မနှိုင်းယှဉ်နိုင်သော ကောင်းကျိုးတွေကို ရရှိနိုင်၏။

၆။ နံပါတ် ၉–မှ ၁-အထိပုဂ္ဂိုလ်မျိုးတို့အားကျွေးမွေးပေးလှူရလျှင် ပြောမပြနိုင်စေသော ကောင်းကျိုးတွေကို ရရှိနိုင်၏ဟု ဘုရားရှင် ဟောညွှန်ခဲ့သည်။

## (ခ) သံဃိကအလှူခံ ၇–မျိုး

၁။ ဘုရားအမှူးရှိသော သံဃာနှင့် ဘိက္ခုနီ သံဃာတမျိုး။

၂။ ဘိက္ခုနှင့် ဘိက္ခုနီ သံဃာ ၂-မျိုးတွဲ တမျိုး။

၃။ ဘိက္ခုသံဃာ သက်သက်တမျိုး။

၄။ ဘိက္ခုနီသံဃာ သက်သက်တမျိုး။

၅။ ဘိက္ခုသံဃာက ရွေးလွှတ်သော ဘိက္ခုရဟန်းနှင့် ဘိက္ခုနီသံဃာက ရွေးလွှတ်သော ဘိက္ခုနီရဟန်းတမျိုး။

၆။ ဘိက္ခုသံဃာက ရွေးလွှတ်သော ဘိက္ခု ရဟန်းတမျိုး။

၇။ ဘိက္ခုနီသံဃာက ရွေးလွှတ်သော ဘိက္ခုနီ ရဟန်းတမျိုး ပေါင်း ၇–မျိုး။

## သံဃာကို ရည်ညွှန်းလှူတတ်လျှင် ဒုဿီလပင် အကျိုးရနိုင်ပုံ

ကာသာဝကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ တေသု ဒုဿီလေသု ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ။

အဓိပ္ပါယ် သာသနာနောက်ပိုင်းမှာ ပေါ်လာကြမည့် ရဟန်းသုံး သင်္ကန်းစ တပိုင်းမျှကို လည်ပင်းမှာသော်၎င်း၊ လက်မှာသော်၎င်း၊ နားမှာသော်၎င်း ချိတ်ထားပတ်ထားကြပြီး သားမယားနှင့် နေကြသူ ဒုဿီလ လူသားတို့အားပင် အထက်ပါ သံဃာအစစ်ကို အာရုံညွတ်ပြီး ပေးလှူတတ်ကြလျှင် ထိုအချိန်မှာလှူသော မျက်ကွယ် သံဃိကအလှူသည်လည်း အသင်္ချေယျ အကျိုးနှင့် အပ္ပမေယျ အကျိုးအထိ ကောင်းကျိုးရနိုင်သည်ဟု ဘုရားရှင် ဟောညွှန်ခဲ့သည်။

**ကျမ်းညွှန်း။** ။ပါဠိလိုကြည့်လျှင် ဥပရိပဏ္ဏာသပါဠိတော် ၄၊ ဝိဘင်္ဂဝဂ်၊ ၁၂ ဒက္ခိဏာဝိဘင်္ဂသုတ် ( ဆဋ္ဌမူ ) စာမျက်နှာ ၂၉၇ မှ ၂၉၉ အထိကြည့်ပါလေ။

မြန်မာလိုကြည့်လျှင် ၎င်းဆဋ္ဌမူ ဥပရိပဏ္ဏာသ ပါဠိတော်မြန်မာပြန်စာမျက်နှာ ၃၀၂ မှ ၃၀၄ အထိ ပိုဒ်မဂဏန်း ၃၉၇ မှ ၃၈၀ အဆုံးအထိကြည့်ပါလေ။

## သဘောပေါက်ရန်

အထက်ပါ ပုဂ္ဂလိကအလှူခံ ၁၄–မျိုးနှင့် သံဃိကအလှူခံ ၇–မျိုးပေါင်းလျှင် ၂၁–မျိုးထဲမှ ဘယ်သူ့ကိုလှူလှူ ကုသိုလ်ဖြစ်နိုင်သည်။ လှူတတ်သောဉာဏ်မရှိသေးလျှင်ပုဂ္ဂိုလ်ကောင်းရွေးချယ်၍လှူလေ။ လှူတတ်သော ဉာဏ်ရှိလာလျှင် ဓမ္မဒါနအဖြစ်လှူကပို၍အကျိုးရှိသဖြင့် ပုဂ္ဂိုလ် အလှူခံကို ဓမ္မအလှူခံဖြစ်အောင်ဉာဏ်နှင့်စီမံ၍လှူတတ်ကပုဂ္ဂိုလ်ရွေးရန်မလို၊အမြတ်ထွက်၍ အမြဲကောင်းကျိုးရနိုင်တော့သည်ဟူလို။

## ဆောင်ပုဒ်

ဓမ္မဒါန လှူဒါန်းက ကျိုးကလွန်များစွာ၊
ဓမ္မအလှူခံ ဉာဏ်နှင့်စီမံ လှူတတ်ပြန် လှူခံမရွေးရာ၊
သံဃိကအလှူခံ ဓမ္မအလှူခံ ဤနှစ်တန် ကောင်း
များကျိုးရှိ။

## နားလည်ထားရန် လက်တွေ့လုပ်နိုင်ရန် ဥဘတောသုဒ္ဓိဒါနပိုမြတ်ပုံ

အလှူခံဘက်က စင်ကြယ်သလို ပေးလှူသူ အလှူရှင်ဘက်ကလည်း စင်ကြယ်ခဲ့လျှင် အလှူပေးနှင့် အလှူခံ ၂-ဘက်လုံးစင်ကြယ်၍ "ဥဘတောသုဒ္ဓိဒါန"ဟု ခေါ်သည်။ ယင်း ၂–ဘက်လုံးစင်ကြယ်သော ဥဘတောသုဒ္ဓိဒါနမျိုးသည် တဘက်

သာစင်ကြယ်သော၊ စေတနာသုဒ္ဓိဒါနထက် ပို၍မြတ်သည်ဟု မှတ်ရာ၏-

## ကိုယ့်ဘက်ကစင်ကြယ်ဘို့အရေးကြီးသည်

ဒါနပြုရာ၌ ကောင်းကျိုးကို မြင့်မြင့်မြတ်မြတ် ရလိုလျှင် အလှူရှင်လုပ်သူ မိမိဘက်က အလှူပြုချိန်မှာ ကိုယ်ခံ သီလ သန့်ရှင်းဘို့ မေတ္တာ ကရုဏာစသောဗြဟ္မစိုရ်တရား တည်ကိန်းနေဘို့၊ သဒ္ဓါစေတနာဖြူစင်ထက်သန်နေဘို့၊ ငြူစူမှု, ဝန်တိုမှု, ထောင်လွှားမှု, ဝါကြွားလိုမှု, မရိုးသားမှုတို့ကင်းစင်နေဘို့နှင့် မြင့်မြတ်အောင် လှူတတ်သော ဒါနပညာစုကို သိနားလည်ထားဘို့ဆိုတဲ့ ကိုယ့်ဘက်က အရည်အချင်းတွေ ပြည့်စုံထားဘို့က ပိုအရေးကြီးပေသည်။

အထက်ပါအရည်အချင်းတွေသာ အလှူရှင်လုပ်သူဘက်က ပြည့်စုံထားခဲ့လျှင် "ဓမ္မဒါနမျိုး" အဆင့်ဆင့် လုပ်တတ်နေ၍ ပုဂ္ဂလိကအနေပဲ လှူလိုလှူ သံဃိကအနေပဲလှူလိုလှူ အမြတ်စား ဓမ္မဒါနဖြစ်နိုင်၍ ကောင်းကျိုး အမြတ်စားတွေကို ရရှိနိုင်တော့သည်။

အလှူခံဘက်ကအမြတ်စားအမြဲရှိနေသည်။ အလှူခံဘက်၌ ဘုရားနှင့်အရိယာတွေ အမြဲရှိနေသဖြင့်၎င်း၊ ပရမတ္ထဓမ္မတွေ အမြဲရှိနေသဖြင့်၎င်း၊ ဥပရိပဏ္ဏာသပါဠိတော်လာ သံဃိက အလှူခံအနေအမြဲရှိနေသဖြင့်၎င်း၊အလှူခံအကောင်းနှင့်အမြတ် ရဘို့ရန်ဉာဏ်ရှိက အမြဲရနိုင်ပေသည်။

ထို့ကြောင့် ဒါနပညာကိုဦးစွာ ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းထားဘို့ကအရေးအကြီးဆုံး ဖြစ်ပေသည်။ ယင်းဒါနပညာကို ကျွမ်းကျင်စွာ တတ်မြောက်ထားပါက ဇီဝက ဆရာကဲ့သို့ သစ်ပင်ဟူသမျှ ဆေးဖြစ်နိုင်အလို့ ဘာမဆို ဒါနကောင်း ဖြစ်နိုင်သည်။

## အသေးအဖွဲ့က ဒါနကောင်းဖြစ်ပုံများ

ၑင်းမှာ...

၁။ အမှိုက်ကစ၍ ဒါနဝတ္ထုဖြစ်နိုင်သည်။

၂။ ပန်းတပွင့် သစ်သီးတလုံးနှင့် ကြီးမြတ်သောအကျိုးတွေ ရနိုင်သည်။

၃။ ဆေးလိပ် မီးညှိခွင့်ပေးရုံနှင့်လည်း ကောင်းကျိုးများစွာရယူနိုင်သည်။

၄။ သတင်းစာ ခေတ္တ ငှါးရုံနှင့်လည်း ကောင်းကျိုးများစွာရယူနိုင်သည်။

၅။ ဧည့်သည်အား ဖျာပေါ် ယာယီထိုင်စေရုံနှင့်လည်း ကောင်းကျိုးများစွာ ရယူနိုင်သည်။

## သိသာရုံရှင်းပြအံ့

၁။ အမှိုက်ကိုဒါနဝတ္ထုပြုပုံ။ ။မြေဆွေးလုပ်ရန် အမှိုက်လိုနေသူအား သူ၌ ကောင်းကျိုးအဆင့်ဆင့်ရရှိရေးကို သဒ္ဒါစေတနာထား၍လှူတတ်ခဲ့လျှင်ၑင်း။ ၂။ မီးခိုး အသုံးရှိသူ

အတွက် အမှိုက်လိုနေသူအားလှူတတ်ခဲ့လျှင်ငရင်း။ ၃။အညှော်စသော ဆေးအဖြစ်သုံးရန် အမှိုက်လိုနေသူအား လှူတတ်ခဲ့လျှင်ငရင်း။ ၄။ လောကဓာတ်နည်းဖြင့်အမှိုက်မှ စီးပွားရေးထုတ်ယူလိုသူအား သူ၌ ကောင်းကျိုးအဆင့်ဆင့် ရရှိရေးကိုကြည့်ရှင်ဝမ်းမြောက်လျက် သဒ္ဓါ,စေတနာ ထက်သန်စွာဖြင့် ဓမ္မဒါနအဖြစ်အာရုံပြု၍လှူတတ်ခဲ့လျှင်ငရင်း ယင်းအမှိုက် ဒါနဖြင့်ပင်ကောင်းကျိုးများစွာ ရရှိနိုင်သည်ဟု ဆိုလိုသည်။

၂။ (က) ပန်းတပွင့်ကိုဒါနဝတ္ထုပြုပုံ။ရရှိသော ပန်းတပွင့်ကို ဒါနဝတ္ထုပြုပြီး၍ ဤဒါနဖြင့် (၁) သုဂတိချမ်းသာပန်းတွေပွင့်ပေါ်ပါစေသတည်းဟူ၍ငရင်း။ (၂) မပွင့်သေးသော အသိဉာဏ်ပန်းတွေ ပွင့်လာပါစေသတည်း ဟူ၍ငရင်း။ (၃) အများအတွက် ချမ်းသာပန်းတွေ ပွင့်လာအောင်ဆောင်ရွက်နိုင်ပါစေသတည်းဟူ၍ငရင်း။ (၄) လူအများနိုးကြားကယ်တင်နိုင်သော မှန်ကန်သည့် သူတော်ကောင်းဥစ္စာ ၇-ဖြာသော တရားပန်းတွေ ပေါ်ပေါက် လာပါစေသတည်းဟူ၍ငရင်း။ (၅) သစ္စာ ၄-ပါးနှင့် အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်ပန်းတွေ ပေါ်ထွက်လာပါစေသတည်း ဟူ၍ငရင်း။ (၆) ဗုဒ္ဓ၏သာသနာ ၃-ရပ်တည်းဟူသောဓမ္မရတနာပန်းတွေကမ္ဘာတခုလုံး ပွင့်လန်း ဝေဆာလာပါစေသတည်း ဟူ၍ငရင်း ဉာဏ်ရှိသလို အမြတ်ထုတ်ယူနိုင်ပါသည်။

(ခ) သစ်သီးတလုံးကို ဒါနပြုပုံ။　　။အထက်ပါ ပန်းတပွင့်အတိုင်း(၆)ဆင့်တို့ကိုလည်း တုယူနိုင်သည်။ (၁) ထို့

ပြင် ယင်း သစ်သီးမှာ ရှိသော ဩဇာဓာတ်ကြောင့် စားသုံးသူ၏ ပရမတ် ဇီဝရုပ်သည် ကြည်လင်၍ ယင်းရုပ်ကို မှီနေသော ပရမတ္ထနာမ်တရားတို့ပါ ကြည်လင်ခွင့် ရရှိကြပါစေ ဟူ၍ငင်း။ (၂)ယင်း ရုပ်နာမ်တို့ ကြည်လင်သဖြင့် ကောင်းသော စေတနာဇောတွေပေါ်ကာ ကုသိုလ်မမြတွေ ပွါးတိုးလာပါစေ သတည်း ဟူ၍ငင်း။ (၃) ယင်း သစ်သီးအာဟာရကြောင့် ဖြစ်ပေါ်လာမည့် အာယု၊ ဝဏ္ဏ၊ သုခ၊ဗလ၊ ပဋိဘာန ဟူသော ကောင်းသော တိုးတက်မှုတွေ ရရှိပါစေ သတည်း ဟူ၍ငင်း။ (၄) ယင်း ၅-ချက်တို့မှ ပဋိဘာနအရ ပညာဓာတ်သည် သူတပါး၏ ကောင်းကျိုးကိုပါ ပွါးတိုးအောင် ဆောင်ရွက်နိုင်ပါစေ သတည်း ဟူ၍ငင်း။ (၅)ယင်း သစ်သီးသည် မမြဲသော အနိစ္စသဘောအတွက် အကြောင်း ဖြစ်ပါစေ သတည်း ဟူ၍ငင်း ဤသို့ စသည်ဖြင့် ဉာဏ်ရှိသလို ကောင်းကျိုးတွေကို ဒါနတခုမှ များစွာ ထုတ်ယူနိုင်တော့သည်။

၃။ ဆေးလိပ်မီးညှိခွင့် ပေးချက်ကို ဒါနဝတ္ထုပြုပုံ။ ။ (၁) ထိုသူ၌ ဆေးလိပ်သောက်၍ ချမ်းသာမှုကို ယူလိုရာ မီးလို နေခိုက် ငါသည် သူ၌ တကယ်လို နေသောမီးကို ဒါနဝတ္ထု ပြု၍ ပေးလိုက်လျှင် သူ၌ ချမ်းသာ လောလောဆယ်ရတော့ မည်ကို အာရုံပြု သဘောပေါက်ပြီး ကရုဏာနှင့် မေတ္တာခြံရံကာ ချမ်းသာရစေလိုသော စေတနာဖြင့် ပေးပြီး၊

ဤဒါနကြောင့် သူ၌ ကိုယ်စိတ် ၂-ပါး ချမ်းသာခွင့် ရသလို ငါ့မှာလည်း ရပါစေသတည်း ဟူ၍ငင်း။ (၂) ယခု သူ၌ ချမ်းသာရ နေမှုသည် ငါ၏ ကူညီချက်ကြောင့် ရနေပါ တကားဟု သူတပါး၏ ချမ်းသာမှုကို (မုဒိတာ)ခေါ် ဝမ်း မြောက်ပေးကာ ကုသိုလ်ပွါးစေခြင်း ဖြင့်ငင်း။ (၃) ယခု ကောင်းမှုဖြင့် သူတဦး ချမ်းသာခွင့် ရရှိသွားရာ ဤကောင်းမှု ကြောင့် သူများမှာ ချမ်းသာတွေ ရရှိအောင် အကြိမ်များ စွာ ဆောင်ရွက်နိုင်ရ စေသတည်း ဟူ၍ငင်း။ (၄) မီးသည် ကူးယူ၍ မကုန်နိုင်သလို ဤမကုန်နိုင်သော မီးဒါနကြောင့် မကုန်နိုင်သော ချမ်းသာမျိုးစုံတို့ကို နိုင်ငံသူ နိုင်ငံသားအား လုံးတို့အား သုံးမကုန်နိုင်အောင် လှူနေရပါလို၏ ဟူ၍ငင်း။ (၅) မီးသည် လောင်စာကို ကုန်ဆုံးသွားစေနိုင် သလို ဤ မီးဒါနကြောင့် မိမိမှာ ရှိနေသော ကိလေသာ ၁၀-ပါး လောင်စာတို့ကို အမြန်ဆုံး လောင်စားနိုင်သော မဂ်ဉာဏ် ၄-ခုနှင့် ဖိုလ်ဉာဏ် ၄-ခုတို့ကို လျင်မြန်စွာ ရပါလို၏ ဟူ၍ငင်း ဤသို့ စသည်ဖြင့် ဉာဏ်ရှိသလို ကောင်းကျိုးတွေကို ဒါန တခုမှ များစွာထုတ်ယူ နိုင်ပေသည်။

(၄) သတင်းစာ ခေတ္တငှါးဖတ်ခွင့် ပေးချက်ကို ဒါန ဝတ္ထု ပြုပုံ။ ။ (၁) ဤသတင်းစာကို ငှါးရမ်းဖတ်ရှုခွင့် ပေးလိုက်သဖြင့် ထိုသူ၌ သိလိုမှု တောင့်တချက် ပြည့်စုံသွား သလို ဤသို့ သူတပါး အလိုပြည့်ရန် ကူညီရသော ကောင်း

မှုကြောင့် မိမိ၌ တောင့်တချက် ဟူသမျှတွေ လွယ်ကူစွာနှင့် ပြည့်စုံရပါလို၏ ဟူ၍ရင်း။ (၂) သတင်းစာထဲမှာ သူ့အတွက် ကြီးပွါးရေး စီးပွါးရေးနှင့် ပညာရေး စသည်တို့ အကူအညီ ရသွားသလို ဤကောင်းမှုကြောင့် မိမိ၌လောကဓမ္မ နှစ်ပါးလုံးဆိုင်ရာ အကူအညီတွေကို အလွယ်တကူနှင့် ပြည့်ပြည့်စုံစုံ ရရပါလို၏ ဟူ၍ရင်း။ (၃) ဤ ယာယီဒါနသည် သူတပါးအား ချမ်းသာများစွာ ပေးနိုင်ရာ ယင်း ယာယီဒါနကြောင့် နိစ္စ၊ သုခ ထာဝစဉ်သုခ ဖြစ်သော နိဗ္ဗာန် ချမ်းသာကို လွယ်ကူလျင်မြန်စွာ ရရပါလို၏ ဟူ၍ရင်း ဤသို့စသည်ဖြင့် ဉာဏ်ရှိသလို ပြုလုပ်သော ဒါနမှ ကောင်းကျိုးများစွာကို ထုတ်ယူနိုင်၏။

၅။ ဧည့်သည်အား ဖျာပေါ်မှာယာယီထိုင်ခွင့် ပေးချက်ကို ဒါနဝတ္ထု ပြုပုံ။ ။ (၁) ဖျာပေါ်မှာ ယာယီထိုင်ခွင့် ရသူအား ချမ်းသာခွင့် ရစေသော ကောင်းမှုကြောင့် လူများစုကြီးအား တာရှည် ချမ်းသာမျိုးစုံကို အကြိမ်ကြိမ် ပေးနိုင်ရပါလို၏ ဟူ၍ရင်း။ (၂) ဧည့်သည်တို့သည် အိမ်သည်တို့၏ လိုလား လိုက်လျောမှုကို မျှော်လင့် လိုလားသည့် အတိုင်း မိမိသည် ဖျာပေါ် ထိုင်နိုင်အောင် စေတနာနှင့် မေတ္တာ ကရုဏာထားပြီး အခွင့်အရေး ပေးရသော ကောင်းမှုကြောင့် မိမိလိုလားနေသော အခွင့်အရေးတို့သည် လျင်မြန်စွာ ပြည့်စုံရ ပါလို၏ ဟူ၍ရင်း။ (၃) ဖျာပေါ်မှာ ယာယီထိုင်ခွင့် ရမှုဖြင့်ပင် ထိုသူ၌ ကြည်ရွှင်ခွင့် ရရှိစေရာ ဤကောင်းမှု

ကြောင့် လူများစုကြီးနှင့် သူတော်ကောင်း တို့အား (နတ်သုံး)နေရာတို့နှင့် တူညီသော နေရာကောင်းများ၌ ချမ်းသာကြည်ရွှင်စွာ နေထိုင်ကြရအောင် စွမ်းဆောင်နိုင်ရပါလို၏ဟူ၍ရင်း။ (၄) ဖျာသည် တိုင်ခွင့်ရရှိသော ဧည့်သည်တို့အား ချမ်းသာကြည်ရွှင်စွာ နားခွင့် ရနိုင်သောကြောင့် တရားဗိမာန်တော်များနှင့် တရားကျင့်သုံးရာ ရတနာတို့ဖြင့် ပြီးသော တရားကျောင်း များစွာကို နိုင်ငံတိုင်းမှာ တည်ထားနိုင်ရပါလို၏ ဟူ၍ရင်း။ (၅) ဤနေရာဒါနကြောင့် ရတနာသုံးပါးနှင့် သာသနာတော် သုံးဖြာတို့ နှစ်ပေါင်း ( သိန်းသန်းများစွာ) တည်ရှိနိုင်သော အကောင်းဆုံး နေရာမြတ်တို့ကို တည်ပေးနိုင်ရပါလို၏ ဟူ၍ရင်း။ (၆) ယင်းနေရာဒါနကို အမှီပြု၍ အဆင့်ဆင့် ဖြစ်ပေါ်ရသော သဒ္ဓါ၊ စေတနာ၊ ပီတိ၊ ပါမောဇ္ဇ၊ သတိ၊ ပညာ အဖြာဖြာတို့ကြောင့် နိစ္စထာဝစဉ် ပျော်မွေ့ရာ ဖြစ်သော နိဗ္ဗာန် တည်းဟူသော အနန္တရတနာ ဖျာကြီးပေါ်၌ မိမိနှင့်တကွ စကြဝဠာအနန္တရှိ လူနတ်ပြဟ္မာတို့ပါ လျင်မြန်စွာ ပျော်စံနိုင်အောင် ဆောင်ရွက်နိုင်စေသတည်း စသည်ဖြင့် ဉာဏ်ရှိသလို ပြုလုပ်သော ဒါနနှင့် တူစွာ ကောင်းကျိုးများစွာကို ထုတ်ယူနိုင်တော့၏၊ အလားတူ ထုတ်ယူဇာတ်အောင်လည်း ကြိုးပမ်းကြပါကုန်၊ (ဖျာအစား ကုလားထိုင်၊ ခုံ၊ ကုတင်၊ ကော်ဇော၊ အဝတ်စသော ထိုင်စရာ တမျိုးမျိုးဖြင့် ယာယီဒါန ပြုရာမှာလည်း ဖျာနှင့် အလားတူ သဘောပေါက်ပါလေ။)

## ဉာဏ်အမြင်ကျယ်ပါ

အထက်ပါ ပုံစံတို့ကို ထောက်ထား၍ ဒါန ကုသိုလ်၏ သဘောသွားကို ဉာဏ်အမြင်ပေါက်ကာ ဒါနဝတ္ထုကို အသေးအဖွဲ့ဟု သဘောမထားဘဲ တဘက်သား၌ ကောင်းကျိုးရနိုင်သမျှကို သုံးသပ်လျက် ထိုထိုဒါနမှ ကောင်းကျိုးများစွာ ထုတ်ယူတတ်အောင် ကြိုးပမ်းကြပါကုန်။

### ယုတ်၊ လတ်၊ ကြီးမြတ်၊ ဆုတောင်းခဏ်း

### (က) ကျဉ်းမြောင်းသော ဆုတောင်းများ

(၁) ဤကောင်းမှုကြောင့် အဆင်းလှရပါလို၏။ အသံသာရပါလို၏။ ကိုယ်ခန္ဓာပြေပြစ်ချောမော လာရပါလို၏။ ဆံပင် ကောင်းရပါလို၏။ မြင်သူတိုင်း ငေးလောက်အောင် ချော၊ လှရပါလို၏။

(၂) ဤကောင်းမှုကြောင့် လူ့စည်းစိမ် ခံစားရပါလို၏။ နတ်စည်းစိမ် ခံစားရပါလို၏။ အခြွေအရံများစွာရရပါလို၏။ ပရိသတ်အလယ်မှာ သူများထက် ထင်ရှားရပါလို၏ စသည်များ ဆုတောင်းကြ၏။

### (ခ) အလတ်စား ဆုတောင်းများ

(၁) ဤကောင်းမှုကြောင့် ပေးမကုန် လှူမခန်းရပါလို၏။ မရှိတဲ့စကား နားမှာမကြားရပါလို၏။ အကြီးအကဲ

ဖြစ်ရပါလို၏။ ထယ်ထယ်ဝါဝါဖြစ်ရပါလို၏။ ပြုလုပ်သမျှ အောင်မြင်ရပါလို၏။ ခိုင်ခံ့သော စည်းစိမ် ချမ်းသာနှင့် နေရပါလို၏ စသည်များ။

## (ဂ) အကြီးစားဆုတောင်းများ

(၁) ဤကောင်းမှုကြောင့် အများ၏ ချမ်းသာမှုကို ဆောင်ရွက်ရပါလို၏။ လူမျိုးနှင့် နိုင်ငံတဝှမ်းလုံး သာယာဝပြောအောင် ဆောင်ရွက်နိုင်ရပါလို၏။ မိမိမှာ ပေါလာသော စည်းစိမ်တို့သည် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ပါဖြစ်ရှိအောင် စေတနာထားနိုင်ရပါလို၏။ မိမိရရှိလာသော အခွင့်အရေးနှင့် အတတ်ပညာတို့သည် လူထုကြီးတခုလုံးအတွက် အကျိုး ခံစားခွင့်ရအောင် ဆောင်ရွက်နိုင်ရပါလို၏။ လူထုကြီးတခုလုံး၏ဆင်းရဲမှုတို့မှ ကယ်တင်ရပါလို၏။ မိမိသာ နစ်နာစေ၍ လူထုကြီးမှာ နစ်နာမှုမှလွတ်မြောက်သွားအောင် သဒ္ဒါနှင့် စေတနာထားနိုင်ရပါလို၏။ သတ္တဝါအားလုံးအပေါ်၌ သည်းခံမှုနှင့် ကရုဏာထားမှုကို မြေကြီးဒုပမာ ထားနိုင်ပြီး ကောင်းမြတ်သော လမ်းတို့ကို ပြညွှန်သွားရပါလို၏။ ငြူစူခြင်းနှင့်ဝန်တိုခြင်းတို့ အစဉ်ကင်းပြီး သတ္တဝါအားလုံးတို့ ဆင်းရဲနိမ့်ကျရာမှ လွတ်မြောက်ကာ ချမ်းသာအဆင့်ဆင့်သို့ ပို့ဆောင်နေရင်းဖြင့် ဘဝဇာတ်သိမ်း ဒုက္ခအားလုံး ငြိမ်းရာ ပြည်ခေမာသို့ လူအများကိုလည်း ရောက်စေ၍ ကိုယ်တိုင်လည်း ရောက်ရှိရစေသော် ဤသို့စသည်ဖြင့် သဒ္ဒါ၊

စေတနာ၊ ကရုဏာ၊ မေတ္တာနှင့် ပညာဉာဏ်တို့ အားကောင်း
သလောက် ဆုတောင်းကာ ဆောင်ရွက်သွားနိုင်ကြ၏။

## (ဃ) အမြတ်စား ဆုတောင်းများ

(၁) ဤကောင်းမှုသည် သဒ္ဓမ္မ သုံးဖြာသာသနာတော်
သုံးရပ်တို့ကို ကမ္ဘာကြီးတခုလုံး၌ တာရှည်စွာ ထွန်းပြောင်
နေအောင် ဆောင်ရွက်နိုင်ခြင်း၏ အနီးကပ်ဆုံးအကြောင်း
ဓမ္မ ဖြစ်ပါစေသတည်း ဟူ၍ရင်း။

(၂) ဤကောင်းမှုသည် ကံကိစ္စ၊ စျာန်ကိစ္စ၊ ဉာဏ်ကိစ္စ
အားလုံးတို့၏ အထွဋ်အထိပ်သို့ လျင်မြန်စွာ ရောက်ရှိခြင်း၏
အကြောင်းရင်း ဖြစ်ပါစေသတည်းဟူ၍ရင်း။

(၃) ဤကောင်းမှုဖြင့် သင်္ခတနယ်ရှိ ရုပ်နာမ်အားလုံး
တို့၏ အခြေအနေမှန်ကို အကြွင်းအကျန်မရှိ၊ လွယ်ကူစွာ
ဖေါက်ထွင်း၍ သိမြင်ပြီးသင်္ခတနယ်မှ လွတ်မြောက်ကြောင်း
အသိဉာဏ် အထွဋ်အထိပ်သို့ လျင်မြန်စွာရောက်ရှိကာ အများ
အားလည်း အလားတူ ရောက်ရှိအောင် ပို့ဆောင်နိုင်ရပါ
လို၏ ဟူ၍ရင်း။

(၄) ဤကောင်းမှုသည် ဆင်းရဲဒုက္ခအဖုံဖုံကို ဖန်တီး
ပေးနေကြသော ရုပ်နာမ်နှင့် ကံ၊ ကိလေသာတို့မှ လုံးဝလွတ်
ငြိမ်းရာသို့ လျင်မြန်စွာ ကိုယ်တိုင်နှင့် ဝေနေယျအများတို့ပါ
ရောက်ရှိ နိုင်ခြင်း၏ အကြောင်းဓမ္မ ဖြစ်ပါစေ သတည်း
ဟူ၍ရင်း။

(၅) ဤကောင်းမှုသည် ဝေဒယိတသုခ၊ ဈာနသုခ၊ ဖလသုခ၊ နိရောဓသုခ၊ သန္တိသုခဂုဏ်ကို လွယ်ကူစွာနှင့် ကိုယ်တိုင် ပိုင်နိုင်စွာ သိမြင်ရရှိခြင်းနှင့် ဝေနေယျ အများတို့ပါ သိမြင်ရရှိခြင်း၏ အားအကြီးဆုံး အကြောင်းရင်း ဖြစ်ပါစေသတည်း ဟူ၍ငှင်း။

ဤသို့စသည်ဖြင့် သဒ္ဓါအား၊ စေတနာအား၊ ဉာဏ်အားရှိသလို ဆုတောင်းဆုယူ ပြုသွားနိုင်မတော့၏။

## ကုသိုလ်နှင့် ဆုတောင်း

ပုညကိရိယာ ကုသိုလ် ၁၀-ပါးနှင့် ပါရမီကုသိုလ် ၁၀-ပါးတို့ကို ပြုလုပ်နိုင်သူတိုင်း လိုရာဆုကို တောင်းတိုင်း ရနိုင်ကြသည်၊ ယင်းသို့ တောင်းရာတွင် မိမိတို့၏ သဒ္ဓါအား၊ စေတနာအားနှင့် ပညာအားအလိုက် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အနိမ့်စား၊ အလတ်စား၊ အကြီးစား၊ အမြတ်စားဟု ခြားနားလျက် ရှိသဖြင့် သဒ္ဓါ၊ စေတနာ၊ ပညာခံအလိုက် နှစ်သက်သလို တောင်းနိုင်ကြ၍ ဆုတောင်းပုံအတွက် ဤမျှဖြင့် သိသာလေပြီ။

## အကျဉ်းချုပ်ဒါန ၅-မျိုး

ရှေး၌ ဖော်ပြခဲ့ပြီး ဒါနကိစ္စတို့၏ အသိဉာဏ်အနိမ့်စား အလတ်စား အကြီးစားနှင့် အမြတ်စားအလိုက် ပြုလုပ်ပုံအခြေအနေတို့ကို ခြုံ၍ကြည့်လိုက်လျှင် ၅-မျိုးသာ တွေ့ရပေသည်။ ယင်း ၅-မျိုးကား—

ဓမ္မတာဒါန၊ အနုဂ္ဂဟာဒါန ပူဇိတဒါန၊ နာထဒါနနှင့် ဝိမုတ္တာဒါနဟု ၅-မျိုး တွေ့နိုင်သည်။

၁။ ဓမ္မတာဒါန ဟူသည် မိတ်ဆွေနှင့် ဧည့်သည်တို့အား လောကဝတ်အနေဖြင့် ပေးကမ်းခြင်းကို ဆိုသည်။ ပုံစံမှာ အိမ်ရောက်လာသူအား နေရာပေး၊ ဆေးလိပ်တယ်၊ ကွမ်းတယ် စသည်မျိုးကိုဆိုသည်။ ၎င်းကိစ္စစုကို ဒါနသဘော မပေါက်ဘဲ၊ လောကဝတ် အနေဟုယူဆနေသူကများ၏။ဒါနပညာ တတ်လျှင် ပါရမီဒါနအထိဖြစ်နိုင်၍ သဗ္ဗညုတဉာဏ်အထိ ရနိုင်သည်။

၂။ အနုဂ္ဂဟာဒါန ဟူသည် ချို့တဲ့နေသူနှင့် ပြိုင်ပွဲနိုင်သူတို့အား ချီးမြှောက်ခြင်း၊ ဂုဏ်ပြုခြင်းတို့ကို ဆိုသည်။ ပုံစံသိသာပြီ။ ၎င်းကိစ္စကိုလည်း ဒါနဟု သဘောမပေါက်သူက များသည်။ ဒါနပညာ တတ်ခဲ့လျှင် သဗ္ဗညုတဉာဏ်အထိ ရနိုင်သည်။

၃။ ပူဇိတဒါန ဟူသည် ရဟန်းသံဃာနှင့် သူတော်ကောင်းတို့အား ပူဇော်တဲ့အနေဖြင့် ပေးလှူမှုကို ဆိုသည်။ ၎င်းအတွက်မှာလည်း ဒါနပညာတတ်ကလိုရာအထိ ရနိုင်တော့သည်။

၄။ နာထဒါနဟူသည်ဒါနလုပ်ငန်းကိုအားကိုးရာအချက်တခုအနေဖြင့် ယုံကြည် သဘောပေါက်ပြီးပေးလှူမှုမျိုးကိုဆိုသည်၊၎င်းအတွက်မှာလည်း ဒါနပညာတတ်ကျွမ်းသလောက် ကောင်းကျိုးကို ထုတ်ယူနိုင်သည်။

၅။ ဝိမုတ္တဒါန ဟူသည် လောဘ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော ကိလေသာတို့ကို မဂ်ဉာဏ်ဖြင့် မပယ်နိုင်မီ ဒါနဝတ္ထုကိုစွန့်ရာ၌ ဉာဏ်ဖြင့်သိမ်းဆည်း၍ ကိလေသာကိုပါ စွန့်ခွါမှုကိုဆိုသည်။

ပုံစံ ငွေ ၅၀ဝိ- ပိုင်သူ၌ ယင်းငွေအပေါ်၌ ကပ်ငြိနေသော လောဘလဲ ၁၀ဝိ–သား ရှိနေသည်။ ယင်းလောဘ ၁၀ဝိ-ထဲမှ ၅ဝိ- သား လျော့လို၍ ငွေ ၅ဝိ-ကို ဒါနဝတ္ထုပြုပြီး စွန့်လှူရာမှာ ယင်းလောဘနှင့်တကွ မစ္ဆရိယ မာနတို့၏ အလေးချိန် ၁၀ဝိ- ဆီမှ ၅ဝိ–သားစီပါလျော့သွားစေလို၏။ လျော့သွားပါစေသတည်းဟု အာရုံညွတ် ဉာဏ်ဖြင့်ခြုံ၍ လှူစွန့်တတ်လျှင် အလှူရှင်၏စေတနာနှင့် အလိုအတိုင်း လောဘစသော ပါပဓမ္မတွေပါ လျော့နဲသွားနိုင်၏။

သာကေသိလိုသော် ဒုကနိပါတ် ဖိရဏ္ဍဝဂ် ဓမ္မဇဗာတ်တော်ကိုကြည့်လျှင်အရှင်သာရိပုတ္တရာအလောင်း(ဆတ္တပါဏိ)သည် ငြူစူခြင်း အမျက်ထွက်ခြင်း ချစ်ခင်ခြင်း အရက်သောက်ခြင်းဟူသော ဣဿာ၊ ကောဓ၊ ပိယ၊ သူရာပါန်၊ ၄–ခု ကင်းရပါလို၏ဟု ဆုတောင်းခဲ့၍ ကင်းနေပုံကို ကြည့်ပါကုန်။

## လိုရာရနိုင်ရေး ၃–ချက်

ဒါနမှုဖြင့် လိုရာကောင်းကျိုးကို ရလိုလျှင် အောက်ပါ အချက် ၃–ချက်တို့ကို အသုံးချတတ်ဘို့လိုသည်။ ၎င်း ၃–ချက်တို့ကား—

၁။ ဩဓိသ ရလိုရာအကျိုးကိုရည်သန်သတ်မှတ်တတ်ရေး။
၂။ ဗလ ယင်းရည်သန်ချက်အတိုင်း ရနိုင်အောင် သဒ္ဓါအား၊ စေတနာအား၊ ပညာအားတို့ တောင့်တင်းခိုင်ခံ့ရေး။
၃။ ဝိဓာန ယင်းရည်သန်ချက်အတိုင်း ရနိုင်အောင် ဒါနပညာဖြင့် ကျွမ်းကျင်စွာ စီမံ ဖန်တည်းတတ်ရေး။

ယင်း ၃-ချက်တို့နှင့် ပြည့်စုံခဲ့လျှင် ဒါနကုသိုလ်ဖြင့် လောကရေး၌ စကြာမင်းနှင့် နတ်မင်းကြီးတွေအထိ ဓမ္မရေး၌ သဗ္ဗညုတဉာဏ်တော်အထိ ရရှိနိုင်သဖြင့် ယင်းသဗ္ဗညုတ ဉာဏ်တော်အောက် နိမ့်ကျနေသော လူကြိုက် နတ်ကြိုက် ဗြဟ္မာကြိုက် ကောင်းကျိုးတွေ ရရှိရေးမှာ ခက်ခဲဖွယ် မရှိတော့ပေ။

**သတိပြုရန်။** ။ဒါနပညာသာ တတ်ကျွမ်းလျှင် နာထဒါနနှင့် ဝိမုတ္တဒါနမျိုးကို အချိန်မရွေး ပြုတတ်၍ ထိုဒါန ၂-မျိုးဖြင့် ပစ္စည်းကုန်ရကျိုးနှင့် လူပန်းရကျိုး နပ်ကြအောင် အထက်ပါ (ဩဓိသ၊ ဗလ၊ ဝိဓာန) ၃-ချက် ပိုင်နိုင်အောင် လေ့လာထားပါလေ။

## မှတ်ဘွယ်များ

### ဒါနလုပ်ငန်းအချုပ်

၁။ ဒါနကုသိုလ်ပြုတိုင်း ရှေးပြခဲ့ပြီး အကုသိုလ် ကိလေသာ အယုတ်တရားစု ၁၄-မျိုးတို့ လုံးဝမကပ်ငြိ မပါဝင်စေရန်။

၂။ အကောင်းတရားစု အလေ့ဘစသော ၂၂-ခုသော ဒါန ပြုလုပ်တိုင်း အများဆုံး ယှဉ်တွဲပါဝင်စေရန်။

၃။ ဒါနပြုတိုင်း ဓမ္မဒါန အမြင့်စားမျိုးသာ ဖြစ်ရှိစေရန်။

၄။ ကံအားဖြင့် ဒိဋ္ဌိဟိတ်ကံနှင့် သုဂတိ အဟိတ်ကံမျိုး။ (မဖြစ်ပေါ်စေဘဲ) တိဟိတ်ပဋိသန္ဓေ ကံမျိုးသာ ဖြစ်ရှိစေရန်။ (အရိယာဖြစ်ပြီးသူများအတွက် ဤ နံပါတ်၄-အရ မလိုတော့ပြီ။)

၅။ ယင်း ဓမ္မဒါနအမြင့်စားနှင့် တိဟိတ်ကံမျိုးသာ ဖြစ်နိုင်အောင် အထက်ပါသြဓိသ၊ ဗလ၊ ဝိဓာန ၃-ချက် တို့ကို ပိုင်နိုင်စွာ နားလည်ထားကြရန်။

၆။ အလှူခံဘက်၌ ခွေးစသော တိရစ္ဆာန်ဟူသမျှ လူမိုက် လူယုတ်မှန်သမျှနှင့် ရှင်ပျက် ရဟန်းပျက်စ၍ ကြုံတွေ့ သမျှ အလှူခံပုဂ္ဂိုလ်တို့အား (ပုဂ္ဂိုလ်အလှူခံ) အနေ မရည်မှန်းမိဘဲ (ဓမ္မအလှူခံ) အနေဖြင့်သာ ထင်လာ သိသာအောင် ဉာဏ်ဖြင့်ပြောင်းလွဲတတ်ရန်။

၇။ ဆုတောင်းရာ၌ ရွေးပြခဲ့ပြီး အကြီးစားနှင့် အမြတ် စား ဆုမျိုးကိုသာ သဘောပေါက် တောင်းဆို မိ အောင် လေ့လာထားရန်။

ယင်း ၇-ချက်တို့ကိုသာ အချိန်မရွေး ပိုင်နိုင်စွာ ပြုလုပ် တတ်ထားခဲ့လျှင် ဒါနပြုတိုင်း အမြတ်စားကောင်းကျိုးတွေ

သာ ရနိုင်တော့၍ ဒါနပညာ လုံလောက်နိုင်တော့လေပြီ။ ပုညကိရိယာဒါနမျိုးမှ လိုရာလုပ်နိုင်လေပြီ၊ လိုရာဆုကို ကိုက်အောင် လုပ်ကြကုန်လော့။

## ဒါနသတ္တိများ

ဒါနသည် စွမ်းရည်သတ္တိများစွာ ရှိပုံကို ကျမ်းဂန်တို့၌ လာရှိသည်မှာ။ ၁။ ဒါနံ သဂ္ဂဿ သောပါနံ။ ၂။ ဒါနံ ဥတ္တမ ပါထေယျံ။ ၃။ ဒါနံ ဥဇုဂတံ မဂ္ဂံ။ ဒါနံ ဣဿရ-သမ္ပတ္တံ။ ၅။ ဒါနံ ပိယာယ ဘေသဇ္ဇံ။ ၆။ ဒါနံ ဘောဂ ဥပတ္တိတံ။ ၇။ ဒါနံ သုခပဝေစနံ။ ၈။ ဒါနံ အတ္တာ နု-ရက္ခနံ။ ၉။ ဒါနံ မောက္ခ ပဒံ ဝရံ စသည်ဖြင့် ဒါန၏ စွမ်းရည်တွေ ကျမ်းဂန်တို့၌ များစွာလာရှိပေသည်။ မှတ်လွယ်ရန် ဆောင်ပုဒ်ဖြင့် ပြပေအံ့။

## ဒါနစွမ်းရည် ဆောင်ပုဒ်လင်္ကာ

အမြတ်ရိက္ခာ၊ နတ်ရွာလှေခါး၊ ဖြောင့်သွားခရီး ပွားစီးသုခ၊ ဘောဂဖြစ်စေ၊ စောင့်ပေအတ္တာ၊ တန်ခိုးရှု၍၊ စိုးရဖြစ်အင် ချစ်ခင်ဆေးမြတ်၊ လွတ်ရပ်နိဗ္ဗာန်၊ ရောက်ကြောင်းဖန်ရှင့်၊ ဗုဒ္ဓဟောပြ၊ ဒါနစွမ်းရည်၊ အလီလီကို မရှည်တိုရှင်း၊ သိရုံလင်းသည်၊ ဖေါက်ခွင်းဉာဏ်ဖြင့် သိစေသော်။

## နိဂုံး

လူတိုင်းမှာ နေ့စဉ် အကြိမ်များစွာ ကြုံတွေ့နေရသော ဒါနကိစ္စစုကို ဤဟာကုသိုလ်မှုတွေ ပါကလားဟု သဘော ပေါက် ဉာဏ်မဝင်တတ်ကြ၍ အကျိုးမဲ့ အနေဖြင့် အသုံးများ အသုံးမှား နေကြလေသည်၊ ယင်း အဖြစ်ဆိုးစုမှ ကင်းလွတ် သွားကြပြီး ဒါနမှုကြုံတိုင်း အသိလစ်မှုမရှိပဲ ကောင်းမြတ် သော အကျိုးမျိုးကိုသာ အားထုတ်ယူ အသုံးပြုတတ်ရန် ရည်သန်၍ ဒါနပညာတွေကို ပုံစံတို့ဖြင့် ရှင်းလင်းပြခဲ့သည်မှာ သိမြင် သဘောပေါက်လောက်ပြီ ဖြစ်၍ ဒါန သင်္ခန်းစာကို ဤမျှဖြင့် နိဂုံးချုပ်လိုက်တော့သည်။ ။

## ဆုတောင်း

ဤ ဒါန ပညာစုကို ပေးလှူရသော ဓမ္မဒါန မြတ်ပုည ကြောင့် သတ္တဝါတိုင်း ဒါနပညာတွေ အပြည့်အစုံ တတ် မြောက်ကြပြီး၊ ဒုဂ္ဂတိနယ်တွေ ပျောက်ကာ တိဟိတ်ကံပေါ် ရောက်လျက် သုဂတိချမ်းသာ အဆင့်ဆင့် ပါရမီဉာဏ် အဆင့် ဆင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်နှင့် ဗောဓိဉာဏ် အဆင့် ဆင့်သို့ လွယ်ကူစွာ ရောက်ရှိကြပါစေသော်၊ ရောက်ရှိလွယ် သောအကြောင်း ပဒဋ္ဌာန်ဓမ္မ ဖြစ်ရှိပါစေ သတည်း။ ။

ဓမ္မဝါဒီရေး (ဒါနသင်တန်းမှ)

## ဒါနဆိုင်ရာ ကျမ်းညွှန်း

သံဿိက ဒါနကို ဖေါ်ပြသော မဇ္ဈိမနိကာယ် ဥပရိ-ပဏ္ဏာသ ပါဠိတော် ဒက္ခိဏ ဝိဘင်္ဂသုတ်။

အလှူပေးပုဂ္ဂိုလ်၏ အရည်အသွေး ပြည့်စုံရန် ဟောကြားသော ပဥ္စင်္ဂုတ္တရ ပါဠိတော်လာ သပ္ပုရိသဒါနသုတ်များ။

အလှူပေး အလှူခံ ပြည့်စုံရန် အင်္ဂါကို ဟောကြားသော ဆက္ကအင်္ဂုတ္တိုရ်၏ ဆင္ဂဒါနသုတ်။

အဋ္ဌင်္ဂုတ္တရ ပါဠိတော်၌ ဆန္ဒာဒါနံ ဒေတိ ဒေါသာ ဒါနံ ဒေတိ-ပ-စိတ္တာ လင်္ကာရ ဒါနံ ဒေတိ စသည်ဖြင့် ဟောကြားသော အကြောင်းအရာ ရှစ်ချက်တွင် စိတ္တာလင်္ကာရ ဒါန မြောက်အောင် လှူဒါန်းနိုင်ပါက အကျိုးအမြတ် ကြီးကျယ်များပြား နိုင်ပါကြောင်း၊ ဤသို့ စသည်ဖြင့် ဒါနမှုဆိုင်ရာတွေကို ဉာဏ်ကစား ကြည့်ရှုကြ၍ အကျိုးပြု လုပ်ငန်းကို ကိုယ်တွေ့ဆောင်ရွက် နိုင်ပါစေကုန် သတည်း။ ။

ဤစာစောင်ကို အချုပ်ကိုင် ရေးသား ပူဇော်၍ ဆရာတော်အား ကူညီသော အကျိုးဆောင် တပည့်ဖြစ်သူ။

အသျှင်ဝိလာသ
ဗောဓိပက္ခိယ ဓမ္မရိပ်သာ
နတ်စင်ဘောက်ထော်
ရန်ကုန်။